www.burmeseclassic.com

ရွှေပဒေသာစာပေ

# မမသဒ္ဒါမောင်

အကြည့်တစ်ချက်...

အပြုံးတစ်ပွင့်...

အနမ်းတစ်ရှိုက်...




(အချစ်လုံးချင်းဝတ္ထုသစ်)

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ထုတ်ဝေခြင်း – ပထမအကြိမ်၊
၂၀၁၇၊ ဧပြီလ။

ထုတ်ဝေသူ – ဦးအေးလွင် (၀၀၄၀၅)
ရွှေပဒေသာစာပေတိုက်
အမှတ် (၃၃)၊ ကျိုက်တော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ – ဦးအေးလွင် (၀၀၂၄၀)
ရွှေပဒေသာအော့ဖ်ဆက်
အမှတ် ၃၃၊ ကျိုက်တော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

ဖြန့်ဈေး – ၁၇၀၀ ကျပ်

အုပ်ရေ – ၅၀၀ အုပ်

၈၉၅ . ၈၃

မမသဒ္ဒါမောင်
အကြည့်တစ်ချက် ... အပြုံးတစ်ပွင့် ... အနမ်းတစ်ရှိုက်...
/ မမသဒ္ဒါမောင် – ရန်ကုန်၊
ရွှေပဒေသာစာပေ ၊ ၂၀၁၇ ။
၂၉၆ – စာ ၊ ၁၂ . ၇ x ၁၈ စင်တီ။
(၁) အကြည့်တစ်ချက် ... အပြုံးတစ်ပွင့် ... အနမ်းတစ်ရှိုက်...


# မမသဒ္ဒါမောင်

## အကြည့်တစ်ချက်...အပြုံးတစ်ပွင့်...အနမ်းတစ်ရှိုက်...

www.burmeseclassic.com

www.burmeseclassic.com

လောကမှာ အစားထိုးမရနိုင်တဲ့အရာမျိုး ရှိနိုင်ပါသလား။ သူမဘဝမှာ တကယ်ကို ရှိခဲ့တာပါ။ ဘဝထဲကနေ အပြီးတိုင်ပျောက်ကွယ်သွားခဲ့တဲ့ လူတစ်ယောက်ကို မထင်မှတ်တဲ့အချိန်မှာ ပြန်ရှာတွေ့ခဲ့ရလိမ့်မယ်လို့ ဘယ်ထင်ထားပါ့မလဲ။ သေချာတာတစ်ခုကဖြင့် အဲဒီလူဟာ သူမအတွက် အရင်းနှီးဆုံး သူစိမ်းတစ်ယောက်အဖြစ် အနီးဆုံးမှာ ရှိနေခဲ့တာပါလေ။

ထက်မြက်နန္ဒာအောင်

www.burmeseclassic.com

www.burmeseclassic.com

သူ့ကို "ဒီဒီ" သိပ်ချစ်သည်။ သူက လွဲ၍ ဘယ်သူ့စိမ်းယောက်ျားကိုမှ စိတ်မဝင်စားခဲ့ဖူးပါ။ သူမှသူဆိုပြီး "ဒီဒီ့" နှလုံးသားက စွဲလမ်းမက်မောစွာ သံယောဇဉ်နှောင်တွယ်ခဲ့ရသလောက် သူကဖြင့် "ဒီဒီ့" အပေါ် နည်းနည်းလေးမျှ စိတ်မဝင်စားခဲ့ပါ။ သူ့ကို သိပ်ချစ်မိ သလောက် သူနှင့်အနီးဆုံးမှာ အမြဲရှိနေခဲ့ပါသည့် မိန်းကလေးကို "ဒီဒီ" အရမ်းမုန်းမိတာ အပြစ်တဲ့လား။

**သိမ့်မဒီ**

စဉ်းစားကြည့်ပါ။ ကိုယ်ကလည်း မြတ်နိုးပါလျက် ကိုယ်နှင့်အနီးဆုံးရှိခဲ့ပါလျက် ထိုမိန်းကလေးက ကိုယ့်ကိုပြန်မချစ်နိုင်တာ ဘာကြောင့်များပါလဲ။ သူမအတွက်ဆိုလျှင် ဘာမဆို ပေးဆပ်မှုအပြည့်ဖြင့် [illegible] ချစ်နိုင်ခဲ့ပါလျက် သူမ ရင်ထဲမှာကဖြင့် (၂၀၂၈) ဖြင့် တည်ဆောက်ထားခဲ့ပါသည့် ချစ်ဗိမာန် နန်းတော်ကြီးက တည်ရှိခဲ့တာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီတဲ့လေ။

**ရှိုင်းဇေမင်း**

www.burmeseclassic.com

အချစ်ဆိုတာ ပေးချင်တိုင်း မပေးနိုင်သလို လိုချင်တိုင်းလည်း လွယ်လင့်တကူမရနိုင်ပါဘူး။ ဒီနှင်းဆီလေး ဝွားဝွားစွင့်စွင့် ပွင့်နိုင်ဖို့ အတွက် သူက ဆူးလေးတစ်ချောင်းအဖြစ် ပံ့ပိုးပေးခဲ့ရသလို ဥယျာဉ် မှူးသဖွယ် အရိပ်ကြည့်စောင့်ရှောက်ပေးခဲ့ရတာပါလေ။ သို့သော် အဲဒီ ပန်းကလေးက သူ့နှလုံးသားကို တစ်စစီဖဲ့ခြွေစေမယ့်အရာ ဖြစ်လိမ့် မည်ဟု ဘယ်ထင်ထားပါ့မလဲ။

နန္ဒကျော်

# (၁)

“တူတူ! တူတူ! တူတူ!”

နာရီနှိုးစက်မှ Alum မြည်သံခပ်တိုးတိုး ထွက်လာသည်နှင့် မျက်လုံးတို့က ဖျတ်ခနဲ ပွင့်လာလေ၏။ အိပ်ရာထဲမှ ချက်ချင်းထလိုက် သလို စားပွဲထက်ရှိ နာရီကိုပါ အသံပိတ်လိုက်ပါသည်။ မနက် (၅) နာရီခွဲကို ပုံမှန်နှိုးစက်ပေးထားသဖြင့် ပိတ်ရက်ဆိုလည်း သူက ပုံမှန် အတိုင်း နိုးထသည့်အကျင့် ဖြစ်နေလေ၏။

ခုတင်ပေါ်မှဆင်းကာ လုံးချေထွေးနေပါသည့်စောင်ကို ခါ၍ သေချာခေါက်လိုက်ပါသည်။ ပြားချပ်နေပါသည့် ခေါင်းအုံးနှစ်လုံးကို လည်း လက်ဖြင့် တဘုံးဘုံး ရိုက်ကာ ဖောင်းစေလိုက်ပြီး အနေရာတကျ



www.burmeseclassic.com

www.burmeseclassic.com



ဲ့န်ထားလိုက်၏။ တွန့်ကြေနေပါသည့် အိပ်ရာခင်းကိုလည်း ဟိုဘက်
ဘက် ဆွဲဆန့်လျက် ဖြန့်စေကာ စောစောက ခေါက်ထားပါသည့်
စောင်ကို ခုတင်ခြေရင်းဘက်နေရာမှ ပြန့်ပြန့်လေး ထားလိုက်ပါ၏။

ပြီးနောက် လက်နှစ်ဖက်ကို အပေါ်သို့ ဆန့်ထုတ်လိုက်ပြီး
တစ်ချက်မျှ သမ်းဝေလိုက်မိလေသည်။ စောစောထ၍ ကျန်းမာရေး
လေ့ကျင့်ခန်းလုပ်နေကျမို့ ကိုယ်လက်သန့်စင်ရန် ရေချိုးခန်းထဲသို့
ဝင်လိုက်ပါ၏။ သွားတိုက်တံထဲမှာ သွားတိုက်ဆေးညှစ်ထည့်လိုက်ပြီး
ရုံကပ်မီရိုလေးကို တံခါးပြန်ပိတ်လိုက်စဉ် မှန်မှာပေါ်လာသည့် သူ့ပုံရိပ်
ကို မြင်နေရလေသည်။

မေးစေ့နှင့် နှုတ်ခမ်းထက် ခပ်ရေးရေးရှိနေပါသည့် အမွေး
အမျှင်တို့ကို ရိပ်ရဦးမှာပါ။ ဂရုမစိုက်မိဘဲ ဒီတိုင်းထားမိပါက အိမ်မှ
ရွှေအိမ်စည်' ၏ ပွစိပွစိရေရွတ်သံကို ကြားရတော့မှာ မဟုတ်လား။
ပြောရုံတင်မကပါဘဲ မေးစေ့ကို လာကိုင်ပြီးရိပ်ပေးမည်ဆိုလာပါက
သူ့အဖို့ ပို၍ ဒုက္ခကြီးပေမည်။

သွားတိုက်ပြီးနောက် မုတ်ဆိတ် နှုတ်ခမ်းမွေး တစ်ခါတည်း
ပ်သင်လိုက်ပြီး မျက်နှာသစ်လိုက်ပါ၏။ Exercise ကို သိပ်အပြင်းစား
ကြီးမလုပ်ဖြစ်ပေမယ့် ကျန်းမာရေးကောင်းစေရန်အတွက် နည်းနည်း
ပါးပါးတော့ ပုံမှန်လုပ်ဖြစ်လေသည်။ ရေချိုးခန်းထဲမှထွက်ကာ အား





ားစားဝတ်စုံ (Sport shirt လက်တိုနှင့် ဘောင်းဘီတို) ကို ညမှ
သတ်ထားပါသည့် ညအိပ်ဝတ်စုံချွတ်၍ လဲလိုက်ပါ၏။ ပြီးနောက်
ခြသံဖွနုင်းရင်း အပေါ်ထပ်မှ ဆင်းလာခဲ့ပါသည်။

အိမ်ရှေ့တံခါးကို အသံမကြားစေရန် အသာလေးဖွင့်၍ တိုက်
ရှေ့သို့ထွက်လိုက်ပါ၏။ ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ရင်း အသက်ကို
ဝရှူထုတ်လိုက်ပါသည်။ ခန္ဓာကိုယ်နွေးလာတော့မှ ခြေလှမ်းမှန်မှန်
လှမ်း၍ ခြံထဲမှာ အပြေးလေ့ကျင့်လိုက်ပါ၏။ အပြင်ဘက်မှ လေတို့က
ုံးစံအတိုင်း သူ့ကို ကျီစယ်ကြလေပြီ။

ခြံဝတံခါးနားအရောက်မှာ ခြေလှမ်းကို နောက်သို့ပြန်လှည့်
လိုက်မိစဉ် သူတို့နေသည့် တိုက်ကြီးကို (ကြွေပြားကပ်ထားပါသော)
မြင်နေရလေ၏။ အရာဏ်ဦးအလင်းနှင့်အတူ ကျက်သရေရှိလွန်းပါသည့်
ဤအိမ်ကြီးသို့ သူရောက်လာခဲ့ရသည်က လွန်ခဲ့သည့် (၁၅) နှစ်ကျော်
သူ့အသက် (၈) နှစ်အရွယ်မှ ဖြစ်လေသည်။

"ကျောင်းထားပေးမယ်၊ ဘဝအာမခံချက်ရသည်အထိ
ထိုးပေးမယ်။ သားအရင်းလို မွေးစားမှာဖြစ်တဲ့အတွက် ဦးတို့ရဲ့သမီး
လေးကို ညီမလေးအရင်လို စောင့်ရှောက်ပေးရမှာပါ"

မိဘမဲ့ကျောင်းကိုရောက်လာပြီး သူနှင့်ရွယ်တူ ကောင်
လေး(၃) ယောက်ကို တန်းစီရပ်နေစေပါသည့် လူကြီး၏အကြည့်က



www.burmeseclassic.com

www.burmeseclassic.com



သူ့ထံကို စူးခနဲရောက်လာခဲ့တာပါ။ များသောအားဖြင့် နှစ်နှစ်သုံးနှစ်အရွယ်ကိုသာ မွေးစားကြပါလျက် ဒီလူကြီးကဖြင့် သူတို့အရွယ်ထဲ ကလေးကို သွေးအုပ်စုကအစ မေးမြန်းပြီးမှ ရွေးချယ်ခဲ့တာပါလေ။

မိဘ၏ စွန့်ပစ်ခြင်းခံခဲ့ရပါသည့် ကလေးတို့၏ထုံးစံအတိုင်း အားလုံးက မျက်နှာငယ်လေးတွေဖြင့် ခေါင်းငုံ့နေကြတာပါ။ ထိုအထဲမှ "သီဟ" ဟူသည့်သူက ကျောင်းမှာ စာလည်းတော်သလို မှတ်ဉာဏ်ကောင်းပြီး အုပ်စုကို ဦးဆောင်နိုင်သည့် အရည်အချင်းတို့နှင့် ပြည့်စုံခဲ့သူ ဖြစ်ခဲ့ပါ၏။ သူတို့ရှေ့မှာ ဖြည်းဖြည်းချင်းလျှောက်ရင်း အနောက်ဘက်မှ တစ်ဖန်ပြန်၍ ပတ်ကာ ရှေ့မှာ လာရပ်လိုက်သည့် လူကြီးကြောင့် ရင်တွေ တဒိန်းဒိန်း အခုန်မြန်ခဲ့ရတာပါလေ။

"နာမည်ဘယ်လိုခေါ်သလဲ"

"မောင်သီဟပါ ခင်ဗျာ"

"ကျောင်းနေလား"

"ဟုတ်ကဲ့"

"ဘယ်နှတန်းရောက်ပြီလဲ"

"တတိယတန်းပါ ခင်ဗျာ"

လူကြီးက ခေါင်းကို ဆတ်ခနဲ ညိတ်လိုက်လေ၏။ သူ၏ မစ်ရှင်ကျောင်းမှ မာသာက ကျန်လူတွေကို သူ့အနီးမှ ထွက်သွား





ခိုင်းလိုက်ပြီး ရုံးခန်းထဲမှာ သူတစ်ယောက်တည်းသာ ကျန်ရစ်ခဲ့ပါသည်။ ဆံပင်ကို ခပ်တိုတို ညှပ်ကာ အနက်ဆီရွှဲရွှဲလူး၍ ဖြီးထားပြီး ရှပ်အဖြူလက်တိုထက် Necktie အညိုရောင်စည်းထားကာ ဘောင်းဘီတို အညို၊ shoe အညိုရောင် ဝတ်ထားပါသည့်သူက ထိုအချိန်မှာကတည်းက ကြည့်ကောင်းခဲ့ပါသတဲ့။

"မောင်သီဟ"

"ခင်ဗျာ"

"မင်း ဦးနဲ့ အပြီးလိုက်ခဲ့ရမယ်၊ လိုက်နိုင်မလား"

သူက မာသာ 'နော်ထရီးစာ' ကို မျက်လုံးဖြင့် ဖျတ်ခနဲ ကြည့်လိုက်မိပါ၏။ မာသာက ခေါင်းကို မသိမသာလေး ညိတ်ပြလေသည်။ သုံးလေးနှစ်အရွယ်တုန်းကဖြင့် သူတို့ကျောင်းကို ကလေးမွေးစားရန် လာရှာကြတိုင်း အဘယ်မျှ စိတ်လှုပ်ရှားခဲ့ရပါသလဲ။ များသောအားဖြင့် မိန်းကလေးတွေကိုသာ ခေါ်သွားကြတာများပြီး သူတို့က ဒီအရွယ်ထိပင် ကျန်ရစ်ခဲ့ရတာမဟုတ်ပါလား။ မျှော်လင့်ချက်ဆိုသည်က မရှိသလောက် ဖြစ်ခဲ့မှတော့ ဘာမှ မတုန်လှုပ်နိုင်တော့ပါချေ။

"မာသာတို့ လွှတ်မယ်ဆိုရင် လိုက်နိုင်ပါတယ် ခင်ဗျာ"

"ကောင်းပြီ၊ ဒါဖြင့် ဦးတို့ ဆွေးနွေးကြတာပေါ့။ လာ …



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ကြရအောင်"

မတ်မတ်လေးရပ်နေရာမှ ဧည့်ခံစားပွဲခုံရှိရာဆီသို့ ထိုလူကြီး နောက်မှ သူလိုက်ခဲ့ရပါ၏။ မာသာက ထိုလူကြီးနှင့် ယှဉ်လျှောက်ရင်း သူ့အကြောင်းကို တီးတိုးပြောနေမှန်း သူသိနေပါသည်။ ဝမ်းနည်းရမှာလား၊ ဝမ်းသာရမှာလား၊ သူ သေချာမသိပါ။ သိတတ်ကာစအရွယ်မှာ သူသိခွင့်ရှိခဲ့သည်က မိဘမဲ့ဟူသည့် အသိတစ်ခုပါပဲ။

"ကလေးက ဉာဏ်တအားကောင်းတယ်။ လိမ္မာရေးခြား ရှိသလို ဘာမဆို ဖွဲ့အရမ်းရှိပါတယ်။ ပြောစကားနားခံတတ်ပြီး လူကြီး တွေကို ရိုသေတဲ့ ကလေးမျိုးပါ။ ကျန်းမာရေးကအစ ကောင်းမွန် ကြောင်း အာမခံပါတယ်"

"ဟုတ်ကဲ့ပါ"

"Bobby"

"Yes, mother"

"ဧည့်သည်နဲ့ သေချာပြောဆိုဆွေးနွေးပြီးရင် အပြီးလိုက် သွား ရမှာပါ။ မင်းအတွက် အဝတ်အစားသေတ္တာကို sister တွေ ပြင်ဆင်ပေးလိုက်လိမ့်မယ်"

"Thanks! mother"

အင်္ဂလိပ်စကားကို လေသံပီပီသသ ပြောနိုင်သဖြင့် ထိုလူကြီး





က သဘောကျပြီး ပြုံးလိုက်လေ၏။ ပြီးနောက် သူနှင့် မျက်နှာချင်း ဆိုင်ထိုင်ကာ စကားဆက်ပြောလေသည်။ အဲဒီလူကြီးကတော့ ဒီနေ့အထိ ဖေဖေအဖြစ် ရှိနေခဲ့ပါသည့် 'ဦးထက်မြက်ကျော်' ပင် ဖြစ်လေ၏။

"ဦးနာမည်က ဦးထက်မြက်ကျော်ပါ"

"ဟုတ်ကဲ့"

"ဦးမှာ ဇနီးနဲ့သမီးလေးရှိတယ်။ ဦးဇနီးနာမည်က ဒေါ်သီဂီ အောင်တဲ့။ သမီးလေးက ထက်မြက်နန္ဒာအောင်လို့ ခေါ်တယ်"

အလိုလေး! အတော့်ကိုရှည်လျားသည့် အမည်ပါပဲ။ သူဌေး သားသမီးတွေ နာမည်ဆန်းဆန်းပေးလေ့ရှိမှန်း သူ သိခဲ့ပေမယ့် အခုအမည်လေးကဖြင့် သူ ဦးဆုံးကြားဖူးခြင်းပါပဲ။ သမီးရင်းရှိပါလျက် အဘယ့်ကြောင့် သူ့ကိုမွေးစားချင်ရပါသလဲ။

"တကယ်တော့ ဦးတို့မှာ သားအရွယ် သားတစ်ယောက် ရှိခဲ့ပါတယ်။ အဲဒီသားလေးက"

လူကြီးက စကားဆက်မပြောနိုင်ပါချေ။ စိုဝဲတက်လာပါသည့် မျက်ရည်တို့ကို မျက်တောင်ပုတ်ခတ် သိမ်းဆည်းလိုက်ရင်း ရှပ်အင်္ကျီ အိတ်ကပ်ထဲမှ လက်ကိုင်ပဝါကို ထုတ်ယူ၍ သုတ်လိုက်လေ၏။ ရုတ် တရက် လက်ကိုင်ပဝါနှင့်အတူ တစ်စုံတစ်ရာက သူ့ခြေဖမိုးပေါ်သို့



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်ခနဲ ပြုတ်ကျလာလေသည်။ သူကောက်ယူကြည့်လိုက်စဉ် အံ့သြသွားရပေါ၏။ အဲဒါကတော့ သူနှင့် အတော်ဆင်တူသည့် ကောင်လေးတစ်ယောက်၏ ဓာတ်ပုံ ဖြစ်နေလေသည်။

"အဲဒါ ဦးရဲ့သား နန္ဒကျော်ပါ ကလေး"

"ဟင်!"

"လွန်ခဲ့တဲ့ လွန်ခဲ့တဲ့တစ်လလောက်က ဦးတို့ခြံထဲကရေကန်မှာ ဦးသမီးလေး ရေနစ်ခဲ့တယ်။ ခြေချော်ကျပြီးနစ်ခဲ့တာပါ။ ဒါကို အစ်ကိုဖြစ်သူက ဘေးဘီကို အော်ဟစ်အကူအညီတောင်းတာမျိုး မလုပ်ဘဲ ညီမလေးကို ချစ်တဲ့စေတနာနဲ့ ရေထဲဆင်းကယ်ခဲ့တယ်"

သူ ပါးစပ်အဟောင်းသားဖြင့် ထိုလူကြီးကို ငေးကြည့်နေမိပါ၏။ ကလေးတွေ ရေနစ်ခဲ့တာတဲ့။ မိဘတွေ အဘယ်မျှ အံ့သြထိတ်လန့်သွားရှာမလဲ။ ဒါဖြင့် အဲဒီကလေးတွေမှာ သမီးလေးကသာ အသက်ရှင်ပြီး သားလေးက ဘာဖြစ်သွားခဲ့ပါသလဲ။ သူ မေးလိုက်ချင်ပေမယ့် ထိုလူကြီး ဆက်ပြောမည်ဟု ကြိုသိနေသဖြင့် မမေးပါလေ။

"သားလည်း နားလည်မှာပါ။ လေးနှစ်အရွယ် ကလေးမလေးက ကြောက်အားလန့်အားနဲ့ အစ်ကိုဖြစ်သူကို အတင်းဖက်တွယ်ထားခဲ့တော့ ရေကူးကျွမ်းကျင်ပါတဲ့သားလေးက မရုန်းဖယ်ရက်ဘဲ နှစ်ယောက်စလုံး နစ်တော့တာပဲ။ ခြံအလုပ်သမားတွေ အမြန်တွေ့ပြီး





...တော့ သမီးလေးရဲ့လက်က အစ်ကိုရဲ့လည်ပင်းကို တအားညှစ် ...သလိုဖြစ်ပြီး ဦးရဲ့သား ဆုံးပါးခဲ့ရပါတယ်"

"– – – – –"

"သားလေးမရှိတော့တာကို ဦးဖနီးရော ဦးပါ ဒီနေ့ထိ မယုံ ...တာ အမှန်ပဲ။ သမီးလေးလည်း အသည်းအသန်ဖြစ်ပြီး ဆေးရုံ ...ခဲ့ရတယ်လေ။ ဒီတော့"

လူကြီးက စကားကို ခဏမျှ ရပ်ထားလိုက်လေ၏။ ဒါဖြင့် ...ကလေးရဲ့နေရာမှာ သူ့ကိုအစားထိုးမှာပေါ့။ အဲဒီကောင်လေးအဖြစ် ...က လိမ်ညာပြီး နေရဦးမှာလား။ ဒါတော့မဖြစ်ပါ။ လိမ်ညာသည့် ...လုပ်မျိုး မလုပ်ရဟု သူတို့ကို မာသာတွေ စည်းကမ်းတင်းကျပ်ထား ...မဟုတ်ပါလား။

"ဦးသမီးလေး ဆေးရုံက ဆင်းလာတဲ့အချိန်မှာ သားက ...မှာရှိနေရပါမယ်"

"ကျွန်တော်က ဦးရဲ့သားမှ မဟုတ်တာ"

"မှန်ပါတယ်၊ ဒါပေမဲ့ မွေးစားသားအနေနဲ့ လိုက်ခဲ့ရမှာပါ။ ...ကျောင်းထားပေးမယ်၊ ဘဝအာမခံချက်ရသည်အထိ ပံ့ပိုးပေးမယ်လေ။ ...သားအရင်းလိုမွေးစားမှာဖြစ်တဲ့အတွက် ဦးတို့ရဲ့ သမီးလေးကို ညီမ ...လေးအရင်းလို စောင့်ရှောက်ပေးရမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က နန္ဒကျော်မှ မဟုတ်တာ ဦးရဲ့"

"မင်းနာမည် နန္ဒကျော်ပဲဖြစ်ရမယ် မောင်သီဟ"

"ခင်ဗျာ"

"ပြီးတော့ ဦးကိုလည်း ဖေဖေလို့ခေါ်ရမယ်၊ ဦးဇနီးကိုလည်း မေမေလို့ ခေါ်ရမှာပါ။ သားရဲ့ညီမလေးကို ဒါဒါလို့ တစ်သက်လုံးခေါ် သွားရမယ်ကွယ့်"

'ဒါဒါ' တဲ့လား။ အဘယ်မျှ ချစ်စရာကောင်းတဲ့ အဖျားဆွတ် အမည်လေးပါလဲ။ သူမ မည်သူမည်ဝါ မည်သို့မည်ပုံမှန်း မသိခင် ကတည်းက သူ့ကို စိတ်ဝင်စားမှုတွေ အများကြီးပေးနိုင်ခဲ့တာ အမှန် ပါလေ။ 'ဒါဒါ' တဲ့လား 'ထက်မြက်နန္ဒာအောင်'။ ညီမလေးလို့ ခေါ်တာ က ပိုမကောင်းဘူးလား။

"တစ်သက်လုံး"

"ဟုတ်တယ်၊ သမီးလေးမှာ သူ့အစ်ကိုမရှိတော့ဘူးဆိုတဲ့ စိတ်ရောဂါမျိုး မရှိစေရအောင် အခုလို စီမံရတာပဲ"

"မေမေက"

မခေါ်စဖူး အမည်က သူ့ရင်ကို နွေးသွားစေပါ၏။ 'ဖေဖေ' နဲ့ 'မေမေ' တဲ့။ မိသားစုဆိုသည့် အသိုက်အမြုံတစ်ခုက သူ့ထံ ကံကောင်းခြင်းတို့နှင့်အတူ ရောက်ရှိလာရတာပါလေ။ သူ အတော်





ကံကောင်းသည်ဟု ထင်လိုက်မိတာပါပဲ။

"သီဟက သားဘယ်သူဆိုတာကို သိမှာမှန်ပေမယ့် သား ညီမလေးက တစ်သက်လုံး မသိစေရဘူးဆိုတာကို မြဲမြဲမှတ်ထားဂါ"

ဒါပါပဲ။ အဲဒီနေ့ညနေမှာ မာသာတွေ၊ စစ္စတာတွေကို နှုတ် ဆက်ပြီး ဖေဖေ့ကားပေါ် သူပါလာခဲ့ရတာပါ။ ဒီအိမ် ဒီခြံကြီးကို တအံ့တဩကြည့်ပြီးနောက် ရေချိုး အဝတ်အစားလဲစေကာ ထမင်း စားစေလေ၏။ တစ်ညလုံး သူ့အခန်းမဟုတ်ခဲ့သည့် အခန်းတွင်းမှာ ကောင်းကောင်းအိပ်၍ မပျော်ခဲ့ပါလေ။

နောက်တစ်ရက်မနက်မှာဖြင့် ဆေးရုံမှ သွားကြိုလာပါသည့် မိန်းကလေးနှင့် သူ စတင်ဆုံစည်းခဲ့ရပါ၏။ ဆံပင်စင်းစင်းလေးကို နှစ်ဖက်ချည်နှောင်ထားပြီး ဂါဝန်အပြာနုရောင်လေးဖြင့် ချစ်စရာ ကောင်းလွန်းပါသည့် ကလေးမလေးက 'ကိုကို' ဟုခေါ်ကာ သူ့ကို ပြေးဖက်ငိုခဲ့တာမဟုတ်ပါလား။

❊ ❊ ❊

www.burmeseclassic.com

## (၂)

တိုက်ရှေ့မှ အသက်ရှူလေ့ကျင့်ခန်းလုပ်ပြီးစဉ် ညမှ ထွန်းထားပါသည့် လသာဆောင်မီးလုံးတွေ ပိတ်သွားလေ၏။ မေမေ နိုးပြီထင်ပါသည်။ အိမ်မှာ ကောင်မလေးတွေ ဘယ်လိုပဲ ချက်ကျွေးကြပါစေ ပြင်ဆင်စီမံတာကိုတော့ မေမေကိုယ်တိုင် ရှေ့ဆောင်လမ်းပြလေ့ရှိလေ၏။

"သားလား"

"ဟုတ်ကဲ့ မေမေ"

အိမ်ရှေ့တံခါးစေ့ထားတာကြောင့် အပြင်မှာ သူရှိနေမှန်းသိသွားပုံပါ။ တံခါးကို အသာဟကြည့်စဉ် သူက လေ့ကျင့်ခန်းလုပ်ပြီး



ပြီ့ အိမ်ထဲမှာ ခဏနားပြီး တအောင့်နေ ရေချိုးရတော့မှာပါ။ မေမေ့ကို ပြုံးပြလိုက်စဉ် သူ့ကို ခပ်ငေးငေးကြည့်နေပါသည့် မေမေ့အကြည့်တို့နှင့် ဆုံသွားရပါ၏။

"ဘာပြောချင်လို့လဲ မေမေ"

"သား ဘာဟင်းစားချင်သလဲ မေးမလို့ပါ"

"ရပါတယ် မေမေရယ်။ ကျွန်တော်က အစားရွေးတဲ့သူမှ မဟုတ်တာ။ မေမေ ဘာချက်ချက် အကုန်စားပါမယ်"

"တစ်ခါတလေ စားချင်တာလေး ပြောပါလား သားရယ်"

သူ မျက်လွှာချလိုက်မိသလို သက်ပြင်းပါ ကျိတ်ရှိုက်လိုက်မိပါ၏။ ခုထိ အသားမကျသေးသလိုပါပဲလား။ နှုတ်ကသာ 'ဖေဖေ' 'မေမေ' ဟု ခေါ်ကျင့်ရှိခဲ့ပေမယ့် ရင်ထဲသိပ်ကြီး မရင်းနှီးသလို သူလည်း သိနေသည့်နှယ်ပါ။ ဥပမာ–'ဒါဒါ' မုန့်ဖိုးတောင်းတဲ့အခါမျိုးမှာ 'ကျွန်တော့်ကိုလည်းပေးပါ' ဟူသည့် စကားမျိုး တစ်ကြိမ်တစ်ခါမှ သူ မပြောခဲ့ပါချေ။

မေမေက 'သား ဒါဝတ်" ဆိုလည်း လိုက်ဖက်တာ မလိုက်ဖက်တာမစဉ်းစားဘဲ ဝတ်လိုက်တာပါ။ 'ဒါစား' ဆိုလည်း ကြိုက်ကြိုက် မကြိုက်ကြိုက် သူ စားလိုက်တာပါပဲ၊ မေမေတို့နှုတ်မှ 'မကြိုက်ဘူး' ဟု မပြောရလေအောင် မျက်နှာရိပ်ကြည့်ပြီး အလိုက်တသိနေ

www.burmeseclassic.com

www.burmeseclassic.com



တတ်ခဲ့ပါသည့် 'နန္ဒကျော်' ဖြစ်ခဲ့ပါ၏။ သူ့ အိမ်ထဲဝင်ရန်အတွက် မေမေက အပေါက်ဝပိတ်ထားတာကို ဖယ်ပေးလိုက်လေသည်။

"ကိုကိုကြီး"

"အင်း"

"ငါးထည့်ပေးရမလားဟင်"

"မထည့်ပါနဲ့၊ ဒီတိုင်းပဲချက်ပါ၊ သဲမာ"

"ဟုတ်ကဲ့"

"ဘာကိုပြောတာလဲ"

"ကိုကိုကြီးက ခရမ်းချဉ်သီးငါးပိချက် စားချင်တယ်ဆိုလို့ပါ ကြီးမေ"

လှေကားတက်ခါနီး နောက်ဖေးမှ ရောက်လာကာ လှမ်းမေး လိုက်ပါသည့် 'သဲမာ' ကြောင့် မေမေက မျက်မှောင်ကျုံ့သွားလေ၏။ မှားများမှားပြီလား။ အဆီအဆိမ့်ဟင်းတွေချည်းသာ စားနေရသဖြင့် အသီးအရွက်တစ်ခွက် အမြဲပါစေရန် ပြောမိတာက အပြစ်ဖြစ်နေပြီလား။ မေမေက သူ့နောက်မှ မနက်ဆွမ်းတော်ကပ် ဘုရားရှိခိုးရန် လိုက်တက်လာလေသည်။

"သား"

"ဗျာ"





"အဲဒါမျိုး စားချင်တာ မေမေ့ကို ဘာလို့မပြောတာလဲ"

သူ့ နှုတ်ဆိတ်နေမိပါ၏။ တစ်ကြိမ်တစ်ခါမှ အဆူမခံခဲ့ရဖူး လို အပြစ်တင်မခံခဲ့ရဖူးသည့်သူက ဘာပြန်ပြောရမည်မှန်း မသိပါ ဒါကိုလည်း မေမေ့ထံမှာ ခွင့်တောင်းပြီးမှ သူပြောလို့ရမှာတဲ့လား။ င်းထဲမှာ ရှုပ်သွားရသည့်နှယ်ပါ။

"ဟိုလေ၊ ဈေးဝယ်လာတဲ့အထဲမှာ ခရမ်းချဉ်သီးတွေ တွေ့ ာနဲ့ စားချင်တာကို ပြောလိုက်မိတာပါ မေမေ။ မကြိုက်ရင် နှ်တော် နောက်မပြောမိအောင် သတိထားပါ့မယ်"

"သား"

"ခင်ဗျာ"

"မေမေက သားစားချင်တာကို မစားစေချင်လို့ပြောတာမျိုး ဟုတ်ဘူးလေ"

"ဗျာ"

"အိမ်က ကောင်မလေးတွေနဲ့ တရင်းတနှီး ပြောဆိုတာကို ကြိုက်လို့ ပြောနေတာပါ"

သူ့ ပါးစပ်အဟောင်းသားဖြစ်သွားရလေ၏။ 'သဲမာ' တို့ မိဆွေ' တို့နှင့် စကားပြောတာမကြိုက်ဘူးတဲ့။ ဘာကြောင့်ပါလဲ၊ ဒီ အလေးတွေကမှ မိဘဆွေမျိုးရှိကြပြီး ဒီမှာ အလုပ်လာလုပ်ကြ ဝင်ငွေ



www.burmeseclassic.com

www.burmeseclassic.com



ရှာနေကြတာမို့ သူလို မိဘမဲ့ထက် အဆင့်ပိုနေသေးတာပါလေ။ မေမေ ဘာကိုများ မနှစ်သက်ရတာပါလိမ့်။

"သဲမာတို့က"

"သူတို့ကို ညီမပျော့လို သားသဘောထားမှန်း မေမေသိပါတယ်။ ဒါပေမဲ့ လိုတာထက် ပိုမရောဖို့ သတိပေးရုံပါ သား။ ပြီးတော့ သား ညီမအကြောင်းလည်း သိလျက်သားနဲ့"

သူ မျက်နှာပူသွားရပါ၏။ 'ဒါဒါ' သူ့အပေါ် မျက်စိဒေါက်ထောက်ကြည့်နေပြီး အူတိုတတ်တာကို သူအသိဆုံး မဟုတ်ပါလား။ ခက်သည်က ညီမလေးနှင့် ရောရောနှောနှော ရင်းရင်းနှီးနှီးနေတာထက် 'သဲမာ' တို့ 'မိဆူး' တို့နှင့် တရင်းတနှီးရှိတာကမှ သူနှင့် ပိုသင့်တော်မှာလေ။ 'ဒါဒါ' ကိုများ ခုချိန်ထိ ညီမအရင်းလို့ သူ မသိစိတ်က သဘောမထားနိုင်သေးလို့များ ဖြစ်သလား။

"မေမေတို့မကြိုက်ရင် ကျွန်တော် ဆင်ခြင်ပါ့မယ်"

"ဟင် . . . သားကို မေမေဆူနေတာ မဟုတ်ဘူးနော်။ မေမေတို့ သားနဲ့ အဲဒီကလေးတွေနဲ့ အဆင့်မတူလို့ မကြိုက်ဘူးလို့ ပြောနေရတာပါ"

ဘုရားရေ! "အဆင့်" တဲ့လား။ ဘယ်လိုပေတံမျိုးနဲ့ တိုင်းတာပြီး ပြောလိုက်တာပါလဲ။ တကယ်ဆို ညီမလေးအတွက်သာ





မေမေတို့ ပူပန်ပေးရမှာပါလေ။ ခက်တာက မျက်နှာတစ်ချက်ညိုးစေရန် အလိုလိုက်ခြင်းခံရပါသည့် 'ဒါဒါ' တစ်ယောက်နှင့်ဆိုးသမျှကို သူပဲ မျက်စိစုံမှိတ် သည်းခံပေးခဲ့တာ မဟုတ်လား။ 'သဲမာ' တို့က ကျွန်တော့်ထက် ဘာများနိမ့်ပါးနေလို့ပါလဲ။

"မေမေပြောတာ သား နားလည်တယ်နော်"

"ဟုတ်ကဲ့"

"အေး . . . အေး၊ ရေသွားချိုးတော့"

မေမေက ဘုရားခန်းဆီ ဦးတည်သွားပြီမို့ သူ့အခန်းဆီသို့ လှည့်လျှောက်ခဲ့ပါ၏။ မေမေတို့အခန်းက ဘုရားခန်းပြီးလျှင် ခေါင်းရင်းခန်းဖြစ်ပြီး သူနှင့် 'ဒါဒါ' က ခြေရင်းဘက်အခန်းကို ယူခဲ့ရတာပါ။ သူက လသာဆောင်ဘက်နှင့်နီးသည့်အခန်းဖြစ်ကာ 'ဒါဒါ' က လှေကားဘက်အခြမ်းရှိအခန်းမှာ အိပ်လေ၏။ ညီမလေးအခန်းရှေ့မှ သူ လျှောက်လိုက်စဉ် အခန်းတံခါးက အသာဟသွားလေသည်။

"ကိုကို"

"ဗျာ"

"Morning"

"အင်း"

"ဟာ . . . ဘာအင်းကြီးလဲ။ Good morning လို့



www.burmeseclassic.com

www.burmeseclassic.com



ပြန်နှုတ်ဆက်မှပေါ့”

“Good morning ပါ ဒါဒါ”

“အဲလိုမှပေါ့၊ လိမ္မာတယ်။ Exercise လုပ်ပြီးပြီလား”

“အင်း . . . အခုရေချိုးမလို့”

“Ok! ”

တံခါးပြန်ပိတ်သွားတာမို့ တော်ပါသေးသည်။ သူ့အခန်းတံခါးကို အမြန်ဖွင့်လိုက်ပြီး အိပ်ခန်းထဲဝင်ကာ ရေချိုးခန်းထဲသို့ ဝင်လိုက်ရပါ၏။ စောစောစီးစီး အိပ်ရေးမဝသလို အိပ်ချင်မူးတူးလေးဖြင့် ထကာ နှုတ်ဆက်လိုက်ပါသည့် ‘ဒါဒါ့’ ကြောင့် သူ အမြဲတမ်းရင်မောရတာပါလေ။ အလုပ်သွားမည့်အချိန်မှာ သူ့မျက်နှာကို မတွေ့လိုက်ရပါလျှင် တစ်နေကုန် အိမ်မှလူတွေကို တစ်ယောက်မကျန် ဂျီကျဂျစ်တိုက်ပြတော့တာ မဟုတ်ပါလား။

သူက ဒီအတိုင်း ကုမ္ပဏီကို အချိန်အတိအကျ သွားရတာမဟုတ်ပါ။ ညီမလေး ကျောင်းတက်ရက်မှာ driver နှင့်မဖို့ ဖယ်ရီမစီးစေရပါဘဲ သူကိုယ်တိုင် ကျောင်းအထိ လိုက်ပို့ပေးရတာပါလေ။ ကျောင်းပြန်ချိန်မှာသာ ‘ဒါဒါ’ က သူငယ်ချင်းအိမ်မှ ကားကြုံဖြင့် ပြန်စီးလာတတ်၍သာ သူ သက်သာတာဖြစ်လေ၏။

ရေချိုးတာ၊ အဝတ်အစားလဲတာတို့ကို နာရီဝက်ကျော်





ကွင်းပြီးအောင် စနစ်ကျစွာ ခပ်သွက်သွက်လုပ်လိုက်ပါ၏။ ဤသို့အလေ့အကျင့်ရှိစေရန် မစ်ရှင်ကျောင်းမှာကတည်းက သူ အကျင့်ရခဲ့တာပါ။ ဒီအိမ်ရောက်လာကတည်းက ထိုမာသာတွေကျောင်းအကြောင်းကို သူ့နှုတ်မှ လုံးဝမဟမိစေရန် ဖေဖေက ပိတ်ခဲ့လေ၏။

တစ်နှစ်တစ်ကြိမ် ဖေဖေ အလှူငွေသွားလှူသည့်အခါမျိုးမှာ ဖေဖေ့ကိုယ်စား သူသွားပေးရပါလျှင် တွေ့ချင်သည့်လူ၊ ပြောချင်သည့်သူတို့နှင့် ဆုံခွင့်ရတာ မဟုတ်ပါလား။ သို့သော် ထိုကျောင်းမှ သူပြန်ရောက်ပါလျှင် မေမေ့မျက်နှာမကောင်းဘဲ တစ်မျိုးဖြစ်နေတတ်တာကြောင့် သူ့အဖို့ စိတ်မကောင်းဖြစ်ရပါပဲ။

Shirt အဖြူနှင့် Style pants နက်ပြာရောင်ကို ခါးပတ်တပ်ကာ သေသေသပ်သပ် ဝတ်လိုက်ပါ၏။ အိတ်ကပ်ထဲမှာ ယောက်ျားဆိုင် လက်ကိုင်ပဝါနှင့် ခေါက်ပိုက်ဆံအိတ်ပါးလေးကို ထည့်ထားလိုက်ပါသည်။ ဘယ်ဘက်လက်မှာ လက်ပတ်နာရီကိုပတ်လိုက်ပြီး ညတုန်းက အားသွင်းပြီးပြည့်နေပါသည့် phone ကိုယူလိုက်ပါ၏။

ဘာကျန်ခဲ့သလဲကြည့်ပြီးမှ အခန်းတံခါးကိုဖွင့်၍ ထွက်လိုက်ပါသည်။ လှေကားဘက်သို့ လျှောက်နေစဉ် စောစောက ပိတ်သွားပါသည့် ‘ဒါဒါ့’ အခန်းတံခါးက ပွင့်သွားပြန်လေ၏။ ကျောင်းသွားရန်အဆင်သင့်ဖြစ်နေပါသည့် ‘ဒါဒါ’က သူ့အကျီလက်မောင်းကို လှမ်းဆွဲ



www.burmeseclassic.com

www.burmeseclassic.com



လိုက်လေသည်။

"ကိုကို"

"အာ . . . လန့်လိုက်တာ ဒါဒါရာ"

"ဆံပင်ကျစ်ပေး"

"ကိုယ့်ဘာသာ ကျစ်ပါလား"

"မကျစ်ပေးဘူးလား၊ ရတယ်"

"အင်းပါ . . . ဘီးနဲ့ခေါင်းစည်းကြိုး ယူလာခဲ့လေ။ အောက်ရောက်ရင်ကျစ်ပေးမယ်"

"အခန်းထဲမှာ အခုကျစ်ပေး"

"ကိုကို ဗိုက်ဆာနေပြီလေကွာ"

"ပြီးရော . . . ပြီးရော၊ ဘာမှ မကျစ်တော့ဘူး၊ မလှလည်းနေပါစေ"

"ဒုန်း!"

ကဲ! သင့်တော်၏ မသင့်တော်၏ မတွေးတတ်သည့်ကလေးမပါပဲလား။ အစ်ကိုရင်းဟုပင် ထင်မှတ်နေတာကြောင့်လည်းဖြစ်နိုင်ပါ၏။ တံခါးကို တမင်တကာ အသံမြည်အောင် ပိတ်လိုက်သဖြင့်သူ သက်ပြင်းရှိုက်လိုက်မိတော့သည်။ ရင်မောရပါလား 'ဒါဒါ' ရယ်။ တံခါးကို သူ အသာခေါက်လိုက်ရတော့၏။





"ဒေါက်! ဒေါက်!"

"ဒါဒါ ညီမလေး"

"မခေါ်နဲ့ မသိဘူး"

"ဆံပင်ကျစ်ပေးမယ်လေ"

"မလိုတော့ဘူး။ နေပါစေ။ ဒါဒါ့ကို မချစ်ဘူးမဟုတ်လား။ အကြောင့် အလိုမလိုက်တာပေါ့။ ဘာမှ လာပြောမနေနဲ့၊ မကြားချင်ဘူး"

"ဒါဒါကလည်းကွာ"

"ခွမ်း"

ဟော! ဘာကိုဖောက်ခွဲလိုက်မှန်းမသိ ကွဲသံက ထွက်လာသည်။ သူ ရင်ထိတ်သွားရပြီး တံခါး Door lock ကို လှည့်ဖွင့်ကြည့်လိုက်ပါသည်။ ခုတင်ထက်မှာ နှုတ်ခမ်းစူ၍ စိတ်ကောက်ပြနေပါသည့် 'ဒွေးအိမ်စည်' နှင့်အတူ နံရံကို ပစ်ပေါက်ထားသည့် (ညဘက် ရေသောက်ထားပါသည့်) ဖန်ခွက်က ဖယောင်းပုဆိုးထက် အစိတ်စိတ်အမွှာမွှာ ဖြစ်နေလေ၏။

"ခြေထောက်တွေ လက်တွေ ရှကုန်တော့မှာပဲ"

"ရှရှ"

"ဒါဒါကလည်းကွာ၊ ကိုကိုလုပ်ပေးမယ်လို့ ပြောပြီးပြီကို"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုက ငယ်ငယ်တုန်းကနဲ့ နည်းနည်းမှကို မတူတော့ဘူး ဒါဒါ့အပေါ် အချစ်တွေ လျော့ကုန်ပြီ၊ တော်ပြီ မချစ်တော့ဘူး"

"ဟင်"

"မလုပ်နဲ့လေ၊ မကိုင်နဲ့၊ ရှုကုန်မှာပေါ့။ ကိုယ်နဲ့မဆိုင်တာ သိပ်လုပ်ချင်တာပဲ။ သဲမာ! မိဆူး! ဘယ်သူ့အားလဲ။ တစ်ယောက် အမြန်လာခဲ့။ တံမြက်စည်းနဲ့ ဂေါ်ပြားပါ တစ်ခါတည်းယူလာ"

"ကိုကိုပဲ"

"မလုပ်နဲ့ဆို မလုပ်နဲ့ပေါ့။ ရော့! ... ဒီမှာ ထိုင်"

သူ့လက်ထဲသို့ ဘီးကို အတင်းထိုးထည့်လိုက်ပြီး ခုတင်ထက် ထိုင်စေရန် လက်မောင်းမှ ဆွဲလိုက်လေ၏။ အခန်းတံခါးကို သူဖွင့်ထား တာမို့ အောက်ထပ်မှ အသံကြားသွားပြီး 'မိဆူး' က အပြေးအလွှား ရောက်လာလေတော့သည်။ ဆံပင်ကို မြင့်မြင့်လေး အရင်စည်းပြီး ဖွတ်မြီးလေးချောင်းကျစ်ပုံစံလှလှလေး သူကျစ်ပေးနေစဉ် အခန်းထဲ ဖန်ကွဲစတွေကို 'မိဆူး' က လှည်းကျင်းနေပါ၏။

"ကိုကို သိလား"

"ဘာကိုလဲ"

"ကျောင်းမှာ ဒါဒါ့ကို ရည်းစားစကားလိုက်ပြောနေတာ မှာ နေပြီ"





"အင်း"

"ဟိုကောင်လေးက ပိုဆိုးတယ်။ ကျောင်းအပြန် ရတာနဲ့ ကားနဲ့ ပြန်တာ နောက်ကနေ ကားနဲ့ တကောက်ကောက်ပါလာတော့ တာ အိမ်အထိပဲ။ သိပ်မုန်းဖို့ကောင်းတယ်"

"မကြိုက်ရင်လည်း မကြိုက်ဘူး ပြောလိုက်ပေါ့"

"ပြောတာပဲ၊ ရမှမရတာ။ ကိုကိုလည်း ကုမ္ပဏီမှာ အသံ ထွက်စေနဲ့နော်။ ကြားလို့ကတော့ ဗိုက်ခေါက်ပြတ်ပြီမှတ်"

"ကဲပါ ... ပြီးပြီ၊ သွားကြမယ်"

'မိဆူး' ထွက်သွားပြီမို့ သူက အောက်အမြန်ဆင်းရန် ထရပ် လိုက်ပါ၏။ 'ဒါဒါ'က သူ့လက်မောင်းကို ဆုပ်ကိုင်လျက် ပါးကပ်ကာ နှိုတ်ခွဲလျက် လိုက်ပါလာလေတော့သည်။ ရင်ပူတယ် ညီမလေးရယ်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

# (၃)

မနက်စာစားရန် ထမင်းစားခန်းထဲသို့ ဝင်ပြီးမှ သူက 'ဒါဒါ့' လက်ကိုဖြုတ်ရန် ကိုင်၍ဖယ်လိုက်ပါ၏။ 'ဒါဒါ'က သူ့ကို မျက်စောင်းထိုးရင်း လက်မောင်းကို ခပ်တင်းတင်း ပြန်ဆုပ်ကိုင်လိုက်လေသည်။

ရော်! ခက်တော့တာပဲ။ လူကြီးတွေရှေ့မှာ မျက်စိနောက်အောင် ဒီကလေးမလုပ်ပြန်ချေပြီ။

"ဖယ်တော့လေကွာ၊ ကလေးမှမဟုတ်တော့တာ"

"ဟင်! ... ကိုကို့အတွက်တော့ ဒါဒါက အမြဲတမ်းကလေးပါနော်"

"ဟို မောင်နှမ ဘာဖြစ်လာပြန်ပြီလဲ"





"ထုံးစံအတိုင်း သားညီမ ဂျီကျနေပြန်ပြီ မဟုတ်လား"

"ထိုင်မယ်လေ"

"ကိုကို ခွံ့ကျွေး"

ဟော! တစ်ခုပြီးတာနဲ့ နောက်တစ်ခုက စလာပြန်ပြီ။ အိမ်မှာ ...akfast ကို ကော်ဖီနှင့်မုန့်သာ စားလေ့ရှိကြပေမယ့် သူက ဗိုက် ...ညီသည့် ထမင်းကြော်လို၊ ခေါက်ဆွဲပြုတ်လိုမျိုးသာ အမြဲစားလေ့ရှိ ...ပါ။ အခုလည်း ကြက်ဥမွှေ၍ ရောကြော်ထားပါသည့် ထမင်းကြော် ...ကို ခွံ့ကျွေးဖို့တောင်းဆိုနေပြီ မဟုတ်ပါလား။ ခက်ပါရဲ့ 'ဒါဒါ' ရယ်။

"ရင်ပြည့်တယ်ဆိုပြီး မစားနိုင်ဘဲနဲ့"

"တစ်ဇွန်း နှစ်ဇွန်းတော့ ခွံ့ပေါ့လို့၊ အဲဒီကိုကိုကလည်း"

"ကျွေးလိုက်စမ်းပါ သားရယ်။ နားငြီးလွန်းလို့ပါ။ အဲဒါနဲ့ပဲ ...ကျောင်းနောက်ကျဦးမယ်"

"မနေ့က ခြံရှေ့မှာလာရပ်တဲ့ကားက ဘယ်သူ့ကားလဲ သမီး"

"ကိုကို့ကို မေးကြည့်ပါ မေမေ"

"ဘယ်သူလဲ သား။ မေမေတို့ မသိအောင် ချစ်သူထားနေပြီ ...လား"

❋

"အာ ... မထားပါဘူး မေမေရယ်"

"ထားလို့ရမလား၊ ဒါဒါက ငြိမ်နေမှာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



''ဒါဆို သမီးနဲ့ဆိုင်တဲ့လူပေါ့လေ''

''မဆိုင်ပါဘူးနော်၊ ကျောင်းမှာ ဖွဲ့ရှိရှိနဲ့ ကြိုးစားနေတဲ့လူပ ဒါဒါဖြင့် စိတ်ထဲမှာတောင်မရှိဘူး''

''ရှုပ်ရှုပ်ယှက်ယှက်တွေ လုပ်မလာနဲ့နော်သမီးဒါဒါ။ ဖေဖေ မကြိုက်ဘူး''

''ဒါဒါက ဘာလုပ်မိလို့လဲ ဖေဖေရဲ့။ စိတ်မချရင် ကိုကို့ အသွားအပြန် ကြိုပို့လုပ်ခိုင်းပေါ့''

အသက်ရှူကြပ်မည့်ကိစ္စတွေချည်းပါပဲလား။ ကုမ္ပဏီ နောက်ကျပြီးမှ ရောက်တာတောင် အတော်လွန်လှပြီ။ ဒါတောင် သူက ဖေဖေ့အရှိန်အဝါနှင့် ရာထူးကြီးနေရာကို ရထားတာမျိုး မဟုတ် ပါ။ ပစ္စည်းသိမ်းဂိုဒေါင်ကိုသာ ကြီးကြပ်ပေးရသည့် စာရင်းကိုင်စာရေး အဖြစ် တာဝန်ယူထားရှိသာ တော်ပါသေး၏။

''မဟုတ်တာလိုက်ပြီး မ်ကောင်းဆိုနေနဲ့။ သားက သ ကြောင့် ကုမ္ပဏီကို နေ့တိုင်း နောက်ကျပြီးမှ ရောက်တာပဲ လွန်ပြီ''

''အဲဒါဆိုလည်း ဒါဒါ့နောက် ကောင်လေးတွေလိုက်တာ အပြစ်မတင်နဲ့လေ။ အခုလို လိုက်မပို့ပေးလည်းရတယ်၊ ကိုယ့်ဘာသာ သွားမယ်''





''သမီးနော်''

ထမင်းမျိုမကျအောင် ဂဂျီဂဂျောင်ကျပြနေပြန်ပါရောလား။ သေတို့ရှေ့မှာ သူ မျက်နှာပူပြီး နေရခက်စေတာအမှန်ပါ။ လူကြီး တွေက ဘာမှမပြောပေမယ့် လူငယ်ဖြစ်သည့် သူတို့က နေတတ် အောတ်မှ သင့်လျော်မှာပါလေ။ အလိုက်မသိတဲ့ဟာလေးနဲ့တော့ ခက်ပါရဲ့။

''သွားမယ်ဆို''

''အင်းပါ၊ ပြီးပြီ ... ပြီးပြီ''

''ဒါဒါက အရေးကြီးလား၊ ကိုကို့ထမင်းက အရေးကြီးတာ သား''

''လာပါပြီ ဒါဒါရယ်''

''ထားခဲ့လိုက် သား၊ မီးဆူးတို့ ဆေးလိမ့်မယ်''

လက်မောင်းကို ဆွဲခေါ်နေပြန်၍ နောက်ဆုံးထမင်းကြော် တစ်ဖွန်းကို ပါးစပ်ထဲအမြန်သွင်းကာ ရေခွေးမျှောချလိုက်ရလေတော့ ။ 'ဒါဒါ' တို့က ဒါဆိုရင် ဒါ၊ ခုချက်ချင်းပင် မဟုတ်ပါလား။ ဖေဖေက ကျာနယ်ဖတ်ရင်း သူတို့ကို တစ်ချက်ကြည့်ကာ ခေါင်းခါလိုက် ။ သူမြင်လိုက်ပါသည်။ လူကြီးတွေ့စိတ်ဆိုးမှာကိုလည်း ဒီကောင်မ လေး နားမလည်ပါလေ။



www.burmeseclassic.com

www.burmeseclassic.com



"Driver နဲ့လည်း စိတ်မချ၊ Taxi စီးမယ်ဆိုလည်း စိတ်ပူ၊ ကိုကိုကို ဖယ်ရီလုပ်ခိုင်းတော့လည်း မရနဲ့ ဒါဒါက ဘယ်လိုလုပ်ရမှာလဲ"

"အခု ပို့ပေးနေပြီလေကွာ"

"ကိုကို စိတ်မပူဘူး မဟုတ်လား"

"ဘာကိုလဲ"

"ဒါဒါ ရည်းစားရသွားမှာလေ"

"ကျစ်! ... အဲဒီကောင်လေးကို မကြိုက်ဘူးဆို"

"ဒါဆို ကြိုက်လိုက်ရမှာလား"

"ဩော် ... လူကြီးက အကောင်းပြောနေတာ၊ အရွဲ့တိုက်ပြ စရာလား"

"စိုးရိမ်ရင် စိုးရိမ်တယ်ပြောပါ"

သူ သက်ပြင်းကျိုတ်ရှိုက်မိပြန်၏။ မောင်နှမကြား ဒီလို စကားမျိုး ပြောရမှာလား။ 'ငယ်သေးတယ်' ဆိုပြီး ပြောရမှာ ဖြစ်ပေမယ့် ပြောပြန်ရင်လည်း ထပ်ပြီးရွဲ့ပြဦးမှာလေ။ ဖေဖေတို့အလိုလိုက်ပုံနဲ့တော့ ဒီကောင်မလေး ပိုပိုဆိုးလာသလိုပါပဲလား။

"ပြောလေ"

"အသက်ပဲ (၂၀) ပြည့်တော့မယ်၊ ဒါလေးတော့ သိရမှာပေါ့





…စ အလိုက်ပြောနေစရာလား"

"ကိုကို"

"ဘာလဲ"

"မှန်မှန်ပြောနော်"

"လုပ်ပြန်ပြီ၊ ဘာကိုပြောရမှာလဲ"

"ကုမ္ပဏီမှာ ဘယ်သူနဲ့ငြိနေပြီလဲ"

"ပေါက်ကရတွေ"

"မညာနဲ့နော်၊ ဆိုဖီယာလား၊ နှင်းဖြူဖြူလား၊ ဒါမှမဟုတ် …ဇော် အတွင်းရေးမှူး လော်ရာရွှန်းလား"

"ဟာ! ... မဟုတ်ပါဘူးဆိုနေမှပဲ"

"တကယ်နော်၊ ပါးစပ်က No လို့ပြောနေပြီး မျက်စိနဲ့ …ပ်အပ်မြင်လို့ကတော့ အဲဒီမိန်းမတော့ အသေပဲမှတ်"

"ကြည့်! ... မဆီမဆိုင် သူများတွေကို လိုက်မရမ်းနေနဲ့"

"ကြည့်စမ်း! ... ကိုကိုက အဲဒီမိန်းမဘာက်က နာတတ်နေပြီ …ပေါ့လေ ဟုတ်လား"

"မဟုတ်ပါဘူးဆိုမှ ဒါဒါရယ်၊ ဘုရားစူးရပါစေရဲ့"

"မကျိန်ပြန်နဲ့နော်၊ ကျိန်တယ်ဆိုတာ လိမ်တဲ့လူတွေ လုပ်…နေကျအလုပ်။ တော်ပြီ ကျောင်းမတက်တော့ဘူး၊ ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော . . . ကြည့်၊ အခုပဲကျောင်းရောက်နေပြီ၊ ပြဿနာပဲ ညီမလေးရာ။ ဒီနေ့ pratical ရှိတယ်ဆို"

"ရှိရှိ မသွားဘူး"

"ဒါဒါက လိမ္မာပါတယ်"

"မလိမ္မာချင်ပါဘူး"

"ကိုကို့မှာ ဘာမိန်းမ ဘာရည်းစား ဘာချစ်သူမှ မရှိပါဘူးကွာ။ မယုံရင် ကုမ္ပဏီမှာ ဘယ်သူ့ကိုမေးမေး အကုန်သိတယ်"

"ဒါဆို အိမ်က ကောင်မလေးလား"

သူ မျက်လုံးပြူးသွားရပါ၏။ ကျောင်းထဲရောက်နေပြီမို့ ကားရပ်ပေးလိုက်ပေမယ့် ဆင်းမသွားပါဘဲ လူကို ပုလိပ်စစ်သလို စစ်ဆေးနေတော့တာပါလေ။ အိမ်ကကောင်မလေးတဲ့လား။ မနက်ကပဲ သူ့ကို မေမေ သတိပေးသေးတာမဟုတ်လား။ သားအမိနှစ်ယောက် လူကို ညှပ်ပူးညှပ်ပိတ် ဆူပူနေကြလေပြီ။

"ကြည့်စမ်း! ဟုတ်နေပြီပေါ့လေ။ ဘယ်တစ်ယောက်လဲ။ မိဆူးလား၊ သဲမာလား။ အဲဒီဟာတွေကို အကုန်အလုပ်ထုတ်ပစ်မယ်။ ကိုကိုက ကိုယ်နဲ့ အဆင့်တူတာတွေ ရှာရမှာပေါ့။ ဘယ်လိုဖြစ်ပြီး ဒီပိစိညှောင့်တောင့် ကောင်မလေးကို ကြိုက်ရတာလဲ"

"ဟာ . . . ဟာ၊ မငိုနဲ့လေ၊ မဟုတ်ပါဘူး ဒါဒါရာ"





"မဟုတ်ဘဲနဲ့ ငြိမ်နေရလား"

"ဘာပြန်ပြောရမှန်းမှ မသိတာ"

"ကိုကို မကောင်းဘူး"

ရင်ဘတ်ကို လက်သီးဆုပ်ဖြင့် တဘုန်းဘုန်းထုရင်း မျက်ရည်အ တစ်ပေါက်ပေါက်ကျလာလေတော့၏။ မငိုပါနဲ့ မငိုနဲ့နော်။ ဒီလို မျက်ရည်တွေ မကျစေရအောင် မင်းရဲ့အနီးခုံးကို ကိုယ်ရောက်လာခဲ့ရတာပါ 'ထက်မြက်နန္ဒအောင်'။ မင်းငိုရင် ကိုယ်က အလိုလို အပြစ်ရှိသလို ခံစားလာရတာ အဘယ်ကြောင့်ပါနည်း။

"တိတ်တော့လေ၊ ဘာမဟုတ်တာလေးနဲ့ ဒီမျက်ရည်က ကျစရာလား"

"ကိုကိုက ဆိုးတာကိုး"

"အင်းပါ . . . ထားလိုက်ပါတော့။ ကျောင်းရောက်နေပြီ ဒီ အငိုမျက်နှာကြီးနဲ့ မရှက်ဘူးလား"

"ဘာလို့ရှက်ရမှာလဲ၊ မရှက်ဘူး"

"လှလှလေးတွေ ပျက်ကုန်ပါပြီ"

အိတ်ကပ်ထဲမှ လက်ကိုင်ပုဝါဖြင့် မျက်နှာထက်သုတ်ပေးစဉ် တိမ်ကွယ်နေပါသည့် 'လ' ကလေးက ချက်ချင်းသာလေတော့၏။ မျက်ဝန်းနက်လေးက အရုဏ်တက်နေအလင်းကဲ့သို့ လင်းလက်



www.burmeseclassic.com

www.burmeseclassic.com



တောက်ပသွားသလို နှင်းဆီငုံနှုတ်ခမ်းလွှာလေး၏ အပြုံးနုနုက နှလုံးသားကို တဒိတ်ဒိတ် အခုန်မြန်လာစေတော့သည်။

ဘုရားရေ! . . . သူ ဘာတွေဖြစ်ကုန်ပြီလဲ။

"မွှေးမွှေးပေး"

"ဟာ . . . ကလေးလည်း မဟုတ်တော့ဘဲနဲ့၊ သွားတော့"

"မရဘူး၊ မွှေးမွှေးပေးမှ"

"ကဲပါ . . . မြန်မြန်သွားပါတော့။ တော်ကြာ class နောက်ကျနေဦးမယ်"

ကားတံခါးကို လှမ်းဖွင့်ပေးလိုက်စဉ် သူ့မေးဖျားကို နှမ်းရှိုက်လိုက်ခြင်းခံလိုက်ရလေ၏။ ပြုံးစိစိမျက်နှာလေးဖြင့် ကားပေါ်မှ ဆင်းသွားပါသည့် 'ဒါဒါ' က လက်ချောင်းလေးလှုပ်ပြကာ နှုတ်ဆက်လိုက်စဉ် သားနားသို့ 'ဒါဒါ့' သူငယ်ချင်းလေး ရောက်လာလေတော့သည်။

"တာ့တာ ကိုကို"

"အင်းအင်း"

"အံမာ . . . ငါ့ကိုကိုကိုများ"

'ရတနာ့' လက်ကိုဆွဲ၍ အဆောင်ရှိရာဆီ လျှောက်သွားနေပြီမို့ ကားကိုကွေ့ကာ သူ မောင်းထွက်ခဲ့ပါသည်။ သူငယ်ချင်းနဲ့လည်း မနာလိုဘူးလား။ ကမ္ဘာပေါ်ရှိသမျှ မိန်းကလေးတွေနဲ့ ကိုယ့်ကို အူလိုက်





ကြိုပြနေလို့တော့ ဘယ်ဖြစ်ပါ့မလဲ 'ဒါဒါ' ရယ်။ မင်းက ကိုယ့်ရဲ့ ညီမလေးပါ။ တစ်ဘဝစာအတွက် တစ်သက်တာ ညီမလေးအဖြစ်နဲ့သာ ရှိသွားရမှာလေ။

ကားကို ကားရပ်ရာနေရာမှာ စိတ်ချဝင်ရပ်ခဲ့ပြီးမှ ကုမ္ပဏီရှိရာဆီသူ လမ်းလျှောက်လာခဲ့ပါ၏။ ကုမ္ပဏီ MD ကြီး၏သားဟူသာ သိထားတာမို့ အချိန်တန် ဒီကုမ္ပဏီကြီးကို လက်လွှဲယူမည့်သူဟူ၍သာ သူ့ကိုမြင်နေကြမှာအမှန်ပါ။ သို့သော် သူက ဖေဖေ့ရဲ့သားအရင်းမှ မဟုတ်တာလေ။ အချိန်တန်လျှင် ညီမလေးကိုသာ အမွေတွေပုံပေးပြီး ပိုင်ဆိုင်တာမှန်သမျှ လွှဲပေးရမှာမဟုတ်လား။

'ဒါဒါ' နှင့် သက်ဆိုင်သည့် သူစိမ်းတစ်ဦးဦးကသာ ဒီအရာတွေကို ဆက်ခံပိုင်ခွင့်ရရှိလာနိုင်မှာလေ။ သူကတော့ သူ့ကို ပညာဆက်ထားပေးခဲ့တာ။ လူတန်းစေ့နေနိုင်အောင် ဆင်ယင်ပေးခဲ့တာ။ မိန်းဝအောင် ကျွေးမွေးခဲ့ပါသည့် ဖေဖေတို့ ကျေးဇူးတွေကို ဆပ်နိုင်သလောက် ပြန်ပေးဆပ်ရင်း 'ဒူးနေရာဒူး တော်နေရာတော်' သိနားသည်ရမှာပါလေ။

Lift ထဲမှ ထွက်ကာ ဖေဖေ့ရုံးခန်းဆီသို့ သူ လျှောက်လာခဲ့ပါ၏။ MD ရုံးခန်းထဲဝင်လျှင် Secretary 'လော်ရာရှိန်း' နှင့် နှုတ်ဆက်စကားပြောပြီးမှ MD ၏အတွင်းရုံးခန်းကို ရောက်တာဖြစ်သည်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တံခါးခေါက်သံပေးလိုက်ပြီး ဖွင့်ဝင်လိုက်စဉ် computer တစ်လုံးနှင့် အလုပ်ရှုပ်နေပါသည့် 'လော်ရာရှိန်း' က သူ့ကိုပြုံးပြလိုက်လေ၏။

"Morning ကိုနန္ဒကျော်"

"Morning ပါလော်ရာ"

"MD အထဲမှာစောင့်နေပါတယ်၊ ဝင်သွားလိုက်ပါ"

"ဟုတ်ကဲ့"

"Coffee or Tea ဘာပို့ပေးရမလဲ"

"နေပါစေလော်ရာ၊ မသောက်တော့ပါဘူး"

"Ok လေ"

သူက ဖေဖေ့အတွင်းရုံးခန်းတံခါးကို နှစ်ချက်ဆင့်၍ ခေါက်လိုက်ပြီးမှ တံခါးကို အသာတွန်းဖွင့်၍ ဝင်လိုက်ပါသည်။ စောင့်နေပါသည်ဟူသည့် ဖေဖေက တစ်ယောက်တည်းရှိနေတာမဟုတ်ဘဲ ဧည့်သည်လူကြီးတစ်ဦးနှင့် စကားပြောနေလေ၏။ ဝင်ဆို၍ဝင်လာပြီးမှ ဧည့်သည်ရှိနေသဖြင့် သူ ပြန်လှည့်ရခက်သွားရလေသည်။

"ဟော ... ရောက်လာပါပြီ ဒါ ကျွန်တော့်သား နန္ဒကျော်ကိုအောင်မြင့်ရေ"

❊ ❊ ❊



(၄)

ရင်ထဲမှ စိုးထိတ်သွားရပါ၏။ ဘယ်လိုလဲ၊ ဖေဖေ့မိတ်ဆွေနှင့် မိတ်ဆက်ပေးပြီမို့ စိတ်ထဲမှာ အလိုလိုသိနေသလိုပါပဲ။ ဘုရားရေ! ညီမလေးနှင့် အနီးကပ်အမြဲတမ်းရှိနေတာကို သိသဖြင့် သူ့ကို တခြားနိမ့်ကလေးနဲ့များ နှီးစပ်စေချင်ပြီလား။

တစ်သက်လုံး ညီမလေးနှင့် မောင်နှမအရင်းလိုသာ ရှိစေချင်ခဲ့န်း သူ အသိဆုံးပါပဲ။ သူက ဖေဖေတို့ကျေးဇူးတွေကို မသိသည့်သူမှ မဟုတ်တာလေ။ သို့သော် ကျောင်းပြီးဖို့တစ်နှစ်လိုသည့် ညီမလေးကို စိတ်ရှုပ်ဖို့ စိတ်ညစ်ညူးဖို့ မဖြစ်စေချင်သေးတာအမှန်ပါ။ 'ဒါဒါ' ဘွဲ့ယူမှသာ သူ့ကို ဤသို့ပြောစေချင်သော်ငြား သူ့ဘဝက



www.burmeseclassic.com

www.burmeseclassic.com



အမြဲတစေ နှုတ်ဆိတ်ငြိမ်သက်ဖို့သာ အဆင်သင့်ဖြစ်နေခဲ့ရတာပါလေ။

"ဖေဖေ့မိတ်ဆွေ ကိုအောင်မြင့်ပဲ သားရဲ့"

"ဟုတ်ကဲ့"

"အလုပ်ဝင်တာ နှစ်နှစ်ကျော်ပြီဆိုတော့ လုပ်ငန်းအကြောင်း အတော်နားလည်နေပြီပေါ့"

"ဟုတ်ကဲ့"

"ကျွန်တော့်သားက လူအေးဗျ။ မိဘစကားကို တစ်ခွန်းဆို တစ်ခွန်း နာခံတတ်တယ်၊ သမီးနဲ့တော့ ကွာတာပေါ့"

"ဒါပေါ့လေ၊ ကျွန်တော့်သမီးလည်း တစ်ဦးတည်းသော သမီးမို့ ခပ်ဆိုးဆိုးဗျ"

"ဒီဒီက အခု အသက်ဘယ်လောက်ရှိပြီလဲ"

"အင်း ... ဘွဲ့ရပြီးပြီဆိုတော့ (၂၂) နှစ်လောက်တော့ရှိပြီ"

"မနုနဲ့တူရင်တော့ အတော်ချောမှာပဲ"

"ချောပါ့ဗျာ၊ သမီးကို လာမြန်းချင်သမျှ ဝိုင်းဝိုင်းကိုလည်လို့ ကျွန်တော့်သမီးက ခပ်ထက်ထက် မာနအကြီးစားမို့ အားလုံးကို No ချည်း ခေါင်းခါနေလို့ စိတ်ပူနေရတာ။ တော်ကြာ အရွေးလွန်ပြီး အပျိုကြီးဖြစ်သွားမှာစိုးလို့"

လူကြီးနှစ်ဦးက သဘောကျစွာရယ်နေလေ၏။ သူ့ကိုခေါ်ပြီး





သူမှလည်း ဟုတ်တိပတ်တိမပြောပါဘဲ ဘယ်လိုဖြစ်ပြီး သားသမီး တွေအကြောင်း ပြောနေရတာပါလိမ့်။ ရင်လေးစရာပါပဲ။ အသက် (၂၂) နှစ်ဆိုတော့ သူ့ထက် (၂) နှစ်ငယ်သလို 'ဒါဒါ' ထက် (၂) နှစ် ကြီးသည့် မိန်းကလေးပေါ့။

ချောသည်ဟူ၍ အမွှန်းတင်နေသဖြင့် သူ ယောင်ယောင်မှား ပြုံးမိလေ၏။ မိန်းကလေးတွေ အဘယ်မျှ ချောချောလှလှ ဘာမှ ပွင့်မဆင် မဖြီးလိမ်းဘဲ နဂိုအလှမျိုးဖြင့် ယဉ်ယဉ်လေးလှလွန်းပါ သည့် 'ဒါဒါ' ကို မီနိုင်မှာတဲ့လား။ ဖျတ်ခနဲပဲကြည့်ကြည့် တစ်စိမ့်စိမ့်ပဲ ခိုင်ကြည့်ကြည့် ညီမလေးက အကျည်းမတန်သွားပါဘဲ ရှုမဝသည့် အလှလေးပါလေ။

"ဘယ်လိုလဲ သား၊ မြင်ဖူးချင်နေပြီလား"

"ဗျာ"

"သမက်ရှာနေတဲ့ ကိုအောင်မြင့်ကို သားနဲ့ တမင်မိတ်ဆက် ပေးရတာပဲ"

သူ ဘာမှပြန်မပြောဖြစ်ပါ။ သူ့ဘဝက ဖေဖေပုံသွင်းခဲ့သလို အမျိုးဖြင့် ရှင်သန်ကြီးထွားခဲ့ရသည့် ဖယောင်းရုပ်တုပဲ မဟုတ်ပါလား။ သူ့ဆိုလည်း တွေ့ရရုံပဲပေါ့လေ။ နောက်မှ ညီမလေး စိတ်ကောက် စိတ်ဆိုးဖြစ်လာရင်တော့ သူ ခေါင်းကိုက်နေပြီပဲ။



www.burmeseclassic.com

www.burmeseclassic.com



"တွေ့ချင်ရဲ့လား သား"

"ဖေဖေ တွေ့စေချင်ရင် တွေ့ပါ့မယ်"

"ကြားတဲ့အတိုင်းပဲ ကိုအောင်ခြိမ့်ရေ။ ကျွန်တော်က သား အတွက် စိတ်ပူစရာမရှိဘူး။ အငယ်ဖြစ်တဲ့သမီးကိုပဲ စိတ်မချတာ ခုထိ ကလေးစိတ်ကမကုန်သေးဘူး။ အစ်ကိုဖြစ်သူကိုလည်း နိုင်တာ သလား မမေးနဲ့"

"ဒါတော့ ကျွန်တော့်သမီးနဲ့ ကွာခြားတယ် ကိုထက်မြက်ရေ ဒီဒီက အထက်တန်းအောင်ကတည်းက Eco distance ယူပြီး ကျွန်တော့်အလုပ်ကို ဝင်လုပ်နေပြီ။ ခုဆို Business ကိုကောင်းကောင်း ကျွမ်းကျင်နေတာဗျ။ ဒယ်ဒီ့လုပ်ငန်းကို ဆက်ခံဖို့ သူပဲရှိတယ်ဆိုပြီး တအားလည်းကြိုးစားတယ်"

"သမီးမိန်းကလေးဖြစ်ပြီး အားကိုးရပါလားဗျ"

"အဲဒါကြောင့် ပြောတာပေါ့။ ကျွန်တော့်သမီးက မာနအကြီး စားလို့ ဘာပဲဖြစ်ဖြစ် သမီးရဲ့စိတ်ကို ပျော့ကျလာစေမယ့် ယောကျာ်း လေးမျိုးနဲ့ အမြန်ဆုံး ဆုံစေချင်တာအမှန်ပဲ"

"ကောင်းပြီလေ၊ ကလေးတွေကို တစ်ရက်လောက်ပေးတွေ့ ကြတာပေါ့"

"နေနဲ့ ကျွန်တော်တိုင်ပင်လိုက်ပါမယ်ဗျာ။ ကဲ! ...





ကျွန်တော်လည်း ခဏဆိုပြီး အတော်ကြာနေပြီ သွားဦးမယ် ကိုထက် မြက်"

"ကောင်းပါပြီဗျာ"

"အန်ကယ်သွားဦးမယ် သားရေ"

"ဟုတ်ကဲ့"

ဧည့်သည်ဖြစ်သည့် 'အန်ကယ်ဦးအောင်ခြိမ့်' ကို ဖေဖေ့ ရုံးခန်းထဲမှတစ်ဆင့် Lift အထိရောက်ရန် သူလိုက်ပို့ဖြစ်ပါ၏။ အန်ကယ်က နေခဲ့ရန် အချက်ပြလိုက်မှပင် Lift တံခါးပိတ်သွားမှသာ သူ ပြန်လှည့်လိုက်ပြီး ဖေဖေ့ရုံးခန်းထဲ ပြန်ဝင်ခဲ့ရလေသည်။ ပွင့်ပွင့် လင်းလင်း ပြောစရာရှိလာတိုင်း အလုပ်ရုံးခန်းမှာသာ သူ့ကို ဖေဖေ ပြောလေ့ရှိပါ၏။ အခုလည်း 'ဒီဒီ' ဆိုသည့်ကောင်မလေးနှင့် နီးစပ်ဖို့ အတွက် သူ့ကိုပြောတော့မှာပါလေ။

"ထိုင်ဦး သား"

"ဟုတ်ကဲ့"

"ဦးအောင်ခြိမ့်ဆိုတာ ဖေဖေတို့ ကုမ္ပဏီလောကမှာ ဘုရင် တစ်ပါးလို့ အထင်ကရဆိုတာ သားလည်းကြားဖူးမှာပါ"

"ဟုတ်ကဲ့"

"ရှင်းရှင်းပြောရရင် ဖေဖေပိုင်ဆိုင်ထားတဲ့ ပိုင်ဆိုင်မှုတွေ



www.burmeseclassic.com

www.burmeseclassic.com



လောက်က သူ့အတွက် မပြောပလောက်ဘူးဆိုတာပဲ''

အလို! ငွေရေး ကြေးရေးတွေနှင့် စကားစချီနေပါရောလား။ သားသမီးအရေးဆိုတာကို အခုလို ပိုင်ဆိုင်မှုတွေနှင့် နှိုင်းယှဉ်ပြလို့ ဘယ်ဖြစ်မှာတဲ့လဲ။ ရွှေချင်းထပ်မှ မြတ်တယ်ဆိုပေမယ့် နှလုံးသားကို ရွှေကွပ်လို့မှမရတာလေ။ ခက်သည်က သူ့အတွက် ဘာဆိုဘာမှ အကြောင်းပြငြင်းဆန်စရာ မရှိတာပါပဲ။

''သားမှာ ချစ်ရမယ့်သူ ရှိနေပြီလား''

''ဗျာ! ... ဟင့်အင်း၊ မရှိပါဘူး မေမေ''

''ကောင်းတယ်၊ အဲဒါဆိုရှင်းတာပေါ့။ ဒီဒီနဲ့အားတဲ့နေ့ သွားတွေ့လိုက်ပါ။ မေမေတို့ လူကြီးတွေ အတိအကျ မတွေ့သေးတာမို့ စိတ်ပေါ့ပေါ့ပါးပါးနဲ့ တွေ့ရုံပါပဲ''

''ဟုတ်ကဲ့''

''စိတ်မလေးပင်ပါနဲ့ သား။ ဒီဒီက ဘွင်းဘွင်းရှင်းရှင်း ပြောလေ့ရှိတဲ့ ကလေးပါ။ သွက်တယ်၊ ထက်တယ်၊ ယောက်ျားဆန်တယ်၊ အဲဒါကိုက သူ့ကိုဆွဲဆောင်မှုရှိလွန်းစေတာပဲ''

သူ ခေါင်းညိတ်ပြလိုက်ပါသည်။ ထက်မြက်လွန်းပါသည် မိန်းကလေးက သူလိုမွေးစားသားတစ်ယောက်ကို စာရင်းထဲထည့် စဉ်းစားမှာတဲ့လား။ အထူးသဖြင့် ဂုဏ်သိက္ခာမြင့်သည့် သူဌေးသမီးက





ငွေတွေအများကြီးရမှာမို့ သူ့လိုင်မွဲကို လှည့်ပင်ကြည့်မည်မဟုတ်ပါ

''သား နန္ဒကျော်''

''ဗျာ''

''သားဟာ မေမေတို့သားပါ။ အဲဒါကို ဘယ်တော့မှ မမေ့ပါ

''ဟုတ်ကဲ့''

''မေမေ့လက်အောက်မှာ ဝင်လုပ်ပါလို့ ပြောခဲ့ပေမယ့် သား ကိုယ်လုပ်ချင်တဲ့နေရာမှာပဲ ရွေးလုပ်ခဲ့လို့ ရာထူးဂုဏ်ရှိန်မရှိတာပါ ကျော်။ ဒါပေမဲ့ ဦးထက်မြက်ကျော်ရဲ့သားကြီး ဩရသအဖြစ် နေ့သား အမြဲရှိနေမှာပါ။ ဘာမှ အားငယ်စရာမလိုဘူး''

''ကျွန်တော်နားလည်ပါတယ် မေမေ''

''အေးအေး၊ ဒါဖြင့် သွားလို့ရပါပြီ''

''ဟုတ်ကဲ့''

''ခဏလေး''

အခန်းထဲမှထွက်ရန် ပြင်လိုက်စဉ် မေမေတားလိုက်သဖြင့် ကြည့်လိုက်ရပါ၏။ မေမေက စားပွဲနောက်ရှိ ဆုံလည်ခုံမှာ ထိုင်လိုက်သလို သူ့ကို သေချာစိုက်ကြည့်ကာ ပြောလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြိုက်လာသည့်အမျှအားလုံး အကောင်းချည်းပါပဲ 'နန္ဒကျော်'။

"သားကိစ္စကို သမီး လုံးဝမသိပါစေနဲ့"

"ဗျာ"

"ဖေဖေပြောတာ နားလည်ရဲ့လား"

"ဟုတ်ကဲ့ပါ ဖေဖေ"

"ဒါဆိုသွားလို့ရပြီ"

Doorlock ကိုလှည့်ဖွင့်၍ ထွက်လိုက်ပါ၏။ 'လော်ရာရှိန်းက phone လက်ခံတာကိုဖြေပြီးနောက် သူ့ကိုလှည့်ကြည့်လိုက်သည်။ မျက်နှာမပျက်စေရန် သတိထားနေရတာ အတော်ပင်ပန်းလှ၏။ မနက်ကပဲ 'လော်ရာ့'အမည်ကို ရေရွတ်ပြီး စိတ်ကောက်ပြခဲ့သည့် 'ဒါဒို' ကိုသတိရသွားမိလေသည်။ မတွေ့စေချင်ကာမှ လာတွေ့နေပြီ မဟုတ်ပါလား။

"ကိုနန္ဒကျော်"

"ဗျာ"

"အန်ကယ်ဦးအောင်မြင့် ဒီကိုရောက်လာတာ ထူးပြီလို့ ထ လိုက်တာ ကွက်တိမှန်နေတာကိုး"

"ဘာကိုလဲ"

"လော်ရာ့သူငယ်ချင်းနဲ့ ကိုနန္ဒကို စေ့စပ်ဖို့ဆိုလားပဲ"





"ဟာဗျာ၊ ဘာမှ သေချာမဟုတ်သေးဘဲ သတင်းလျှောက် လွှင့်ပါနဲ့လား။ တစ်ဖက်သား ထိခိုက်မှာစိုးလို့ပါ"

"သတင်းမလွှင့်ပါဘူး ကိုနန္ဒရယ်။ လော်ရာ့သူငယ်ချင်းရဲ့ အကြောင်းကို နည်းနည်းပါးပါး ပြောပြချင်လို့ပါ"

"ဘယ်လို"

"လော်ရာတို့က ကျောင်းအတူပြီးခဲ့ကြတဲ့ အချစ်ဆုံး သူငယ်ချင်းတွေပါ။ တစ်ယောက်အကြောင်းတစ်ယောက် အတွင်းသိ အစင်းသိတွေပါပဲ"

"ဪ"

"ဒီဒီက အဆင့်အတန်းမခွဲခြားတတ်ဘူး ကိုနန္ဒ။ စိတ်ရင်းအတနာလည်း အရမ်းကောင်းတယ်။ သူ့ဖြေးသမီးမို့ မာနတော့ ရှိသင့်မှိုက်သလောက်တော့ ရှိတာပေါ့"

"အဲဒါ ဖေဖေ ပြောပြပါတယ်"

"တစ်ခုပါပဲ"

"ဘာတစ်ခုလဲ"

'လော်ရာရှိန်း'က သူ့ကိုကြည့်ကာ ပြုံးမြမြဖြစ်သွားလေ၏။ ဘာလဲ သူ့ပုံစံက ရယ်စရာများဖြစ်နေပြီလား။ ညီမလေးနှင့် ငယ်စဉ်ကတည်းက အတူကြီးပြင်းခဲ့ရသဖြင့် မိန်းကလေးတွေ၏သဘောကို



www.burmeseclassic.com

www.burmeseclassic.com



အနည်းအကျဉ်း တီးခေါက်သိခဲ့ပါသည်။ သို့သော် အပြင်သူစိမ်း မိန်းကလေးတွေ၏ စိတ်ခံစားကိုတော့ သူ အတိအကျ ဘယ်သိနိုင်ပါ့ မည်နည်း။

"ဒီဒီက သူ့နှလုံးသားကို အခုန်မြန်စေတဲ့သူ၊ သူ တကယ် ချစ်တဲ့သူကိုပဲ လက်ထပ်မှာမို့ပါပဲ"

"ဗျာ!"

"အဲဒါကိုတော့ လော်ရာက သူငယ်ချင်းအရင်းမို့ သိနေခဲ့ တာပါ"

"ဪ"

"ဘာပဲဖြစ်ဖြစ် ဒီဒီက အပြင်ပုံပန်းအရ ယောကျ်ားဆန်တာ မှန်ပေမယ့် အတွင်းစိတ်ကတော့ မိန်းမဆန်ပြီး နူးညံ့ပါတယ် ကိုနန္ဒ အဲဒါကိုသိထားဖို့ပါ"

"ဟုတ်ကဲ့၊ အခုလို ပြောပြတာ ကျေးဇူးပါ လော်ရာ"

"ရပါတယ်ရှင်"

"ကျွန်တော်က ဖေဖေသွားတွေ့ဆိုလို့ သွားတွေ့ရုံပါပဲ။ သူ စိတ်ဝင်စားစရာ မရှိပါဘူးဗျာ"

"ဟင်း ဟင်း . . . မထင်ပါနဲ့ ကိုနန္ဒရဲ့"

"ဘာဖြစ်လို့လဲ"





"ကိုနန္ဒက မျက်လုံးကို ဖတ်ကြည့်ရုံနဲ့ စိတ်ထဲ ဘာရှိတယ် ဆိုတာကို အတိုင်းသားမြင်ရနိုင်လို့ပေါ့"

"ဘယ်လို ကျွန်တော်က"

"ဟုတ်တယ်လေ၊ ကိုယ့်ကိုယ်ကိုယ် မသိဘူးလား။ အရမ်း ရည်မှန်းအားကြီးရင်လည်း မကောင်းဘူးရှင့်၊ မိန်းမလည်တွေ လိုသလို သုံးကစားသွားလိမ့်မယ်"

"ဟာဗျာ"

"အင်းလေ၊ သူနဲ့တွေ့ပြီးရင်တော့ သူ့ဘက်က ဘယ်လို colour လဲဆိုတာကို ကိုနန္ဒသိအောင် လော်ရာပြန်ပြောပြမှာပါ"

"ဒါတော့ ဘယ်ကောင်းပါ့မလဲ"

"ဘာလို့လဲ"

"ဒါက သူ့ personal လေ လော်ရာရဲ့။ အတွင်းရေးတွေကို ဖော်လို့တော့ မကောင်းပါဘူး"

"ခုကတည်းက နာတတ်နေပြီပေါ့လေ။ လူချင်းတောင် သေချာမတွေ့ရသေးဘူး။ ကိုနန္ဒကျော်ကတော့ မလွယ်ပါလား"

ရင်းရင်းနှီးနှီး ပြောလိုက်ပါသည့် ဖေဖေ့အတွင်းရေးမှူးမလေး ကို နှုတ်ဆက်ကာ Corridor ဘက်သို့ ထွက်ခဲ့ပါ၏။ Lift ရှိရာသို့ ဆက်လျှောက်ရင်း ခေါင်းထဲဝင်လာသည့်အတွေးကြောင့် စိတ်ရှုပ်ရ



www.burmeseclassic.com

www.burmeseclassic.com



ပြန်လေသည်။ ဘယ်လိုဖြစ်ပြီးများ သူ့ကို စေ့စေ့ကြည့်ကာ ဝေဖန်ရပါ သနည်း။

မျက်လုံးကိုကြည့်ရုံနှင့် ရင်ထဲ ဘာရှိသည်ဆိုတာကို အရှင်းသား မြင်နိုင်သတဲ့လား။ သူ့ရင်ဘတ်ထဲ ဘယ်လိုခံစားနေရတယ်ဆိုတာကို သူမှလွဲ၍ မည်သူမျှ မသိနိုင်တာလေ။ လူရိုးတဲ့လား၊ စိတ်ထဲရှိသား၏ မရိုးသားခေါ်ဆိုတာကို ကိုယ်တိုင်သာ အသိဆုံးပင် မဟုတ်ပါလား။

ညီမလေး မသိစေနဲ့တဲ့လား ဖေဖေ၊ နောင်ဖြစ်လာမယ့် အရေးကို ကြိုမြင်နေလို့များ အခုလို အစီအစဉ်ဆွဲလိုက်တာများလား။ မျက်ရည်ကျဦးမှာပဲလား 'ဒါဒါ'။ ညီမလေးရဲ့မျက်ရည်တွေက ကိုကို့ နှလုံးသားကို အရည်ပျော်ကျစေတဲ့ ချော်ရည်ပူဆိုတာကိုဖြင့်။

❊ ❊ ❊



(၅)

Pratical ခန်းမှ ထွက်လာစဉ် 'ဒါဒါ' အနောက်မှာ အရိပ်လို ထိုက်ပါလာသည့် ကောင်လေးကြောင့် စိတ်တိုလာရလေ၏။ 'မင်းဒီပ' ဟူ၍ နာမည်ကိုက ရုပ်ရှင်မင်းသားလိုလို ပုံစံကလည်း Model boy မျိုး ချောမောပြီး ကြည့်ကောင်းနေသဖြင့် မိန်းကလေးအများစုက သံကြွေကျချင်သည့် style ပါပဲ။

ခက်သည်က 'ဒါဒါ့' စိတ်နှလုံးအစုံကို ဘယ်သူ ဘယ်လို မှ မနဲ့နိုင်တာပါ။ ကိုယ့်ကို အသက်နှုံပေးပြီး ချစ်ခဲ့သည့် 'ကိုကို' တစ်ယောက်လုံး အနားမှာရှိခဲ့သဖြင့် မည်သည့်ယောကျ်ားကိုမှ စိတ်ခုန်တတ်တာ မဟုတ်ပါလား။ ကိုကို့လောက် 'ဒါဒါ့' အပေါ်



www.burmeseclassic.com

www.burmeseclassic.com



သည်းသည်းလှုပ် ချစ်ပြသည့်အစ်ကိုမျိုး ရှာတွေ့မည်မထင်ပါ။

တစ်ခွန်းဆိုတစ်ခွန်း 'အင်း' ဆိုပြီး အမြဲတစေ ခေါင်းညိတ်ခဲ့တာမဟုတ်လား။ 'ကိုကို' နှုတ်မှ 'No' ဆိုသည့် အငြင်းစကားမျိုး 'ဒါဒါ' တစ်သက် ဘယ်တုန်းကမှ မရခဲ့ဖူးပါချေ။ အစစအရာရာ အလိုလိုက် အကြိုက်ဆောင်ပေးနေပေမယ့် တင်းတိမ်ရောင့်ရဲတတ်မှု က 'ဒါဒါ' ဆိုသည့် 'ထက်မြက်နန္ဒာအောင်' ထံမှ အလျဉ်းမရှိပါချေ။

အဲဒီ ခပ်ဆိုးဆိုး ညီမလေးကိုပဲ 'ကိုကို' တစ်သက်လုံး ချစ်နေခဲ့တာ မဟုတ်ပါလား။

"နင့် PK ပါလာပြန်ပြီ"

"ဘာ . . . ငါ့ PK လဲ၊ Jewel နော်၊ ရန်မရှာချင်နဲ့"

"ဘာလဲ ကိုကိုနဲ့ ပြန်တိုင်မယ်ပေါ့လေ၊ မကြောက်ပေါင်"

"ကိုကိုသိပြီးသားပါ"

"မင်းဒီပကိစ္စလား"

"အင်း"

"အဲဒီတော့ ဘာပြောလဲ"

"ငါမကြိုက်ရင် မကြိုက်ဘူးလို့ ကောင်းကောင်းပြောလိုက်တဲ့"

"ဟင်! . . . ဒါပဲလား၊ ညီမထိ စားကြည့်ဆိုပြီး တရှူးရှူး





တရှုံရှဲ ဒေါ်မပွဘူးပေါ့လေ၊ အံ့ရော!"

သူမ ပြုံးစိစိဖြစ်သွားရပါ၏။ 'ကိုကို' က ထိုသို့ ဒေါသကြီးသည့် လူမှ မဟုတ်တာလေ၊ အမြဲတစေ မျိုသိပ်တတ်ပြီး (တစ်နှစ် တော်ကလေးငယ်လေးနှယ်) ပြောချင်တာကို မျက်ဝန်းညိုတို့ဖြင့်သာ ကြည့်ပြီး သိစေတာ မဟုတ်ပါလား။ 'ကိုကို' မကြိုက်တာကို သူမ လုပ်မိတိုင်း ညို့မှိုင်းသွားပါသည့် မျက်ဝန်းတို့ကြောင့်သာ သိခဲ့ရတာ ပါလေ။

သြော် 'ဒါဒါ' ချစ်သော 'ကိုကို' ရယ်။

"သွေးအေးလွန်းတဲ့ ရေခဲတုံးကြီးဖြစ်မယ် ထင်ပါရဲ့"

"အံမယ် . . . ကိုကို့ကိုများ Ice Block နဲ့ နှိုင်းယှဉ်ရ တာ။ ဘယ်လောက်နွေးထွေးမှုပေးတဲ့သူလဲဆိုတာ နင်မှမသိတာ"

"ဘာများ နွေးထွေးလို့လဲ၊ ပြောပါဦး"

"မျက်ဝန်းကအကြည့်တွေလည်း နွေးတယ်၊ ရင်ဘတ်ကြီး လည်းနွေးတယ်။ ငါ့ကို ဆုပ်ကိုင်တတ်တဲ့ လက်ဝါးပြင်တွေကအစ ဘာကယ့်ကို ပူပူနွေးနွေးလေး"

"ဒါဖြင့် ဆောင်းတွင်းမီးဖိုနေလေးပေါ့လေ။ လိုချင်လိုက်တာ . . . ဟီး ဟိ!"

"မိန်းမနော် . . . ငါ့ကိုကိုကိုများ"



www.burmeseclassic.com

www.burmeseclassic.com



"မပေးချင်ဘူးလား"

"မပေးပါဘူး ဘာကိစ္စပေးရမှာလဲ"

"ငါက အတွင်းသိ အစင်းသိနဲ့ နင့်ကို ဖူးဖူးမှုတ်အလိုလိုက်မယ့် ယောင်းမမျိုးပါ ဒါဒါရယ်။ နင်မသိတဲ့ ယောင်းမမျိုးရရင် ဘယ်လိုလုပ်မလဲ"

"ဟင်!"

"ဟုတ်တယ်လေ ... ကိုကို့ရှေ့မှာတော့ ညီမလေးခေါ်ပြီး ကွယ်ရာမှာ အစွယ်ထုတ်ပြနေမှဖြင့်၊ အမလေး! ... ပြောရင်းနဲ့ ကြက်သီးတောင် ထမိတယ်"

'ရတနာ့' စကားက သူမရင်ကို နာကျင်သွားစေသည်နှင့်ယှဉ်ပါ။ 'ကိုကို' နှင့်ပတ်သက်လာမည့် အစ်မကို သူမက ယောင်းမတော်ရမှာတဲ့။ နိုဝ်စက်မည့်ယောင်းမမျိုးတဲ့လား။ ဟင့်အင်း၊ မပေးနိုင်ပါ။ 'ကိုကို' နှင့် သူမ လုံးဝမခွဲနိုင်တာ အမှန်ပါပဲ။ မိန်းမ မယူရဘူး 'ကိုကို'။ 'ဒါဒါ' လုံးဝသဘောမတူနိုင်ဘူး။ ဘယ်လိုမိန်းမမျိုးကိုမှ 'ကိုကို' လက်မထပ်စေရဘူးနော်။

"ကြည့်! ... ဒါလေးပြောလိုက်ရုံနဲ့ မျက်နှာကပျက်နေပြီ။ ဘယ်လိုဖြစ်ရတာလဲ ဒါဒါရယ်"

"နောက်တာရော အတည်ပြောတာကိုပါ ငါ လက်မခံနိုင်ဘူး





ရတနာ။ ကိုကို့ကို ငါ အချစ်ဆုံးပါ။ ငါ့ဘဝမှာ ကိုကိုမရှိလို့ မဖြစ်ဘူး။ အဲဒီလိုပဲ ကိုကို့ဘဝမှာလည်း ငါက အမြဲတစေ မရှိမဖြစ် ဖြစ်နေစေရမယ်"

"မောင်နှမချစ်ဆိုတာ အကန့်အသတ်ရှိတယ် ဒါဒါ။ ငါ့မမ ကတ္တီပါကိုလည်း ငါချစ်ခဲ့တာ နင်အသိပဲ။ အသက်လည်းအရမ်းကွာတော့ အစ်မလိုရော အမေလိုပါ ပေါင်းပြီး အားကိုးမှီခိုစိတ်နဲ့ ချစ်ခဲ့တာပါ။ ဒါပေမဲ့ အချိန်တန်လာရင်တော့ အိမ်ထောင်ဆိုတဲ့ တံတိုင်းကြီးက ငါနဲ့မမကြားမှာ ခြားခဲ့ပြီလေ။ မမ Wedding တုန်းက ငါ ဘယ်လောက်ငိုခဲ့ရလဲဆိုတာ နင်အသိဆုံးပါ။ ညီမလေးကို ချစ်ပါတယ် ဆိုတဲ့မမက ငါ့ထက်ပိုချစ်ရမယ့်သူတွေနဲ့ ဘဝမှာပျော်နေပြီ"

မှန်ပါသည်။ သူမတို့ first year တက်စဉ်မှာပင် 'ရတနာ့' အစ်မကြီး 'ကတ္တီပါ' တစ်ယောက် မင်္ဂလာဆောင်ခဲ့တာပါ။ 'ရတနာ' ငိုတာကိုကြည့်ရင်း သူမလည်း လိုက်ငိုခဲ့ရတာပါပဲ။ အဲဒီညက 'ကိုကို့' ရင်ခွင်ထဲမှာပင် ချုံးပွဲချ ငိုကြွေးခဲ့မိသလို 'ကိုကို' ရော 'ဒါဒါ' ပါ ဒီတစ်သက် အိမ်ထောင်မပြုဘူးဆိုပြီး ကတိပြုခဲ့မိတာလေ။

"ပိုချစ်ရမယ့်သူ"

"ဟုတ်တယ်လေ၊ ငါတို့သူငယ်ချင်းတွေချစ်တဲ့အချစ်ပြီးတော့ နင်နဲ့ကိုကိုတို့ထားရှိတဲ့ ချစ်ခြင်းတွေက (၅၂၈) အဖြာသန့်သန့်ပါ



www.burmeseclassic.com

www.burmeseclassic.com



ဒါဒါ။ ဘာအရောင်၊ ဘာအစွန်းအထင်းမှ ရှိမနေတဲ့အတွက် အေးမြတယ်၊ သန့်စင်တယ်။ ဒါပေမဲ့ သူစိမ်းတစ်ယောက်ယောက်အပေါ် ဖြစ်လာတဲ့ အပြာရောင် (၁၅၀၀) ချစ်ခြင်းက (၅၂၈) ထက် ပိုနိုင်မြတယ်။ ပိုပြီးလည်း ထူထဲတယ်။ အဲဒီအခါမျိုးမှာ ငါတို့ရဲ့ (၅၂၈) ကြိုးမျှင်လေးက ထောက်ခနဲ ပြတ်ရောပဲလေ''

''တော်တော့ ဆက်မပြောနဲ့တော့''

''ငါက ခံစားခဲ့ရပြီးပြီမို့ နင့်ကို ခံနိုင်ရည်မွေးနိုင်အောင် ကြိုတင်သတိပေးတာပါ ဒါဒါ''

''ကိုကိုက ကိုကိုက ငါ့ကိုပစ်ပြီး ချစ်သူရှာမှာမဟုတ်ဘူး အိမ်ထောင်လည်းပြုမှာ မဟုတ်ဘူး။ အဲဒါ သေချာတယ်''

''ဟင်း . . . မမလည်း ငါ့ကို အဲဒီလိုပြောခဲ့တာပါပဲ ဒါဒါရယ်။ နောက်ဆုံးကျတော့ ငါ့ကိုချန်ထားခဲ့တာပဲဟာ။ ညီမလေးမှာ တကယ်ချစ်ရတဲ့သူတွေ့မှ ဒီခံစားချက်ကို နားလည်လိမ့်မယ်ဆိုပြီး ချွေးသိပ်စကားလေးပဲ ချော့ပြောသွားခဲ့တာလေ''

ဘုရားရေ! တကယ်ချစ်တဲ့သူတွေ့မှတဲ့လား။ မဖြစ်ဘူး 'ကိုကို'။ 'ဒါဒါ' လည်း ဘယ်လောက်ထိ ချစ်တဲ့သူရှာတွေ့တွေ့ 'ကိုကို' နဲ့ ဘယ်လိုမှ မခွဲနိုင်ပါ။ 'ကိုကို' နဲ့သာ ဝေးရရင် 'ဒါဒါ' သေမယ်ထင်ပါရဲ့။ 'ကိုကို' လည်း 'ဒါဒါ' ကို မချန်ရစ်ခဲ့ရဘူးနော်





''ကိုကိုက ငါ့ကို တစ်သက်လုံးခွဲသွားမှာ မဟုတ်ဘူးဆိုတာ ငါသိတယ်''

''နင်ကလည်းဟယ်''

''အဲဒါအမှန်ပဲ။ ငါကလွဲပြီး ကိုကို့အနားမှာ ကိုကိုနဲ့ အနီးဆုံးမှာ ဘယ်သူစိမ်းမိန်းမမှ မရှိစေရဘူး''

''အတ္တတွေ သိပ်မကြီးပြချင်နဲ့ ဒါဒါ။ နင့်ကို အခုပဲ ငါချင်ပြနေတယ်လေ။ သဘောမပေါက်ဘူးလား''

မသိဘူး၊ အချစ်ဆိုတာကို ကိန်းဂဏန်းတွေနဲ့ ခွဲခြားပိုင်းခြားရအောင် လက်ဆုပ်လက်ကိုင်ပြလို့ရသည့်အရာမှ မဟုတ်တာပဲ။ အဖြူတွေ၊ အပြာတွေဆိုပြီး အရောင်တွေ ခွဲပြလို့ ရနိုင်မှာတဲ့လား။ သူမ နားမလည်ချင်ပါ။ အချစ်ဟာ ဘာသာဗေဒတစ်ရပ် ဖြစ်ခဲ့လျှင်တောင်မှ အဲဒီဘာသာရပ်ကို 'ထက်မြက်နန္ဒအောင်' ဆိုသည့် သူမသင်ယူ မတတ်မြောက်လိုပါလေ။

First Year စတက်ချိန်မှ အခု Third year သို့ ရောက်နေချိန်ထိ 'ကိုကို' သာ အမြဲတစေ ကျောင်းလိုက်ပို့ပေးခဲ့တာ မဟုတ်ပါလား။ မနက်မိုးလင်း အရုဏ်တက်သည့်နှင့် 'ကိုကို့' မျက်နှာကို မြင်ခွင့်ရမှသာ တစ်နေ့တာကို အားအပြည့်ဖြင့် ဖြတ်သန်းလုပ်ဆောင်ဖို့ အားတွေ ရလိုက်သလိုပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



မနက်စာကို 'ကိုကို့' ပန်းကန်ထဲက နှစ်ဇွန်း သုံးဇွန်းလေး ခွံ့ကျွေးဖို့ တောင်းဆိုလိုက်ရမှ ကျေနပ်တာ။ 'ကိုကို' ကိုယ်တိုင် ခေါင်းလျှော်ပေးမှ စိတ်တိုင်းကျတာ။ 'ကိုကို' စည်းနှောင်ပေး၊ ကျစ်ပေး၊ ထုံးပေးသည့် ဆံပင်ကိုသာ နှစ်ခြိုက်တာ။ 'ကိုကို့' လက်မောင်းကို မှီခိုမှသာ သူမကိုယ်သူမ နွေးထွေးလုံခြုံသည့်နှယ် ခံစားရတာ။ 'ကိုကို့' ကို ညဘက် နှုတ်ဆက်ပြီး အိပ်စက်ခွင့်ရှိမှသာ လှပပျော်ရွှင်သည့် အိပ်မက်တို့ မက်နိုင်တာကို သူမကိုယ်သူမ အသိဆုံးပါလေ။

ဒီအခွင့်အရေးမှန်သမျှကို 'ဒါဒါ' မဟုတ်သည့် သူစိမ်းမိန်းမတစ်ယောက်ကို လွှဲပေးလိုက်ရမှာတဲ့လား။ မဖြစ်နိုင်ပါ။ 'ဒါဒါ့' ဘဝမှာ 'ကိုကို' က မရှိလို့မဖြစ်တဲ့ ထွက်သက်ဝင်သက်လေးပါပဲ။ 'ဒါဒါ'တို့ကြားမှာ ဆက်သွယ်ထားပါသည့် မေတ္တာကြိုးမျှင်လေးက သေးကောင်း သေးနိုင်ပေမယ့် သံမဏိနှယ် ခိုင်မာနေမှာကို 'ကိုကို' လည်း ယုံကြည်နေမှာပါနော်။

"အတ္တတဲ့လား ရတနာ၊ အဲဒါဆိုရင်လည်း ငါ့အတွက် အမြဲ ရောင် အတ္တပဲ ဖြစ်နေမှာပါ"

"ဘယ်လို"

"ငါနဲ့ကိုကို့ကြား ချည်ထားတဲ့ကြိုးကို ငါတို့မိသားစုကလွှပြီး





ဘယ်သူမှ မသိမမြင်နိုင်ဘူး"

"ဘာ"

"ဟုတ်တယ်၊ ကိုကို့လောက် ငါ့အပေါ် အသက်ပုံပေးရဲတဲ့ အစ်ကိုမျိုး နင်ရှာကြည့်လိုက်ပါ Jewel ရှာတွေ့လိမ့်မယ် မထင်ဘူး"

"ဘာဖြစ်လို့လဲ"

အာရုံက အတိတ်ကိုလွင့်သွားလုလုပါပဲ၊ ဒီအကြောင်းအရာကို ပြန်မတွေးမိစေရန် အမြဲသတိထားခဲ့ရတာပါလေ။ လောကမှာ နှုန်းဖို့လွယ်ပေမယ့် မေ့ဖို့ခက်တယ်ဆိုတာမျိုး ရှိခဲ့ပါသလား။ သူမအဖြစ်ကလည်း ထိုသို့ပင်ဖြစ်နေလေပြီ။ စကားတတ်ကာစအရွယ်၊ အပြေးစသင်ခဲ့သည့်အရွယ်လေးမှာမှ ဒီအဖြစ်အပျက်ကြီး ဖြစ်ခဲ့ရတာပါလေ။

သူမတို့ ခြိမြောက်ဘက်ပိုင်း ဝါးရုံအနီးမှာ ရောက်ရှိနေခဲ့ပါ၏။ အရွက်ကြွေတောထဲမှာ အသံမြည်အောင် လျှောက်ပြေးရတာကို သဘောကျခဲ့ပါသည့် သူမက အမြဲတစေ အဲဒီအနီးကိုရောက်သွားတတ်ပါသတဲ့။ အိမ်ရှေ့ရှိဒန်းမှာ 'ကိုကို' နှင့် စာကျက်ရင်း (သူမက ဒန်းစီးရင်း) လှစ်ခနဲ ပျောက်သွားရတာပါ။

ကျက်နေသည့်စာအုပ်ကို ပစ်ချထားခဲ့ပြီး 'ကိုကို'က စိုးရိမ်



www.burmeseclassic.com

www.burmeseclassic.com



တကြိုးဖြင့် သူမနောက်သို့ ပြေးလိုက်ခဲ့သည်ကို စိန်ပြေးလိုက်တမ်း ဆော့သည်အထင်ဖြင့် ဆက်ပြေးရင်း ကန်ထဲသို့ ခြေချော်ကျခဲ့ရတာပါ လေ။ တကယ်တော့ ရေကန်က သိပ်ကြီးမနက်သလို သိပ်ပြီးလည်း မကျယ်ပါဘူး။ သို့သော် ကလေးအရွယ်ငယ်ငယ်လေးအတွက်တော့ အသက်အန္တရာယ်ရှိခဲ့ရတာပါလေ။

"ညီမလေး!"

"ကို ကိုကို ... ဖရွှး! ဖရွှး! အီး"

နာခေါင်းနှင့်ပါးစပ်ထဲသို့ အလုံးအရင်းဖြင့် ဝင်ရောက်လာပါ သည့် ရေတို့ကြောင့် အသိစိတ်ပျောက်ပြီး ထိတ်လန့်တကြားဖြစ်ခဲ့ရ တာပါ။ ရေထဲကို ဒိုင်ဗင်ထိုး၍ ဆင်းလိုက်သည့် 'ကိုကို' ကို ရိပ်ခနဲ မြင်လိုက်ရပြီး လှမ်းဆွဲဖက်လိုက်တာကိုသာ မှတ်မိခဲ့တာပါလေ။ သေ ခြင်းတရားဆိုသည်က အချိန်နေရာမရွေး၊ အသက်အရွယ်မရွေး ရုတ် တရက် ရောက်လာတတ်တာကို မရင့်ကျက်သေးပါသည့် အတွေးတို့ ဖြင့် ထိုအချိန်က သိခဲ့ရတာပါ။

သူမ သတိရလာချိန်က ဆေးရုံပေါ်မှာ ဖြစ်နေပြီး သူမ သိပ်ချစ်ခဲ့ပါသည့် 'ကိုကို' ကို မြင်ခွင့်မရခဲ့။ သတိပြန်လည်လိုက် ကြောက်လန့်တကြား အော်ဟစ်ပြီး ပြန်မေ့သွားလိုက်ဖြင့် တစ်လကျော် ကျော်ကြာသည်အထိ ဆေးရုံမှာပင် ဆေးကုသခံခဲ့ရလေ၏။ အဲဒီ





က်ပေါင်း (၁၀) ကိုကျော်လွန်ပြီးမှသာ အိမ်ကိုပြန်ခဲ့ရတာ။ သူမ သိပ်ချစ်သော သူမကို သိပ်ချစ်လွန်းသော 'ကိုကို' ကို ပြန်တွေ့ခွင့်ရခဲ့ ပြီး 'ကိုကို' ကို ပြေးဖက်ငိုကြွေးခဲ့ရတာပါလေ။

'ကိုကို' သည်လည်း ထိုအတိတ်ကို ယနေ့တိုင် ပြန်အမှတ်ရ နေဦးမည်သာ။

"ငါ့ကို အသက်ပေးပြီးတောင်မှ ချစ်ခဲ့လို့ပေါ့"

"ဟင်!"

"ဟုတ်တယ် ရတနာ၊ အဲဒါအမှန်ပဲ။ ငါ မူကြိုအရွယ် ဘက်တုန်းက ရေကန်ထဲရေနစ်ခဲ့တာကို ကိုကိုဆင်းကယ်ပေးခဲ့တာ တွေးကြည့်ရင် နင်သိနိုင်မှာပါ။ လောကမှာ မိဘကသာ သားသမီး ပေါ် အသက်ပေးပြီး ချစ်တတ်ကြပေမယ့် ဘယ်လိုအစ်ကိုမျိုးက ယ့်အသက်ကိုစွန့်ပြီး အငယ်ကို ကယ်ကြပါ့မလဲ"

"------"

"အဲဒီလောက်အထိ ငါ့အပေါ်မှာ ကိုကိုချစ်ခဲ့တာပါ ရတနာ။ တော့ ကိုကို့ကို ငါမပေးနိုင်သလို ငါ့ကိုလည်း ကိုကိုက ဘယ်တော့မှ သွားမှာမဟုတ်ဘူး။ အင်း အသက်တွေကြီးလာပြီး လူကြီးရောဂါ ခဲ့ရတာမျိုးတော့ ရှိမှာပေါ့လေ။ ဒါပေမဲ့ ကိုကို့ကို ငါ ဘယ်လောက် သလဲဆိုတာ ကိုကိုအသိဆုံးပါ"



www.burmeseclassic.com

www.burmeseclassic.com



ယုံကြည်ချက်က နိုင်မာခဲ့ပါလျက် သူမတို့ကြားသို့ မုန်တိုင်းဝင်မွှေမှာကိုဖြင့် ထိုစဉ်က မသိခဲ့ပါလေ။

❋ ❋ ❋



## (၆)

ကျောင်းပိတ်ရက်မို့ အပျင်းထူပြီး မိုးအတော်လင်းမှ နိုးလာပါ၏။ Sunday ဖြစ်သဖြင့် 'ကိုကို' လည်း အိမ်မှာရှိမှာမို့ အေးအေးဆေးဆေးပါပဲ။ ခြုံထားပါသည့် စောင်ကို ဖယ်ခွာလိုက်ပြီး ခုတင်ပေါ်မှဆင်းလိုက်ပါသည်။ မှန်တင်ခုံထက်ရှိ မှန်ထဲမှာ ပေါ်လာသည့် ပုံရိပ်ကြောင့် လှည့်ကြည့်မိရင်း တီးတိုးရယ်လိုက်မိလေ၏။

ကြည့်ပါဦး။ ညအိပ်ဝတ်စုံနှင့် ဆံပင်ဘုတ်သိုက်ဖြစ်နေပါသည့်သူမပုံစံက ရယ်စရာဖြစ်နေတာကိုး။ ဒီနေ့ ခေါင်းလျှော်ဖို့ပြောထားတာနဲ့ 'ကိုကို့' ကို သွားပြောရမှာပါ။ အခန်းထဲမှထွက်ရင်း 'ကိုကို့' အခန်းတံခါးကို အသာခေါက်လိုက်မိ၏။ တုံ့ပြန်သံမကြားရသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မရှိဟု သေချာစေရန် တံခါး doorlock ကို ဖွင့်ကြည့်လိုက်ပါသည်။

ထုံးစံအတိုင်း သန့်ရှင်းသပ်ရပ်နေပါသည့်အခန်းတွင်းကိုသာ မြင်ရလေ၏။ ဒါဖြင့် ရေချိုးခန်းထဲမှာများလား။ သေချာအောင် သွား ကြည့်တော့လည်း မရှိပြန်ပါ။ ဒါဆို အောက်ထပ်မှာလား။ ဒါမှမဟုတ် ခြံထဲမှာများလား။ အောက်ထပ်သို့ မဆင်းသေးပါဘဲ ဝရန်တာသို့ အရင်ထွက်ကြည့်လိုက်မိ၏။

မရှိပါ။ ခါတိုင်း ရေပိုက်ဖြင့် အပင်တွေရေဖြန်းနေတာဖြစ်ဖြစ် သို့တည်းမဟုတ် ကားတွေကို ရေဆေးတိုက်ချွတ်နေတာကိုပဲ ဖြစ်ဖြစ် လုပ်နေကျ ပုံစံမျိုးဖြင့် တွေ့ရမှာပါ။ ခြံဘေးဘက်အခြမ်း သစ်ခွရုံထဲမှာ များလားဟု လှမ်းရှာကြည့်ပါသော်ငြား မမြင်ရပြန်ပါ။ မဟုတ်သေးပါ ဘူး။ ဒါဖြင့် ဘယ်ရောက်နေပါသလဲ။

သူမ မနိုးမချင်း breakfast အရင်စားလေ့မရှိသဖြင့် အောက်ထပ်မှာ စောင့်နေမည်သာ။ မျက်နှာသစ်၊ သွားတိုက်၊ ကိုယ် လက်သန့်စင် အဝတ်လဲပြီးမှ ဆင်းရမှာဖြစ်ပေမယ့် စိတ်ထဲ မတင်မကျ ဖြစ်လာသဖြင့် Pajamas ဖြင့်ပင် လှေကားထစ်တို့ကို အပြေးဆင်းခဲ့ လေ၏။ ညှော်ခန်းမှာမရှိ၊ စာကြည့်ခန်းတွင်းမှာမရှိ၊ အလယ်ခန်းမှာ လည်း မရှိသဖြင့် ထမင်းစားခန်းဆီသို့ ပြေးဝင်လိုက်ပါသည်။

"ဟင်!"





မည်သည့်မျှ ရှိမနေပါ။ မီးဖိုခန်းတွင်းမှာ မေမေ့အသံကိုကြားနေ သဖြင့် တံခါးတွန်းဖွင့်၍ ကြည့်လိုက်မိလေ၏။ ထမင်းချက်ဒေါ်ပုနှင့် အတူ မိဆူး၊ သဲမာတို့နှင့်အတူ ချက်ပြုတ်နေသည့် မေမေ့ကိုသာ တွေ့ရလေသည်။ ဖေဖေက ဒီရက်မျိုးမှာ Golf ရိုက်သွားသဖြင့် အအောင့်နေပင် ပြန်လာတော့မှာပါလေ။

"မေမေ"

"ဝေ"

"ကိုကိုရော"

"အဲ!"

"ကိုကိုဘယ်သွားလဲ"

"အပြင်"

"ဘယ်အပြင်လဲ။ ဒါဒါ့ကို မနိုးဘဲ ဘယ်ကိုထွက်သွားတာ လဲ။ မေမေက မတားဘူးလားကွာ"

"သမီးကလည်းကွယ်၊ ကိစ္စရှိလို့သွားတာပေါ့။ ရေမိုးချိုး အဝတ်အစားလဲဦးလေ။ ဒီပုံကြီးနဲ့ ဆင်းလာရသလား"

"မသိဘူး။ ကိုကို့ကိုမမြင်ရရင် ဒါဒါ ဘာဖြစ်လဲဆိုတာကို မေမေသိရဲ့သားနဲ့ တကယ်ပဲ ... အီး ဟီး ဟီး"

"ဟယ်! ...မကြီးမငယ်နဲ့ ငိုပြန်ပါပြီ။ ဒီသမီးနဲ့တော့



www.burmeseclassic.com

www.burmeseclassic.com



ခက်တော့တာပါပဲ”

မီးဖိုခန်းတံခါးအဝမှာပင် ထိုင်ချလိုက်သလို မျက်ရည်တို့ တစ်ပေါက်ပေါက်ကျလာလေတော့၏။ အလုပ်သွားသည့်ရက်တွေ သွားစရာရှိတိုင်း ဘယ်အချိန်လောက် ပြန်ရောက်မည်ဟု ပြောပြီး သွားတတ်သည့် 'ကိုကို' ပါ။ အခုတော့ ဘာမှမပြောမဆိုနဲ့ သူ မသိအောင် ထွက်သွားရတာတဲ့လား။ တကယ်ဆို 'ဒါဒါ' အိပ်ရာနိုး ကို စောင့်ပြီးမှသွားသင့်တာလေ။

'ကိုကို' တော့ မဟုတ်တာလုပ်ပြီထင်ပါရဲ့။ မေမေ့ကိုမေး တောင် ကောင်းကောင်းမဖြေနိုင်တာ မဟုတ်လား။ တစ်ခုခုကို သူ မသိအောင် ဖုံးကွယ်ထားသလိုပါပဲ။ 'ထက်မြက်နန္ဒာအောင်' စိတ်ကောက်လျှင် ဘယ်သို့တယ်ပုံနှင့် ဘယ်နှစ်နာရီကြာသလဲဆို သိထားပါလျက် 'ကိုကို' လုပ်ရက်တယ်ပေါ့လေ။

ကောင်းပြီ 'ကိုကို'။

'ကိုကို' ကပဲ ညာနိုင်မလား။

'ဒါဒါ' ကပဲ ဇွဲပိုကြီးနိုင်မလား။

စောင့်ကြည့်လိုက်တာပေါ့။

❋





ကော်ဖီဆိုင်အတွင်းသို့ ဝင်လာသည့် ဆံပင်ခပ်တိုတိုနှင့် မိန်း လေးကို သူသတိထားလိုက်မိလေ၏။ မျက်နှာက အတော်နုငယ် လောက် ဝတ်ဆင်ပုံ၊ လမ်းလျှောက်ပုံကဖြင့် တည်ငြိမ်နေတာပါ လေ။ မျက်လုံးအစုံက ဆိုင်ထဲသို့ ဝေ့ဝိုက်ကြည့်လိုက်ပြီးနောက် သူ ထိုင်နေပါသည့် စားပွဲဆီသို့ တန်းတန်းမတ်မတ် လျှောက်လာလေ သည်။ ဒါ အန်ကယ်ဦးအောင်မြင့်ရဲ့ သမီးလေးတဲ့လား။

“သိမ့်မဒီပါ”

“ဩော် ... ဟုတ်ကဲ့၊ ကျွန်တော် နန္ဒကျော်ပါ”

“ထိုင်ပြီနော်”

နောက်တစ်ယောက်လာမှ မှာမည်ဟု ပြောထားသဖြင့် aiter က သူတို့အနီးသို့ ရောက်လာလေ၏။ မြန်မြန်ပြော မြန်မြန် န်ရမည်မို့ လွယ်လွယ်ရသည့် မုန့်တစ်ပွဲနှင့် ကော်ဖီနှစ်ခွက်ကိုသာ သူမှာလိုက်ပါသည်။ 'ဒါဒါ'မှလွဲ၍ သူစိမ်းမိန်းကလေးတွေနှင့် ဤသို့ ျက်နှာချင်းဆိုင် နီးကပ်စွာရှိတာမျိုး မဖြစ်ဖူးသဖြင့် နေရခက်သည်က တော့ အမှန်ပါပဲ။

“အလုပ်မအားတဲ့ကြားက အချိန်ပေးတဲ့အတွက် ကျေးဇူးပါ



www.burmeseclassic.com

www.burmeseclassic.com



ကိုနန္ဒကျော်''

''ကျွန်တော်ကလည်း ကျေးဇူးတင်ပါတယ်''

မဆိုးပါဘူး။ စကားအဝပျိုးတာနှင့် အလိုက်သင့်ပြောတတ် သွားပါပဲလား။ ခေတ်လူငယ်ပီပီ မျက်စိရှုပ်စရာပုံစံမျိုး လုံးဝမရှိပါ။ ဆံပင်ကို တိုတိုကပ်ကပ် ညှပ်ထားသလို ရှပ်အဖြူလက်ရှည်ကို စွပ်ကျယ်ခံ၍ ဝတ်ထားလေ၏။ တံတောင်ဆစ်နားအထိ အပြာနကြိုးကြ ပြန်ခေါက်ထားသည့် ရှပ်လက်ရှည်ကြောင့် ခပ်ရှည်ရှည်လေး ဖြစ်နေပ သည့် မွေးညင်းနုအချို့ကို သူ့လက်ဖျံထက် မြင်နေရလေသည်။

လုံချည်က ယောဆင်ဝတ်လာသဖြင့် အောက်မှ ကတ္တီပါဖိနပ် စီးလာမည်သာ။ ကော်လံကတုံးကို ကြယ်သီးအစေ့တပ်ထားသော်ငြား စိတ်အိုက်နေသည့်ပုံမျိုး မတွေ့ရပါချေ။ ကော်ဖီခွက်ကို ကိုင်လိုက်ပ သည့် လက်ချောင်းတို့ကို တစ်ချက်ကြည့်လိုက်မိလေ၏။ လက်သည် တို့ကို သေချာတိုက်ချွတ်ထားပြီး လက်သည်းခွံတို့သည်လည်း ပ ရောင်သန်းကာ သွေးရောင်ခပ်ဖျော့ဖျော့လေး သန်းနေသည့်နှယ်ပါ

မျက်နှာက သိပ်အချောစားကြီး မဟုတ်ပေမယ့် မျက်နှ မျက်လုံး၊ နှာတံ၊ နှုတ်ခမ်း၊ နဖူး၊ မေးစေ့၊ လည်ပင်း စသည်တို့ သူ့နေရာနှင့်သူ အဆင်ပြေပြေ ရှိနေလေ၏။ ချောသည်၊ လှသည် ဆိုတာထက် သန့်သည်၊ ကြည့်ကောင်းသည်၊ သန့်ရှင်းသည်၊ သပ်





သည်ဟု ချီးမွမ်းချင်စရာပါ။

အလို! သူ့နားရွက်တွေ ဘာကြောင့်နီလာရပါသလဲ။ စိုက် ကြည့်နေမိသည့် သူမအကြည့်တွေကို သတိထားမိပြီထင်ပါရဲ့။

''ကိုနန္ဒကျော်''

''ဗျာ''

''ဒီဒီက လူတစ်ယောက်ကို သေချာကြည့်တတ်သလို စကား ပြောရင်လည်း မျက်လုံးချင်းဆုံမှ ပြောလေ့ရှိလို့ပါ''

''ရပါတယ် ပြောပါ''

'ဒီဒီ' တဲ့၊ ရင်းရင်းနှီးနှီးပြောလိုက်တာပါလား။ အိမ်မှာ 'ဒါဒါ' ဟု ပြောတတ်သည့် ညီမလေးကို သတိရမိသွားပါ၏။ ဘာမှမပြောခဲ့ရ ပါဘဲ ခပ်စောစောလေးထွက်လာတာနှင့် ရင်ထဲမှာ လွမ်းပြီး သတိရ နေလေပြီ။ ခက်လိုက်တာနော်။ တစ်အိမ်တည်း တစ်မိုးတည်းအောက် မှာ နေခွင့်ရနေပါလျက်နဲ့ 'ဒါဒါ' အပေါ် သူ ဤမျှ သံယောဇဉ်ကြီးရပါ သလား။

''ဒီဒီက ကိုနန္ဒကျော်ထက် နှစ်နှစ်လောက်ငယ်တာပဲဟာ အိမ်ကြီး တရိုတသေမပြောပါနဲ့လား။ ရင်းရင်းနှီးနှီး ဒီဒီလို့ပဲ ပြောပါ''

''ဟုတ်ကဲ့''

''ဒက်ဒီ့ကို ပြောလိုက်တယ်ဆို''



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ . . . ဘာကိုလဲ"

"စိတ်ဝင်စားတဲ့သူ တစ်ယောက်မှမရှိဘူးလို့လေ"

"သြော် . . . ဟုတ်ပါတယ်"

"တကယ်ပဲ ဒီအရွယ်ထိ ချစ်တဲ့သူတစ်ယောက်မှ မရှိသေးတာလား"

သူ ပြန်မဖြေပါ။ မိန်းကလေးနှုတ်မှ 'အချစ်' ဆိုသည့် စကားလုံးကြောင့် နေရခက်လာပါ၏။ ရင်းနှီးစေချင်၍ပဲ တမင်ပြောလိုက်လေသလား။ သူက ဘာပြောရမှန်းမှန်း မသိ၍ ငြိမ်နေမိရ၏။ 'ဒါဒါ' နဲ့ဆိုလျှင်ဖြင့် တီးတိုးဆုံမသည့် အကြင်နာစကားလုံးတို့က ပြောတတ်ခဲ့တာ မဟုတ်ပါလား။

"မဖြေချင်လည်း ရပါတယ်၊ အနေမခက်ပါနဲ့"

"မဟုတ်ပါဘူး၊ ဖြေစရာမရှိလို့ပါ"

"ကြိုက်တယ်"

"ဗျာ"

"သဘောကျတယ်လို့ ပြောလိုက်တာလေ"

"အာ"

"ဟင်းဟင်း . . . ဒီဒီက ပွင့်ပွင့်လင်းလင်း ပြောလိုက်လို့ လန့်သွားလား။ သဘောရိုးနဲ့ပါ ကိုနန္ဒရဲ့။ ရင်ထဲရှိတာကို အရှိအတိုင်း





ပြောတတ်လို့ကြိုက်တာ။ ပြီးတော့ ကိုနန္ဒရဲ့ပုံစံကို သန့်ရှင်းသပ်ရပ်ပြီး ခန့်လို့ သဘောကျတယ်လို့ ပြောလိုက်တာပါ"

"ဟုတ်ကဲ့"

"ဒီဒီလို့ခေါ်ပါ"

လှစ်ခနဲ ပြုံးလိုက်လေ၏။ ကြည့်စမ်း! မျက်ဝန်းညိုတို့က သက်ခနဲ ဖြာသွားသလို တောက်ပသွားပြီး မျက်နှာတစ်ပြင်လုံး ချိုမြသွားတာပါပဲလား။ နှလုံးသားဆီမှ ဒိန်းခနဲမြည်သံကြောင့် သူမကိုယ်သူမပင် အံ့ဩထိတ်လန့်သွားရလေသည်။

ဘုရားရေ! . . . 'ဒီဒီ' တော့ ဤလူတစ်ယောက်ကို မြင်လျှင်မြင်ချင်း ချစ်မိလေပြီလား။

"ဘာလို့ပြုံးတာလဲဟင်"

"ညီမလေးကို သတိရသွားလို့ပါ"

"ဘာဖြစ်လို့လဲ"

"ညီမလေးက သူ့ကိုယ်သူ ဒါဒါလို့ အမြဲပြောလေ့ရှိလို့ပါ ဒီဒီး အင်း . . . တစ်မျိုးကြီးပဲ"

နှစ်ယောက်သား ခပ်တိုးတိုး ရယ်ဖြစ်ကြလေ၏။ ဘာစကား မှ ဟုတ်တိပတ်တိ မပြောသေးပါဘဲ ရင်းနှီးမှု မြန်ဆန်ရပါသလား။ ရယ်သံထဲမှာ တစ်ဖက်သားအပေါ် နွေးထွေးမှုတွေ စီးစွမ်းနိုင်မည့်



www.burmeseclassic.com

www.burmeseclassic.com



သူဟု သိသာစေတာပါလေ။ ကျေးဇူးပါ ဒက်ဒီ။ အန်ကယ် 'ဦးထက်မြက်ကျော်' ရဲ့ သားဖြစ်သူနဲ့ အခုလိုဆုံစည်းစေတာကြောင့်ပါ။

"ဒီဒီတို့ phone နံပါတ်ပေးရအောင်"

"ခဏလေးပါ ဒီဒီ"

"ဘာပြောချင်လို့လဲ"

Phone လှမ်းတောင်းနေပါသည့် လက်ကို သူ ကာလိုက်မိပါ၏။ အဖေချင်းရင်းနှီးရုံနဲ့ သားသမီးတွေကို Ok ဆိုပြီး လက်ခံလိုက်ကြရမှာလား။

အမှန်တော့ သူ့ဘဝမှန်ကို အသိပေးမှုဖြစ်မှာပါလေ။ သူနှင့် ဘဝတစ်လျှောက် နီးစပ်ချင်သည့် လူအပေါ်မှာ မည်သည့် လျှို့ဝှက်ချက်ကိုသော်မျှ မထားစေချင်ပါ။

ပြောလို့ဖြစ်ပါ့မလား။ 'ဆင်းသိဂီ' ဟူသည့် ခြံကို စဝင်ကတည်းက သူ့ဘဝမှန်ကို မေ့ပစ်လိုက်ဖို့ ဘယ်တော့မှ ထုတ်မပြော ဖေဖေ ကတိတောင်းခဲ့တာလေ။ သို့သော် နောက်မှသိရပြီး အမှန်ဖြစ်ရမှာထက် အရင်ဆုံးကြိုအသိပေးထားတော့ ပိုမကောင်းဘူးလား။ အထူးသဖြင့် အားနွဲ့သည့် မိန်းကလေးအပေါ်မှာ သူ မဖုံးကွယ်ထားချင်တာအမှန်ပါပဲ။

"ကျွန်တော်"





ပြောလိုက်လို့ ဖြစ်ပါ့မလား။ ဖေဖေသိလျှင် စိတ်ဆိုးပေတော့သည်။ သူ့မမှတစ်ဆင့် သူ့မိဘတွေ၊ အဲဒီကမှတစ်ဆင့် ဖေဖေ့မိတ်ဝန်းကျင် အသိုင်းအဝိုင်းသို့ ဒီသတင်းက ပျံ့လို့မရတာလေ။ အထူးသဖြင့် နုနယ်လွန်းပါသည့် ညီမလေး၏နှလုံးသားက ခံနိုင်ရည်မရှိမှာ စိုးလို့ပါပဲ။ သူ့ကို အစ်ကိုရင်းဟူ၍ မှတ်ယူထားပါသည့် စိတ်ရင်းက ပျက်သွားလျှင်ဖြစ်ငြား သူ မတွေးဝံ့တော့ပါလေ။

"ပြောပါ ကိုနန္ဒ၊ ဒီဒီ နားထောင်နေပါတယ်"

"အားတော့နာပါတယ် ဒီဒီ။ တကယ်ပါ။ ကျွန်တော် အခုပြောမယ့်စကားကို ဒီဒီ့စိတ်ထဲမှာပဲထားပြီး ဖျောက်ဖျက်လိုက်စေချင်ပါတယ်။ နောက်ထပ် ဘယ်သူ့ ဘယ်သူကိုမှ မသိစေချင်ပါဘူး"

"------"

"အဲဒီလိုပြောတာ ကျွန်တော်ရှက်လို့ မဟုတ်ရပါဘူး ဒီဒီ။ အခြေအနေမလွန်သေးခင် ဒီဒီနောက်ဆုတ်ချင် ဆုတ်လို့ရအောင် ပြောချင်တာပါ"

"ဟုတ်ကဲ့"

"ကျွန်တော်က ကျွန်တော်က ဖေဖေတို့သား မဟုတ်ဘူး ဒီဒီ"

"ဒီဒီ သိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်! . . . ဘယ်လိုဖြစ်ပြီး"

သူ အံ့ဩတကြီးဖြစ်သွားရပါ၏။ မထင်မှတ်သည့်ကိစ္စပါပဲ။ တကယ်ဆို သူမကသာ အံ့ဩရမှာလေ။ သူ့အပေါ် တစ်ခုခု တုံ့ပြန်ပြီး စိတ်ဆိုးမာန်ဆိုးနဲ့ ပြောလိုက်ရမှာ ဖြစ်ပေမယ့် တကယ်တမ်း အံ့ဩသွားရသည်က သူ ဖြစ်နေရတယ်လို့။

❋ ❋ ❋



(၇)

ရင်ထဲမှာ သိမ့်ခနဲ ကြည်နူးသွားမိတာပါလေ။ အဘယ်မျှ နှင့်လင်းရှိသောသည့် အမျိုးသားလေးပါလဲ။ တခြားတစ်စုံတစ်ယောက် သာဆိုလျှင် သူမပိုင်ဆိုင်ထားပါသည့် နောက်ခံနှင့် အရည်အချင်းကို သဘောကျပြီး မျက်စိမှိတ် ရှေ့ဆက်တိုးလာမည်သာ။ အခုတော့ဖြင့် ဤလူက သူ၏ဖြစ်တည်မှုကို အရိုးသားဆုံး ဖွင့်ပြောရဲသည်တဲ့လား။

သဘောကျပါသည်ဟူသည့် နှလုံးသားက တဒုတ်ဒုတ်ဖြင့် အခုန်ပိုမြန်လာလေတော့၏။ လူတစ်ယောက်အပေါ် တစိမ့်စိမ့်ဖြင့် ကြည့်ရင်း ချစ်သွားလိမ့်မည်ဟု သူမ တစ်ကြိမ်တစ်ခါမှ မတွေးခဲ့မိပါ သေး။ ဘုရားရေ! . . . 'သိမ့်မဒီ'၏ ဘဝစာမျက်နှာက ဤသို့ မထင်မှတ်



www.burmeseclassic.com

www.burmeseclassic.com



ထားတာတို့ဖြင့် အပြောင်းအလဲများစွာ ဖြစ်လာပါရောလား။

အချစ်ဆိုတာ အင်မတန် ဆန်းကြယ်လွန်းလေစွ။

"ဒက်ဒီနဲ့အန်ကယ်ထက်နဲ့က သာမန်ရိုးရိုးခင်တဲ့ မိတ်ဆွေတွေမှ မဟုတ်ဘဲ ကိုနန္ဒရဲ့။ အတွင်းသိ အစင်းသိတွေပါ။ ဒီတော့ ကိုနန္ဒအကြောင်းကို ဒီဒီတို့သိနေတာ မဆန်းပါဘူး"

"အဲဒါတောင် အဲဒါတောင်မှပဲ ကျွန်တော်နဲ့တွေ့ဖို့ သဘောတူခဲ့တာပေါ့လေ"

"ဟုတ်တယ်"

"ဘာကြောင့်လဲ"

သူမ ပြုံးမိပြန်လေ၏။ ကြာလေ ကြာလေ ဤမျှရိုးသားသည့် သူ့အပေါ် သဘောကျလေ ဖြစ်နေပြီမို့ အခက်ပါပဲ။ မိဘတွေက သွားတွေ့ရုံတွေ့ပါဆို၍ စိတ်ကို ပေါ့ပေါ့ပါးပါးထားကာ လာတွေ့ရုံ... သို့သော် ဒက်ဒီရော မာမီပါ သူ့အကြောင်းတွေ တိုးတိုးတိတ်တိတ် ပြောဆိုဆွေးနွေးတာကို မထင်မှတ်ဘဲ သူမကြားခဲ့ရတာမဟုတ်ပါလား။

"ကိုယ့်ကို ကိုထက်မြက်ကတော့ စကားတောက်လိုက်... နန္ဒရေ"

"ဘယ်လို သမီးနဲ့ကိစ္စလား"

"ဟုတ်တယ်"





"ဟိုကလေးက ဘာတဲ့လဲ"

"ငယ်စဉ်ကတည်းက အတော်လိမ္မာတဲ့ကလေးပဲဟာ။ ကိုထက်မြက်စကားတစ်ခွန်းဆို တစ်ခွန်းပဲ"

"နုလည်း သဘောကျတယ် ကိုအောင်ရဲ့။ ကလေးက ငယ်ငယ်ကတည်းက အောက်သက်ကျေလွန်းတာ"

"ဟုတ်ပါရဲ့၊ အခုလည်း ကြည့်လေ။ ကုမ္ပဏီဝင်တာ ကိုထက်မြက်မျက်နှာနဲ့ နေရာကောင်း ယူနိုင်ပါလျက်နဲ့ မယူတာ"

"တစ်ခုပဲ နု စိုးရိမ်နေတာ"

"ဘာကိုလဲ"

ဒက်ဒီတို့အိပ်ခန်းရှေ့မှ ဖြတ်လျှောက်လာစဉ် တစ်ခွန်းတစ်စ ကြားလိုက်ရပါသည့် စကားတို့က ခပ်ဟဟလေးဖြစ်နေပါသည့် တံခါးကြားလေးမှ အတိုင်းသားပါပဲ။ အလို! ဘယ်သူ့အကြောင်းကိုများ ...ဝင်တစား ပြောနေကြတာပါလိမ့်။ စပ်စုချင်တာ မဟုတ်သော်ငြား ကြားချင်၍ နားစွင့်လိုက်မိရုံပါ။

"နုစိတ်ထဲမှာ တစ်နေ့နေ့ ဒါဒါလေးနဲ့ပဲ လက်ဆက်ပေးမယ် ...ထားတာ"

"မင်းကလည်းကွာ၊ ဟိုကလေးနှစ်ယောက်က မောင်နှမ ...လိုပဲ ချစ်လာခဲ့ကြတာ ဘယ်လောက်ကြာခဲ့ပြီလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တော့လည်း ဟုတ်ပါတယ်။ သူတို့အတွက်တော
သားအရင်းပဲဟာ။ စီးပွားရေး လက်လွှဲပေးနိုင်လောက်အောင်လည်
အားကိုးရတာမို့ လက်လွှတ်ချင်ပုံမလားလို့ပါ"

"ကိုယ်တို့သမီးလည်း ဒီလိုအားကိုးရတာပါပဲ နုရယ်"

ဘုရားရေ! မွေးစားသားတဲ့လား။ 'အန်ကယ်ထက် မှာ သာ
တစ်ယောက်၊ သမီးတစ်ယောက်ရှိခဲ့တာကို သိခဲ့ပေမယ့် သားအ
မဟုတ်ဘဲ မွေးစားသားဖြစ်နေမည်ဟု မထင်ခဲ့မိပါ။ ဒက်ဒီတို့ ဆ
ပြောနေသည်က သူ၏အရည်အချင်းတို့နှင့်အတူ ကောင်းမွန်သ
စိတ်ဓာတ်တို့ ဖြစ်နေလေ၏။ ဤသို့သော လိမ္မာရေးခြားရှိပါသ
လူငယ်လေးနှင့် 'ဒီဒီ' ကို သဘောတူချင်တာတဲ့လေ။ အဘယ်
အံ့သြစရာပါလိမ့်။

"ပြောပြီးသားစကားကို ထပ်ခါထပ်ခါ ပြောရဦးမှာလာ

"အဲ! Sorry"

"ဒီဒီက အဆင်းရှိတာထက် အချင်းရှိတာကိုမှ ပိုသဘော
တယ် ကိုနန္ဒရဲ့"

"ဩော် ... ဒါပေမဲ့ ကျွန်တော်က လက်ရှိ"

"ပြီးတော့ အောက်သက်ကျေလွန်းလို့ကို တွေ့ဖူးချင်လာ
ပါ"





"ဒါဖြင့် ကျွန်တော့်ကို အခုမှ မြင်ဖူးတာပေါ့လေ"

"ဟုတ်တယ်"

အလိုလေး! ပွင့်လင်းလှချည်လား။ အခုမှလာတွေ့ပြီး မြင်ဖူး
သည်ဆိုသည့် သူ့ကိုမှ သဘောကျသည်ဆိုပြီး ပေါ်တင်ကြီးကို
ပြောနေတော့တာပါလေ။ တရင်းတနှီး ပွင့်ပွင့်လင်းလင်း ပြောကျင့်ရှိ
သဆို၍ 'ဒါဒါ' တစ်ယောက်သာ ရှိခဲ့သဖြင့် 'ဒါဒါ' မဟုတ်သည့်
သူကြောင့် သူ မင်သက်ရတာအမှန်ပါပဲ။

"ပေးလေ"

"ဘာကိုလဲ"

"Phone ဒီဒီက visiting card လုပ်ပြီးသားရှိပေမယ့်
ဘယ်မပေးတာ"

"ဘာဖြစ်လို့လဲ"

"Card တွေကို ဟိုရော ဒီရော ပစ်ထားလိုက်ရင် contant
ယ်ရပါတော့မလဲ။ ဒါကြောင့် ကိုယ်တိုင်ထည့်ပေးတာပါ"

သူ့ phone ထဲမှာ နာမည်၊ နံပါတ်ပါမက ဓာတ်ပုံပါ
ည့်ပေးနေပါသည့် သူမကို ကြည့်နေမိ၏။ ခပ်တိုတိုညှပ်ထားပါသည့်
င်တို့ကြောင့် မျက်နှာလေးကို အရှင်းသားမြင်နေရလေသည်။
ဒါက ချစ်စရာကောင်းလွန်းပြီး သူမက ချောသည်ဆိုသည့် အရင်း



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ ပါဝင်ပေလိမ့်မည်။ မျက်လုံး မျက်ဖန်လှပြီး နှာတံစင်းကာ နှုတ်ခမ်းတို့က 'ဒါဒါ' လို့ ရုရုလေးမဟုတ်တဲ့ ပါးပါးလေးပြန့်နေတာ လို့နှုတ်ခမ်းပါးတို့ကပင် သူမ၏ စိတ်ဓာတ် ပြတ်သားရဲရင့်ပုံကို သိသာ စေတာပါလေ။

"ချပ်!"

"ဟင်"

"Sorry! ခွင့်မတောင်းဘဲ photo ယူမိတာ။ ကိုနန္ဒနံ့ပါတ တစ်ခါတည်းတွဲထည့်ထားဖို့လေ"

သူမကို ခပ်ငေးငေးကြည့်နေပါသည့် အကြည့်သူခိုးကို အ ဖမ်းလိုက်ခြင်းပါပဲ။ Phone ကို ပြန်ပေးလိုက်ပေမယ့် သူက အပြ မတင်ပါလေ။ မွေးစားသားဖြစ်နေ၍ အားငယ်ရိပ်တို့က မျက်နှာ ထင်မနေပါ။ ဆိုခဲ့စေ မြဲစေ ယောကျာ်းတစ်ဦးပါပဲ။

"ဒီဒီတို့က အလုပ်များတဲ့သူတွေဆိုတော့ အခုလိုမျိုး မ ခဏ တွေ့ဖြစ်မှာမဟုတ်ဘူးလေ"

"အင်း"

"Phone တော့ မကြာခဏ ဆက်လို့ရတယ် မဟုတ်လာ ညအိပ်ရာဝင်ခါနီးပဲ ဖြစ်ဖြစ် ခဏပေါ့"

"ရပါတယ်"





"ဒါဖြင့် ပြောချင်တာကို နောက်မှပဲ phone ဆက်ပြောကြ ယ်လေ"

"အင်း"

သူ့ phone က ရုတ်တရက်မြည်လာသဖြင့် လန့်သွားရပါ၏။ Phone မှန်ပြင်ထက် ပေါ်နေပါသည့် ဆံပင်ရှည်ရှည်နှင့် ချစ်စဖွယ် ကောင်မလေးကြောင့် သူမပင် အံ့သြသွားရတာပါ။ သူက အားနာ ည့် အပြုံးဖြင့် phone ကို ကောက်ကိုင်လိုက်လေသည်။ ဘယ်လို ပြီး 'ဒီဒီ' နှင့်လာတွေ့နေသည့်အချိန်မှာမှ ဒီကလေးမ ဆက်သွယ် သလဲ။

"မငိုနဲ့လေ၊ ကောင်းကောင်းပြောမှပေါ့။ ကိုကို ဘယ်မှမသွား ။ ဒီမှာ ညီသည်နဲ့ ခဏလေး လာတွေ့ရုံပါ ဒါဒါရယ်။ အခုပဲ လာတော့မှာလေ။ စိတ်ဆိုးစရာလား၊ ဝမ်းနည်းစရာမဟုတ်တာကို လို့ မျက်ရည်ကျရတာလဲ"

Phone ပြောရင်းဖြင့် မျက်စိမျက်နှာပျက်လာတာကို သတိ မိလေ၏။ 'ဒါဒါ' တဲ့၊ 'ကိုကို' တဲ့လား။ ဟိုဘက်က ဗလုံးဗထွေး ဆို၍ ငိုရင်းပြောသမျှကို စိတ်ရှည်ရှည် လေပြည်ဖြင့် ပြန်ပြောနေ ပါလေ။ ဒါ အစ်ကိုနဲ့ညီမလေး သံယောဇဉ်တဲ့လား။ အင်းပေါ့လေ၊ ဖူးဖူးမှုတ် အလိုလိုက်ခံထားရတဲ့ အိမ်ရှေ့စံ မင်းသမီးလေးကို



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်တော့ လိုက်လျော ဆက်ဆံပေးရမှာပေါ့။

"အခုလာပြီ၊ မငိုနဲ့တော့။ ကိုကို အမြန်ဆုံး ပြန်လာမယ်နော်"

"အဲဒါပဲ၊ အိမ်မှာသောင်းကျန်းနေပြီ"

"ကိုနန္ဒ ဒီကိုလာတာ သူ မသိဘူးလား"

"မသိဘူး၊ မသိတာထက် မသိစေရအောင် ဖုံးထားတာ"

"ဘယ်လို"

"ဟိုလေ ဖေဖေက ကျွန်တော်နဲ့ ဒီဒီကိစ္စကို တစ်မျိုးမထင်နဲ့။ ဒါဒါက အငယ်ဆိုတော့ အင်း နည်းနည်းတော့ ဆိုးတယ်"

ဒါ နည်းနည်းဆိုးတာတဲ့လား။ အစ်ကိုဖြစ်သူအပေါ် နွဲ့ဆိုးဆိုးတတ်တာကို သူမ အပြစ်မတင်ပါ။ သို့သော် အရွယ်ရောက်နေပါသည့် မိန်းကလေးက လူမှုရေးဆိုသည့်အရာကိုဖြင့် သိထားရမှာ မဟုတ်လား။ အခုတော့ဖြင့် ညှိုးသည်နှင့် လာတွေ့နေပါသည့် သူ့ကို အားနာစိတ်မရှိဘဲ အတင်းခေါ်နေရတယ်လို့။

"ဒါဆိုလည်း ပြန်ကြမယ်လေ"

"Ok! ... ဒါဖြင့် နောက်မှပဲ"

သူ့ကို ခေါင်းသာညိတ်ပြလိုက်မိလေ၏။ ကြိမ်စကြာပြင် ရှိက်ခေါ်သလားထင်မိအောင်ပင် ခုံမှ ဆတ်ခနဲထရပ်ကာ ထွက်





သွားလေသည်။ ငွေရှင်းကောင်တာမှာ ငွေရှင်းတာကိုတော့ သူ မမေ့ပါ။ အဲဒါတွေကို သဘောကျမိတာပါဆိုမှပဲ။

တွေ့ရုံ စကားပြောရုံက နာရီဝက်ခန့်သာ ရှိသေးတာပါ။ ကို အိမ်ကနေ တဆူဆူ တပူပူ လုပ်တာပဲလား။ သမီးဖြစ်သူကို နန်တီသိကြီကြ နည်းနည်းပါးပါးတော့ ထိန်းပေးသင့်တာပေါ့လေ။ ချစ်သောမျက်စိဖြင့် ကြည့်ပါ' တဲ့။ သူ့ကို စိတ်ဝင်စားသဘောကျမှုဖြင့် နှင့် ပတ်သက်သမျှ မိသားစုဝင်တွေကိုပါ ကြည်ဖြူရမှာ မဟုတ်လား။ သို့သော် ထိုမိန်းကလေးကိုဖြင့် စိတ်ထဲ မျက်ရှသွားမိတာ အမှန်ပါလေ။

ချစ်ခြင်းက ဝန်တိုခြင်းကို ဖြစ်တည်စေပါသလား။

❋

ကားကို အိမ်ရောက်သည်အထိ အတတ်နိုင်ဆုံး ခပ်မြန်မြန် မောင်းလာခဲ့ပါ၏။ ငိုသံဖြင့် ရန်တွေ့လိုက်ပါသည့် 'ဒါဒါ့' ကြောင့် နှလုံးထဲ အဘယ်မျှ ပူလောင်ရပါသနည်း။ ညီမလေးမနိုးခင် အမြန် တော့ သူထွက်လာခဲ့ရတာပါ။ နောက်မှရှင်းပြမည်စိတ်ကူးက ငိုသံ



www.burmeseclassic.com

www.burmeseclassic.com



တစ်ရှိုက်မှာပင် ပျက်ပြားလေပြီ။

"ဟော! ... ပြန်လာပါပြီ"

"ညီမလေးရော မေမေ"

"သားဖေဖေ နိုင်ငံခြားက်တာလို့ပြောမှပဲ အဒိုတိတ်တော့တယ်။ အပေါ်ထပ်က သားအခန်းမှာ အိပ်ပျော်နေလေရဲ့"

"ခက်တာပဲ"

"ခုထိ ဘာမှမစား ဘာမှမလုပ်သေးဘဲ ကောက်ပြနေတာ သားရေ၊ ကြည့်ချော့လိုက်ဦး"

"ဟုတ်ကဲ့ပါ ဖေဖေ"

လှေကားထစ်တို့ကို ခပ်သွက်သွက် တက်လာခဲ့ပါ၏။ ခင လေး မပြောမဆိုဖြင့် သူ ပျောက်သွားတာတောင် ဤမျှ ဝမ်းနည် နေပါလျှင် အိမ်ထောင်ဘက် သွားတွေ့တာပါဟု မည်သို့ပြောထွက် မည်နည်း။ ထားပါတော့လေ၊ ဖေဖေတို့စီစဉ်ပေးသည့်ကိစ္စမို့ ဖေဖေ သာ ပြောကြမှာပါ။ လောလောဆယ်မှာ 'ဒါဒါ' စိတ်ပြေအော ချော့ဖို့ တာဝန်ကိုသာ သူယူရမှာ မဟုတ်လား။

"ကျွီ"

အခန်းတံခါးကို အသာဖွင့်လိုက်ပါ၏။ တကယ်ပင် ညအ ဝတ်စုံဖြင့် သူ့ခေါင်းအုံးထက်မှီကာ ဖက်လုံးကို ဖက်ရင်း အိပ်ပျော





နေသည်က 'ဒါဒါ' ပါပဲ။ မျက်နှာထက် မျက်ရည်တို့က ရှိနေသေးသလို အသက်ရှူလိုက်တိုင်း ရှိုက်သံသဲ့သဲ့က ခုထိရှိနေတုန်းပါပဲ။ ဒီလိုပုံစံမျိုး နဲ့ 'ဒါဒါ' ကို သူ့ခွဲထားခဲ့လို့ ရပါ့မလဲနော်။

"ဒါဒါ ညီမလေး"

အသံခပ်တိုးတိုးဖြင့် နှိုးလိုက်ပေမယ့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေစဲပါပဲ။ မျက်နှာထက် လျှောကျနေပါသည့် ဆံစနနုတို့ကို နားရွက်နောက်နားသို့ အသာလေးဖယ်ပေးလိုက်မိလေ၏။ အဘယ်မျှ ချစ်စရာကောင်းလိုက်သည့် ကလေးမလေးပါလိမ့်။ ဆိုးမှန်းသိပါလျက် အနစ်နာခံပြီး သူချစ်ရသည့် ညီမလေးပါလေ။

နားသယ်စပ်နေရာလေးကို ခပ်ဖွဖွလေး နမ်းရှိုက်လိုက်မိစဉ် သောက်ရှုးကြယ်ညီနောင် မျက်ဝန်းတို့နှင့်အတူ နှင်းဆီငုံ နှုတ်ခမ်းလွှာ ထက် အပြုံးပန်းပွင့်သွားလေတော့သည်။ သြော် 'ဒါဒါ' ရယ်။

❊ ❊ ❊



www.burmeseclassic.com

www.burmeseclassic.com

## (၈)

"မလုပ်နဲ့လေ၊ ကိုကို့ကို ရေစိုကုန်ပြီကွာ"

"စိုပါစေပေါ့၊ ကိုကိုက ဆိုးတာကိုး"

"ပြောင်းပြန်တွေ မပြောပါနဲ့၊ ကိုကိုက ဆိုးတာလား။ ဒါဒါက ဆိုးတာလား"

"ကိုကိုဆိုးတာ"

ရေနွေးနှင့်ရေအေး ရောစပ်ထားပါသည့် ရေဇလုံထဲမှရေကို ခွက်ဖြင့်ခပ်ရင်း ခပ်ဖြည်းဖြည်းလောင်း၍ ဆေးပေးနေပါ၏။ ရေပိုက်ဖြင့် ဆေးလျှင် ဦးရေပြား နာကျင်မှာစိုး၍ ယခုလို လက်ညောင်းခံပြီး လုပ်ပေးဖြစ်တာပါ။ ရေအရင်ချိုး အဝတ်အစားလဲပြီးမှ ခေါင်းတစ်ခုကိုပဲ





သူ့ သီးသန့်လျှော်ပေးဖြစ်တာလေ။ ဒီလို ဆံပင်အရှည်ထားတာက သည်း သူ့ သဘောကျသည်ဆို၍ အပင်ပန်းခံပြီးထားခဲ့တာ မဟုတ်လား။ သူမှာ ဆံပင်နှင့် ပတ်သက်သည့် စာအုပ်တွေ ဝယ်ဖတ်ပြီး ကျစ်နည်း၊ စည်းနည်း၊ ထုံးနည်းတွေ သင်ထားရတာပါ။

ငယ်စဉ်ကတည်းက သူရခဲ့သမျှ မုန့်ဖိုးတို့က 'ဒါဒါ့' ခေါင်း ညည်းကြိုးတို့ ကလစ်လှလှလေးတို့သာ ဝယ်ဖြစ်ခဲ့လေ၏။ 'ဒါဒါ'က ခေါင်းအလေးခံပြီးထားပေးလျှင် ဤဆံပင်တို့ကို ယုယဖို့ သန့်ရှင်း သပ်ရပ်အောင် လုပ်ဖို့က သူ့တာဝန်ပဲတဲ့လေ၊ ကောင်းပါလေ့။

"ကိုကို"

"ဗျာ"

"မှန်မှန်ပြောနော်"

"ရေခြောက်အောင် သုတ်ရမှာ အရမ်းကြာသွားလိမ့်မယ်။ Dryer နွေးနွေးလေးနဲ့ မှုတ်ပေးမယ်နော်"

"စကားလမ်းကြောင်း မလွှဲနဲ့နော်"

"သြော် ... မလွှဲပါဘူး လာပါ"

တဘက်ဖြင့် ခေါင်းကို ပေါင်းပေးထားလိုက်ပြီးနောက် ရေချိုး ခန်းထဲမှ ထွက်စေပါ၏။ မှန်တင်ခုံရှိ ခုံမှာ ထိုင်ခိုင်းလိုက်ပါသည်။ တဘက်ထူထူနောက်ထပ်တစ်ထည်ကို အရန်သင့် ထုတ်ထားပြီး ခုတင်



www.burmeseclassic.com

www.burmeseclassic.com



ထက် တင်ထားပါ၏။ Dryer ကို ပလပ်တပ်ကာ အဆင်သင့်ပြင်ထား ပြီးမှ ပေါင်းအုပ်ထားပါသည့် တဘက်ကို ဖြေချလိုက်ပါသည်။

"နာတယ်"

"ဟာ . . . ဘာမှတောင် မလုပ်ရသေးဘူးလေ။ အရင်အော်ပြ နေပြန်ပါပြီ"

"မေးတာဖြေလေ"

"ဘာကိုလဲ"

"ဘယ်သူနဲ့ သွားတွေ့တာလဲ"

ဆံနွယ်ရှည်တို့ကို ခပ်ဖွဖွဖြင့် ရေကုန်အောင်သုတ်ပေးနေမိ၏။ ပေါင်းဆေးရော ဆံပင်ပျော့ဆေးပါ ထည့်လျှော်ပေးတာမို့ ရေလည်း များများ လောင်းပေးရပြီး ရေခြောက်အောင် သုတ်ပေးရတာကိုပါ ဂရုစိုက်ပေးရလေသည်။ မမေးစေချင်သည့် မေးခွန်းကိုမှ ဘာလို့ မရမက မေးနေရပါသလဲ။ ဖေဖေက ညီမလေးကို မသိစေချင်ဘူး လေ။

"ကိုကို"

"အင်း"

Dryer ခလုတ်ကိုဖွင့်၍ မှုတ်ရန် ပြင်မိစဉ် လက်ဖြင့် ကာပြ လိုက်လေ၏။ ဟုတ်သားပဲ။ ရေဖြင့်ကောင်းကောင်းမခြောက်သေးပါပဲ





ဇက်ကို သုံးလို့ ဘယ်ဖြစ်ပါ့မလဲ။ စိတ်နှင့်ကိုယ် မကပ်သလို ဖြစ်သွား ရပါသည့် သူ့ကိုယ်သူ ထိန်းလိုက်ရလေသည်။ Dryer ကို မှန်တင်ခုံ ထက် ခလုတ်ပိတ်ကာ ပြန်တင်ထားလိုက်ရပါသည်။

ခုတင်ထက် တင့်ထားပါသည့် မိုးပြာရောင်တဘက်ကို လှမ်း ယူရင်း သူမ ဆံပင်တို့ကို သုတ်ပေးနေပါသည့် 'ကိုကို့' ကို မှန်မှ တစ်ဆင့် ကြည့်လိုက်ပါ၏။ ပေါ့ပေါ့ပါးပါး ပြန်မဖြေနိုင်ရအောင် 'ကိုကို့' ကို အဘယ်သို့သော အကြောင်းအရာက ဝိတ်ပင်တားဆီးထားပါ သလဲ။ မျက်နှာညှိုးနေပြီး ခေါင်းခြောက်စေသည့်အလုပ်ကိုသာ အာရုံ စိုက်နေမှန်း သိသာစေပါ၏။

"ပြောလေ"

"အလုပ်ကိစ္စပါ ဒါဒါရယ်။ ဘာမှအရေးမကြီးပါဘူး။ မသိချင် ပါနဲ့"

"အလုပ်ကိစ္စဆို ကုမ္ပဏီမှာပဲ တွေ့ရပြောရမှာပေါ့။ ဘာလို့ အပြင်မှာ တွေ့စရာလိုမှာလဲ"

"တွေ့ဖို့လိုလို့ တွေ့ရတာပေါ့။ ဒီလောက် ခပ်ထပ်ထပ်လေး ညှို မဟုတ်လား"

"အင်း"

Dryer ယူလိုက်ပြီး လေခပ်နွေးနွေးဖြင့် ဇက်ကို ဖေးဖေးမှ



www.burmeseclassic.com

www.burmeseclassic.com



ထားကာ မှုတ်ပေးနေလေ၏။ ဟုတ်ပါတယ်၊ မျက်နှာက ခါတိုင်းလို မဟုတ်ဘဲ မကြည်မလင် မှုန်ကုပ်ကုပ်ဖြစ်နေတာ မဟုတ်ပါလား။ အိမ်မှာ ကလေးဆိုပြီး 'ဒါဒါ' မသိအောင် ဖေဖေတို့ ဘာများ တိတ်တဆိတ် စီမံနေတာပါလိမ့်၊ ဖေဖေနိုင်းသည့်ကိစ္စမို့ ဖေဖေက ဒီပြဿနာကို စစေတာပါပဲ။

"ဖေဖေခိုင်းလိုက်လို့ သွားရတာဆိုတော့ ကိုကို သွားတွေ့တာ ယောက်ျားလား၊ ဒါမှမဟုတ် မိန်းမလား"

"ဒါဒါ နားလည်မှာမှ မဟုတ်တာ"

"မရဘူး၊ ဒါလေးတောင် မပြောနိုင်ဘူးလား။ ကိုကိုမပြောနိုင်ရင် ဖေဖေ့ကိုသွားမေးမှာနော်"

ဒါလည်း မဖြုံပါလား။ ခြောက်သွားလောက်ပြီဖြစ်သည့် သူ့ဆံနွယ်တို့ကို ဘီးကျဲဖြင့် အသာဖြီးပေးရင်း Vitamin E ဘူးကိုဖွင့်၍ လက်ဝါးထဲထည့်ပွတ်ကာ ခေါင်းထက် ခပ်ဖွဖွလေး လူးပေးနေပြန်လေ၏။ ဖေဖေ့ကိုမေးမှာတောင်မှ မတုန်လှုပ်ဘူးပေါ့လေ။ သူမက 'ကိုကို့' အားနည်းချက်၊ 'ကိုကို' ဘာကို အစိုးရိမ်ဆုံးလဲဆိုတာကို ငယ်ငယ်လေးကတည်းက သိထားခဲ့တာပါလေ။

"မပြောလည်းရတယ်၊ နောက်မှ ဒါဒါ့အဆိုးမဆိုနဲ့"

"ဘာဖြစ် ဟာ!"





အံဆွဲကို ဆွဲဖွင့်လိုက်စဉ် ကပ်ကြေးအလတ်လေးက လက်ထဲပါလာလေ၏။ အခုပဲ လျှော်ပြီး ဖြီးထားပါသည့် ဆံနွယ်တို့ကို ရှေ့ဘက်ဆွဲယူလိုက်ကာ ကပ်ကြေးဖြင့် ညှပ်ရန်ပြင်လိုက်သဖြင့် သူ အမြန်ဆွဲထားလိုက်ရပါသည်။ စိတ်မြန်လက်မြန် လုပ်တတ်သည့် အကျင့်က ခုထိ ရှိနေတုန်းပါပဲလား။

"ဘာလုပ်တာလဲ၊ ဘာလုပ်မလို့လဲ"

"ညှပ်မလို့လေ၊ ဘာလဲ ကိုကိုတောင် လုပ်ချင်တာလုပ်သေးတာပဲ။ ဒါဒါက လုပ်ခွင့်မရှိဘူးလား"

"ကျစ်! မကျေနပ်တာရှိရင် ပါးစပ်ကပဲပြောဖို့ ကိုကိုမှာထားတယ်လေကွာ။ ဘာလို့ စိတ်လိုက်မာန်ပါ လုပ်ချင်ရတာလဲ။ တော်သေးတာပေါ့၊ အမြန်ဆွဲထားမိလို့"

"ဒါဆိုပြောလေ၊ အခုပြော"

သူ သက်ပြင်းရှည်ကြီးကို ရှိုက်ထုတ်လိုက်မိလေတော့၏။ ခက်တော့တာပါပဲ။ ဒီကလေးမ မသိအောင် ဘာကိုများ လျှို့ဝှက်ထားလို့ရမှာတဲ့လဲ။ သူ (အိမ်နေရင်းဝတ်သည့်) T-shirt ကို ဆွဲကိုင်ဆုပ်ထားသည်က တင်းတင်းကျပ်ကျပ်ပါပဲလား။ မော့ကြည့်နေပါသည့် မျက်ဝန်းနက်တွေထဲမှာ ဒေါသရောင်ကြောင့် ပိတောက်ပနေလေပြီ။

"ဖေဖေ့မိတ်ဆွေ အန်ကယ်ဦးအောင်မြင့်ကို သိတယ်'



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား"

"အင်း"

"အဲဒါသွားတွေ့တာ"

"ရောမချုနဲ့ ကိုကို့ အန်ကယ်နဲ့သွားတွေ့တာကို ဒီလောက် ချင့်ချိန်ပြီး ဖြေစရာမှမလိုတာ။ မယုံဘူး။ ဒါဒါယုံအောင် သေချာရှင်း ပေါ့"

"ခက်တာပဲ"

"ကိုကို"

သေချာနေပါပြီ။ 'ကိုကို' သွားတွေ့တာ ယောက်ျားတော့ မဖြစ်နိုင်ပါ။ ဒါဖြင့် မိန်းကလေးပေါ့လေ။ ဒါကြောင့်မို့ 'မင်းဒီပ' အကြောင်းပြောပြတုန်းက သွေးအေးအေးနှင့်ပြောနိုင်တာကိုး။ တကယ်ဆို ကိုယ့်ညီမလေး ချစ်သူထားမှာကို စိုးရိမ်တကြီးနဲ့ ပူပန်နေ ရမှာမဟုတ်လား။

စိုးရိမ်တာထက်လည်း ဒေါသဖြစ်တတ်ရမှာလေ။ ကိုယ့်ညီမ ကိုချစ်ရင် အနည်းနှင့်အများတော့ အူတိုပြရမှာ မဟုတ်ပါလား။ အခု တော့ ထိုသို့မဟုတ်ပါဘဲ မျက်နှာလွှဲခဲပစ်ပုံစံမျိုးဖြင့် လွှတ်ပေးထားပြီး လုပ်ချင်ရာလုပ်စေတာပေါ့လေ။ ပြီးတော့မှ ကိုယ်လုပ်ချင်တဲ့အလုပ်ကို 'ဒါဒါ' မသိရလေအောင် တိတ်တဆိတ် လုပ်နေတာပေါ့။





'ကိုကို' မို့ လုပ်ရက်တယ်။

'ကိုကို' မို့ ရက်စက်ရက်တယ်။

'ကိုကို' မို့ လျစ်လျူရှုရက်တယ်။

'ကိုကို' မို့ ပစ်ပယ်ရက်တယ်။

'ကိုကို' မို့ ဥပေက္ခာပြုရက်လွန်းပါတယ်။

"ဒါဒါ ညီမလေး"

"မခေါ်နဲ့"

"ညီမလေးကလည်းကွာ"

"ဘာမှမပြောနဲ့ မကြားချင်ဘူး"

မနက်ခင်းမှာပင် အားပါးတရ ငိုခဲ့ပါသည့် မျက်ရည်တို့က …န်မခမ်းနိုင်ဘဲ ထပ်၍ကျလာပြန်လေသည်။ ဘာမှ ရေရေရာရာ …ခင်ကဖြင့် 'ကိုကို' ပျောက်ပါပြီဆိုပြီး ငိုခဲ့မိရုံပါ။ အခုကဖြင့် …အပေါ် အချစ်တွေလျော့ပါးကုန်ပြီး ပစ်ပယ်ပြီဟူသည့်အသိဖြင့် …နည်းပက်လက် ငိုမိတော့တာပါလေ။

"ပြဿနာပဲ၊ မငိုနဲ့လေကွာ။ ကိုကို ဘာမဟုတ်တာ လုပ်မိ …လဲ"

"ကိုကို သိတာပဲဟာ"

"ဘာကိုသိရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရတယ် . . . ရတယ်၊ ကိုကိုလည်း ကိုကိုကြိုက်တာလုပ် ဒါဒါ ဘာမှမပြောတော့ဘူး။ ဒါဒါလုပ်ချင်တာလုပ်လည်း လာမတားနဲ့ ဒါပဲ!"

"ဒါဒါက ဘာလုပ်မလို့လဲ"

ပါးပြင်ထက်မှ မျက်ရည်တို့ကို လက်ခုံဖြင့် သုတ်လိုက်ပါ၏ မျက်ရည်ကျပြလို့လည်း မဖြိုတော့ဘူးထင်ပါရဲ့။ 'ရတနာ' ပြောသလို (၂၀၂၈) အင်အားက 'ဒါဒါ' (၅၂၈) ကြိုးတစ်မျှင်ကို လွယ်လင့်တကူ ဖြတ်တောက်နိုင်ပြီ ထင်ပါသည်။

"ဒါဒါက ကိုကို့အတွက် ဘာလဲ"

"ဟင်!"

ရုတ်တရက် မေးချလိုက်ပါသည့် မေးခွန်းကြောင့် သူ အ ကြောင်ကြောင်ပင်ဖြစ်သွားရလေ၏။ ဘာကြီးလဲ၊ မေးသင့် မမေးသင့် ချင့်ချိန်တတ်မှပေါ့။ ဒီမျက်ရည်တို့က သူ့နှလုံးသားကို အရည်ပျော်ကျ စေတာကိုမသိဘူးလား။ ထစ်ခနဲရှိ ဒီလိုမျက်ရည်တွေကို လက်နက် အဖြစ် အသုံးချတတ်နေပါရောလား 'ဒါဒါ' ရယ်။

"ဘာလဲ မဖြေနိုင်ပြန်ဘူးလား။ ရတယ်၊ အရေးမကြီးဘူး ဂရုစိုက်စရာမလိုဘူးလို့ထင်နေရင်လည်း Do ချင်သလိုသာ Do လိုက်တော့"





"ဒါဒါကလည်းကွာ၊ ကိုကိုတော့ ဘာမှကိုနားမလည်တော့ ဘူး"

"ဘယ်နားလည်ပါ့မလဲ၊ ဒါဒါက ကိုကို့ဘဝမှာ သုံးပြီးသား tissue လို အမှိုက်ပုံးထဲ လွှင့်ပစ်ရုံပဲဟာ"

"ဟာ! . . . ဘယ်လိုကြီးပြောလိုက်တာလဲ၊ မဟုတ်တာ"

"အဲဒါကြောင့် မင်းဒီပနဲ့ကိစ္စကို အသာလေး လွှဲချပေးလိုက် ဘာပေါ့လေ"

"ဟော! . . . တစ်မျိုးဖြစ်ပြန်ပြီ"

"ဖြစ်မှာပေါ့၊ ဖြစ်ကိုဖြစ်စေရမယ်။ အဲဒီ မင်းဒီပကို အမြန်ဆုံး ခေါင်းညိတ်အဖြေပေးမယ်၊ စိတ်သာချ"

"ဟာ!"

ရင်ဝကို စည်ဖြင့်တီးလိုက်သည့်နှယ် ဒိန်းခနဲပါပဲလား။ ဘုရားရေ! မီးပွားက ဘယ်အထိ စင်ဖို့များ ပြင်ဆင်ထားပါသလဲ။ သူ့ကို သေချာမေး၍မရသည်နှင့် မျက်ကန်းတစ္ဆေမကြောက် လျှောက် လုပ်ဖို့ ကြံစည်ပြီပေါ့လေ။ ကလေးသာသာအရွယ်လေးက ဘာတွေကို ဟုတ်မဟုတ် လျှောက်လုပ်ချင်ရပါသလဲ။

"ဘာလို့ ရည်းစားထားရမှာလဲ၊ ညီမလေးအသက်က ငယ် ငယ်လေး ရှိသေးတာကို"

www.burmeseclassic.com

www.burmeseclassic.com



"ထားမှာပဲ"

"ဒါဒါနော်"

"ကိုကိုမှ ဒါဒါ့ကို မချစ်တာ"

"ကျစ်!"

"ဒါကြောင့် အဲဒီမိန်းမကို ဒါဒါမသိအောင် တိတ်တိတ်လေး သွားတွေ့တာပေါ့"

"စကားပြောရုံပါ ညီမလေးရယ်။ ဒီထက် ဘာမှ မပိုပါဘူး"

"သိတယ် ... သိတယ်၊ အဲဒါကနေ အစပျိုးကြတာပဲ"

"ခက်လိုက်တာကွာ၊ ကိုကိုက ရိုးရိုးသားသား ဒီတစ်ကြိမ်ပဲ သွားတွေ့ရုံပါ။ နောက်ကို မတွေ့နဲ့ဆို မတွေ့တော့ဘူးလေ၊ ဟုတ်ပြီလား"

"မသိဘူး ... လာမပြောနဲ့"

"မင်းဒီပကို တကယ်မကြိုက်ဘဲနဲ့ မတွဲချင်ပါနဲ့၊ ဒါဒါ့နာမည် ပျက်မှာ မစိုးရိမ်ဘူးလား"

"မစိုးရိမ်ပါဘူး။ ဟိုက ဒါဒါ့ကို သည်းသည်းလှုပ်လှုပ်တုန်နေအောင်ချစ်တာ"

"ကိုကိုကရော ဒါဒါ့ကို ငုံထားမတတ် မချစ်လို့လား၊ စဉ်းစားကြည့်ပါဦး"



မျက်စောင်းခဲလေ၏။ အဲဒါတွေပေါ့။ အသာယာမှုချစ်ဖို့ကောင်းတဲ့ ကောင်မလေးလဲဆိုတာလေ။ လွယ်လွယ်စိတ်ကောက် စိတ်ဆိုးဖြစ်ပေမယ့် သူတစ်ခါချော့ရုံနဲ့ အလိုလို ပျော့ကျသွားတော့တာပါပဲ။ ညနေစာစားရန် မိဆွေးလာခေါ်နေပြီမို့ သူ့လက်ကို ညီမလေးထံ ကမ်းပေးလိုက်ရတော့၏။ မောရပ့် 'ဒါဒါ'။

❊ ❊ ❊

www.burmeseclassic.com

www.burmeseclassic.com

## (၉)

ဒီနေ့ ညနေပိုင်း class တီချယ်တွေ မလာတာမို့ ကျ

စောစောဆင်းခဲ့ကြပါ၏။ အိမ်မှကားက ညနေဘက်မှ လာမှာဖြစ်သ

'ရတနာ' က လာမကြိုတော့ရန် phone ဆက်လိုက်ပြီး မြို့ထဲပတ်

အတွက် taxi ဖြင့်ထွက်ခဲ့ကြပါသည်။ မေဂျာမတူသည့် 'မင်း

တစ်ယောက် ဒီရက်တော့ နောက်က ပါမလာတော့ပါလေ။

"ရုပ်ရှင်ကြည့်ကြမလား"

"ဟယ်! ... မိုးချုပ်သွားမှာပေါ့။ မကြည့်ချင်ပါဘူး။ Sh

ping အေးအေးဆေးဆေး ထွက်ကြမယ်"

"ငါ့မှာ money မှ မပါတာ"



"ငါတို့စိုက်ပေးမှာပေါ့ ဒါဒါရဲ့။ နောက်မှပေးလေ"

"ကိုကို့ဆီ ဝင်တောင်းလိုက်ရင်တော့ ရမှာပါ"

"အဲဒါဆို နင့်ကို လွှတ်ပေးလိမ့်မယ် အားကြီးကြီး။ ညနေ

တူပြန်မယ်ဆိုပြီး ခေါ်ထားတော့မှာပေါ့"

"ဒီတော့လည်း နေခဲ့ရုံပေါ့"

"မိန်းမနော် ... နင် သစ္စာဖောက်မယ်မကြံနဲ့"

'ပုလဲ'က 'ရတနာ့' ခေါ်းမှာထိုင်နေပါသည့် 'ဒါဒါ့' လက်

ောင်းကို ဖတ်ခနဲ လှမ်းရိုက်လိုက်လေ၏။ ကျောင်းမှာ မုန့်တွေလည်း

ပ်မစားဖြစ်တာမို့ မုန့်ဖိုးက 'ဒါဒါ့' ဆီမှာရှိပါသေးသည်။ သို့သော်

မြို့ထဲကို ရောက်လာမှဖြင့် သူငယ်ချင်းတွေနှင့် လျှောက်လည်တာထက်

ကို' ဆီကိုသာ သွားချင်တာအမှန်ပါ။

"ဒီလောက်အနီးကပ်အတူနေရတာတောင် အစ်ကိုကို ချစ်

နေရလား။ ငါတို့များ အစ်ကိုဆို ဗျစ်တောက်ဗျစ်တောက် လုပ်လွန်းလို့

ပ်ပျက်ရပါ့"

"နင့်မှာက အများကြီးရှိတာကို ပုလဲရဲ့၊ တူမလား"

"ကိုကိုက ဒါဒါ့ကို သိပ်ချစ်တာ"

"သိပါ့ရှင် ... သိပါ့"

"အဲဒီလိုအစ်ကိုမျိုး လိုချင်လိုက်တာ"

www.burmeseclassic.com

www.burmeseclassic.com



"လာပြန်ပြီတစ်ယောက်"

"မပေးဘူးလား"

"မပေးနိုင်ပါဘူး"

"ငါ့မှာက အစ်ကိုသုံးယောက်တောင်မှ ရှိတာလေဟယ်
ကြိုက်တာရွေးယူ၊ လူပျိုချည်းပဲ။ အစ်ကိုချင်းလဲမယ်လေ"

"မရပါဘူး။ ဆယ်ယောက်ပုံပေးတောင် လုံးဝပဲ"

"အေးပါ ... အေးပါ။ နင့်မှ မချစ်တတ်သေးတာ။ ပြောအ
ရှိတုန်း ပြောထားပေါ့"

စကားနောက်တာလေးတောင်မှ သူမ မနှစ်သက်ပါ။ တခြ
သော သက်မဲ့ပစ္စည်းမျိုးပေးဖို့တောင်းလျှင်ဖြင့် အနှမြောမရှိ ပေးလို
မှာပါ။ အခုတော့ ဘယ်လိုဖြစ်ပြီး 'ကိုကို' ကိုမှ စသလို နောက်သ
ဖြင့် တောင်းရပါသလဲ။ သူငယ်ချင်းအဖြစ် နေစဉ်က တစ်ယောက်
တစ်ယောက် သိပ်ချစ်ခဲ့ကြတာ ဖြစ်ပေမယ့် အစ်ကိုနှင့်ပတ်သက်
လျှင် ယောင်းမတော်ရလျှင်ဖြင့် အခုလို ချစ်ပါတော့မလား။

"ဒါဒါ"

"အင်း"

"နင်ချစ်တဲ့သူ တွေ့လာရင် ဘယ်လိုလုပ်မလဲ"

"ဘာ"



"ဟုတ်တယ်လေ၊ နင့်ကိုကိုကိုတော့ ကဖျက်ယဖျက်တွေ
ဖွတ်လုပ်ခဲ့ပြီး နှောင့်ယှက်နေတာ၊ နင့်မှာသာ ချစ်ရမယ့်သူပေါ်လာရင်
ကိုကိုသာ အဲဒီလိုတားရင် ကြိုက်မှာလား"

"အေးလေ၊ ဝဋ်ဆိုတာ လည်တတ်တယ်ဟဲ့"

မျက်နှာလေး မှုန်ကုပ်ကုပ်ဖြစ်သွားရပါသည်။ ချစ်ရမယ့်သူတဲ့
လား။ မဖြစ်နိုင်တာ။ သူမဘဝမှာ သူစိမ်းယောက်ျားဆို၍ တစ်ဦး
တစ်ယောက်ကိုမှ ရင်ထဲမထည့်ခဲ့ဖူးပါလေ။ နှလုံးသားကို ပုတ်နှိုးနိုင်
မည့် ဖူးစာရှင်က ဘယ်ဆီမှာများလဲ။ 'ကိုကို' ၏ချစ်ခြင်းအရိပ်အာဝါသ
အောက်မှာ နွေးထွေးလုံခြုံခဲ့ရတာ ဘယ်လောက်များကြာခဲ့ပြီလဲ။
ဒီတော့ 'အချစ်' ဆိုတာကို ရှာဖွေဖို့ မလိုအပ်တော့ပါလေ။

"ငါ အိမ်ထောင်မပြုပါဘူး"

"ဟယ်! ... စကားကို ကုန်အောင်မပြောနဲ့ မိဒါရဲ့"

"တကယ်ပြောတာ၊ ငါ့လိုပဲ ကိုကိုလည်း မိန်းမ မယူစေရ
ဘူး"

"ခက်တာပဲ ဒါဒါရယ်။ နင် အတ္တတွေ သိပ်ကြီးပြမနေနဲ့
မောင်ချစ် နှမချစ်ဆိုတာ အကန့်အသတ်လေးထဲမှာ ကျဉ်းကျဉ်း
ရှိတာဟဲ့။ ငါတို့က အသက်ငယ်သေးတာမို့ အချစ်ဆိုတာကို
တွေ့ချင်တာကိုစွမရှိဘူး။ အရွယ်ရောက်နေပြီဖြစ်တဲ့ ကိုကိုက

www.burmeseclassic.com

www.burmeseclassic.com



ခုန်တတ်နေမှာပဲ''

''ဟုတ်တယ်၊ နှင့်ကိုကို တကယ်ချစ်တဲ့သူကို မယူနဲ့ဆိုပြီး ပိတ်ပင်နေရင် နှင်စိတ်ချမ်းသာမှာလား။ ကိုကို ရင်နာနေမှာကိုလည်း ငဲ့ကြည့်ရမှာပေါ့''

အလို! ကိုကိုရင်နာရမှာတဲ့လား။ ဒါကို သူမ ဘာကြောင့် မတွေးမိပါသလဲ။ ဟိုတစ်နေ့ကပဲ 'ကိုကို' အပြင်မှာ တစ်စုံတစ်ယောက်ကို သွားတွေ့ခဲ့တာလေ။ အဲဒီနေ့က တစ်အိမ်လုံး ပြောင်းဆန်အောင် သူမ သောင်းကျန်းပြခဲ့မိတာပါလေ။ 'ကိုကို' ရဲ့လွပ်လပ်ခွင့်၊ လုပ်ပိုင်ခွင့် ဆိုတာတွေကို နည်းနည်းမှ ထည့်မတွက်မိဘဲ ဆိုးသွမ်းပြခဲ့မိတာ မဟုတ်လား။

သူမထက် ပိုချစ်သွားမှာ၊ သူမထက် ပိုသံယောဇဉ်တွယ်သွားမှာ။ သူမထက် ပို၍ တွယ်ငြိသွားမှာကို အဘယ့်ကြောင့် မလိုလားခဲ့ရပါသလဲ။ ကိုယ့်ထက်သာ မနာလိုတတ်တာမျိုး ရှိကြတာမှန်ပေမယ့် 'ကိုကို' နှင့် ဆက်နွယ်လာမည့် သူစိမ်းတစ်ယောက်ကိုဖြင့် လက်သင့်မခံနိုင်ပါလေ။

ဤသည်ကို 'အတ္တ'ဟု ခေါင်းစဉ်တပ်လျှင်လည်း တပ်ကြပါစေတော့။ ပြေးတွေ့ချင်လာရလေ၏။ 'ကိုကို့' မျက်နှာ၊ 'ကိုကို့'အပြုံး 'ကိုကို့' လေသံတွေအောက်မှာ ရှင်သန်နေထိုင် ပျော်မွေ့နေရပါသည့်





'ဒါဒါ့' ကိုတော့ မထားခဲ့လောက်ပါဘူးနော်။

''ရောက်ပြီ၊ ဘာဝယ်ကြမလဲ''

''အရင်ဆုံး လျှောက်ကြည့်ကြတာပေါ့''

Taxi ပေါ်မှ ဆင်းလိုက်ကြပြီးနောက် plaza ထဲ ဝင်ခဲ့ကြပါ၏။ 'ရတနာ' တို့ ဦးဆောင်ခေါ်ရာနောက် ခြေလှမ်းက လိုက်ခဲ့ရပေမယ့် စိတ်ထဲ သိပ်မပါလှပါ။ တစ်ဆိုင်ဝင်တစ်ဆိုင်ထွက်ဖြင့် ဘာမှဟုတ်တိပတ်တိ ဝယ်တာလည်း မဟုတ်ပါဘဲ ပတ်မွှေဖြစ်ကြလေသည်။

''ငါနဲ့လိုက်လား''

''အသားမည်း အရဲဆင်ချင်ရပြန်ပြီ''

''ငါက အနီကြိုက်တာကိုး''

''နှင့်နာမည်ကို မေပုလဲလို့ မပေးဘဲ ပုလဲနီလို့ ပေးရမှာ''

Fashion ဆိုင်ထဲမှာ အင်္ကျီချိတ်တွေကို ယူကပ်လိုက် ပြန်ချိတ်လိုက် လုပ်နေကြသည့် 'ပုလဲ' တို့ကိုကြည့်ရင်း ပြုံးလိုက်မိပါ၏။ ဦးထုပ်လှလှလေးတွေ စီထားပါသည့် ကောင်တာအနီး လျှောက်ခဲ့စဉ် တစ်ယောက်ယောက်စိုက်ကြည့်နေသလို ခံစားလိုက်ရသဖြင့် နောက်သို့ လှည့်ကြည့်လိုက်မိလေသည်။

''ဘယ်သူ့ကိုတွေ့လို့လဲ''

''ဟင့်အင်း''



www.burmeseclassic.com

www.burmeseclassic.com



"ငါ ဒါနဲ့တွဲဝတ်ဖို့ ဘောင်းဘီရှာပေး"

"Style နဲ့တွဲဝတ်လေ"

ဘောင်းဘီတန်းဘက်ရောက်သွားပြန်သဖြင့် လိုက်ခဲ့ပြန်ရ 'ရတနာ' က အင်္ကျီနှင့်စကပ်ဝယ်ဖြစ်ပြီး 'ပုလဲ' က အင်္ကျီနှင့် ဘောင်းဘီဝယ်လေသည်။ သူမကို ဝယ်ရန်ပြောပေမယ့် ခေါင်းခါ လိုက်ပါ၏။ သူမအကြိုက် style၊ colour၊ size ကအစ အကုန် သိနေပါသည့် ကိုကိုကသာ အမြဲဝယ်ပေးလေ့ရှိတာမို့ သူမဝယ်ဖို့ မလိုပါချေ။

"ကပ်စေးနဲမ"

"ငါ ဝယ်စရာရှိပါတယ်ဟဲ့"

"ဘာဝယ်မှာလဲ"

"Watch"

"ဘာလုပ်ဖို့လဲ"

"ကိုကို့ဖို့ပဲ ဖြစ်မှာပေါ့"

"သိလည်း တိတ်တိတ်နေပါ"

သုံးယောက်သား ပခုံးချင်းတိုက်၍စရင်း ဆိုင်ထဲမှထွက်ခဲ့ပါ၏။ အလှကုန်နှင့်နာရီ မျက်မှန်တွဲရောင်းသည့်ဆိုင်ခန်းထဲသို့ ဆက်ဝင်ခဲ့ကြပါသည်။ 'ရတနာ'နှင့်'ပုလဲ'က အလှကုန်ဘက်သို့ သွားနေပေမယ့်





သူမက နာရီကောင်တာရှေ့မှာ ရပ်လိုက်မိ၏။ ဘူးအဖုံးဖွင့်၍ တင်ထားပါသည့် နာရီတို့က ရွေးမရနိုင်အောင်ပင် လှပနေတာပါပဲလား။

"ယောကျ်ားလေးဝတ် ရှာတာလား ညီမလေး"

"ဟုတ်ပါတယ်"

"ဒီဘက်ထဲက ကြည့်ပါလား။ ဒါလေးတွေက လူငယ်ဆန်ပြီး ယဉ်လည်း ယဉ်တယ်လေ"

အရောင်းစာရေးမလေးက သူမကို တစ်ဘက်ကောင်တာသို့ ခေါ်လိုက်သဖြင့် လျှောက်၍ ငုံ့ကြည့်လိုက်ပါသည်။ အလို! စုံတွဲဝတ်ပါသည့် နာရီလှလှလေးတွေကို တွဲပြထားတာပါလား။ ဒိုင်ခွက်လှလှလေးတွေ ရွှေရောင် ငွေရောင်စုံလို့ပါပဲလား။ ဒီခေတ်မှာ phone သာ ဆောင်ထားကြပြီး နာရီသိပ်မပတ်ကြတော့ပါ။ သို့သော် သူမနှင့် 'ကိုကို' ကဖြင့် ငယ်စဉ်ကနေ ခုချိန်ထိ နာရီပတ်ခဲ့တာ အကျင့်ဖြစ်နေလေပြီ။

"ဒါလေး တစ်ချက်လောက်ပြပါ"

"နှစ်ခုစလုံး ယူမှာလား"

"ဟုတ်ကဲ့"

"အောက်ခံအဖြူ၊ အဝါ၊ အနက် သုံးမျိုးစလုံးပြမယ်နော်"

ကောင်တာထက်သို့ နာရီသုံးစုံက ဖွင့်လျက်သားလေး



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာလေ၏။ ဒိုင်ခွက်အဝါလေးက ညဘက်လည်း ကောင်း ကောင်းမြင်နိုင်သလို အနုမြူကျောက်လေးတွေပါသဖြင့် သူမ ငွေချေ လိုက်ပါသည်။ Voucher ဖြတ်ပြီးနောက် စက္ကူအိတ်လေးထဲ ဘူးနှစ်ဘူးကို သေချာထည့်ပေးလိုက်သည်ကို ယူ၍ လှည့်ထွက်လိုက် ပါ၏။

"အို!"

"ဟာ! Sorry!"

လက်မောင်းနှင့် ပစ်တိုက်လိုက်သည့်နှယ် ခပ်မာမာအရာဖြင့် ခိုက်မိသွားရလေသည်။ လက်ထဲမှ စက္ကူအိတ်က လွင့်ကျသွားသလို သူမဖိနပ်အနီးမှာ ကျကွဲသွားပါသည်က ရေမွှေးပုလင်းဖြစ်နေပြီး အနံ့ တို့က တစ်ဆိုင်လုံးသို့ ပျံ့နှံ့သွားလေ၏။ ဘုရားရေ! ဘယ်လိုဖြစ်ပြီး ခေါင်းမူးစေမည့် accident မျိုးက ရုတ်တရက် ဖြစ်လာရပါသလဲ။

"ဒါဒါ . . . ဟဲ့! . . . ဘယ်လိုဖြစ်တာလဲ"

"ဒီ ဒီမှာ"

"ဟောဗျာ!"

ယိုင်ခနဲ လဲကျသွားပါသည့် ခန္ဓာကိုယ်ကို ထိန်းမွေ့ချီလိုက် မှန်း သိလိုက်ပါ၏။ ဘေးသို့ရောက်လာသည့် သူငယ်ချင်းတွေထံမှ စိုးရိမ်တကြီးခေါ်သံတို့ကို သဲ့သဲ့မျှသာ ကြားနေရလေသည်။ အသက်





ရှူ မွှန်းကြပ်လိုက်တာနော်။ 'ကိုကို' ဘယ်ရောက်နေပါသလဲ။

"ဟိတ်! . . . သတိထားဦးလေ"

"လေဝင်လေထွက်ကောင်းမယ့်နေရာကို ရွှေ့မှထင်တယ်။ ဒါက ရေမွှေးနံ့ လုံးဝမခံနိုင်ဘူးရှင့်"

တစ်နေရာကို ပွေ့ချီသွားမှန်းတော့ သိပါ၏။ မျက်လုံးက ချက်ချင်း မဖွင့်နိုင်ဘဲ မှိတ်ထားမိသလို စိတ်ထဲမှ တောင့်တမိသည်က သူမ၏ တစ်ဦးတည်းသော 'ကိုကို့' ကိုပါပဲ။ တစ်စုံတစ်ခု အန္တရာယ် ကြုံရသည့်အချိန်တိုင်း သူမအနီးသို့ အလိုလို ရောက်လာတတ်ပါသည့် 'ကိုကို' က အခုတော့ ဘယ်မှာပါလဲ။

"ချာတိတ်"

"အင်း"

"သတိရပြီလား"

"ဟုတ်ကဲ့"

"နင်နဲ့တိုက်မိလို့ ဒီအစ်ကိုကြီးရဲ့ ရေမွှေးပုလင်း ကျကွဲသွား ပြီ"

"ဒါဒါ လျော်ပေးပါ့မယ်"

"မလိုပါဘူး၊ မင်း ဘာမှမဖြစ်ရင် ပြီးတာပဲ"

"အားနာလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်"

အအေးဆိုင်ရှိခုံမှာ ထိုင်စေပြီး လိမ္မော်ရည်မှာပေးကာ သောက်စေသဖြင့် ပိုက်ဖြင့် စုပ်ရင်း အနည်းငယ်မျှ သောက်လိုက်ရလေ၏။ 'ပုလဲ' နှင့် 'ရတနာ' က သူမရှေ့မှာထိုင်နေပါသည့် လူကိုသာ အငေးသား ကြည့်နေလေသည်။ ထိုသို့ ကြည့်ရလောက်အောင်ပင် အတော်ကြည့်ကောင်းနေပါသည့် ပုံစံမျိုးဖြစ်နေသည်ကိုး။

"ကိုယ့်နာမည် ပိုင်ဖေမင်းပါ"

"ဒါဒါက ထက်မြက်နန္ဒာအောင်ပါ။ ရတနာနဲ့ မေပုလဲပါရှင်"

"ဒါဒါလို့ခေါ်ရင် ရပါတယ်နော်"

"ဟုတ်ကဲ့"

နှုတ်ခမ်းဖျားမှ အပြုံးနှင့်အတူ ညှို့ငင်ဆွဲယူစေမည့်အကြည့်တို့နှင့် ဆုံသွားစဉ် သူမတစ်ကိုယ်လုံး တောင့်တင်းသွားရလေ၏။ အလို! မည်သို့များ ကြည့်လိုက်တာပါလိမ့်။ 'ရတနာ' က ခပ်သွက်သွက် နာမည်ပြော မိတ်ဆက်ပေးနေပေမယ့် သူ့အကြည့်တို့က 'ဒါဒါ' ကိုသာ စူးစိုက်ကြည့်နေခဲ့တာပါ။

'ပိုင်ဖေမင်း' တဲ့။ ဘယ်လိုဖြစ်ပြီး ဒီလူရဲ့ရှေ့မှာမှ ရုပ်ပျက်ဆင်းပျက် မူးလဲရပါသလဲ။

❊ ❊ ❊



# (၁၀)

ညစာစားရန်အတွက် ရေချိုးအဝတ်အစားလဲကာ ထမင်းစားခန်းသို့ ဆင်းလာခဲ့ပါ၏။ ဒက်ဒီက သူမထက် အရင်ရောက်နေပြီး ဒီရက်ပိုင်း နှစ်လယ်စာရင်းတွေ လုပ်နေရသဖြင့် အိမ်ပြန်မိုးချုပ်ပြီး အရမ်းပင်ပန်းရလေသည်။ သူ့ရော 'ဒီဒီ'လို ပင်ပန်းနေမှာပဲလား။

"ငါ့သမီး အတော်နွမ်းနေပါလား"

"ဒက်ဒီသိတဲ့အတိုင်းပဲလေ။ OT တွေ ဆက်တိုက်ဆင်းနေသော တစ်ပတ်ကျော်နေပြီ၊ မပင်ပန်းဘဲရှိမလား"

"သမီးက စာရင်းအင်း ကျွမ်းကျင်တာပဲဟာ"



www.burmeseclassic.com

www.burmeseclassic.com



"တာဝန်ကြီးကြီးယူထားရတော့ ဝန်ပိတာအမှန်ပဲ ဒက်ဒီ
ဒါကြောင့် သူက ဝန်ပေါ့တဲ့နေရာမှာ ချောင်ခိုနေတာဖြစ်မှာ"

"ဘယ်သူလဲ"

"ကိုနန္ဒကျော်"

ဒက်ဒီရော မာမီပါ ရယ်လေတော့၏။ ဒုက္ခပါပဲ။ အလု
အကြောင်း တစ်ကြိမ်တစ်ခါမှ မညည်းညူခဲ့သည့် 'သိမ့်မဒီ'က အခု
နှုတ်မှ ရေရွတ်ကာ ညည်းမိရတယ်လို့။ ဘယ်လိုဖြစ်ရပါသလဲ။ သူမ
အလုပ်ကို ပျော်ပိုက်ပြီး ပျော်ရွှင်သည့်စိတ်ဖြင့် စေတနာရှိစွာ လုပ်နေ
သူပါ။ အခုလို လူမော စိတ်မောဖြင့် ရေရွတ်တာမျိုး ဘယ်တုန်း
ရှိခဲ့လို့လဲ။

"နားချင်ပြီဆိုလည်း ပွင့်ပွင့်လင်းလင်းပြောပေါ့ သမီးရယ်
Reason ရှာမပေးချင်ပါနဲ့"

"ဒီဒီဘာပြောမိလို့လဲ"

"မောင်နန္ဒကို အကြောင်းပြနေလို့လေ"

"အာ ... ဒက်ဒီကလည်း"

"မဟုတ်လို့လား၊ ယောက်ျားတွေကို မှီခိုရတဲ့ ခပ်ညံ့ညံ့
မိန်းမ list ထဲ မပါချင်ဘူးဆို"

"ဟုတ်တယ်လေ"





"ဒါဖြင့် မောင်နန္ဒကို အားကိုးချင်လာတာက ဘာကြောင့်
တဲ့လဲ"

သူမ ပြုံးစိစိလေးဖြစ်သွားရပါ၏။ သူ့အကြောင်း တွေးလိုက်
မိတိုင်း ရင်ထဲမှာ တဒိတ်ဒိတ် အခုန်မြန်လာတတ်တာလေ။ အလုပ်
နိုင်မှာ စိတ်နှစ်ပြီးလုပ်နေရတာ မှန်ပေမယ့် Coffee သောက်တဲ့အခါ၊
ဒါမှမဟုတ် ညဘက် phone ကိုင်မိသည့်အခါမျိုးမှာဖြင့် မရဲတရဲ
ကြည့်တတ်သည့် သူ့အကြည့်နွေးနွေးလေးကို အလိုလို ပြန်မြင်ယောင်
လာမိတာ အမှန်ပါပဲ။

"အံမယ် ... သဘောကျတယ်ပေါ့လေ။ ကိုအောင့်သမီး
တော့ မရိုးတာ သေချာပြီ"

"မာမီနော်"

"ရှက်ရမ်း မရမ်းစမ်းပါနဲ့"

"သူက ရိုးတာတော့ အမှန်ပဲ"

"အေးလေ ... ဒါကြောင့် ဒက်ဒီတို့လည်း သဘောကျတာ
ပေါ့ သမီးရဲ့"

"ဒါနဲ့ ဟိုတစ်နေ့က တွေ့ကြတာ Ok ရဲ့လား"

"ဟုတ်ကဲ့ မာမီ၊ စကားပြောတာလည်း ပွင့်လင်းတယ်၊
စိတ်ရင်းလည်း ဖြူတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပွင့်လင်းတယ်လို့ဆိုရအောင် ဘာများပြောလို့လဲ"

သူ့မျက်နှာကို ဖျတ်ခနဲမြင်ယောင်လိုက်မိပါ၏။ သူမကို မိုးကြည့်နေပါသည့် အကြည့်နွေးနွေးတို့မှ မိခဲ့ရတယ်လို့။ အဘယ်မျှကြင်နာသည့် အကြည့်တွေပါလဲ။ စိတ်ရှည်သည်းခံနိုင်သည့် အဓိပ္ပာယ်ကို သူ့အပြုံးတို့ကတစ်ဆင့် သိသာစေတာပါလေ။ ရင်ထဲထိ ရေနွေးနွေးလေးလောင်းထည့်ပေးလိုက်သလို ရှိန်းခနဲ ဖိန်းခနဲ ဖြစ်စေသည့် မျက်ဝန်းညိုတို့ကို အပြီးတိုင် သိမ်းဆည်းထားလိုက်ချင်ပါရဲ့။

"ပထမတော့ အားနာနေတာပဲ"

"ဘာကိုလဲ"

"ဒီဒီ့ကို မြင်ကတည်းက ကျေးဇူးတင်တာ အားနာတာက သူ စပြောတာ"

"အဲဒီတော့"

"အင်း ... phone နံပါတ် လဲပေးပြီး နောက်တွေ့ကြဦးမယ်လည်း ပြောလိုက်ရော"

"သူ ဘာဆက်ပြောလဲ"

"သူ့ကိုယ်သူ မွေးစားသားပါတဲ့"

"ဟယ်!"

"ဘယ်လို! ဒီစကားကို လုံးဝမပြောရဘူးလို့ ကိုထက်မြက်





မှာထားခဲ့တာတောင်မှ ပြောရသလား"

"ဒီဒီကတော့ ကြိုက်တယ်"

"ဟဲ့!"

"ဟုတ်တယ် မာမီရဲ့ ဘယ်လောက် ပွင့်လင်းရိုးသားလိုက်သလဲဆိုတာ စကားသုံးလေးခွန်းပြောရုံနဲ့ သိရလို့လေ"

ဟုတ်ပါသည်။ 'သိမ့်မဒီ' တွေ့ခဲ့သမျှ အမျိုးသားတွေကဖြင့် ဒက်ဒီအရှိန်အဝါ ဒက်ဒီ့ပိုင်ဆိုင်မှုတွေကိုသာ မြင်ကြပြီး 'ဒီဒီ့'ကို သိပ်ကြီးအလေးအနက် မထားကြပါလေ။ အိမ်က သဘောမတူလို့ အမွေဖြတ်မယ်လို့သာပြောကြည့်။ 'ဒီဒီ' ကိုလှည့်ပင်ကြည့်လိမ့်မည် မထင်ပါ။

ဤမျှအထိ ကိုယ်ပိုင်အချင်းမဲ့ပြီး မိဘအရိပ်အမိုးခံနေရပါသည့် 'သိမ့်မဒီ'ပါလဲ။ စီးပွားရေးလောကထဲ ခြေစချစဉ်ကတည်းက 'ဒီဒီ' နာမည်ဖြင့် တက်လာတာမျိုးမဟုတ်ပါဘဲ 'အဲဒါ ဦးအောင်မြင့်သမီးပါ' ဆိုပြီး အများကသိခဲ့ကြတာမဟုတ်ပါလား။ ကိုယ့်အရည်အချင်းဆိုတာထက် ဒက်ဒီ့လမ်းညွှန်မှု၊ ဒက်ဒီ့ကြိုးဆွဲရာမှာ လမ်းကြောင်းအတိုင်း ပြေးနေရပါသည့် control ရုပ်လေးနှယ် ဖြစ်ခဲ့ရတာပါ။

"စတွေ့တာနဲ့ သူလည်း သမီးကို သဘောကျတယ်ပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း၊ ဒီဒီက သဘောကျတယ်လို့ သူ့ကို ပြောလိုက်တာ"

"ကောင်းကွာ၊ ငါ့မျက်နှာ ဘယ်သွားထားရပါ့မလဲ"

"ဒီဒီက ရိုးရိုးသားသားပဲ ပြောလိုက်တာပါ ဒက်ဒီရဲ့"

"ဒါပေမဲ့ တစ်ဖက်က တစ်မျိုးထင်ချင် ထင်သွားနိုင်တယ်လေ သမီးရယ်"

"မထင်ပါဘူး မာမီရယ်။ ဒီဒီ့ကိုကြည့်တဲ့အကြည့်တွေထဲမှာ အထင်သေးတာမျိုးမှ မတွေ့ရတာ"

"အင်း . . . ငါ့သမီးကတော့ တစ်ရက်ဆိုတစ်ရက် ထိထိရောက်ရောက် လေ့လာခဲ့တာပါပဲလား"

"ဒီဒီက အမွေးမြင် အပင်သိပါတယ် ဒက်ဒီ။ သူ့ဘက်ကစတွေ့ရုံနဲ့ သူ့ကိုယ်သူ ဘာဆိုတာကို ပြောကတည်းက သိလိုက်တာ"

"ဒါပေမဲ့ . . . တစ်ခုတော့ရှိတယ် သမီး"

"ဘာများလဲ ဒက်ဒီ"

"ထက်မြက်နန္ဒာအောင်ကိုတော့ ဒက်ဒီ့သမီး အတော်ဆုံးနားလည်ပေးရလိမ့်မယ်ဆိုတာပါ"

"'ထက်မြက်နန္ဒာအောင်' တဲ့လား။ သူမတို့ စကားပြောနေရင်းမှာ မြည်လာသည့် phone ကြောင့် သူ လှုပ်လှုပ်ရွရွဖြစ်သွားတာလေ





မျက်နှာပါ ခပ်အမ်းအမ်းဖြစ်ပြီး ထပြန်ချင်လာရတာ ဘာကြောင့်များလဲလို့။ သူ့ကိုယ်သူ မွေးစားသားမှန်း သိထားပါလျက် ဘာမှ မတော်စပ်သည့် မိန်းကလေးအပေါ် ခွင့်လွှတ်သည်းခံပေးနိုင်သတဲ့လား။ စိတ်ရင်းဖြူစင်မှုအပြည့်ဖြင့် ချစ်ပေးနိုင်သတဲ့လားကွယ်။

"အဲဒါတော့ ဟုတ်တယ် သမီး။ ဒါဒါလေးကို ငယ်ငယ်ကတည်းက မျက်နှာတစ်ချက် မညှိုးရလေအောင် အရိပ်တကြည့်ကြည့် ချစ်ခဲ့ကြတာကွယ့်"

"သူ့ကိုမွေးစားထားမှန်း ဒါဒါက မသိဘူးလား"

"မသိဘူး"

"အရွယ်ရောက်နေမှတော့ ပြောသင့်တာပေါ့, ဒက်ဒီ။ အချိန်မှမပြောရင် ဘယ်တော့မှ အသိပေးကြမှာလဲ"

ဒက်ဒီရော မာမီပါ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်လေ၏။ ဘာများလဲ၊ ဘာကိုများ လျှို့ဝှက်ပြီးသိမ်းထားသည့်ကိစ္စလဲ။ အခုက တစ်မိသားစုတည်းမို့ သေချာမပြောနိုင်ပေမယ့် သူတို့မိသားစုဝင်အဖြစ် သူမသာ ရှိခဲ့ပါက ဘာမဆို အကုန်သိထားရမှာပေါ့။

⁑

"ဘာကိုများ secret case လုပ်ထားကြတာလဲ မာမီ"

"အဲဒီကိစ္စကို ဒါဒါ ဘယ်တော့မှ သိလို့မဖြစ်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိစ္စလဲ"

"အင်း . . . ကြာတော့ကြာခဲ့ပါပြီ။ လွန်ခဲ့တဲ့ (၁၅) နှစ်လောက်ပေါ့။ အခုနေနေတဲ့ ခြံရဲ့နောက်ဘက်မှာ သူတို့ကျွဲကောပင်တွေစိုက်ထားကြတယ်လေ။ ဝါးရုံပန်းလေးလည်း အစက ရှိခဲ့တယ်"

မာဓိက ထမင်းစားတာကို လက်စသပ်နေလေပြီ။ မျက်နှာလည်း ညိုလာတာမို့ သတင်းကောင်းမဟုတ်မှန်းတော့ ရိပ်မိနေပါ။ ခြံထဲကအကြောင်းဆိုတော့ မိသားစုကိစ္စပဲပေါ့နော်။ သူတို့မိသားစု မည်သို့သော ကြေကွဲဖွယ်ရာ အတိတ်များ ရှိခဲ့ပါလိမ့်။ ရင်ထဲ အလိုလို နွမ်းလျလာတော့သည်။

"အဲဒီ ဝါးရုံသောမှာ မြေရေကန်လေးရှိခဲ့ဖူးတယ်။ Sunny တို့မောင်နှမ ခြောက်ယောက် Sunny ဆိုတာ ထက်မြက်နန္ဒာအောင်လို့ခေါ်တဲ့ Sweety ရဲ့အစ်ကိုအရင်း နန္ဒကျော်ကိုပြောတာပဲ။ မောင်နှမ နှစ်ယောက် ဆော့နေပြေးနေကျ လမ်းကလေးပေါ့။ တစ်နေ့မှာ သားလေးက စာကျက်နေတုန်း သမီးလေးက တူတူပုန်းတမ်း ဆော့တယ်ဆိုပြီး ပြေးထွက်သွားရင်း ရေကန်ထဲ ခြေချော်ကျသွားလေရဲ့"

"ဟင်!"

"အဲဒါကို စိုးရိမ်တကြီးနဲ့ Sunny လေးက ဆင်းကယ်တယ်"



"ဘုရား ဘုရား"

"အမှန်တော့ Sunny boy လေးက ရေကူးတတ်ပါတယ်။ ဒါပေမဲ့ ကလေး ကလေးချင်းဆိုတော့ နားမလည်ဘဲ ဆင်းကယ်တော့ ကော်လုံးပြီး ရေနစ်တော့တာ"

"ဒါဆို . . . ဒါဆို"

"ဟုတ်တယ် နန္ဒကျော်အစစ်က အဲဒီနေ့ အဲဒီနေရာမှာပဲ အသက် (၈) နှစ်အရွယ်လေးနဲ့ သေဆုံးခဲ့ရတာပါ"

"ဒါဖြင့်ရင် ဒါဒါတွေက"

"သမီးလေးကို အတော်ကယူလိုက်ရတာအမှန်ပဲ။ စိတ်ဒဏ်ရာကြောင့် လက်လွှတ်ရပြီလို့ကိုထင်ခဲ့တာ။ ကံကြွမ္မာကြောင့်ပဲလား၊ ဒါမှမဟုတ် ဘုရား 'မ' တယ်လို့ပဲ ပြောရမလား။ Catholic ကျောင်းတစ်ကျောင်းမှာ မိဘမဲ့ကလေးတွေ ရှိနေတာ မွေးစားလို့ရမှန်း သိပြီး စုံစမ်းရင်း Bobby ဆိုတဲ့ မောင်သီဟကို ရှာတွေ့ခဲ့တာပဲ"

"မောင်သီဟ" တဲ့။ အဘယ်မျှ ရဲရင့်သည့်အမည်ပါလိမ့်။ နာမည်ရင်းကို မေ့ထားရပြီး တစ်ပါးသူရဲ့အမည်ဖြင့် ရှင်သန်ကြီးပြင်းလာခဲ့ရတဲ့ သူ့ရင်ထဲမှာ အဘယ်မျှ နာကျင်နေရှာပါလိမ့်။ ဝမ်းနည်းဖွယ်၊ ကြေကွဲဖွယ် အတိတ်ဆိုးကြီးက အရိပ်မည်းကြီးအဖြစ် သူတို့မိသားစုမှာ ရှိခဲ့ရတယ်လို့။ ဒါကြောင့် သူ့မျက်နှာထက်မှာ အားငယ်ရိပ်တွေကို

www.burmeseclassic.com

www.burmeseclassic.com



အရှင်းသား မြင်နေရတာကို။

"ဒါဖြင့် အဲဒီ Sunny အကြောင်းကို သူသိတယ်ပေါ့"

"သိတယ်၊ သေချာပြောပြပြီးမှ ခေါ်လာခဲ့တာ"

"ကလေးချင်း လူစားထိုးထားတာကို ဒါဒါက မသိဘူးလား"

"မသိခဲ့ဘူး၊ ဆေးရုံမှာ တစ်လကြာ ဆေးကုသခံခဲ့ရတာကြောင့် မမှတ်မိတာလည်း ဖြစ်နိုင်တယ်။ ပြီးတော့ မောင်သီဟက Sunny နဲ့ အတော်လေးဆင်ခဲ့တဲ့ကလေး ဖြစ်နေခဲ့လို့ပါ"

"ဟင်! "

"ဒါကြောင့် အဲဒီအကြောင်းကို ဒါဒါ ဒီတစ်သက် သိလို့ မရဘူးလို့ ပြောတာပေါ့"

အလို! ဒါကြောင့်ကိုး။ ဘာမှ သွေးသားမတော်စပ်ပါသည့် မိန်းကလေးကို ညီမအဖြစ် တော်ရပြီးမှ မိဘတွေကိုရခဲ့သည့် အခွင့် ပါလား။ သူ့ရင်ထဲမှာ မျိုသိပ်ထားခဲ့ရပါသည့်ကိစ္စတွေ ဘယ်လောက် များ ပြည့်နှက်နေပါလိမ့်နော်။ ဟိုကောင်မလေး တစ်ချက်ငိုသံပေးလိုက် တာနှင့် ကြိမ်တို့ခံရသည့်နှယ် ဝေါက်ခနဲ ထသွားတော့တာပါလေ။ အဲဒီလောက်ထိတောင်မှ မျက်နှာရိပ် မျက်နှာကဲကြည့်ပြီး ကျေးဇူးဆပ် နေရပါလား။

"သမီးလည်း ဒီကိစ္စကို ဘယ်တော့မှ ထုတ်မပြောမိပါစေနဲ့"





"ဒီဒီနားလည်ပါတယ် ဒက်ဒီ။ စိတ်ချပါ"

"ဘာပဲဖြစ်ဖြစ် မာမီ့သမီးက အကြီးဆိုတော့ သဘောထား ကြီးနိုင်မှဖြစ်မှာ"

"ဘာကိုလဲ မာမီ"

"သူ့အစ်ကိုကိုချစ်တဲ့ ဒါဒါ့ရဲ့သံယောဇဉ်ကိုပြောတာ"

"ဒါတော့ဟုတ်တယ်သမီး။ ဒါဒါလေးက မောင်နန္ဒကို အတော်လေး ဆိုးနွဲ့သလို ချစ်လည်းသိပ်ချစ်ခဲ့တာ။ ဒီတော့ သူတို့ ဆယောက်ကြားထဲကို ဝင်ရမယ့် သမီးအတွက် အတော်တော့ ခက်ခဲ ဦးမှာမယ်"

"ဟင်! ... ဒက်ဒီကလည်း သူ့ကို လက်ထပ်မယ်လို့များ ဒီ ပြောမိလို့လား"

"ကိုယ့်သမီးပါးစပ်ဟတာနဲ့ ရင်ထဲကို အကုန်မြင်ရပါတယ် သမီးရယ်"

"အာ"

သူမမျက်နှာရဲသွားရပါ၏။ 'အချစ်' ဆိုတာဘာလဲ၊ ကရုဏာ သက်ခြင်းမှ အစပြုသည့် သံယောဇဉ်က ပိုပြီးများ နိုင်မာလေသလား။ မြင်မြင်ချင်း ချစ်မိသည်ဆိုတာထက် သူ့အကြောင်းကို ပိုသိလာခြင်း ကြောင့် ရင်ထဲမှာ ပို၍ ခိုင်မာလာရသလိုပါ။



www.burmeseclassic.com

www.burmeseclassic.com



'ကို' 'ကို' လို့ ခေါ်ပါရစေ။ နာကျင်နေသည့်ရင်ကို လူ
သည့် ပရုတ်ဆီလေးပဲဖြစ်ဖြစ်၊ မငိုရဲဘဲ ငေးငိုင်တွေဝေနေသည့်သူ
တွဲခေါ်မယ့် လက်တစ်စုံအဖြစ် ဘဝလမ်းကို ဆက်လျှောက်ဖို့အတွ
နောက်ဘက်မှ တွန်းအားပေးနေမည့် လက်တွဲဖော်အဖြစ် 'ဒီဒီ'
ခွင့်ပြုပေးပါနော်။

❊ ❊ ❊



## (၁၁)

တိုက်ထဲမှထွက်လိုက်ပြီး ကားဂိုဒေါင်ရှိရာဆီသို့ လှမ်းလိုက်စဉ်
နှာတည့်တည့်သို့ ရေမှုန်ရေမွှားတို့က ရောက်လာလေ၏။
ဘက် ခြံကျယ်ကြီးကို ဒီထိရောက်အောင် ဟိုတစ်ဖက်ခြံမှ ရေပိုက်
လှမ်းထိုးလိုက်သလိုပါပဲလား။ အုတ်တံတိုင်းတစ်ဝက် သံတိုင်
ဝက်ကာခြားထားပါသည့် ခြံဘေးဘက်သို့ လှမ်းကြည့်လိုက်မိပါ
ည်။

"Morning!"

"ဟာ! လန့်လိုက်တာ ပိုင်ရာ။ ဘယ်တုန်းကပြန်ရောက်လဲ"

"သုံးလေးရက်လောက်တော့ရှိပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ငါ့ကို ဘာလို့မပြောတာလဲ"

"ဟင်းဟင်း ... ပြန်ရောက်ကတည်းက အိမ်ကပ်တယ်... လို့မှ မရှိတာ။ နင် ဘယ်မြင်ပါ့မလဲ။ အခု အလုပ်လား"

"ဒါပေါ့၊ ငါက နင့်လို ဟိုမှာရှာ ဒီမှာပြန်ဖြုန်းနိုင်တဲ့ သူ... မဟုတ်တာ။ လခစားဟဲ့"

"ဣန္ဒြေရှစ်ဆယ် သူဌေးသမီးကများ ညည်းနေရသေး ... ဒီတစ်ခါတော့ နင်ရောင်းစွံပြီဆို"

"အံမာ ... လူကိုများ ရောင်းကုန်ထင်နေလား"

"ဒါပေါ့ဟ၊ ငါနဲ့ရွယ်တူဆိုတော့ နင့်အသက် အခု (...) နောက် သုံးလေးနှစ်ဆို အိုပယ်ဖြစ်သွားလိမ့်မယ်။ ခုကတည်း... အမိဖမ်းထား"

"ကြည့်စမ်း! ... နင်နော်"

ရွပ်ကျယ်ရှိုင်းပြတ်ဖြင့် အပင်ချေဖြန်းနေပါသည့် 'ပိုင်ဖေ...' က သူမကို ထုံးစံအတိုင်း စလေပြီ။ ငယ်သူငယ်ချင်းမို့ ပြော... ဆိုမနာပါပဲ၊ 'ဒီဒီ' အတွက်ဆိုပြီး အပြင်မှာ သတို့သားလောင်း (...) မရှာပေးခင်က 'ပိုင်' နှင့်မြန်းရန် စီစဉ်ခဲ့ဖူးလေ၏။ 'ဒီဒီ' ရော ... ပါ ခါးခါးသီးသီး ငြင်းဆန်သလို နှစ်ယောက်သား ဟားတိုက်ရယ်... ခဲ့မိကြတာပါ။ နှပ်ချေးတွဲလောင်းဖြင့် ငယ်ဘဝကို အစဖော်...





...တတ်သည့် 'ပိုင့်' ကို သူမ မည်သို့ရင်ခုန်ရပါ့မည်နည်း။

အခုလည်းကြည့်ပါ။ တွေ့သည်နှင့် လူကို ဖဲ့ပြ နှိပ်ကွပ်ပြဖို့ ...အဆင်သင့် မဟုတ်လား။ ဘောင်းဘီတို ရွပ်ကျယ်ဖြင့်ပင် ဝတ်ထား ...သော်ငြား ယောကျ်ားပီသသည့် body ကို မြင်နေရပါ၏။ သို့သော် ...၍အဆက်အပေါက်ကိုလည်း သူမက ရင်မခုန် စိတ်မလှုပ်ရှားမိပါ ...လေ။

"ငါ့ကိုပဲ ပြောမနေနဲ့၊ နင်လည်း ပြူးပြဲရှာထားဦး။ တော်ကြာ ...ဒီတစ်ယောက်ကိုပါ ငါငြင်းလိုက်ရင် ငါ့ညွတ်ကွင်းထဲ နင် ကွိခနဲ ...ခိမယ်မှတ်"

"ဟား ဟား ဟား ဟား"

"မဒီတို့တော့ လုပ်ချလိုက်ပြန်ပြီ။ နင့်ကိုသာ ငါယူရရင် ...မြန်မာပြည်ကို လုံးဝပြန်မလာတော့ဘူးမှတ်။ ဟိုမှာ အပြီးပဲနေလိုက် ...တော့မယ်"

"အေးပါ ... အေးပါ၊ နင့်မျက်စိထဲမှာ ပေါင်ဖြူဖြူလေးတွေ ...ကိုပဲ ကြည့်ကောင်းနေတာကိုး"

သူ ပြုံးစိစိဖြစ်သွားရလေ၏။ အဲဒီလို အရပ်ကလန်ကလား ...ခြင်း ဖြူစုတ်စုတ်အသားအရေ နိုင်ငံခြားသူတွေက သူ့ရင်ကို မကိုင်လှုပ် ...နိုင်တာလေ။ 'ပိုင်ဖေမင်း' ၏နှလုံးသားကို ဆွဲကိုင်လှုပ်ယမ်းနိုင်ခဲ့သည့်



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးက ဒီမြန်မာပြည်မှာပင် ရှိနေခဲ့တာ မဟုတ်ပါလား။

'ဒါဒါ' တဲ့။ 'ထက်မြက်နန္ဒာအောင်' ဆိုသည့် နာမည်ငါးလုံးနှင့် မိန်းမချောလေးရယ်။

"ဟယ်! တကယ်တွေ့နေပြီထင်တယ်၊ ငါးသလဲထိုးပြုံးနဲ့"

"ငါးသလောက်ပြုံးလောက်တော့ နိုင်းပါကွာ"

"ပြောပါဦး။ ဘယ်နိုင်ငံမှာ သင်္ဘောဆိုက်ပြီး တွေ့ခဲ့တာလဲ၊ မောင်ဖနက္ကရယ်"

"အဟဲ! ... ဘယ်နိုင်ငံမှာမှ တွေ့ခဲ့တာမဟုတ်ဘူး။ မဟာရန်ကုန်မြို့ရောက်မှ ဒီထဲက heart ထိခဲ့တာ"

"ပေါ်လိုက်တာဟယ်"

"တကယ်ပြောတာ မဒီရဲ့။ ဆံပင်ကရှည်ရှည်စင်းစင်းလေးနဲ့ ဒီလောက်ထိရှိတယ်။ မျက်ဝန်းနက်နက် တောက်တောက်လေးနဲ့ နှာတံက စင်းစင်းလေး။ နှုတ်ခမ်းလေးကအစ ကျစ်! အသည်းခိုက်အောင် လှတာ"

"နှာဘူး။ နင် အတော်ဘူးကျတာပဲ"

"ဒါတောင် မျက်နှာလေးပဲပြောရသေးတာ body weight က ပေါင်တစ်ရာတောင်ပြည့်ရဲ့လားမသိဘူး။ ပါးပါးကျစ်ကျစ် slim လေး"





"ကြည့်စမ်း! ... စတွေ့တာနဲ့ ပွေ့လိုက်ရတယ်ပေါ့လေ"

"ဒါပေါ့ ... ဒါပေါ့၊ ရာသီဥတုက ကိုယ့်ဘက်ကို (99%) ာက် ပါနေတာလေ။ Plaza မှာ နင်ကြိုက်တဲ့ perfume သွားဝယ် း အဲဒီမှာတွေ့တာပဲ"

"အံမယ်! ... ဟိုမှာ ဝယ်မလာဘဲ ဒီမှာရှာဝယ်တာပေါ့လေ။ ောက်ကြီးပွားချမ်းသာမယ့်အကောင်၊ ဘယ်မလဲ"

"အဟဲ! ... သူနဲ့ကျမှ တိုက်တိုက်ဆိုင်ဆိုင် တိုက်မိပြီးကျကွဲ ွားပါရော"

"ဟယ်! ... အတော်သင်းတဲ့ reason ပိုင်ဖမေင်းတို့တော့ ပ်ချလိုက်ပြီ"

"Sorry ပါ မဒီရာ။ အဲဒီမှာလည်း တစ်ဘူးပဲကျန်တော့တာ ဲ့ နောက်လမှ လာထပ်ရှာပါဆိုလို့ စောင့်လိုက်နော်"

"အဲဒါနဲ့ ပွေ့တာ ပိုက်တာက ဘယ်လိုဖြစ်ရတာလဲ"

"ဟင်းဟင်း ရုပ်ရှင်ထဲကအတိုင်းပေါ့ကွာ။ ကောင်မလေးက ွေးနံ့မခံနိုင်လို့ မူးလဲ၊ မင်းသားကပွေ့ချီ။ ဒီလို ဒီလိုတွေဖြစ်ခဲ့တာ"

"အင်း ရူးတာ ရူးတာ၊ ငါ့သူငယ်ချင်းတော့ ယဉ်ယဉ်လေးနဲ့ ွားရှာပြီကိုး။ ရှာသာကြီးကို phone ဆက်ထားရတော့မယ် ထင် ယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့လည်း နင်က ငါ့ကို ထမင်းလာပို့ပေးပေါ့ဟာ"

နှစ်ယောက်သား ပေါ့ပါးစွာ ရယ်ဖြစ်ကြလေ၏။ မိန်းကလေး တစ်ယောက်၏အလှကို 'ပိုင်' မြင်တတ်ပါရောလား။ ဒါဖြင့် သူကရော 'ဒီဒီ'အလှကို မြင်ပါ့မလား။ တော်ရုံမိန်းကလေးတွေ ရုပ်သိပ်မလှလျှင်လည်း ဆံပင်ရှည်လေးထားပါက ဆံပင်ကထိန်းပေးသွားသဖြင့် မျက်စိထဲ ယဉ်သွားရသလိုပါ။ အခုဖြင့် သူမက ဆံပင်ကို တိုတိုကပ်ကပ်ညှပ်ထားပြီး (အချိန်မပေးနိုင်သဖြင့်) လှတပတ ခြယ်သတာမျိုးလည်း မလုပ်ဖြစ်ပါလေ။

ဒီတော့ ဒီလိုယောကျ်ားဆန်သည့်ပုံစံကို စိတ်ဝင်စားပါ့မလား။ ဝတ်ဆင်ပုံကိုကအစ စကပ်အရှည်ကို တစ်ခါတစ်ရံမှသာ ဝတ်ဖြစ်ပြီး များသောအားဖြင့် blouse နှင့် style pants တွေကိုသာ ဝတ်လေ့ရှိတာပါ။ နွဲ့နွဲ့နှောင်းနှောင်း၊ သိမ်သိမ်မွေ့မွေ့ မဟုတ်သည့် 'သိမ့်ဒီ'ကို ယောကျ်ားလျာဟု ထင်နေမှဖြင့် –

ခြောက် 'သူ' ရယ်။

"ဟာ! ... မေးတာမကြားဘူးလား"

"ဟင်! ... ဘာကိုလဲ"

"နင်ရွေးလိုက်တာ ဘယ်တစ်ယောက်လဲလို့လေ။ ဆရာဝန်လား၊ ငါ့လို အင်ဂျင်နီယာလား"





"နှစ်ခုစလုံးမဟုတ်ဘူး"

"ဒါဆို Business man ပေါ့လေ"

"ဆိုပါတော့"

"ဒါဖြင့် နင်တို့အိမ်တော့ ငွေပုံ ငွေတောင်ကြီး ဖြစ်တော့မှာပဲ"

"ဟင်း ... ဟင်း၊ သူက ငွေကို အဲဒီလောက် လောဘကြီး ရှာတတ်တဲ့လူ မဟုတ်ပါဘူး ပိုင်ရယ်။ လူရိုးလူအေးလေးပါ"

"ညွှန်းလှချည်လား"

"နင့်ကို တစ်ရက်တော့ ငါ မိတ်ဆက်ပေးပါ့မယ်"

"အေးပါ၊ ဦးသူကြွားအလှည့်ပေါ့"

"ငါသွားတော့မယ်"

"အေး"

အခုမှပင် ဂိုဒေါင်ထဲမှကားကို ထုတ်ခဲ့ပြီး ခြံထဲမှ ထွက်ဖြစ်သည်။ 'ပိုင့်' ကို ကားပြတင်းမှတစ်ဆင့် လက်ပြနှုတ်ဆက်ရင်း ကားကို ဆက်မောင်းခဲ့ပါသည်။ 'ကို'၊ 'ဒီဒီ' တို့ ထပ်ဆုံကြဦးမှာပါ။ ဒီထက်ပိုပြီးရင်းနှီးလာအောင်၊ ဒီထက်ပိုပြီး နီးစပ်ခွင့်ရအောင်၊ ဒီထက်ပိုပြီး နှလုံးသားချင်း နွေးလာစေဖို့ ထပ်ဆုံကြဖို့ လိုအပ်တာပေါ့ပါပဲ။

"သွားရေ! "



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ! မာမီ"

"ရေစိုကြီးနဲ့ ကြာနေပြီလေကွယ်"

"ပြီးပြီ မာမီရေ၊ ပြီးပြီ"

ရေပိုက်ကို ဘုံပိုင်ချိတ်မှာ ချိတ်လိုက်ပြီးနောက် ခလုတ်ပိတ်လိုက်ပါ၏။ သူပြန်ရောက်တာနှင့် ဟိုဟိုဒီဒီ အကုန်လျှောက်လိုက်လုပ်နေတာမို့ အလုပ်သမားတွေလည်း စိတ်ညစ်နေလေပြီ။ မာမီလည်း အခုလိုချည်း အော်နေရတာမဟုတ်ပါလား။ မနက်စောစောထပြီး လေ့ကျင့်ခန်းလုပ် ရေချိုးပြီးတာတောင် အငြိမ်မနေဘဲ အလုပ်တွေ ရှာကြံလုပ်မိတာက 'ပိုင်ဖေမင်း' ဟူသည့် သူ့အကျင့်ပါပဲ။

"လာပါပြီ မာမီ"

"အစာစားဖို့ကအစ ခေါ်နေရတယ်။ အာဟာရေသိဒ္ဓိတွေ ပြည့်နေလား။ ခါတိုင်းတော့ မိုးလင်းတာနဲ့ ဗိုက်ဆာနေပြီဆိုပြီး အော်နေတဲ့သူက"

"ဆာတာတော့ ဆာတာပေါ့ မာမီရယ်။ မာမီအလုပ်ရှုပ်နေမှန်းသိတော့ အလိုက်သိရတယ်လေ"

"ကြီးကြီးကျယ်ကျယ် ပြောပြန်ပါပြီ။ မဒီလေးစွံပြီးတဲ့နောက် မာမို့သား နောက်ကောက်မကျစေနဲ့"

"စိတ်ချ မာမီ၊ ကျွန်တော်ရှာတွေ့ပြီးသား"





"ကြည့်စမ်း! ... တကယ်လား။ ဒါဆိုလည်း အိမ်ခေါ်လာခဲ့တော့လေ သားရဲ့"

သူ တဟားဟား အော်ရယ်လိုက်မိလေ၏။ ခေါ်လာတော့တဲ့သား။ တွေ့တာကဖြင့် မိနစ်ပိုင်းပါပဲ။ သို့သော် ထိုမိနစ်ပိုင်းကာလလေးမှာပင် မွှေးရနံ့တို့နှင့်အတူ နူးညံ့အိစက်သည့် အထိအတွေ့ အငွေ့အပိုက်တွေကို သူရခဲ့တာပါလေ။ 'ဒါဒါ' တဲ့။ အိမ်ခေါ်အမည်လေးက ချစ်စရာကောင်းသလို နာမည်အရင်းကမှ သူမကို ပိုစိတ်ဝင်စားစရာ ဖြစ်နေခဲ့ပါ၏။

'ထက်မြက်နန္ဒာအောင်' ကိုယ်တို့ ထပ်ဆုံကြဦးမှာပါနော်။

"ဟယ် ရယ်မနေနဲ့လေ။ မာမီက အကောင်းပြောနေတာကို"

"ကျွန်တော်လည်း အမှန်ပြောနေတာပါ မာမီရယ်။ ခက်တာက ကောင်မလေးကို တစ်ခါပဲတွေ့ဖူးသေးတာ။ နာမည်ကလွဲပြီး ဘာဆို ဘာမှ သေချာမသိသေးဘူး"

"ညံ့ပါ့တော်"

"ဟင်းဟင်း ... ဒါမျိုးက *Intro slow go go* လေးနဲ့ ညင်ညင်သာသာလေးပြောရတာ မာမို့ရဲ့။ အချိန်တိုတိုလေးနဲ့ ဝိုင်းဒိုင်းကြဲလိုက်ရင် လန့်ပြေးသွားမှာပေါ့"

"အေးပါ ... သူများနောက်ပါမသွားရင် ပြီးတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်မလေးက simple အလှလေးဗျ"

"ဘယ်လို"

"ဒီခေတ် ဖလန်းဖလန်းတွေကြားထဲမှာ ဒီလိုယဉ်ယဉ်လေး... တဲ့ အလှကို ရှာတွေ့လိမ့်မယ်လို့ကို ထင်မထားဘူး။ တကယ်ယဉ်... ချောတာ မာမီရဲ့"

"အလိုတော်! ... ဒီခေတ်ကြီးထဲမှာ ဒါမျိုးရှိသေးလို့လား... ပုံတုံးကြီးတော့ ခေါ်မလာနဲ့ဦးနော်"

"ပုံမတုံးပါဘူး မာမီရယ်၊ ဆံပင်ရှည်ရှည်လေးထားတတ်... ရယ်၊ ကလေးဆန်ပြီး ချစ်ဖို့ကောင်းတာရယ်ကြောင့် ကျွန်တော့် he... ထိသွားရတာပါ"

"တယ်ဆိုတဲ့စာပဲ၊ ကမ္ဘာပတ်လာတဲ့ မာမီ့သား မျက်လုံး... ဒီလိုအလှမျိုးကိုမှ ရှာတွေ့ရတယ်လို့၊ မဒီရော သိပြီလား"

"အခုလေးပဲ ပြောလိုက်သေးတယ်၊ သူ စိတ်မဝင်စားပါ... ဒင်းက အချစ်ကို calculator လောက်တောင်မှ ဂရုမစိုက်တတ်..."

"ဟဲ့! ပြောတော့မယ်၊ ကိုယ့်သူငယ်ချင်းကို"

"ဒီတစ်ယောက်နဲ့ သေချာပြီပြီမို့လား"

"တွေ့တော့ တွေ့နေတယ် ပြောတာပဲ။ နုနုကတော့ ... တစ်ယောက်တော့ သေချာသလောက်ဖြစ်ပြီတဲ့လေ"





သူ ခေါင်းညိတ်လိုက်ပါ၏။ နည်းနည်းစောသေးတာ မှန်ပေ... ယ့် မာမီက သူ့အတွက် ထမင်းပွဲကို စောစောပဲ ပြင်ပေးနေလေပြီ။ ...ယ်စဉ်က စာပြိုင်ဘက်ဖြစ်ခဲ့ပြီး မတည့်အတူကြီးပြင်းခဲ့သည့် ပေါက်... ...ကျော်မလေးတောင် စွံတော့မှာပါလား။

အထက်တန်းကို ထူးထူးချွန် ချွန်အောင်မြင်ခဲ့ကြပေမယ့်... ...ဒီ' က သာမန် major ဖြင့်သာ ဘွဲ့ယူခဲ့ပြီး သူကတော့ ရေကြောင်း... ...ပွဲမှတစ်ဆင့် နိုင်ငံခြားမှာပင် Engeneering ကို ကျွမ်းကျင်တတ်... ...မြောက်ခဲ့ရတာပါ။

သဘောလိုင်းကို ရွေးခဲ့စဉ်မှာ 'မဒီ' ကဖြင့် ဖခင် 'ဦးအောင်... ...မိုး' ၏တောင်ဇော်းအဖြစ် ဒီလောကမှာ အကျွမ်းတဝင်ရှိနေလေပြီ။ ...န်းကလေးဖြစ်ပေမယ့် စီးပွားရေးကို အမြင်ကျယ်စွာ လုပ်ဆောင်နိုင်... ...နေပါသည့် အာဂအမျိုးသမီးလေးပါပဲ။ ဤသို့သော မိန်းကလေးနှင့်... ...မ်ဖက်မိဘတွေ စီမံပေးချင်ကြပေမယ့် သူရော 'မဒီ' ပါ နှလုံးသား... ...ာ အချက်မပြတာမို့ ရယ်ရယ်မောမောဖြင့် ငြင်းဆန်နိုင်ခဲ့ကြတာပါ... ...လေ။

"သားပိုင် ... ကောင်မလေးက အတော်ငယ်လို့လား"

"ကျောင်းတက်နေတုန်းပဲဆိုတော့ (၁၉) (၂၀) လောက်... ...ပြီပေါ့ မာမီရဲ့။ ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမဟုတ်ပါဘူး။ သိင်းငယ်လွန်းနေရင် မာမီ့သား

နေရမှာစိုးလို့"

"မာမီ့သားက မဒီ့ထက်နောက်မကျစေရပါဘူးဗျာ။

မကြာခင် ခေါ်လာပြပါ့မယ်"

သေချာခြင်းက ရင်တွင်းမှဖြစ်တည်လေ၏။ ကံကြမ္မာဆို

က မထင်မှတ်တာတွေကို ဖြစ်စေတယ်ဆိုရင် ကိုယ်တို့ နောက်

ဆုံခွင့်ရနိုင်မှာပါ 'ဒါဒါ'။

* * *



(၁၂)

ခြံထဲဝင်လာပါသည့် 'ကိုကို့'ကားကို လသာဆောင်ပေါ်မှာ စာကျက်နေရင်း မြင်လိုက်ရလေ၏။ လက်ရမ်းကို ကျော်မှီ၍ စာကျက်နေသည့် သူမက အသံကြားသည်နှင့် လှည့်ကြည့်မိတာပါ။ စာမေးပွဲ နီးပြီမို့ သူငယ်ချင်းသုံးယောက်စုပြီး စာကျက်ဝိုင်းလုပ်ဖြစ်တာ နှစ်တိုင်းပါပဲ။

"ကိုကိုပြန်လာတာလား"

"အင်း"

"နင့်ကိုကိုကို ဝယ်ပေးထားတဲ့နာရီ ပေးပြီးပြီလား"

"ဟုင့်အင်း"



www.burmeseclassic.com

www.burmeseclassic.com



အလို! ဟုတ်သားပဲ။ ဝယ်ထားတာဖြင့် နှစ်ပတ်ကျော်ကြာနေ
ပြီ။ ပေးဖို့ ဘာကြောင့် သတိမေ့နေရပါလိမ့်။ ခုတစ်လော Exam
ဖြေရမှာကြောင့်လား စိတ်ပူပန်ပြီး ဟိုမေ့ဒီမေ့ဖြစ်တာ မကြာခဏ
မဟုတ်လား။ ဘာတွေဖြစ်နေပါလိမ့်နော်။ နေပါဦး၊ အဲဒီဘူး
ဘယ်နားမှာထားမိပါသလဲ။ ဒါကိုလည်း မမှတ်မိပြန်ပါ။

"မီဒါ"

"အင်း"

"ဘာတွေ တွေးနေတာလဲ။ ဟိုတစ်နေ့က smart boy
ကိုများ လွမ်းနေတာလား"

"သေဦးမယ်၊ ငါက ဘာလို့ သတိရနေရမှာလဲ၊ လွမ်းဖို့
ဝေးသေး"

"ပြောတာပဲ၊ နင့်ပုံစံကိုက တစ်မျိုးဖြစ်နေတာ"

'ရတနာ' ကို နှာခေါင်းရှုံ့ပြလိုက်မိ၏။ သင်ဖျူးဖျာထက်
သံစားပွဲလေးထောင့် နှစ်လုံးဆက်ကာခင်းထားပြီး လေ့လာနေပါသည့်
စာအုပ်တွေက နေရာအနှံ့ ပွယောင်းနေလေသည်။ သူမ copy စာအုပ်
တွေ text တွေကိုဖြင့် စာရွက်အချောအထူတို့ အုပ်ထားကာ အဖုံး
ဖွင့်ကြည့် လှန်လျှောမိပါက 'ကိုကို့' လက်ရေးဝိုင်းဝိုင်းလေးတွေဖြင့်
ရေးထားပါသည့် သူမအမည်တို့ကို မြင်ရမှာလေ။





မသိလျှင် မိန်းကလေးလက်ရေးဟု အထင်မှားရလေအောင်
လှပလွန်းပါသည့် လက်ရေးတို့ပါပဲ။ အခန်းထဲမှာ စီထားပါသည့်
ဘောလ်ပင်ထည့်ခွက်တွင်းမှ ဘောလ်ပင်လှလှလေးတွေ၊ fancy
ခဲစွည်းလေးတွေ၊ မှန်တင်ခုံရှိ ကလစ်လှလှလေးတွေ၊ ခေါင်းစည်းကြိုး
လှလှလေးတွေကို သူမ ရှာဝယ်စရာမလိုရလေအောင် 'ကိုကို' ပင်
အမြဲတစေ ဝယ်လာပေးတာပါ။

"တကယ်ပဲ မမှတ်မိတာလား"

"နာမည်က အမိုက်စားပါဟယ်။ ဘာပိုင်ဆိုလား"

"ပိုင်ဖေမင်းပါဟ့ယ်"

"တွေ့လား၊ ပြောတော့ မမှတ်မိဘူးဆိုပြီး မိန်းမကိုက"

"အေးလေ"

ရယ်သံတွေထွက်လာလေ၏။ မေမေက စားစရာ၊ သောက်
စရာတွေ တစ်ခုပြီးတစ်ခု လာပို့ပေးနေသဖြင့် အာရုံပျက်ရတာမို့ တားရ
သည့်အထိပါ။ အခုတော့ 'ကိုကို' ကမ္ဘာ့မှ စောပြန်လာပြီမို့ စိတ်ထဲမှာ
ခရိုးမရှု ဖြစ်လာရလေ၏။ ခါတိုင်းလို အသံကျယ်ဖြင့် အော်ဟစ်ပြီး
ပြေးကြိုလိုက်ချင်ပေမယ့် 'ရတနာ' နှင့် 'ပုလဲ' ရှိနေသဖြင့် ဆင်ခြင်
နေရတာပါ။

"နင့်အစ်ကို ဒီနေ့စောတာပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

ခါတိုင်း သူငယ်ချင်းတွေ ပြန်သွားပြီး မှောင်ခါနီးမှ ပြန်လာ နေကျဖြစ်ပေမယ့် ဒီရက်မှာဖြင့် ညနေ လေးနာရီမထိုးခင် ပြန်လာ ဘာကြောင့်ပါလိမ့်။ ချက်ချင်း အပေါ်ထပ်သို့တက်မလာသဖြင့် စိတ် လာရလေသည်။ ဘာလဲ မျက်နှာလေးတောင် တစ်ချက်လာမပြ လား။ ဒါမှမဟုတ် မေမေကပဲ 'ဒါဒါ' ကို အပေါ်မှာ သူငယ်ချင်း နှင့်အတူ ရှိနေသည်ဟုများ အသိပေးထားလိုက်လို့များလား။

"ကုမ္ပဏီအလုပ်တွေက ဒီလိုအစောကြီး ဆင်းတာမျိုး မရှိ ဘူး"

"ကိုကိုက ဖေဖေ့ရဲ့ အလုပ်အခွင့်အရေးခံပဲဟာ။ ဒီလော တော့ pass ပဲ"

"အမြင်ကပ်လာပြီ၊ သူ့အစ်ကိုကိုဆို ကြွားချင်လွန်းပဲ့"

"နင်တို့မသိပါဘူးနော်။ ကိုကိုနဲ့ငါက အင်း သူများတွေထ ပိုချစ်ကြတယ်"

"ရှူးပဲ့"

"အေးလေ မယုံဘူး"

"ဒါဆိုလည်းကြည့်လေ"

"ဘာကိုလဲ"





"စောင့်ကြည့်လိုက်လို့ပြောတာ"

'ရတနာ' အိမ်မှ ကားလာကြိုမှာမို့ ပြန်လျှင် သယ်မည့် အအုပ်တို့ကို သေချာစီထပ်ထားလိုက်ပါသည်။ 'ပုလဲ', စာအုပ်နှင့် အမည်စိုး၍ သပ်သပ်စီခွဲပုံထပ်လိုက်ပါ၏။ လသာဆောင်တံခါးက င်းလင်းဖွင့်ထားပေမယ့် ဇာခန်းစည်းပိတ်ထားသဖြင့် အပေါ်ထပ် က်လာသည့်လူကို လွယ်လင့်တကူ မတွေ့နိုင်ပါ။ သူမ ခါးကြားဆန့် င်း အညောင်းဖြေလိုက်မိသည်။ ဇာခန်းစည်းက အလယ်မှ ဖျတ်ခနဲ ဲသိမသာလေး ဟသွားသဖြင့် လှစ်ခနဲ ပြုံးလိုက်မိလေတော့သည်။

"ဘာလဲဟဲ့!"

"ငါပြောတယ်လေ"

ဖျာထက်မှ ဆတ်ခနဲထရပ်လိုက်ပြီး 'ကိုကို' ရပ်နေသည့် နေရာသို့ ခပ်သွက်သွက်လျှောက်လိုက်မိ၏။ ပြီးနောက် လိုက်ကာ စ်ဖက်ကို ဆွဲဖယ်လိုက်စဉ် သူမကို ပြုံးကြည့်နေပါသည့် အကြည့်တို့ နှင့် ဆုံသွားရလေသည်။ ပြောသားပဲ။ သူမ 'ကိုကို' က ထိုသို့ပင် ိမ်ပြန်ရောက်တာနှင့် အခုလို ရှာတတ်တာပါလေ။ အဘယ်မျှ ချစ်ဖို့ ကောင်းလိုက်ပါသလဲ။

"ကိုကို"

"စာကျက်နေတာဆို၊ ဘာလို့ ထလာရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"လွမ်းလို့ပေါ့၊ မနက်က အစောကြီးထွက်သွားတာ ဒါဒါ့မှ မသိလိုက်တာ"

"ညမှယူမလား၊ ဒါမှမဟုတ် အခုယူမှာလား"

"ဘာကိုလဲ"

"Birthday gift လေ"

"ဟင်! မနက်ဖြန်မှကို"

"ဒါဖြင့် မနက်မှပဲ ယူပေါ့"

"အာ . . . မရပါဘူး၊ အခုပေး"

"အခု သူငယ်ချင်းတွေ ရှိတယ်လေ"

"ရှိရှိပေါ့၊ ဘာဖြစ်လဲ"

"သူငယ်ချင်းကလည်း ပေါင်းတတ်တယ်။ တစ်ယောက်က ဖြူဖြူ၊ တစ်ယောက်က ညိုညိုနဲ့"

သူမ သဘောကျပြီး ရယ်မိလေတော့၏။ မိတ်ဆက်ပေးမည် ဟု မပြောခင် ဝေဖန်ချက်က ရယ်စရာမဟုတ်လား။ 'ကိုကို့' ကို ပေးပါဆိုပြီး စသလို နောက်သလို တောင်းကြတာ မှန်ပေမယ့် 'ကိုကို' ကဖြင့် ထူးထူးဆန်းဆန်း စိတ်ဝင်စားပုံမျိုးမပြပါလေ။ ဒီလောက်ဆို လျှင်ဖြင့် စိတ်ချရပြီမို့ 'ကိုကို့' လက်ကိုဆွဲ၍ လသာဆောင်ဘက် ခေါ်လိုက်မိတော့သည်။





"ဘာလုပ်မလို့လဲ၊ ကိုကို ရေမချိုးရသေးဘူးလေ"

"ဒီအတိုင်းလေးလည်း ကိုကိုက လန်းပါတယ်နော်။ သူငယ် ချင်းတွေနဲ့ မိတ်ဆက်ပေးမလို့ပါ"

"ဪ"

မျက်နှာမှ အပြုံးကလျော့မသွားပါ။ တစ်ကြိမ်တစ်ခါမှ ဤသို့ ကလေးတွေနှင့် တိတိပပ မိတ်ဆက်ပေးခဲ့တာမှ မရှိခဲ့ပါလေ။ ခုမှ ဘာစိတ်ကူးပေါက်ပြီး ဒီလိုမျိုး မိတ်ဆက်ပေးချင်ရပါသလဲ။ လက်မောင်းကို တင်းတင်းဆုပ်ကိုင်၍ ဟိုကလေးမနှစ်ဦးရှိရာဆီ ခေါ်လာလေပြီ။

"ကိုကို"

"အင်း"

"ဒါက ရတနာတဲ့၊ ဒါက ပုလဲ"

"ဟာ . . . အဖိုးတန်တွေပါပဲလား"

"ကိုကိုကလည်း ဒါ ငါ့ကိုကို နန္ဒကျော်လေ"

ကောင်မလေးနှစ်ယောက်စလုံးက သူ့ကို မျက်လုံးပြူး၍ ကြည့်နေပြီး ဘာမှပြန်မပြောကြပါ။ သူငယ်ချင်းတွေအပေါ်မှာ မည်သို့ များ ပြောဆိုထိန်းချုပ်ထားပါသလဲ။ တကယ်ဆို သူ့ကို 'ကိုကို' ခေါ်၍ နှုတ်ဆက်လာလောက်တော့ ပြန်လုပ်သင့်တာပါလေ။

www.burmeseclassic.com



"ဟယ်! ... တစ်ခုခုတော့ ပြောကြလေ"

"အဟီး ... ချောလို့"

"လုပ်လာပြီ၊ အဲဒါကြောင့် ငါ မိတ်ဆက်မပေးချင်တာ"

"တကယ်ပြောတာပါ ကိုကို၊ အရမ်းချောတယ်"

"ကြည့်ကောင်းတယ်လို့ ပြောရတာ ညီမလေးရဲ့"

"အဟင်း ... ဟုတ်တယ်။ သန့်ပြီးတော့ ကြည့်ကောင်းတယ်၊ အရမ်းပဲ"

"ကိုကိုပြန်ဝင်တော့"

"ဟော ... ကြည့်!"

ပခုံးကိုပြန်လှည့်ကာ အတင်းတွန်းလွှတ်နေပြန်လေပြီ။ ဒါဲ လား။ သူ့ကို ဤမျှအူတိုနေတုန်းပဲလား ညီမလေးရယ်။ ကျောင်းတက် တာ သုံးနှစ်မှပဲ ဒီသူငယ်ချင်းတွေနဲ့ မိတ်ဆက်ရတယ်လို့။ ဟိုကလေး နှစ်ယောက် ခေါင်းချင်းပူးပြီး တီးတိုးပြောနေပြီမို့ သူသွားသင့်ပြီဟု ထင်လိုက်ပါသည်။

"စာဆက်ကျက်တော့နော်"

"ဟုတ်ကဲ့ ကိုကို"

"ဒါဒါ့ဖို့ လက်ဆောင်ပါတယ်ဆို"

"ပြီးမှ ကြည့်တော့လေ"





"ပြီးရော"

"အူပုပ် သည်းပုပ်မ"

"အေးလေ၊ တွန့်တိုလိုက်တာ"

"သြော် ... မေ့တော့မလို့၊ မေမေက ညီမလေးတွေကို နေ့စာ စားပြီးမှပြန်တဲ့"

"ဟင် ... ဘာကျွေးမှာမို့လို့လဲ"

"အုန်းနို့ခေါက်ဆွဲ"

"ဟော! ... ကြိုက်တယ်ကိုကို၊ ကြိုက်တယ်"

"ဘာကြိုက်တာလဲ၊ မရှင်းမရှင်း မပြောနဲ့နော်၊ မဲပလေ"

"အုန်းနို့ခေါက်ဆွဲကိုပြောတာပါ၊ အဟီး"

"ဘာလဲ မဲပလေ"

"မဲပလေး မေပုလဲပေါ့ ကိုကိုရဲ့"

"ကြီးကြီးဖန်ဖန် ခေါ်တတ်တယ်"

ကောင်မလေးတွေ ပြုံးစိစိ ဖြစ်သွားလေ၏။ အပူအပင်ကင်း ကြသည့် အရွယ်လေးတွေမို့ ဘာကိုမှ စိတ်မပူကြပါဘဲ ရယ်စရာတွေ ဖြစ်သာ သိနေကြတာပါလေ။ အိမ်ထဲသို့ ပြန်ရောက်စဉ် အိတ်ကပ် ထဲမှ သူ့ phone က ရုတ်တရက် မြည်လာလေ၏။ ယူကြည့်လိုက်ခ ချို့ ဓာတ်ပုံထည့်ထားပေးပါသည့် 'သိမ့်မဒီ' ဖြစ်နေလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာပါပဲ။ ဒီအချိန်ကြီးများ phone ဆက်ရတယ်လို့။

"ဟယ်လို"

"ပြောဖို့မေ့တာပဲလား။ ဒါမှမဟုတ် တမင်မပြောတာများလား ကိုနန္ဒ"

"ဘာကိုဆိုလိုတာလဲ"

"မနက်ဖြန် ညီမလေးမွေးနေ့ဆို"

"ဪ ... ဟုတ်ပါတယ်"

"အဲဒါ ဘာလို့မပြောတာလဲ။ ဒီဒီ့ကို အန်ကယ်ထက်ပြောမှ သိတော့တယ်"

"အဲဒါက ဟိုလေ ဘယ်လိုပြောရမလဲ၊ ဒါဒါက စာမေး ရှိနေတော့ သိပ်ပြီး အကျယ်တဝင့်လုပ်တာမျိုး မဟုတ်လို့ပါ"

"ဘာပဲဖြစ်ဖြစ် Birthday gift တော့ပေးရမှာပေါ့။ အရင်းနှီး ဆုံး လူတွေပဲဟာ"

အလို! 'အရင်းနှီးဆုံး' တဲ့လား။ ဘာကိုရည်ရွယ်ပြီးများ ပြောလိုက်တာပါလိမ့်။ ဒီလောက်ကြီးလည်း မရင်းနှီးသေးပါဘဲ ဒီ စကားမျိုး သုံးရပါသလား။ ဒါမှမဟုတ် ဖေဖေနှင့်အန်ကယ်ဦးအောင် မြင့်တို့က ရင်းနှီးလွန်းသည့်မိတ်ဆွေတွေ ဖြစ်နေတာကို ရည်ညွှန်းပြော ဆိုတာလည်း ဖြစ်နိုင်ပါသည်။





"ညီမလေး စာကျက်တာကို အနှောင့်အယှက်ဖြစ်မှာစိုးလို့ မလုပ်တာပါ ဒီဒီ။ အိမ်မှာတော့ တစ်ခုခု ချက်စားကြမှာပါ"

"တွေ့လား။ ခုထိ လာပါလို့ တစ်ခွန်း မပြောသေးဘူး"

"မဟုတ်ပါဘူး ဒီဒီရဲ့၊ လာပါ၊ လာလို့ရပါတယ်"

"ဟယ် ... အင်တင်တင်နဲ့ ဖိတ်ရတယ်လို့"

ရော်! ... ဒါဆို ဘယ်လိုများပြောရမှာပါလဲ။ သူက စကား ပြော ကျွမ်းကျင်တဲ့သူမှမဟုတ်တာလေ။ အခန်းထဲမှာ ရေချိုးရန် အင်္ကျီကြယ်သီး ဖြုတ်ရင်းဖြင့် phone ပြန်ဖြေနေတာမို့ တံခါးကို သေချာမပိတ်ဖြစ်ပါ။ ခပ်ဟဟလေးဖြစ်နေသည့် တံခါးကြားမှ သူ့ အခန်းထဲကို ကြည့်နေပါသည့် မျက်ဝန်းတစ်စုံကိုလည်း သတိ ထားမိခဲ့ပါလေ။

အကယ်၍သာ သူ့မျက်နှာထက်မှာ အပြုံးတွေ မရှိခဲ့ပါလျှင်၊ ရေချိုးဖို့အရှိ ချက်ချင်းမရသေးဘဲ phone ဆက်မပြောဖြစ်ခဲ့ပါလျှင်၊ သူ့နောက်မှ ညီမလေးလိုက်မလာပါလျှင် သူပြောနေပါသည့် အကြောင်းအရာတို့ကို သေချာမသိခဲ့ပါလျှင် ပြဿနာအကြီးကြီးကို ဖန်တီးမိမည်မဟုတ်ပါချေ။

သူချစ်သော (သူမကလည်း) သူ့ကိုချစ်သော အနီးဆုံးမှာ ရှိနေခဲ့ပါသည့် အရင်းနှီးဆုံးသူစိမ်းနှစ်ဦးကို အဝေးဆုံးသို့ရောက်အောင်



www.burmeseclassic.com

www.burmeseclassic.com



မည်သို့သော တွန်းအားကများ ဝင်ရောက်မွှေနှောက်ခဲ့ရပါသလဲ။ သေချာတာတစ်ခုကဖြင့် သူနှင့် 'ဒါဒါ့' ကြားကို မည်သို့သော သူစိမ်း သူ၏ တစ်ဦးတစ်ယောက်မှ ဝင်ခွင့်မရနိုင်ဘူးဆိုသည့်အချက်ပါပဲ။



## (၁၃)

ရေချိုး အဝတ်အစားလဲပြီး ဆင်းလာခဲ့ပါ၏။ ကလေးတွေ နေမှာမို့ ခါတိုင်းလို ဘောင်းဘီတိုမဝတ်ဖြစ်တော့တဲ့ ပုဆိုးသာ ဝတ်ခဲ့ ရပါသည်။ ကိုယ်က လူကြီးမို့ ကလေးတွေရှေ့မှာ သတိထား ဝတ်ဆင် ရမှာလေ။ လှေကားမှ ဆင်းခဲ့စဉ် ပြန့်ရှေ့ ထွက်လာပါသည့် ကောင်မ လေးနှစ်ယောက်နှင့် တိုးလေတော့၏။

"ဒါဒါရော"

"သိဘူး"

"ဟောဗျာ . . . ညီမလေးတို့ကို ညှော်ခံတဲ့ ဘယ်ပျောက်နေ သဲ"

www.burmeseclassic.com



"ရတနာတို့ စာအုပ်သိမ်းပြီး ဆင်းလာတော့"

"ဟဲ့!"

"ဘာမှမဟုတ်တော့ဘူး ကိုကို၊ အိမ်ကကား လာကြိုနေပြီ သွားလိုက်ဦးမယ်နော်"

"ကောင်းပြီ"

ကလေးမလေးနှစ်ယောက်က သူ့ကို မရဲတရဲဖြင့် နှုတ်ဆက်ပြီး တိုက်ရှေ့မှာ ရပ်လိုက်ပါသည့် ကားပေါ်တက်သွားလေ၏။ ဘာဖြစ်ပြန်ပြီလဲ။ ညနေစောင်းမှ ရေချိုးတာလည်း ဖြစ်နိုင်ပါသည်။ သူက ထမင်းစားခန်းဆီသို့ ဆက်လျှောက်လာခဲ့မိ၏။ မေမေက ဖေဖေနှင့် သူ့အတွက်တော့ ထမင်းဟင်းချက်ပေးထားမှန်း သူသိနေပါသည်။

"ဒါဒါ့ကို တစ်ခါတည်း ခေါ်မလာဘူးလား"

"ကျွန်တော်က သူ့သူငယ်ချင်းတွေနဲ့အတူ ရှိနေမယ်လို့ ထင်ထားလို့ပါ မေမေ။ ရပါတယ်၊ တက်ခေါ်လိုက်ပါ့မယ်"

"နေနေ ... သဲမာကိုပဲ ခေါ်ခိုင်းလိုက်ပါ့မယ်၊ သားလည်း ဆာရောပေါ့"

"ဖေဖေ့ကိုစောင့်ဦးမယ်လေ"

"သားဖေဖေက သူ့သူငယ်ချင်းတစ်ယောက် dinner ဖိတ်ကျွေးတာမို့ hotel မှာပဲ စားလာမှာ။ မစောင့်နဲ့တော့၊ လာထိုင်"





သူက ခုံမှာ ဝင်ထိုင်လိုက်ပေမယ့် ဘာမှ မစားသေးပါ။ ညီမလေး ရောက်လာမှာကို စောင့်ရင်းမှာမို့ အလယ်ခန်းဘက်သို့ မျှည်ကြည့်ရင်း မျှော်နေလိုက်ပါ၏။ တအောင့်အကြာ 'သဲမာ' သာ ပြန်ဆင်းလာပြီး 'ဒါဒါ' က လိုက်မလာပါချေ။ အနောက်မှရောက်လာသည့် အထင်ဖြင့် လှမ်းကြည့်ပါသော်လည်း မရှိပါလေ။

"နင်တို့မမလေးရော"

"သမီးလည်း တံခါးထုပြီးခေါ်တာပဲ ကြီးမေရဲ့။ ဘာမှ ပြန်မပြောဘူး"

"ဒီကလေးမ ညနေစောင်းကြီး အိပ်ပျော်နေပြန်ပြီထင်တယ်။ စာမေးပွဲဖြေခါနီး ဖျားတော့မှာပါပဲ"

"ကျွန်တော်ပဲ သွားနှိုးလိုက်ပါ့မယ် မေမေ"

'ဒါဒါ' အိပ်နေလျှင် သူမှလွဲ၍ မည်သူမှ အတင်းသွားမနှိုးရဲပါ။ ရေချိုးခန်းထဲရောက်နေပါကလည်း အခန်းပြင်မှ နှိုးတာကို မကြားနိုင်တာလည်း ဖြစ်နိုင်ပါ၏။ လှေကားမှပြန်တက်လာခဲ့ပြီး 'ဒါဒါ့' အခန်းတံခါးကို သူ အသာခေါက်လိုက်ပါသည်။

"ခေါက်! ခေါက်!"

"ညီမလေး"

"ခေါက်! ခေါက်! ခေါက်!"



www.burmeseclassic.com

www.burmeseclassic.com



"ညီမလေး ဒါဒါ၊ အိပ်ပျော်နေလား"

Door lock ကို လှည့်လိုက်မိစဉ် အထဲမှ lock ချထား
သဖြင့် သူ ရင်ထိတ်မိသွားရပါ၏။ ဘာလဲ ရေချိုးခန်းထဲရောက်
လည်း ဒီတံခါးကို Lock ပိတ်စရာမှမလိုတာလေ။ ဘယ်လိုဖြစ်
တော့များ အခုလို လုပ်ရပါသလဲ။ အခန်းသော့အပိုက သူ့အခန်းထဲ
သော့မှာလည်း ရှိတာမို့ အခန်းထဲ ဝင်ယူလိုက်ပြီး 'ဒါဒါ့' အခန်း
ဖွင့်လိုက်ပါသည်။

အခန်းထဲမှာ ရှုပ်ပွနေတာမျိုးလည်း မရှိသဖြင့် ရေချိုးခန်း
သို့သာ ဦးတည်လိုက်ရလေသည်။ ရေချိုးခန်းအတွင်းမှ ရေပန်းဖွင့်ထား
သံကို ကြားနေရသဖြင့် ရေချိုးနေမှန်း သူသိလိုက်ပါ၏။ တော်ပါသေး
ရဲ့။ အပြင်ပြန်ထွက်ရန် ပြင်လိုက်စဉ် စိတ်ထဲ မသင်္ကာသဖြင့် ရေချိုး
ခန်းတံခါးကို နားကပ်၍ နားစွင့်လိုက်မိပါသည်။

အလို! ရှိုက်သံလေလား။ ငိုပြန်ပြီလား 'ဒါဒါ'။ စာမေး
ဖြေရမည့်ရက်က ဘာမှသိပ်မလိုတော့တာကို ဘာများ ဝမ်းနည်း
ငိုရပြန်ပါသလဲ။ သူငယ်ချင်းတွေနှင့် သူ့ကိုမိတ်ဆက်ပေးတုန်းက မိတ်
ဆက်ပေးပြီး အခုမှ ထကောက်ပြန်ပြီလား။ အခုထိ ကလေးစိတ်
မကုန်သေးပါလားနော်။ စိတ်များလည်း ညစ်ပါရဲ့။

"ဒါဒါ ညီမလေး"





"ဒုန်း! ဒုန်း! "

အသံက ခဏမျှ တိတ်သွားလေ၏။ ရေချိုးချိန်ကြာလျှင်
လည်း ဖျားနိုင်တာမို့ အသိပေးရမှာပါ။ ကြည့်ရတာ စိတ်ရှုပ်ရှုပ်ဖြင့်
ခေါင်းကိုပါ ရေလောင်းနေပြီလားဟု တွေးလိုက်မိပြီး ခေါင်းနပန်း
ကြီးသွားရတာ အမှန်ပါ။ ဘုရားရေ! အဲဒီလိုတော့ မဖြစ်ပါစေနှင့်။

"ညီမလေး ဒါဒါ"

"လာမခေါ်နဲ့! "

"ဘာဖြစ်ရပြန်ပြီလဲကွာ။ ညနေစာစားရမယ့်အချိန် ရောက်
နေပြီကို။ ရေချိုးရင်လည်း မြန်မြန်သွက်သွက်လုပ်မှပေါ့"

"မသိဘူး! ... ဘာမှလာမပြောနဲ့"

"ဒါဒါ"

"မခေါ်နဲ့ဆိုနေမှ"

"ကျစ်! ကိုကို ဘာလုပ်မိလို့လဲကွာ။ တံခါးဖွင့်တော့လေ"

"မဖွင့်ဘူး"

"ကိုကို့ကို ရန်တွေ့ချင်လည်း အပြင်ထွက်ပြီးမှပြောပါ။ အဲဒီ
ထဲ အကြာကြီး မနေပါနဲ့။ ညီမလေးက လိမ္မာပါတယ်"

ပြောပြန်ပါပြီ။ ဤသို့ပင် ချော့ဖျားလေးနှင့် ရင်ထဲပေါ်ဘဲ
ချော့ပြန်နေပြီ မဟုတ်ပါလား။ ပြောတော့ဖြင့် ညီမလေးကို အချစ်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



ငုံထားမတတ် ချစ်တာဆိုပြီး အခုတော့ 'ဒါဒါ' ထက် ပိုချစ်ရမယ့်သူ ရှိနေပြီမဟုတ်လား။ အိမ်မှာတော့ မေမေတို့ရှေ့မှာ 'ဒါဒါ' ကို ဂရုစိုက်သလို ပုံစံမျိုး လုပ်ပြနေပြီး ကွယ်ရာမှာဖြင့် ရင်ဘတ်ထဲ ငြိနေပါသည့် မိန်းကလေးနှင့် ဆက်သွယ်နေတာ မဟုတ်ပါလား။

အဲဒီကောင်မလေးက ဘယ်သူပါလဲ 'ကိုကို'။

"ဒါဒါ"

"ဘာလဲ!"

"အပြင်ထွက်လာတော့ ပြောမယ်လေ"

မဖွင့်ပေးရင်လည်း တံခါးသော့ဖျက်တာတွေ၊ ဘာတွေ လုပ် တစ်အိမ်လုံး ကျွတ်ကျွတ်ညံကုန်တော့မှာပါ။ 'ကိုကို့' ကို အမြဲ ပြုံးသနား ရှာသည့်ကောင်မလေးအဖြစ်သာ မြင်ကြဦးမှာ မဟုတ်ပါလား။ ပြော တော့ဖြင့် တစ်အိမ်လုံး၏အချစ်တွေကို စုပြုံပိုင်ဆိုင်ထားသည့်နှယ် သိထားကြတာပါလေ။ သို့သော် 'ဒါဒါ့' စိတ်တွင်းမှာဖြင့် တစ်စုံတစ်ရာ လစ်ဟာနေသည့်နှယ် ရင်ထဲမှာ ဟာလာဟင်းလင်းကြီး ဖြစ်နေတာကို ဘယ်သူက မြင်နိုင်ပါ့မလဲ။

"ညီမလေး"

ခေါ်သံထဲမှာ တုန်ရီသံက ရောပါလာလေ၏။ စိုးရိမ်နေပြီ လား။ ဒါဆိုလည်း 'ဒါဒါ' မကြိုက်တာကို မလုပ်နဲ့ပေါ့။ အခုတော့





တစ်ယောက်တည်း ကွယ်ရာမှာ ကျိတ်ပုန်းခုတ်နေတာတော့ မကောင်း ဘူး။ အငယ်မို့ ဗိုလ်ကျသည်ဟုသာ မိဘတွေက အမြဲထင်ပြီး 'ကိုကို့' ကို ငဲ့ညှာဖို့သာ ပြောကြတာလေ။ တကယ်တမ်းမှာဖြင့် 'ဒါဒါ့' ကို ချန်ထားရစ်ခဲ့ဖို့ ကြိုတင်ကြံစည်နေတာက ဘယ်သူပါလဲ။

"ကိုကိုတောင်းပန်ပါတယ် ညီမလေးရယ်။ အပြင်ထွက်လာ ပြီး ပြောမှ ပြဿနာရှိတာကို ရှင်းပေးလို့ရမှာပေါ့"

ရေချိုးခန်းတံခါးကို ဖွင့်လိုက်ပါ၏။ အဝတ်အစားမချွတ်ဘဲ အတိုင်း ရေပန်းအောက်မှာ ထိုင်ချထားသဖြင့် တစ်ကိုယ်လုံး စိုရွှဲနေ သည့် သူမကိုကြည့်ရင်း 'ကိုကို့' ပါးစပ်အဟောင်းသား ဖြစ်သွားလေ သည်။ ပွင့်ပွင့်လင်းလင်းပြောမှ ကြိုက်သည်ဟုပြောခဲ့ပါလျက် အခုလို 'ကိုကို' လျှို့ဝှက်တတ်လာတာ ဘာကြောင့်ပါလဲ။

ကောင်းပြီ 'ကိုကို'။ အလှည့်ဆိုတာ ရှိရိုးမှန်လျှင် 'ဒါဒါ' နာကျင်ရသလိုမျိုး 'ကိုကို' လည်း တစ်ကြိမ်တော့ ပြန်ခံစားရမှာအမှန် ပဲ။ လက်သည်းဆိတ်ရင် လက်ထိပ်တော့ နာစမြဲမဟုတ်လား။ ဒီတော့ ရင်ဘတ်ထဲမှာ ဘယ်လိုပူပြီး ဘယ်လောက်နာကျင်ခံစားရသလဲဆိုတာ ကို 'ဒါဒါ' ခံစားရသလို 'ကိုကို' လည်း ခံစားဖူးစေရပါမယ်။

"ဟာ! ... ညီမလေး"

ယိုင်လဲကျသွားပါသည့် ခန္ဓာကိုယ်ကို 'ကိုကို' ဖမ်းပွေ့လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်ကိုသာ နောက်ဆုံးသိလိုက်ပါ၏။ 'ဒါဒါ' ကမ္ဘာကြီး အမှောင်ကျ ခဲ့တာကို 'ကိုကို' သိခဲ့ပါသလား။ မီးစနဲ့ထိုးမိရုံနဲ့ အပေါက်ကလေး ဖြစ်တာ မဟုတ်ရပါဘူး 'ကိုကို'။ အဲဒီအနာရဲ့ ဘေးဘက်မှာ လောင် ကျွမ်းမှုဆိုတာက အနည်းနဲ့အများတော့ ကျန်ရှိနေခဲ့ဦးမှာ အမှန်ပါပဲ

"ဘာတွေဖြစ်ကုန်တာလဲ"

"သီဂီလည်း ဘယ်သိပ့်ါမလဲ အစ်ကိုရယ်။ အောက်ထပ်မှာ ဒီလောက်အလုပ်ရှုပ်နေတာနဲ့ သူတို့မောင်နှမ ဘာဖြစ်ကြသလဲဆိုတာ ကို ဘာမှမသိလိုက်တာ"

"သားက သမီးကို မမေးကြည့်ဘူးလား"

သူ ခေါင်းခါပြလိုက်မိပါ၏။ မေးတာကိုမှ ပြန်မဖြေတာ သူက ဘယ်လိုသိမှာတဲ့လဲ။ Family Doctor 'မြမြင့်မိုရ်'က 'ဒါဒါ' ကို စမ်းသပ်ကြည့်ရှုပေးနေသဖြင့် ဘေးမှာပင် သူ ရပ်စောင့်နေရတာ။ ဆံပင်တွေ သုတ်ထားပေးတာ သိပ်ပင်မခြောက်သေး။ လေဒွေ ဘာတွေ ဖြတ်ကုန်မှ ဒုက္ခပါပဲ 'ဒါဒါ' ရယ်။

• "အဲဒီအကျင့်ကို ဘယ်လိုဖျောက်ရမယ်မှန်းကို မသိတော့ ဘူး"

"ငယ်ငယ်တုန်းက တစ်ခါရခဲ့ဖူးတဲ့ shock မျိုး ထပ်မဖြစ် မမတို့ကို မြ သတိပေးထားပြီးသားနော်"





"ဟင်!"

"ကလေးက pshcho ဆန်ဆန် အသည်းအသန် ဖြစ်ခဲ့တာ ကို မမေ့ပါနဲ့"

"ဗျာ!"

သူ အံ့ဩတကြီးဖြစ်သွားရလေ၏။ Psycho တဲ့လား။ ဘယ်လိုဖြစ်ပြီး ဒီလိုရောဂါက ညီမလေးထံမှာ ရှိခဲ့ဖူးတာပါလဲ။ ဘာကြောင့်လည်း ဖေဖေရော မေမေပါ 'ဒါဒါ' ကို မျက်စိစုံမှိတ်ပြီး အလိုလိုက်ထားခဲ့ကြတာပဲ ထင်ပါရဲ့။ 'Dr. မြမြင့်မိုရ်'၏အကြည့်က သူ့ထံ ဖျတ်ခနဲ ရောက်လာရလေသည်။ အေးစက်စက်အကြည့်ကြောင့် သူ့ရင်ထဲမှာပါ အေးခဲသွားရသည့်နှယ်ပါလေ။

"နန္ဒကျော်အပေါ်မှာ သူ တော်တော်မှ ဆိုးပြရဲ့လား"

"အဲ!"

"အငယ်ပဲ မောင်နန္ဒရယ်၊ အလျှော့ပေးရမှာပေါ့"

"အခုဟာက မောင်နှမချင်း စကားများရန်ဖြစ်ကြတာ မဟုတ် ဘူ ဆေါက်တာရေ။ သမီးက ထစ်ခနဲ စိတ်ကောက်ပြပြီး သူ့ကိုယ်သူ ဒုက္ခပေးပြုလာတာ"

"သူ့အနီးနားမှာ အသက်အန္တရာယ်ဖြစ်စေတဲ့ ကပ်ကြေးတို့ ဘာတို့ မထားမိပါစေနဲ့ မမ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်!"

အလို! ဟိုတစ်လောလေးကလည်း ကပ်ကြေးကောက်ကိုင်ပြီး ဆံပင်တွေ ညှပ်ဖို့ ကြံစည်ခဲ့သေးတာ မဟုတ်လား။ ဘယ်လိုဖြစ်ပြီး ဒီလိုပုံစံမျိုးကိုများ လုပ်လာရပါသလဲ။ ဆရာဝန်ပြောမှပင် 'ဒါဒီ' အပေါ် သူတို့ စိုးရိမ်စိတ်ပိုကြီးလာရတော့တာပါ။

"သူ မကြိုက်တာ မလုပ်ရင် ဘာမှမဖြစ်ဘူးပေါ့"

"အမလေး ဒေါက်တာရယ်။ သူ မကြိုက်သမျှသာ လိုက်ရှောင်နေရရင် တစ်အိမ်လုံး ဘာမှ လုပ်လို့တောင် ရမှာမဟုတ်တော့ဘူး။ အမြဲတမ်း သူ့စိတ်ချည်းပဲ။ ဒါ စားမယ်ဆို ခုချက်ချင်း လုပ်ပေးရတာ"

"မြကို သေးသေးမွှားမွှားတွေကို ပြောတာ မဟုတ်ဘူး မ-သိဂီရဲ့။ သူ့စိတ်ကို ထိခိုက်မှုမျိုး ဖြစ်လာမှာစိုးလို့ ပြောပြရုံပါ"

"အဲဒါကတော့ သမီးနဲ့ အနီးကပ်နေရတဲ့သားပဲ သိနိုင်မှာ"

"သူ့ကိုက စိတ်သိပ်ကြီးလွန်းလို့ ခက်နေတာ ဒေါက်တာရဲ့။ သမီးနဲ့တော့ ခက်ပါတယ်ဗျာ"

"သားသမီးဆိုတာ ရတနာပါ ကိုထက်မြက်ကျော်။ သေးသေးလေး အပြုအနာအဆာပါကောင်းပါနိုင်ပေမယ့် တန်ဖိုးတော့ ရှိနေဦးမှာပါ။ ပစ်လိုက်ရဖို့ဖြစ်ခဲ့တာ တစ်ကြိမ်နဲ့ပဲ တော်သင့်ပါပြီ။ မြ-





ဆရာဝန်တွေက လူနာရဲ့အသက်ကိုပဲ အခွင့်ရှိသလောက် ကယ်လို့ရတာပါရှင်။ လူနာရဲ့ စိတ်နှလုံးကိုတော့ ကာယကံရှင်ပဲ ကယ်လို့ရတာ ဆို မြတို့ မကယ်နိုင်ပါဘူး"

အခန်းထဲမှာ အသံတို့ တိတ်သွားလေတော့၏။ ဆရာဝန်ကို 'မမေ' က ပြန်လိုက်ပို့ပေးရန် ဒရိုင်ဘာကို ပြောရမှာမို့ အောက်ထပ်သို့ ဆိုက်ဆင်းသွားလေသည်။ ခုတင်ဘေးရှိခုံမှာ ထိုင်လိုက်ရင်း ညီမလေး ၏ ဆံပင်တို့ကို တဘက်ဖြင့် သူ ခပ်ဖွဖွ သုတ်ပေးနေမိ၏။ အမြန်ဆုံး သက်သာပါစေဟုလည်း စိတ်ထဲမှ အခါခါ ရေရွတ်နေမိလေသည်။

❊ ❊ ❊



www.burmeseclassic.com

www.burmeseclassic.com

## (၁၄)

လေးပင်သည့်မျက်ခွံတို့ကို အားယူ၍ ဖွင့်လိုက်မိပါ၏ မျက်နှာကျက်ဖြူဖြူနှင့်အတူ အလင်းပြပြ ထွန်းထားတာကိုသာ သိ လေသည်။ အနားမှာ ဘယ်သူမှ စောင့်မနေကြဘူးလား။ ခေါင်းတစ် လုံး အုံခဲနေသလို ရင်ဘတ်နေရာမှ စူးအောင့်နေပါသည့် ဒဏ်တ ခံစားနေရတာ မသက်သာပါချေ။

"အင်း"

ညည်းသံသဲ့သဲ့ ကြားလိုက်ရပြီး သူမလက်ဖျားကို လာဆုပ် ကိုင်ထိလိုက်ပါသည့် လက်နွေးနွေးကြောင့် မျက်စိကို အသာမှိတ်ထား လိုက်မိလေ၏။ ဘယ်သူလဲ၊ 'ကိုကို' လား။ မေမေတော့မဟုတ်





င်ပါရဲ့။ ဝင်သက်နှင့် ရှူထုတ်လိုက်ပါသည့် လေခပ်နွေးနွေးက မေ၏ပါးပြင်နားမှ ဖြတ်သွားသလို နဖူးထက် စမ်းလိုက်မှန်း သိလိုက် ပါသည်။

သေချာပါတယ်၊ ဒါ သူမ၏ ကိုကိုပါပဲ။ ဒီ ကိုယ်သင်းရနံ့ မွှေးမွှေး၊ ဒီကိုယ်ငွေ့နွေးနွေး၊ ဒီလက် နူးနူးညံ့ညံ့လေးကို အမြဲ စေ မှတ်မိနေတာပါလေ။ စိုးရိမ်ပြနေပြန်ပြီလား။ 'ကိုကို့' အပေါ် မျှ ချစ်ခဲ့ရပါသည့် 'ဒါဒါ့' ကို 'အချစ်' ဆိုသည့်အရာက ပင်လယ် း နှစ်ပိုင်းပြတ်သည့်နှယ်၊ တောင်ကြီးပြိုကျလာသည့်နှယ် တော ပ်ကြီး လောင်ကျွမ်းပြာကျသွားသည့်နှယ် ခြားနားပြလေပြီလား။

ယ်စဦကတည်းက မဝီကလာ ပီကလာဖြင့် ပြောခဲ့ပါသည့် ားလုံးတို့ကို ကလေးစကားအဖြစ် အလေးအနက် မထားချင်တော့ ပေါ့လေ။ သဘာဝတရားရဲ့ အမှန်တရားကို မသိလို့ မဟုတ်ရပါ။ ခြင်းထက် အတ္တတို့ စွက်ဖက်နေခဲ့ပါသည့် ရင်တွင်းမှ သံယောဇဉ် ကြ ပူလောင်ခြင်းလောဘဘက်သို့ ကူးပြောင်းသွားလိမ့်မည်ဟု င်မထားခဲ့မိလို့ပါပဲ။

"ဟင်း"

သက်ပြင်းချသံက ညဥ့်ယံမှာ ခပ်ကျယ်ကျယ်ထွက်လာပါ ပ်မောနေပြီလား။ 'ဒါဒါ' သိပါပြီ 'ကိုကို'။ 'ရတနာ' အသိပေးခဲ့စဉ်



www.burmeseclassic.com

www.burmeseclassic.com



ကတည်းက အခုလို ခေါင်းမာမနေပါဘဲ စိတ်လျှော့ထားခဲ့မိလျှင် ကောင်းသား။ 'ရတနာ' ကိုယ်တိုင် 'မမကတ္တီပါ' ကြောင့် အဖြူရောင်အတ္တဖြင့် မျက်ရည်ကျခဲ့ရပါသည့် သင်ခန်းစာကို သိခဲ့ပါလျက် ကိုယ့်အလှည့်မှာ ဘာကြောင့် ကြိုတင်မပြင်ဆင်နိုင်ခဲ့ရပါသလဲ။

"ဒါဒါ"

လေသံဖြင့် ခပ်တိုးတိုး ခေါ်လိုက်လေသလား။ သို့တည်း မဟုတ် ဒီအတိုင်း ရေရွတ်လိုက်တာမျိုးပဲ ထင်ပါရဲ့။ ဆံစပ်မှ ဆံပင်နုနုလေးတွေကို သပ်တင်ပေးနေသဖြင့် ရင်ထဲမှာ ထိတ်သွားရလေ၏ ခါတိုင်းလည်း အမြဲတမ်း ဤသို့ တယုတယ လုပ်ပေးခဲ့ပါလျက် အခုမှ ဘာလို့ အထူးအဆန်းတွေ ခံစားရတာပါလိမ့်။

ရုတ်တရက် နဖူးပြင်ကို ခပ်ဖွဖွနမ်းရှိုက်လိုက်မှုကို ရင်းနှော တစ်စုံတစ်ခုကို စိုစွတ်ပြီး ကျန်ရစ်ခဲ့သလို ဖြစ်သွားရစဉ် ရင်ထဲမှာ ဒိန်းခနဲမြည်ဟီးလေတော့သည်။ ဘုရားရေ! 'ကိုကို' ငိုသတဲ့လား 'ဒါဒါ့' ကြောင့် မျက်ရည်ကျပြီး ခံစားရတယ်ပေါ့လေ။ ဒါဆိုလည်း ဘာလို့များ သူ့စိမ်းတစ်ယောက်ကို 'ဒါဒါ့' ထက်ပိုချစ်ခဲ့ရပါသလဲ။

အချစ်တွေအကုန်လုံး ပုံပေးခဲ့ပြီး ချစ်ခဲ့ရတာပါဆို။ အာခံတွင်းထဲ ငုံထားမတတ်လည်း ချစ်ရတာဆို။ ရင်ဘတ်ထဲမှာ ထွေးဖက်ထားပြီး သိမ်းထားချင်ရလောက်အောင် တစ်ပုံတစ်ပင်ကြီး ချစ်ခဲ့တာ





ဒါဆို။ 'ကိုကို့' အသက်ထက်ပိုပြီး ပုံပြီး သံယောဇဉ်တွယ်ခဲ့ရပါသည် ဆိုသည့် 'ကိုကို' က ခုတော့ဖြင့် 'ဒါဒါ့' အပေါ် ခါးသီးရက်စက်ခြင်းတွေ ပုံပေးချင်နေမှုဖြင့် မျက်ရည်ကျပြလို့လည်း အပိုပါပဲ ကိုကိုရယ်။

"သား"

"ဗျာ မေမေ"

"တစ်ရေးလောက်ဖြစ်ဖြစ် သွားအိပ်လိုက်ပါကွယ်။ မနက်နှစ်နာရီရှိနေပြီ"

"ရပါတယ် မေမေ ကျွန်တော် မအိပ်ချင်ပါဘူး။ ညီမလေးကို စောင့်ရင်းနဲ့ နည်းနည်းတော့ မှိန်းဖြစ်ပါတယ်"

"ခေါင်းကိုက်နေမှာပေါ့ သားရယ်။ သွားအိပ်လိုက်ပါ။ သမီးကို မေမေ စောင့်လိုက်ပါ့မယ်"

"သူနိုးလာရင် ကျွန်တော်ရှိနေချင်လို့ပါ"

"ဆေးရှိန်နဲ့အိပ်နေတာဆိုတော့ မိုးလင်းမှ နိုးလိမ့်မယ်လို့ ဒေါက်တာမြမြင့်မိုရ် ပြောသွားခဲ့တယ် မဟုတ်လား။ မနက်နိုးလာတော့ သားကို မေမေ ပြောပါ့မယ်"

မေမေ အတင်းနှင်လွှတ်နေပြီမို့ သူ ဆက်နေနေ၍ မသင့်တော့ပြီ။ မေမေနေတာကမှ ပိုသင့်တော်မှာမို့ ခုံမှာ ထိုင်နေရာမှ ထရပ်လိုက်ပါ၏။ ကိုင်ထားမိပါသည့် အေးစက်စက် လက်ကလေးက



www.burmeseclassic.com

www.burmeseclassic.com



သူ့လက်ကို ပြန်ဆုပ်ကိုင်ထားလေသည်။ မသွားစေချင်ဘူးလား။ ဒါဆိုလည်း ဘာလို စိတ်ထိခိုက်ပြီး သတိလစ်ရမှမျောရတာလဲ ညီမလေးရယ်။

အခုလိုဖြစ်မှ (ဆရာဝန်လာကြည့်မှ) သာ အဖြစ်အပျက်ကို သူ ရိပ်မိသွားရတာပါ။ 'သိမ့်မဒီ' နှင့် 'phone ဆက်နေတာကိုမှ ကြားသွား မြင်သွားရတယ်လို့။ ဘာများ တွေတွေထူးထူးပြောမိလို့လဲ။ အကျယ်တဝင့် မလုပ်ဖြစ်ပါသည့် မွေးနေ့ပွဲကိုလာဖို့ သူမှမဖိတ်တာလေ။ ဖေဖေဘာကြောင့် ပြော၍ ဖိတ်လိုက်သည်ကို သူလည်း လုံးဝနားမလည်ပါလေ။

ဒီအတိုင်း ဖေဖေ မိတ်ဆွေရဲ့သမီးနဲ့ 'ဒါဒါ' မွေးနေ့မှာ အမှတ်မထင် ဆုံစေပြီး ရင်းနှီးသွားစေချင်လို့များလား။ ညီမလေး မရိပ်မိစေရန် ပညာသားပါပါဖြင့် သူနှင့် 'သိမ့်မဒီ' ကို ရင်းနှီးသွားစေချင်သည့် သဘောမျိုးဖြစ်မည်ထင်ပါရဲ့။ အချစ်ဆိုတာကို အခုလို မကြာမကြာတွေ့၊ စကား ခဏခဏပြော၊ အချိန်မရွေး phone ချင်းဆက်သွယ်ရုံနှင့် ဖြစ်လာလိမ့်မည်ဟု ဖေဖေယူဆထားတာ ထင်ပါတယ်။

ရင်ထဲမှာ နင့်ခနဲဖြစ်သွားရတာ အဘယ့်ကြောင့်ပါနည်း။ 'ကိုကို' က ညီမလေးနဲ့ အနီးဆုံးမှာ အနွေးထွေးဆုံး သံယောဇဉ်တွေ





ပေးနိုင်ပေမယ့် အဖြူရောင်သန့်သန့်ကိုသာ ပေးခွင့်ရှိတဲ့သူပါ။ 'ကိုကို' တို့ကြားမှာ ရှိနေပါတဲ့ မဟာတံတိုင်းကြီးကို ကျော်တက်ဖို့ စိတ်မကူးခဲ့ပါဘူး။

ပင်လယ်ကြီးခြားထားတာကိုလည်း မိုက်မဲသည့်စိတ်ဖြင့် ကူးခတ်ဖို့လည်း မဝံ့ရဲခဲ့ပါ။ တကယ့်ကို ဖါးလျှဖြူလွှနေပါသည့် ဇာခန်းဆီးက ကာခြားတာ ထာဝရတစ်သက်တာအတွက်ပါလေ။ မျိုသိပ်ထားရပါသည့် ပြည့်သိပ်နေပါသည့် ရင်တွင်းခံစားချက်တို့ကို ဒီဘဝမှာ 'ဒါဒါ' သိအောင် ဖွင့်မပြနိုင်တာကို နားလည်စေချင်ပါတယ်ကွယ်။

"သား"

"သွားပါ့မယ် မေမေ"

"သားစိုးရိမ်တာကို မေမေ သိပါတယ်။ ဒါပေမဲ့ လိုတာထက်တော့ ပိုပြီး အလိုမလိုက်သင့်ဘူး သား။ ငယ်တော့တဲ့အရွယ်တွေမှ မဟုတ်တော့တာ"

"ကျွန်တော် ... ကျွန်တော် နားလည်ပါတယ်"

ခွဲချင်ကြပြီလား။ မသိမသာလေး ပြောတာမျိုးမဟုတ်ဘဲ သမီးရင်းနှင့် မွေးစားသားဆိုပြီး အကန့်အသတ် ပြဒါးတံကို တိုင်းပြပြီထင်ပါရဲ့။ စိမ်းရခက်လွန်းပါတယ် 'ဒါဒါ'။ နွဲ့ဆိုးဆိုးလွန်းတဲ့ ညီမလေးဆိုတာထက် အစ်ကိုရင်းက အသက်ပေးပြီးတော့င် အချစ်ခံခဲ့



www.burmeseclassic.com

www.burmeseclassic.com



ရသည့်ကလေးလေးမို့ အဘယ်မျှ ကရုဏာသက်ပြီး အရိပ်တကြည့်ကြည့်ဖြင့် ချစ်လာခဲ့ရပါသလဲ။

မောင်ချစ် နှမချစ်ပဲ လက်သင့်ခံကြမှာကို သူ အစောကြီးကတည်းက သိပြီးသားပါ။ ဒါကို သိသိကြီးဖြစ်ပါလျက် ဆန်းဆန်းပြားပြားချစ်စိတ်တွေ ဖန်တီးလို့ ဘယ်ဖြစ်ပါ့မလဲ။ 'အရှင်မွေးလို့နေ့ချင်းကြီး' ဆိုသလို မိဘမဲ့ဘဝမှ နှစ်ပါးအစုံ မိဘဆိုတာကို ဒီညီမလေးကြောင့်သာ သူ ရရှိခဲ့ရတာပါလေ။ ပိုင်ဆိုင်ထားတာဆိုလို့ ဒီခန္ဓာကိုယ်မှလွဲပြီး ဘာဆိုတာမှ မရှိခဲ့သည့် အညတရကောင်လေးက ဒီညီမလေးကို အသက်ပဲပေးရပေးရ ခန္ဓာကိုယ်အစိတ်အပိုင်းတွေကိုပဲ ခွဲထုတ်ဖြတ်တောက်ပေးရပေးရ ပေးဆပ်ရမည့် အစားထိုးလူတစ်ယောက်ပါ။

"ကျေးဇူးသိက ကျေးမစွပ်ရ" တဲ့။ ငယ်စဉ်ကတည်းက 'ဒါဒါ' မသိစေချင်သည့် စကားမှန်သမျှ အောက်ထပ်စာကြည့်ခန်းတွင်မှာသာ ပြောခဲ့ကြားခဲ့ရတာမို့ ဖြစ်နိုင်လျှင် ထိုအခန်းကို ယောင်၍သော်မျှ ငဲ့မကြည့်ချင်တာအမှန်ပါ။ ထိုအခန်းဟာ သူငယ်စဉ်ကတည်းက ဝင်းမှာ ကြောက်ခဲ့ရပါသည့် ငရဲခန်းတစ်မျှပင် မဟုတ်ပါလား။ 'ကိုကို' နှင့် 'ဒါဒါ' ဆိုပြီး သိသာစေရန် ပိုင်းခြားပြခဲ့ပါသည့် အမှန်တရားတွေ စီရင်ရာ ဂူဗိမ္မာန်တစ်ခုလည်း ဖြစ်လေ၏။

"မေမေတို့စေတနာကို သား သိပါကွယ်"





ညီမလေး၏လက်ကို ခပ်တင်းတင်းမျှ ဆုပ်ထားလိုက်မိလေသည်။ ကျေးဇူးတရားဆိုတာတွေက သူ့တစ်ကိုယ်လုံးကို နှံ့ထဲနစ်သည့်နယ် နစ်စေခဲ့တာ မဟုတ်ပါလား။ လူမှန်လျှင် လူအသိနှင့် စိတ်ထားကအပြည့်အဝရှိရမှာပါလေ။ 'ကိုကို' တို့နှစ်ယောက်က ဟိုးအရင်ဘဝအဆက်ဆက်ကတည်းက ပေါင်းဖက်ခွင့်၊ ဆုံစည်းခွင့်မရခဲ့တဲ့ သူတွေပဲဖြစ်ခဲ့တာ ထင်ပါရဲ့ 'ထက်မြက်နန္ဒာအောင်' ရယ်။

"အထူးသဖြင့် အရွယ်ရောက်နေပြီဖြစ်တဲ့အတွက် ငယ်ငယ်တုန်းကလိုမျိုး လက်ပွန်းတတီး မနေသင့်တော့တာအမှန်ပဲ"

"------"

"သမီးက အငယ်မို့ သားအပေါ်မှာ လိုတာထက်ပိုပြီး တွယ်တာမှန်း မေမေတို့လည်း မြင်နေရပါတယ်။ သားကအကြီးမို့ ညီမလေးကိုပြုမူလာတာကို ဆင်ခြင်ဖို့"

"ဟုတ် ... ဟုတ်ကဲ့ပါ မေမေ။ နောက်ဆို နောက်ဆို မေမေတို့ အမြင်မသင့်တာမျိုး ဘယ်တော့မှ မမြင်စေရပါဘူး။ ကျွန်တော် ကတိပေးပါတယ်"

"အတင်းအကျပ် တောင်းဆိုတာလို့တော့ မထင်စေချင်ဘူးသားရယ်။ သမီးကိုပဲ ချစ်ပြီး သားကို မချစ်လို့"

"မထင်ပါဘူး မေမေ။ ဘယ်တုန်းကမှ မထင်ခဲ့ဖူးအမှန်ပါ"

www.burmeseclassic.com

www.burmeseclassic.com



ရင်ဘတ်ကြီးတစ်ခုလုံး ပွင့်ထွက်လာတော့မည့်နှယ်ပါ။ မိန်းကလေးဆိုလျှင် မျက်ရည်ကျ ငိုရှိုက်ချလိုက်တာက ပြဿနာမရှိပေမယ့် သူလို ယောကျာ်းရင့်မကြီးက လူမသိ သူမသိ ကွယ်ရာမှာ ကျိတ်ငိုတာ အဘယ်မျှ ခက်ခဲလွန်းပါသလဲ။ ကလေးဘဝမှာကတည်းက ရယ်တာ ငိုတာ ဆိုတာမျိုးကို သူ ဘာမှ မသိခဲ့ပါ။ ညီမလေးနဲ့ တွေ့ခဲ့ရမှသာ မျက်ရည်ဆိုတာကို တွေ့ခွင့်ရခဲ့တာ။ ညီမလေးရဲ့ အနမ်းတစ်ရှိုက်မှာ အပျော်ဆိုတာကို သူ ရခဲ့ရတာပါ။

အကြည့်နက်နက်လေးတစ်ချက်မှာ သူ့ရင်ဘတ်ကြီး အငိုက်ပါ နာခဲ့ရပြီး အပြုံးနုနုလေးတစ်ပွင့်အောက်မှာ သူ့နှလုံးသားကြီး ဘုန်းဘုန်း ကြွေကျခဲ့ရတာ အရွယ်ရောက်ကာစ အရွယ်မှာကတည်းကပါ။ 'မွှေးမွှေးပေးပါ' ဟုဆိုတိုင်း မရိုးသားသည့်အပြာရောင်စိတ်တွေက အကြောင်းပြုဖယ်ခဲ့ရတာ အကြိမ်ကြိမ်ပါလေ။

နောက်ဆုံးတော့ သူသိလိုက်ရသည့် အသိတရားတစ်ခုက ဖြင့် –

Love is pain.

အချစ်ဆိုတာ နာကျင်ခြင်းပါပဲ။

"သားကို သမီးထက် မလျော့တဲ့ချစ်ခြင်းမျိုးနဲ့ မေမေ ချစ်ခဲ့ပါတယ်ကွယ်"





"ကျေးဇူးတင်ပါတယ် မေမေ။ အဲဒီကျေးဇူးတွေကို ကျွန်တော့် အသက်နဲ့ထပ်တူ သိတတ်သွားမှာပါဗျာ"

"သား သွားနားပါတော့"

"ဟုတ်ကဲ့"

အခန်းတွင်းမှ ဖွဖွနင်းလျှောက်သွားပါသည့် ခြေသံတရုပ်ရုပ်က သူမနှင့် အဝေးဆုံးသို့ ဝေးသည်ထက် ဝေးသွားရသည့်နှယ်ပါ။ တံခါးကို အတတ်နိုင်ဆုံး အသံမပြည်အောင် ဖွင့်၍ ပြန်ပိတ်သွားတာက သတိထားပြီးလုပ်မှန်း သိသာစေပါ၏။

ဝေးဝေးနေပါတဲ့လား။ နီးနီးကပ်ကပ် တပူးတွဲတွဲမနေစေချင်လို့ တားဆီးတာတဲ့လား။ ဒီထက်ပိုပြီး မတွယ်တာစေချင်တဲ့အတွက်ကြောင့် စည်းတစ်ခုခြားပြလေသလား မေမေ။ ဘာကြောင့်ပါလဲ။ ဘာအတွက်လဲ။ ဘယ်လိုအကြောင်းမျိုးကြောင့် အခုလိုပြောရပါသလဲ။ 'ဒါဒါ'တို့ မိသားစုမှာ လျှို့ဝှက်ထားသည့်အကြောင်းအရာများ ရှိနေပါသလား။

'ကိုကို'က 'ဒါဒါ့' ရဲ့ 'ကိုကို' မဟုတ်ဘူးလား။ 'ဒါဒါ့' 'ကိုကို' ဆိုပါလျှင် ဤသို့ စည်းတားပြစရာမှ မလိုတာလေ။ 'ကိုကို' ဘာရော ဒါကို ရဲရဲဝံ့ဝံ့ ပြောနိုင်ရမှာပေါ့။ အခုတော့ မေမေပြောရုံနဲ့ 'အင်း' 'ဟုတ်ကဲ့' ဆိုပြီး အမိန့်နာခံသလို တစ်ခွန်းမကျန် သဘောတူ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရတာပါလိမ့်။

ဘာတွေလဲ 'ကိုကို'။

'ဒါဒါ' ဘာမှ နားမလည်နိုင်တော့ဘူး။

'ကိုကို' က ဘယ်သူလဲ။

'ဒါဒါ'ကရော ဘာများလဲ။

မသိခြင်းမေးခွန်းများစွာက သူမ တစ်ကိုယ်လုံးကို လွှမ်းခြုံထားလိုက်သည့်နှယ်ပါလေ။

ဒါဖြင့် သူမ သိမထားပါသည့် လျှို့ဝှက်ချက်တို့က ဒီမိသားစု အတွင်းမှာ တကယ်ပဲရှိနေခဲ့တာပေါ့။ ဒါကို သူမ သိကိုသိရမှ ဖြစ်မှာပါ။

ဘာကြောင့် 'ကိုကို' စိမ်းကားပြတာ ဘာအတွက် 'ကိုကို' ချစ်သူရှာရတာ။ ဘယ်သူအတွက်နှင့် ရေငုံနှုတ်ပိတ်နေခဲ့သလဲဆိုတာ တွေကို တစ်နေ့နေ့တစ်ချိန်ချိန်မှာတော့ သူမ အဖြေရှာနိုင်မှာပါနော်။

နားထင်နေရာတို့ထက် ပူလောင်စွာ စီးကျသွားပါသည့် မျက်ရည်တို့က ရင်တွင်းရှိ မီးကို မငြိမ်းနိုင်ပါလေ။

❊ ❊ ❊



## (၁၅)

Sunday ပိတ်ရက်ဖြစ်နေ၍ သူတို့အိမ်ကိုသွားရန် ရေမိုးချိုး ပြင်ဆင်နေပါ၏။ 'မိန်းမကြိုက်တော့ မျှော်လိုက်တာ' ဟူသည့် စကားပုံ က အခုမှ ပြောင်းပြန်ဖြစ်လေပြီလား။ 'ယောကျ်ားကြိုက်တော့ ဆိုက်ဆိုက်လာ' ဆိုပြီး မိန်းကလေးက အရင်ဆုံးသွားဖြစ်ရတာယ်လို့၊ ဘာဖြစ်သနော်။ ဒီလိုမျိုး ရှေ့တစ်လှမ်းတိုးမှသာ သူနှင့်နီးသည်ထက် ပိုနီးလာနိုင်မှာမဟုတ်လား။

"ရှီ!"

လေချွန်သံကြားလိုက်သဖြင့် ခေါင်းရင်းမှ ပြတင်းပေါက် ဆိုက်ကာကိုဖယ်၍ ကြည့်လိုက်ပါ၏။ 'ပိုင့်'အခန်းပြတင်းက မဖွင့်သေး



www.burmeseclassic.com

www.burmeseclassic.com



တာမို့ ဘယ်ကများ ခေါ်လိုက်ပါသလဲဟု ဟိုဒီရှာကြည့်လိုက်မိလေ သည်။ ရုတ်တရက် တစ်ဖက်အိမ်ပြတင်းပေါက်က ပြုံးခနဲပွင့်သွား သဖြင့် လန့်သွားရလေ၏။

"ဟယ်! ... လန့်လိုက်တာ ပိုင်ရယ်"

"ဖိတ်ရက်လည်း လှလှတွေပြင်နေပါလား။ Date ထွား

တယ်ပေါ့လေ"

"ဟင်း ဟင်း ... birthday ဖိတ်ထားတာ သွားမလို့

ပိုင်ရယ်"

"မှုပိုင်ရှင်ကြီးလား"

"မဟုတ်ပါဘူး"

"ဒါဆို ဘယ်သူလဲ"

ပြုံးစိစိဖြစ်သွားရပါ၏။ မစပ်စုတတ်ပါသည့် 'ပိုင်'က

ဆန်းစွာ စပ်စုလိုပါလား။ ပြန်ရောက်တာနှင့် အိမ်သိမ်မက

လျှောက်လိမ့်နေသည့်လူက ဒီနေ့ သွားစရာမရှိသလိုပါနှလ

ပြုံးလိုက်တာကို မြင်သွား၍ မျက်ခုံးပင့်ပြ၍ အသံတိတ်မေးပြ

သည်။ ဖုံးထားလို့ ဘယ်ရပါ့မလဲ။ ပြောတော့ပြောရမည်သာ။

"ဟင်းဟင်း ... မတော်ရသေးတဲ့ ယောင်းမလေးရဲ့ အသ

(၂၀) ပြည့်မွေးနေ့"





"အားပါးပါး နားကြားပြင်းကပ်လိုက်တာ"

"မနာလိုမရှိပါနဲ့နော်"

"ဘာပေးဖို့ စိတ်ကူးထားလို့လဲ"

"အဲဒါကိုပဲ စဉ်းစားမရဖြစ်နေတာ။ သွားရင်းနဲ့ပဲ တစ်ဆိုင်

ဆိုင် ဝင်ပြီး တစ်ခုခု ဝယ်သွားရမှာပေါ့"

"ငါလိုက်ပို့ရမလား"

"အံမယ်"

"လိုက်ရှုပ်မလို့ မဟုတ်ပါဘူး။ နင့်အတွက် ဝယ်ပေးမယ်

ပြီး ခုထိ perfume မဝယ်ဖြစ်တာ လိုက်ဝယ်ရင်းနဲ့"

"ယောင်းမကိုလည်း လိုက်ရှိုးရင်းပေါ့လေ"

"အဟဲ ... နင်သိရဲ့သားနဲ့"

"လိုက်ပါ ရပါတယ်။ ဒီအတိုင်း တစ်ယောက်တည်း သွား

တာမှ အူကြောင်ကြောင် ဖြစ်နေဦးမှာ။ ငါ အောက်မှာ စောင့်နေ

မလေ"

"ကိုယ့်ကားနဲ့သွားကြမယ်နော်"

"သဘောရှင် သဘော"

သူက လက်ဖျစ်တစ်ချက်တီးလိုက်ပြီးနောက် ရေချိုးခြင်း

ခုံးလှုပ်လိုက်ရလေ၏။ ရင်တွေ ဘာလို့ အလိုလို အခုန်မြန်နေလာ



www.burmeseclassic.com

www.burmeseclassic.com



ရတာပါလိမ့်။ ခုတလော 'မဒီ' မျက်နှာမှာ အပြုံးတို့ဝေဆာပြီး ဝင်းဝ နေသည့်နှယ်ပါ။ အချစ်က လူကို နုပျိုစေပါသလား။ ဒါကြောင့်မို့ ကြင်နာသူနှင့် ဆုံစွင့်ရနေပါသည့် 'သိမ့်မဒီ' က လတ်ဆတ်လန်းဆန်းပြီး ဖျတ်လတ်တက်ကြွနေတာ အမှန်ပါလေ။

"ဒါက ဘယ်ကိုတုံး"

"မဒီနဲ့ Birthday party သွားမလို့ပါ မာမီ"

"ဒီအချိန်အစောကြီး"

"လူကြီးပွဲမို့ ဒီအချိန် မနက်ပိုင်းပဲဖြစ်မှာပေါ့ မာမိရဲ့"

"အေးအေး၊ ကားကို ပြိုင်မောင်းမနေကြနဲ့ဦး"

"ကျွန်တော့်ကားနဲ့ပဲ သွားကြမှာပါ မာမီ"

ကားသော့ကို ဗီရိုအံဆွဲထဲမှ ယူလိုက်ပြီးနောက် တိုက်ရှေ့ထွက်ကာ ဘေးဘက်ဂိုဒေါင်ထဲမှ သူ့ကား နီနီရဲရဲလေးကို ထုတ်ခဲ့ပါ၏။ တစ်ဖက်ခြံတံခါးပေါက်မှတစ်ဆင့် ခြံထဲမောင်းဝင်ခဲ့စဉ် တိုက်ရှေ့ အဆင်သင့်စောင့်နေပါသည့် 'မဒီ' ကို တွေ့ရလေသည်။ သူ ကားတံခါးကိုပါ ဆင်းဖွင့်ပေးလိုက်သဖြင့် 'မဒီ' က သဘောကျစွာပြုံး ရယ်လေတော့၏။

"Service အပြည့်နဲ့ပါပဲလား။ ကြည့်စမ်း! ဘယ်လိုဖြစ်ပြီး ငါနဲ့ colour match ဖြစ်အောင် ရွေးဝတ်လာရတာလဲ"





"Sorry ကွာ၊ ငါလည်း ဘာဝတ်ရမှန်းမသိတာနဲ့ ဟို တစ်လောလေးက မာမီဝယ်ထည့်ထားပေးတဲ့ တစ်စုံကို ကောက်ဝတ်လိုက်မိတာ။ ဘာဖြစ်လဲကွာ။ မသိလို့မေးကြလည်း မောင်နှမဆိုပြီး ဖောဖိတ်ရောကျိတ်လိုက်ကြတာပေါ့"

"ယုံလိမ့်မယ် အားကြီးကြီး"

ကားပေါ်သို့ 'မဒီ' ရောက်ပြီမို့ ကားတံခါးကို ပြန်ပိတ်ပေးလိုက်ပြီးနောက် ကားလေးကို ခြံထဲမှမောင်းထွက်ခဲ့ပါ၏။ ရော်! အခုမှ သတိရသွားရပါသည်။ ဒီကားအသစ်လေးအပေါ်ကို သူချစ်ရသည့်မိန်းကလေးကိုသာ အရင်ဆုံးတင်ဖို့ စိတ်ကူးယဉ်ခြင်းက ရုတ်တရက်ပျက်ရလေပြီ။

"သွားပါပြီ"

"ဘာလဲ"

"ဒီကားပေါ်ကို နင် အရင်စီးလိုက်ရလို့"

"အဲဒါ ဘာဖြစ်လဲ"

"ငါက ငါချစ်တဲ့ကောင်မလေးကိုပဲ အရင်ဆုံး ပေးစီးဖို့ စိတ်ကူးထားတာ။ ဘူပိတ်ပါပြီကွာ"

"ကြည့်! ...ပိုင်နေဘ် နင်"

လက်မောင်းကို ဖျတ်ခနဲ ထုလိုက်လေ၏။ ကျီစယ်လေ



www.burmeseclassic.com

www.burmeseclassic.com



သလား။ 'မဒီ' ပုံစံလေးက ချစ်စဖွယ်လေးဖြစ်ပေမယ့် လူကြီးပုံစံမျိုး style ဖမ်းထားပုံက တစ်မျိုးလေး ဆွဲဆောင်မှုရှိနေတာပါ။ ဟိုတစ်ယောက် ရင်ခုန်မခုန်တော့ သူလည်းသေချာမသိပါလေ။ သူကဖြင့် ဒီသူငယ်ချင်းလေးကို ပြောမနာ ဆိုမနာဖြင့် ယောကျ်ားလေးနှယ်ပင် တန်းတူပေါင်းခဲ့မိတာပါပဲ။

"အဲဒီတစ်ယောက်ကိုလည်း ဒီလိုပဲ လုပ်တာလား"

"ဘာကိုလဲ"

"ထိတာ၊ ထုတာ၊ ပွေ့တာ၊ ဖက်တာတွေပေါ့"

"ဟယ်! ... ငနောကောင်။ ထိစရာလား၊ ငါနဲ့သူက အဲဒီလောက်အထိ ရင်းနှီးသေးတာမှ မဟုတ်တာ"

"ဒါဆို ငါကူညီပေးမယ်လေ"

"ဘယ်လိုကူညီမှာလဲ"

"သူ့ရှေ့မှာ Jealouse ဝင်လာအောင် နည်းနည်းပါးပါးလေး ပေါ့"

"မလုပ်ပါနဲ့ပိုင်ရယ်။ နဂိုကမှ သူက လူအေးလေးရယ် တော်ကြာ အထင်လွဲသွားမှ ရှင်းမရ ပြုမရ ဖြစ်ကုန်မှ ဒုက္ခ"

"ဟား ဟား ဟား ဟား ... နင် အဲဒီလောက်တောင် ကြောက် နေလား။ ယူဖြင့်မယူရသေးဘူး ငါ့ဘော်ဒါ မပီသလိုက်တာ"





ပြောလည်းခံရမည်သာ။ သူ့ကိုမှ 'ဒီဒီ' က စိတ်ဝင်စားနေမိတာကို။ စတွေ့စဉ်ကတည်းက လေးနက်တည်ကြည်သည့် မျက်နှာလေးကို တွေ့ခွင့်ရခဲ့တာပါ။ ဖြောင့်မတ်သည့် စိတ်ရင်းကို တစ်ခါတည်း မြင်ခွင့်သိခွင့်ရခဲ့တာ မဟုတ်ပါလား။ 'ပိုင့်' လို ဖော်ရွေပြီး တွေ့တာနှင့် ချာတတ်တာမျိုး မဟုတ်ဘဲ စကားကို လိုအပ်သလောက်မျှသာ ပြောဆိုတတ်တာကြောင့် 'မဒီ' စိတ်ထဲမှ သဘောကျခဲ့ရတာ အမှန်ပါ။

"ဟောဗျာ! ... မေးနေတာ မကြားဘူးလား"

"ဘာလဲ"

"ဆင်းကြမယ်လေ"

"ဟုတ်သားပဲ"

အတွေးက ခဏလေး ဦးနှောက်ထဲ ရောက်မိတာနှင့် ဘေးမှ ပြောသည့်အသံကို မကြားမိရတယ်လို့။ ရှင်က ဒီလောက်အထိတောင် 'ဒီဒီ' စိတ်ကို ပိုင်စိုးနိုင်ပါတယ် 'ကိုနန္ဒကျော်'။ မတွေ့ဖြစ်ပေမယ့် အကြောင်းရှာပြီး ဆက်တိုင်းရိုင်းပြမှုမျိုးမရှိဘဲ အလိုက်သင့်လေး အဆင်ပြေပြေ ပြန်ဖြေတတ်ပုံက အဘယ့်မျှ ယဉ်ကျေးလိုက်ပါသလဲ။

အဲဒါတွေကြောင့်ပဲ သူ့အပေါ် တစိမ့်စိမ့် နှောင်တွယ်လာမိတာလေ။ လူကြီးတွေကြောင့် မဟုတ်ဘဲ 'ဒီဒီ' တို့လူငယ်ချင်းပဲ



www.burmeseclassic.com

www.burmeseclassic.com



ဒီထက်မက ပိုပြီးရင်းနှီးတာက ပိုမကောင်းဘူးလား။ တိုးတိုးဖေ... တိုင်ပင်ဖက်၊ လက်တွဲဖော်အဖြစ် သူ့ကိုသာ ရွေးချယ်ဖို့အတွ... ဆုံးဖြတ်ခဲ့မိတာက ဦးနှောက်ထက် နှလုံးသားက ရှေ့တန်းထိပ်ဆုံး... ပါပဲ။

"ဘာဝယ်ပေးမှာလဲ"

"သူက နာရီဝတ်တဲ့အကျင့်ရှိတာဆိုတော့ watch ပဲဝ... ပေးရင်ကောင်းမလားလို့"

"ဟာ! ... ပြောတော့ဖြင့် သူ့ညီမ မွေးနေ့ဆို"

"ဒါတော့ဒါပေါ့"

"သိပြီ ... သိပြီ၊ အစ်ကိုကို အလိုရှိတာမို့ ညီမကို ဖားရ... မျိုးပေါ့"

"မဟုတ်ပါဘူးနော်၊ မောင်နှမနှစ်ယောက်စလုံးကို ဆင်... လေး ဝတ်စေချင်လို့ပါ"

"ဘာပဲဖြစ်ဖြစ် ကုလားကြီးနဲ့ ဘာဘူကြီးပါပဲ မဒီရာ"

"ကြည့်!"

ကျောကုန်းကို ဘုန်းခနဲထုပြန်လေ၏။ သူ ဟိုတစ်ခါ ဝ... သည့် ဆိုင်ကိုပင် ဦးတည်၍ လာခဲ့ကြတာပါ။ စက်လှေကား အပေါ်... ထပ်သို့ရောက်စဉ် သူနှင့် 'မဒီ' ကို ပြုံးပြုံးကြည့်နေပါသည့် မိန်းကလေး...





...နှစ်ယောက်ကို တွေ့လိုက်ရလေသည်။ နေပါဦး ဒီချာတိတ်တွေကို သူသိနေပါတယ်။

"ကိုပိုင်ဖေလားဟင်"

"အစစ်ပါပဲဗျာ"

"တွေ့လား ... ဟုတ်ပါတယ်ဆိုနေမှ"

"ပုလဲနဲ့ ရတနာနော်"

"ဟယ်! ... မှတ်မိသားပဲ"

"ဒါပေါ့ ရတနာရဲ့။ ကိုယ်က မိန်းမချောလေးတွေဆို ဘယ်...တော့မှ မမေ့ဘူး"

"ကလေးတွေကို မဟုတ်တာက စပြောပြီ။ ငါနဲ့ မိတ်ဆက်...ပေးဦး"

"ဒီမမက"

"ဒါ ကိုယ့် best friend လေ။ နှစ်တွဲလောင်းကတည်းက"

"ကြည့်! ... နင်ညစ်ပတ်စုတ်ပဲပြန်ပြီ။ တို့နာမည် သိမ့်မဒီ...ပါကွယ်"

"လှလိုက်တာ"

"သြော် ... ညီမလေးတို့က ပိုလှတာပါ"

"ဟီးဟီး"



www.burmeseclassic.com

www.burmeseclassic.com



ချာတိတ်မလေးနှစ်ယောက်က သဘောတကျဖြင့် ရယ်လေတော့၏။ ခေါင်းကို ဟိုဒီလှည့်ကြည့်ရှာလိုက်သော်ငြား မြင်ချင်သည့်မျက်နှာလေးကို မတွေ့ရပါလေ။ ဘာလဲ သူမ မပါလာဘူးလား အမြဲတမ်း သုံးယောက်တွဲပြီး သွားလာနေတတ်တဲ့အုပ်စုမှာမှ နှစ်ယောက်ပဲ တွေ့ရတယ်လို့။

"မပါဘူးလား"

"ဟင့်အင်း . . . အခု သူ့ဆီသွားမလို့"

"ဘယ်သူ့ကိုမေးတာလဲ"

"သမီးတို့သူငယ်ချင်းကိုပြောတာပါ မမ။ အခု သူ့အတွက် မွေးနေ့လက်ဆောင် လာဝယ်ကြတာ"

"အလို! ဒါဆို ညီမလေးတို့သူငယ်ချင်းက ထက်မြက်နွ ... အောင်များလား"

"ဟုတ်ပါတယ် မမ၊ သိလို့လားဟင်"

"မမတို့လည်း အခုပဲ သူတို့အိမ် သွားကြမှာ"

"ကော်တာပဲကွာ။ အစ်ကို့ကို နှင်ယူ၊ ညီမကိုငါရမှာ"

"ခွေးကောင်စုတ်!"

လက်မောင်းကို ဖြောင်းခနဲ ရိုက်ပြန်လေ၏။ 'မဒီ' နှင့် ... ဘေးနားနေလျှင် သူချည်း အနာခံနေရတာလေ။ သမာဓေ...





...နတ်ကောင်းနတ်မြတ်တွေ လမ်းညွှန်လေသလား မသိပါ။ ဘယ်လိုဖြစ်ပြီး 'မဒီ' နှင့်သူက သူမတို့မောင်နှမနှင့် ရေစက်လာဆုံရတာပါလိမ့်နော်။

"ဒါဖြင့် ဒါဒ့်အတွက် ကိုယ်လည်း မွေးနေ့လက်ဆောင် ဝယ်ရတော့မှာပေါ့"

"အဲဒါနဲ့ပဲ ငါ့အတွက် မေ့ဦးမယ်"

"မမေ့ပါဘူးဟာ။ ငါတစ်ခါတည်း ဝယ်ပေးပါ့မယ်။ ဒြော် ... ဒါနဲ့ ရတနာတို့ ကားပါလာရဲ့လား။ မပါရင် ကိုယ့်ကားနဲ့ပဲ လိုက်ခဲ့လေ"

"ဟင် . . . အားနာစရာကြီး"

"အားမနာပါနဲ့၊ ဒါဒ့်အတွက် ရတနာတို့ကိုပဲ အားကိုးရမှာ။ ပြောပေးမယ် မဟုတ်လား"

"ကြည့်!"

"ဘာပြောပေးရမှာလဲ"

"အောင်သွယ်ခ ထိုက်ထိုက်တန်တန် ပေးပါ့မယ်။ လောလောဆယ်တော့ ပစ္စည်းသွားဝယ်ကြရအောင်၊ ပြီးမှ မချောသုံးယောက် ကိုယ်တစ်ယောက် ဆက်ဒိုးကြမယ်"

"ပိုင်နော်၊ နောက်တီးနောက်တောက်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



တကယ်ပင် ဆိုင်ထဲဝင်သည်နှင့် ကောင်မလေးသုံးယောက် ရှိ၍ ရောက်လာသည့်သူကို အရောင်းစာရေးမလေးတွေ ပိုင်းဝေးကြ တော့တာပါပဲ။ သိတယ်မဟုတ်လား။ 'ပိုင်ဖေမင်း' က အဲဒီလို ခပ်ပိုင် ပိုင်ပဲလေ။

❊ ❊ ❊



## (၁၆)

မနက် (၁၁) နာရီကျော်မှသာ သံဃာတော်တွေကို နေ့ဆွမ်း ဆပ်ပြီးသဖြင့် နားရလေတော့၏။ ညှို့သည့်အများကြီးဖိတ်တာမျိုး မဟုတ်ဘဲ ကိုယ့်လမ်းထဲမှ အိမ်နီးချင်းတွေသာ ဖိတ်ထားတာမို့ သူမ သည်းမခံနိုင်လည်း မေမေတို့ ကြည့်လုပ်ပေးကြမှာပါ။ တရားနာရ သာရော၊ နေမကောင်းဖြစ်နေသည့်အရှိန်ကလည်း အကင်းမသေသေး သဖြင့် ပင်ပန်းလွန်းနေလေပြီ။

"မေမေ"

"ပြောလေ သမီး"

"ဒါဒါ နားတော့မယ်၊ ရတနာတို့လာရင်တော့ လာခေါ်နိုင်း ပါနော်"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ . . . သမီးရယ်၊ အေးပါ။ သမီး မဆင်းချင်လည်း သူတို့ကို သမီးအခန်းထဲ လွှတ်ပေးလိုက်ပါ့မယ်"

"ဟုတ်ကဲ့"

"သဲမာရေ နင့်မမကို အခန်းဆီ တွဲပို့ပေးလိုက်ပါဦး"

"ဟုတ်ကဲ့ ကြီးမေ"

လှေကားပေါ်ပြန်တက်ရမည်မို့ မူးမေ့လဲကျမည်စိုး၍ တွဲခေ ခြင်းပါ။ ခါတိုင်း 'ကိုကို' ပင်တွဲခေါ်နေကျဖြစ်ပေမယ့် ဒီနေ့တော့ဖြ 'ဒါဒါ့' ကို မျက်လုံးချင်းတောင်မဆုံအောင် ရှောင်နေတော့တာပါလေ။ လှည့်ကြည့်လိုက်တိုင်း မျက်နှာလွှဲသွားတာချည်းသာ။ အခုလည်း ညည့်သည်တွေစားပြီးသားပန်းကန် အပေတွေကိုထပ်ရင်း ကျော ထားပြန်လေပြီ၊ တကယ်ဆို ဒီအောက်ခြေသိမ်းအလုပ်တွေကို 'ကိုကို' လုပ်စရာမှ မလိုတာလေ။

လူက ခါတိုင်းထက်ပင် ပို၍ အားမရှိတော့သလိုပါ။ မေမေ ပြောသည့်စကားတို့ကို သူမလည်း ကြားခဲ့ရတာမို့ ခါတိုင်းလို 'ကိုကို' နောက် တကောက်ကောက်လိုက်ပြီး မပူးကပ်ရဲတော့ပါဘဲ ခပ်ကြော ကင်းနှင့် မသိဟန်ဆောင်၍ ဘာသိဘာသာ နေနေရလေ၏။ စိမ်းသင့် ခြင်း၏ ခါးသီးမှုက သူမ လည်ချောင်းတစ်လျှောက် စီးမျောသွားရသည် နှယ်ပါ။





"သဲမာ"

"ရှင် မမ"

"ငါ ခဏလောက်အိပ်ဦးမယ်။ ရတနာတို့လာလို့ လာခေါ်နိုင်း ရင် တံခါးပဲဖွင့်ကြည့်နော်။ ငါ အိပ်ပျော်နေတုန်း လာမနှိုးနဲ့။ ရတနာတို့ က ချက်ချင်းပြန်မှာမဟုတ်ဘူး။ ငါ့ကိုစောင့်ကြမှာ"

"ဟုတ်ကဲ့၊ စိတ်ချပါ မမ"

"တံခါးပြန်စေ့ခဲ့"

"ဟုတ်ကဲ့မမ"

အိပ်ရာထက် ပစ်လှဲချလိုက်မိပါ၏။ တစ်သက်နှင့်တစ်ကိုယ် အသက် (၂၀) ပြည့်မှ မပျော်ရွှင်ပါဘဲ လုပ်ဖြစ်သည့် မွေးနေ့ပွဲပါ။ စိတ်ဆင်းရဲခြင်းတွေ ပြည့်နှက်နေမှတော့ ဘာလို့ပွဲလုပ်ပေးနေသေးလဲ။ မသိသလိုဘဲ ထားလိုက်ပါတော့လား။ ခါတိုင်းဆို သူမ၏ ဂျိုဂျော် ဂျယ်တို့ဖြင့် ဆူညံနေပါသည့် အိမ်က ခုတော့ဖြင့် ခြောက်ကပ် တိတ်ဆိတ်နေတော့တာပါလေ။

တကယ်ပဲ စိမ်းနိုင်သလား 'ကိုကို'။ မေမေပြောလည်း မေမေတို့ကွယ်ရာမှာ 'ဒါဒါ့' အပေါ် ယုယကြင်နာပြလို့ ရပါတယ်။ လူရှေ့ သူရှေ့မှာ မဟုတ်ဘဲနဲ့လည်း နှစ်ယောက်သား တွေ့ကြနိုင်း 'ကိုကို့ကို အချစ်ဆုံး'၊ 'ညီမလေးကို အချစ်ဆုံး' ဆိုတဲ့စကားတွေကို



www.burmeseclassic.com

www.burmeseclassic.com



တိုးတိုးလေးပြောလို့ ရပါတယ်နော်။

ဒါပေမဲ့ 'ကိုကို့' ဘက်က ဥပေက္ခာပြုခြင်းတွေက 'ဒါဒါ့' အပေါ် ရက်စက်လွန်းရာကျမှန်းမသိလို့လား။ 'သဲမာ' တို့နဲ့တော့ စကားတွေပြောရင်း မီးဖိုခန်းထဲ ဝင်ထွက်ရင်း အလုပ်တွေ ကူလုပ်ပေး ရင်း အပြုံးမပျက်ခဲ့ပါ။ 'ဒါဒါ့' ခြေသံကြားသည်နှင့် အသံက ချက်ခြင်း တိတ်သွားပြီး ဟိုဒီအကြောင်းရှာကာ ထရှောင်သွားတာက ဘာ သဘောပါလဲ။

'ဒါဒါ'က 'ကိုကို့' အတွက် ဘာများလဲဟင်။

"ညှော်သည်တွေကိုသာ ညှော်ခံပေးပါသားရယ်။ အဲဒါတွေ မိဆူးတို့လုပ်ပါလိမ့်မယ်"

"အလုပ်ပိုသွက်အောင်လို့ပါ မေမေ"

"ဟိုးက လူကြီးဝိုင်းကို အချိုပွဲ သွားပို့ပေးဦး"

"ဟုတ်ကဲ့"

မေမေက သူ့လက်ထဲသို့ အချိုပွဲပြင်ထားပါသည့် လင်ဗန်းကို ထည့်ပေးနေပြီမို့ အလုပ်တွေဆက်တိုက်ဖိလုပ်နေတာကို ရပ်လိုက်ရပါ ၏။ မုန့်ပန်းကန်တွေ ထည့်ထားပါသည့် လင်ဗန်းကို ဂရုစိုက်၍ သယ်လာခဲ့ပါသည်။ ဖေဖေက ထိုဝိုင်းမှာ ရယ်မောပြောဆိုနေလေ၏။

"ဖေဖေ"





"အေး သား ဒီမှာလေ ကျွန်တော့်သား သိပ်အားကိုးရတာ"

"သားက လူချောလေးပဲ"

"အချိုပွဲသုံးဆောင်ပါဦး၊ ဦးနဲ့အန်တီ ခင်ဗျာ"

"ကျေးဇူးပါကွယ်"

"ဒါနဲ့ သားက အကြီးဆိုတော့ မြန်းထားတာတို့ ဘာတို့ ရှိပြီလား"

"ရှိတာပေါ့ဗျာ၊ သိကြမှာပါ။ အောင်တံခွန်ကုမ္ပဏီက ဦး အောင်မြိမ့်ရဲ့သမီးလေးနဲ့လေ"

"ဟယ် ... ဟို ... ခပ်ဖြူဖြူချောချော သမီးလေးပေါ့"

"ဟုတ်ပါ့ဗျာ၊ သမီးလေးကိုလည်း ဖိတ်ထားတော့ မကြာခင် ရောက်လာမှာပါ"

ညီမလေးမွေးနေ့အလှူဆိုပြီး တကယ်တမ်းမှာဖြင့် သူ့ကို ညည်းပွဲထုတ်နေသည့်နှယ်ပါလေ။ 'သား လာဦး'၊ 'သား ဒီကိုခဏ'၊ 'ဗိုသား ဘယ်ရောက်နေပြန်ပြီလဲ' ဆိုပြီး ဖေဖေက သူ့ကို မျက်စိ အောက်မှာ အပျောက်မခံဘဲ ရှိနေစေတာက နေရကျဉ်းကျပ်ပြီး အသက်ရှူရခက်စေတာပါလေ။

လင်ဗန်းထဲမှ ဆန်နန္ဒင်းမကင်းဝါဝါလေး၊ ရွှေကြည် နှင်း ဆောင်းနှင့် အုန်းနို့ကျောက်ကျောပန်းကန်တို့အပြင် လက်ဖက်သုပ်ပွဲကိုပါ



www.burmeseclassic.com

www.burmeseclassic.com



စားပွဲရှင်း၍ စီတင်ပေးလိုက်ပါ၏။ ကြက်ဆီထမင်းကျွေးထားပါသည့် ပန်းကန်တွေနှင့် ဟင်းချိုပန်းကန်၊ အချဉ်ပန်းကန်တို့ကို လင်ဗန်းထဲ ပြန်စီတင်ကာ ထရပ်လိုက်ပါသည်။

"ကိုနန္ဒ"

"ဗျာ"

"ဒီဒီ ကူလုပ်ပေးပါ့မယ်၊ ပေးပေး"

"နေပါစေ ရပါတယ်"

"မရပါနဲ့၊ ညှော်သည်တွေကိုပဲ ညှော်ခံလိုက်ပါ။ ဒီဒီက ညှော်သည်မှမဟုတ်တာ"

"ရတနာတို့ ကူလုပ်ပေးပါ့မယ် ကိုကို။ ဒီကိုပေးပါ မမ"

"ဟော! . . . ပြောရင်း ဆိုရင်း ရောက်လာပါပြီ၊ သမီးတော့ အသက်ရှည်ဦးမယ်ဟေ့"

"မင်္ဂလာပါ အန်ကယ်ထက်"

"မင်္ဂလာပါဗျာ။ အခုမှပဲ တကယ့်ကို မင်္ဂလာရှိသွားတော့ ထိုင်ပါသမီး။ သားလည်းထိုင်လေ"

"ဟုတ်ကဲ့"

"ပိုင်က ဒီဒီ့သူငယ်ချင်းပါ အန်ကယ်။ ခြီဘေးကပ်မှာ နေတာပါ"





"ဪ . . . ဟုတ်ပြီ၊ ကိုအောင်ခြိမ့် တစ်ခါပြောဖူးသလိုပဲ။ Foreign ship Engineer ဆိုလား"

"ဟုတ်ပါတယ် အန်ကယ်။ ကျွန်တော် ပိုင်ဖေမင်းပါ"

"အေးပါကွယ်"

ဖေဖေ့လက်ကို လက်ဆွဲနှုတ်ဆက်ရင်း ဘေးစားပွဲမှာ နေရာယူလိုက်ပါသည့် လူငယ်ကိုမြင်ရစဉ် သူ့ရင်ထဲ တစ်မျိုးကြီးဖြစ်သွားရလေ၏။ 'ဒီဒီ'ကပါ သူ့လက်ကို ဆွဲ၍ ထိုင်ခိုင်းနေသဖြင့် လူငယ်ဝိုင်းမှာ သူ ဝင်ထိုင်လိုက်ရပါသည်။ စားပွဲထိုးသည့်အလုပ်ကို 'သဲမာ' တို့နှင့်အတူ 'ရတနာ' တို့ပါ ကူလုပ်ပေးနေလေတော့၏။

"ဒါနဲ့ မွေးနေ့ရှင်ရော"

"ဪ . . . ညီမလေးက သိပ်နေမကောင်းလို့ တရားနာဘုန်း ခဏပဲ ဆင်းလာတယ် ဒီဒီ။ အခု အခန်းထဲမှာ ပြန်နားနေတယ်။ အိပ်ပျော်နေမလားပဲ"

"ကဲ! . . . ဘယ်လိုလဲ၊ မှန်းချက်နဲ့နမ်းထွက် မကိုက်တော့ဘူး ဟုတ်လား ပိုင်"

"ကိုယ်စောင့်နိုင်ပါတယ် မဒီရာ"

ဘာလဲ၊ ဘာသဘောပါလဲ 'ဒီဒီ'။ ညီမလေးရဲ့မွေးနေ့ အလှူကို လာတာမှန်ပေမယ့် ဘာလို့များ ဒီလိုသူစိမ်းဆောက်ျား



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကို ခေါ်လာရပါသလဲ။ ဟိုလူစိမ်းကရော ဘယ်လိုကြောင့် ‘ဒါဒါ့’ ကို သိနေရပါသလဲ။ ရင်ထဲမှာ တင်းခနဲဖြစ်သွားသလို ဟိုလူထံ ရူးစိုက်ကြည့်လိုက်မိလေ၏။ သို့သော် ထိုလူက သူ့အကြည့်ကို မဖြေပါ လေ။

“ပိုင်က ဒါဒါတို့နဲ့ ရင်းနှီးထားပြီးသားပါ။ ညီမလေးအတွက် လက်ဆောင်ဝယ်ရင်းနဲ့ plaza မှာ ရတနာတို့နဲ့ဆုံပြီး မဖိတ်ဘဲ ရောက်လာတဲ့ ဧည့်သည်ဆိုပါတော့။ ဒါ ငါပြောတဲ့ ကိုနန္ဒကျော် ပိုင်”

“တွေ့ရတာ ဝမ်းသာပါတယ် အစ်ကို”

ကြည့်စမ်း! စတွေ့တာနဲ့ အစ်ကိုဆိုပြီး ပစ်ခေါ်လိုက်တာပါ လား။ လက်ပါ ကမ်းပေးနေသဖြင့် မကောင်းတတ်၍ သူပြန်နှုတ်ဆက် လိုက်ရလေ၏။ သူတို့အနီးမှ ဖေဖေက လူကြီးတွေကို တိုက်ရှေ့ (ခြံဝင်း) သို့ လိုက်ပို့ပေးရန် ထွက်သွားလေပြီ။ ဒီဝိုင်းထဲမှာ သူနေရမှာ နေရပါလားနော်။

“လာပါဆိုနေမှ”

“နင်တို့ကလည်းဟယ်။ ငါ့ပုံကိုလည်း ကြည့်ကြပါဦး”

“အို! နင်က ဘယ်လိုနေနေ လှနေသားပဲဟာ။ လာ ဒါဒါရယ်။ ဘယ်သူရောက်နေလဲ ပြချင်လို့ပါ”





လက်ကို အတင်းဆွဲခေါ်နေသဖြင့် ဧည့်ခန်းဆီသို့ ရောက်လာရလေ၏။ လူရှင်းသလောက် ဖြစ်နေပြီး စားပွဲတစ်ဝိုင်းမှာသာ လူသုံးယောက်ရှိနေတာပါ။ သူမ၏ကိုကိုက ထုံးစံအတိုင်း သူမလာရာဘက်ကို ကျောပေးလျက် ထိုင်နေလေသည်။

“ကဲ! ရောက်ပြီ”

“ဟော! Happy Birthday ပါ ဒါဒါ။ မဖိတ်ဘဲရောက်လာတာ ဖြစ်ပေမယ့် ကိုယ့် present ကိုတော့ လက်ခံပေးပါ”

“ဟင်!”

ဆတ်ခနဲ မတ်တပ်ထရပ်ကာ နှုတ်ဆက်လိုက်ပြီး လက်ထဲသို့ လက်ဆောင်ထည့်ပေးလိုက်ပါသည့် လူကြောင့် အံ့ဩသွားရပါ၏။ ဘုရားရေ! သူက သူက ဘယ်လိုဖြစ်ပြီး ‘ဒါဒါ’ တို့အိမ်ကို ရောက်လာရပါသလဲ။ ‘ရတနာ’ က ‘ကိုကို့’ ဘေးမှာတင် ‘ဒါဒါ့’ ကို ထိုင်စေသဖြင့် ထိုင်ချလိုက်ရတော့၏။ ဆံပင်ကို ခပ်ဖွဖွလေးစည်းထားပါသည့် ပုံစံက မည်သို့မျှ ကြည့်ကောင်းနေမည် မထင်ပါလေ။

“ဒါက ညီမလေးအတွက် မမရဲ့လက်ဆောင်ပါ”

“ဟုတ်! ကျေးဇူး”

အသံက မထွက်ပါ။ “မမ”တဲ့။ “မမ”တဲ့လား။ ဒါသ ဘာလဲ ‘ကိုကို’။ အကြည့်ဖြင့်မေးရန် ကြည့်လိုက်သော်ငြား ‘ကိုကို’က



www.burmeseclassic.com

www.burmeseclassic.com



လှည့်မကြည့်ပါ။ ထို 'မမ'ကိုသာ ပြုံးပြလိုက်ရင်း ကြက်သားဟင်း ခွက်ထဲမှ အသည်းအမြစ်ကိုပင် ဆယ်ထည့်ပေးလိုက်လေ၏။ ဒါက ဒါက ဘာကိုများ သိစေချင်လို့ပါလဲ 'ကိုကို' ရယ်။

"ဒါဒါလည်း တစ်ခါတည်း တစ်ဝိုင်းတည်း ဝင်စားလိုက်ပါ လား"

"ဟင့်အင်း မဆာလို့ပါ"

"ငါတို့ ထမင်းစားခန်းမှာပဲ အဝတွေ့တော့မယ်"

"ဟုတ်တယ်"

'ရတနာ' က 'ပုလဲ' လက်ကိုဆွဲ၍ အတွင်းခန်းဘက် ရှောင် သွားလေတော့၏။ စကားတီးတိုးပြောရင်း ခေါင်းငုံ့ရယ်မောလိုက်ပုံက ခေါင်းချင်းထိလုနီးပါးပါပဲလား။ ဘာတွေများ သဘောကျနေပါသလဲ အရယ်အပြုံး နည်းပါးလွန်းပါသည့် 'နန္ဒကျော်' က အဲဒီမိန်းမနဲ့ လေကြောမှာ အလိုက်သင့် စီးမျောနေပြီပေါ့လေ။

"ကိုကိုပိုင်"

"ဗျာ!"

"စားနော် ...အားမနာနဲ့။ အသည်းတွေ၊ နှလုံးတွေ ကလီစာတွေ၊ အသားတွေရော အများကြီးရှိသေးတယ် သိလား"

"အင်း"





"ပြီးရင် အချိုပွဲတွေလည်း အများကြီးထပ်ကျွေးဦးမှာ၊ ကိုကို ... လက်ဖက်ကြိုက်ရဲ့လား"

"အင်း"

"လက်ဖက်ရွက်နုလေးတွေကိုပဲ ထောင်းပြီး သေချာနှပ်ပေး ထားတယ် ကိုကိုပိုင်ရဲ့။ ဒါဒါကိုယ်တိုင် စေတနာ ဗရပွနဲ့ ထောင်းထား တာလေ။ စားနော်၊ အားမနာရဘူး၊ ဗိုက်ကားအောင်သာစား"

"စားပါ့မယ် ဒါဒါ၊ စေတနာနဲ့ကျွေးရင် သေဆေးတောင် ...ကောင်းဘူးတဲ့"

"မှန်တယ်၊ မှန်လိုက်တာ။ ကိုကိုပိုင်က သိပ်တော်တာပဲ ...လား။ ဟင်း ဟင်း ဟင်း"

တမင်တကာ အရွဲ့တိုက်ပြီး 'ပိုင်ဖေမင်း' ဆိုသည့် လူ၏ ...မင်းပန်းကန်ထဲသို့ ဟင်းတွေ တစ်ပုံတစ်ပင်ကြီးထည့်ပေးကာ ပိုနီး ...အောင် ကပ်ထိုင်လိုက်သလို ယပ်တောင်ဖြင့်ပင် ခပ်ပေးလိုက်ပါ၏။ ...ဖြည်းဖြည်းဖြင့် နီးရဲတွတ်လာပါသည့် 'ကိုကို' မျက်နှာကြောင့် ...တ်ပြုံးလိုက်မိပါသည်။ မှတ်ထားပါ 'ကိုကို'။ 'ဒါဒါ' အကျင့်ကို ...ကို'အသိဆုံးပါလေ။

❊ ❊ ❊



www.burmeseclassic.com

www.burmeseclassic.com

## (၁၇)

ညက လမသာပါဘဲ မှောင်မိုက်နေလေ၏။ စိတ်ညစ်ညူ
နေကာမှ ပတ်ဝန်းကျင်က ပိုမှောင်မည်းနေရတယ်လို့၊ ရင်ထဲ မကော
ဖြစ်နေလို့ပဲ အခုလိုမျိုး ဖြစ်နေတာများလားဟု ထင်စရာပါလေ။ လေ
က တဖြူးဖြူးတိုက်ခတ်နေသော်ငြား လသာဆောင်မှာ ရပ်နေမြဲရပ်နေ
မိလေ၏။

အရင်အချိန်တွေကို ပြန်တမ်းတနေလို့ ထူးမှာတဲ့လား။ 'ဒါ
မှ 'ဒါဒါ' ဆိုပြီး သည်းသည်းလှုပ်ချစ်ပြခဲ့သည့် 'ကိုကို့' ချစ်ခြင်းတို့
ဤတွင် နှုတ်ဆိတ်တန်လေပြီ။ (၅၂၈) ထက် ပိုသည်ဆိုတာက မှန်နေလော
သူများတကာတွေဆို ဆယ်ကျော်သက်အရွယ်လေးနှင့် စိတ်လှုပ်ရှား





ခုန်တတ်နေပြီ။ 'ဒါဒါ'ကဖြင့် 'ကိုကို့' ကို ချစ်သည့် စိတ်တစ်ခု
ည်းဖြင့်သာ အာရုံစိုက်ပြီး စာသာ ကြိုးစားခဲ့မိတာပါ။

နောက်ဆုံးနှစ် စာမေးပွဲကြီးနီးခါမှ သူမ မျက်နှာကို တစ်ခုခု
နှင့် ဖြတ်ရိုက်လိုက်သလို အဖြစ်အပျက်ကြီး လုပ်ပြလိုက်ရတယ်လို့
ကယ်ပါ။ နှလုံးသားကို ချွန်စူးထက်မြနေသည့် ဆူးတစ်ချောင်းဖြင့်
စ်ဆုံးတိုင် ထိုးစိုက်ခံလိုက်ရသလို အခံရခက်လွန်းတာအမှန်ပါ။

သူမအပေါ်မှာ အသက်တောင်စွန့်ပြီး ကယ်ခဲ့သလို တန်ဘိုး
းချစ်ခဲ့သည့် ချစ်ခြင်းတို့က အခုတော့ ဘယ်ပျောက်ကုန်ပါလဲ။
ဖြူရောင်သန့်သန့်လေးနှင့်သာ တစ်ဘဝလုံးစာအတွက် ချစ်သူမရှာ
တာ့ပါဘဲ 'ကိုကို' နှင့်သာ ထာဝရ အတူနေသွားချင်ဘာပါလေ။
တိုးကြီး အဘွားကြီးဖြစ်တဲ့အထိ 'ကိုကို့' လက်ကိုတွဲထားလို့ မရနိုင်
းလား။

သူမ မွေးနေ့မှာမှ ရင်ကိုထိခိုက်စေသလို ချစ်သူကိုပါ ဖိတ်ခဲ့
ာ ဘာသဘောလဲကွယ်။ မျက်စိစုံမှိတ်ပြီး ထင်ရာစိုင်းပြလိုက်ချင်ပါရဲ့။
ကို့' လိုပဲ ထင်ရာစိုင်းပြလိုက်ချင်ပါရဲ့။ 'ကိုကို့' လိုပဲ အားကျမခံ
စ်သူရှာပြလိုက်ရင် ဘယ့်နှယ်နေမှာလဲ။ ငယ်သေးတယ်ဆိုတဲ့
ကြောင်းပြချက်နဲ့ ဆူညီးမှာပဲလား။ မရဘူး 'ကိုကို'။ 'ဒါဒါ့' အချင့်
ချက်ကို 'ကိုကို' အသိဆုံးပါ။ 'ဒါဒါ'က ငယ်စဉ်ကတည်းက



www.burmeseclassic.com

www.burmeseclassic.com



လိုချင်တာကို မရလျှင် ကိုယ့်ကိုယ်ကိုယ် တစ်စုံတစ်ခု လုပ်ကျွင်း တယ်ဆိုတာကိုလေ။

"မမ"

နောက်ဘက်မှခေါ်သံ ကြားလိုက်သော်ငြား လှည့်မကြည့်ဖ ဘာလဲ၊ ကိုယ်တိုင် လာမခေါ်ဘဲ အိမ်က ကောင်မလေးတွေကို လွှင် ခေါ်ခိုင်းတာပေါ့လေ၊ နှုတ်ခမ်းကို မဲ့ကာ ပြုံးလိုက်မိပါ၏။ ချစ်သူရဲ နှင့်ပဲ ညီမလေးကို စိမ်းသက်ပြတာက သိပ်မှ သဘာဝမကျတာလေ

"မှောင်လာပြီ၊ အိမ်ထဲဝင်တော့တဲ့"

"တဲ့" ဆိုမှတော့ တစ်ယောက်ယောက် ပြောခိုင်းလိုက်တာ သေချာတာပေါ့။ အိမ်နေရင်း အဝါဖျော့ဖျော့ အင်္ကျီဘောင်းဘီ One set က blouse လက်တိုဖြစ်ပြီး ခြေသလုံးကျော်ရုံ ဘောင်းဘီကြား လေတိုးခံရရင်း အေးလာတာ အမှန်ပါပဲ။ သို့သော် ဖွဲကြီးပါသည် 'ထက်မြက်နန္ဒာအောင်' က တုတ်တုတ်မျှ မလှုပ်ပါလေ။

အသံထပ်မကြားရတော့သဖြင့် 'သဲမာ' အောက်ပြန်ဆင် သွားပြီမှန်း သိလိုက်ပါသည်။ အရင်လို အချွေးထည်ယူလာပြီး ဝတ်ပေး ရင်း ချော့မော့ပြောပါဦးလား၊ လေသန့်သန့်လေး တစ်ဝကြီးရှူပြီး ရယ်စရာတွေ ပြောပြပါဦးလား။ 'ကိုကိုလိုက်ပို့ပေးမယ်" ဆိုပြီး အခန်းထဲအထိ ရောက်အောင် ပခုံးဖက်ခေါ်ပါဦးလား၊ ခုတော့ ထိုင်





ဟုတ်ပြီ။

"မမ"

ဟော! နောက်ထပ်တစ်ယောက် လွှတ်လိုက်ပြန်လေပြီ။ ဖေဖေနှင့်မေမေက မနေ့ကတည်းက အတော်ပင်ပန်းခဲ့တာမို့ နားနေ လောက်ပြီ။ အိမ်မှာ အမြဲလိုလို ည (၁၀) နာရီမှ အိပ်ကျင့်ရှိသည့် သူဆို၍ 'ကိုကို' နှင့် 'သူမ' သာ ရှိကြတာပါ။ ဒီတစ်ကြိမ်တော့ အနောက်ကို တစ်ချက်လှည့်ကြည့်လိုက်မိပါ၏။ 'မိဆူး' က ပါးစပ်ကို လက်ဝါးဖြင့် အုပ်ကာ တစ်ချက်သမ်းလိုက်ပြီး မှေးချင်ချင်ဖြစ်နေပါ သည့် မျက်လုံးတို့ကိုလည်း လက်ဖြန့်ပွတ်လိုက်လေသည်။

"ည ဆယ်နာရီကျော်နေပြီ၊ အိပ်တော့တဲ့"

"ဘယ်သူကလဲ"

"ကိုကိုကြီးက ပြောခိုင်းတာပါ"

"နင်အိပ်ချင်နေတာ သွားအိပ်ပါတော့လား၊ ဘာလို့ လာပြော နေတာလဲ။ သွား သွား အိပ်ချေတော့"

"အဲဒါဆို မမလည်း အထဲဝင်တော့လေ"

"ငါဘာသာ ဝင်ဝင် မဝင်ဝင် နင့်အပူလား"

"အဲဒါဆို တစ်ညလုံးအိပ်မရအောင် ကိုကိုကြီးက phone ခေါ်ပြီးပြောနေတော့မှာ မမရဲ့။ ကြီးမေတို့ပါ နိုးကုန်ရင် မိဆူးတို့



www.burmeseclassic.com

www.burmeseclassic.com



အဆူခံရမှာ"

"ကျစ်! ... ရှုပ်လိုက်တာဟာ။ ငါစိတ်တိုလာပြီ ဒီပေါ်ကနေ ခုန်ဆင်းလိုက်ရမလား"

"ဟင်! ... မလုပ်ါနဲ့"

"အဲဒါဆို သွားအိပ်တော့။ လျှာရှည်မနေနဲ့"

နိုင်ရာလူ စွတ်ဟောက်လိုက်ပြီး ဝရန်တာလက်ရမ်းသို့ ပြန်လှည့်လိုက်ပါသည်။ စိတ်ညစ်နေပါတယ်ဆိုမှပဲ တစ်ယောက်ပြီး တစ်ယောက် လွှတ်ကာ ပိုစိတ်ညစ်ရလေအောင် တမင်လုပ်ခိုင်းနေသလိုပါပဲ။ တစ်အိမ်လုံးရဲ့အချစ်တွေကို အကုန်ရခဲ့ရပါသည့် သူမအတွက် ဒီကာလကဖြင့် ကုန်ခမ်းနေပြီလားမသိတော့ပါလေ။

"ဟင်း"

သက်ပြင်းချမိစဉ် ဟောက်သံသဲ့သဲ့ကြောင့် အနောက်သို့ လှည့်ကြည့်လိုက်မိပါ၏။ 'မိဆူး' တစ်ယောက် ဝရန်တာအပေါက်ဝ တံခါးကိုမှီပြီး ကွေးကွေးလေး ထိုင်ငိုက်အိပ်ပျော်နေလေပြီ။ သေချာ မှာပဲ၊ အောက်မှာ ပြန်အိပ်ပါဆိုတာကို ဘယ်လိုဖြစ်ပြီး ဒီနေရာမှာ ငုပ်တုတ်ငိုက်နေတာပါလိမ့်။

"ဒီကောင်မလေးကတော့လေ၊ ဒီလောက်ပြောထားတာ ပြီးအောင်မလုပ်ဘူး။ မိဆူး ... ဟိတ်! မိဆူး ... ငါခေါ်နေတာ





ကြားဘူးလား"

"အင်း ဟင်း ကိုကိုကြီး"

"အောက်မှာသွားအိပ်တော့ သွား"

"ဟို ဟို"

"ဟိုတွေ ဒီတွေ လျှောက်ပြောမနေနဲ့။ အခန်းပြန်အိပ်တော့ လို့ ငါပြောနေတယ်၊ ကြားလား"

"ဟုတ်! "

"ဟုတ်ရင် သွားတော့၊ လေ့ကားကိုကြည့်ဆင်းဦး။ ကျွမ်းထိုး မှောက်ခုံကျသွားဦးမယ်"

ပခုံးကို အတင်းလှုပ်နှိုးမှသာ အိပ်ချင်မူးတူးဖြင့် ထသွားလေသော၏။ ဒီအရွယ် အအိပ်မက်မှန်း သိသဖြင့် စောစောအိပ် စောစောထ ခိုင်းရတာပါ။ ဝရန်တာ ထွက်ပေါက်တံခါးကိုစေ့ပိတ်ရန် ပြင်လိုက်စဉ် ခြံဝင်းမှာတစ်ယောက်တည်းရပ်နေသည့် 'ဒါဒါ့' ကို မြင်လိုက်ရလေသည်။ ဒီလောက်လွှတ်ပြီးပြောနေတာတောင် ဒီကောင်မလေး မဝင်သေးပါလား။

"မိုးချုပ်နေပြီလေ"

ရင်ထဲ တင်းခနဲ့ဖြစ်သွားရပါ၏။ အိမ်အကူကောင်မလေးကို တော့ ကောင်းကောင်းမွန်မွန် နာမည်ပါခေါ်ပြီးပြောတာပါလေ။ 'ဒါဒါ့'



www.burmeseclassic.com

www.burmeseclassic.com



အလှည့်ကျ နာမည်တောင် မခေါ်ဘဲပြောတယ်ပေါ့။ ရတယ်ကိုး 'ဒါဒါ' က အနေသာချည်းပဲ။ မကြားယောင်ဆောင်လျက် လက်ဦး ရင်း ရယ်နေမိပါ၏။ ခြေထောက်တွေ ထုံကျဉ်အေးစက်လာတာက အမှန်ပါပဲ။

"ပြောနေတယ်လေ"

"_____"

"ဒါဒါ"

နှုတ်ခမ်းကို တွန့်ရုံ မဲ့လိုက်ပါ၏။ အခုမှ 'ဒါဒါ' ဟု ထွက် ရတယ်လို့။ လေသံကို ချွဲတာနေပါပုံပါပဲလား။ လှည့်မကြည့်နဲ့နော် မျက်ရည်လည်းမကျစေနဲ့။ ပြိုင်ပွဲမှာ ဝင်ပြိုင်ရင် အသည်းကို စိတ်ကိုပါ မာကျောနေအောင် ထားတတ်ရမယ် 'ထက်မြက် အောင်'။

"ကြည့်စမ်း! ... ဒီလောက် တစ်ကိုယ်လုံး အေးစက်နေ ပေတောပြီးရယ်နေရလား။ ခေါင်းအတော်မာတာပဲ"

ကျောပေါ်မှာ လွှမ်းခြုံလိုက်ပါသည့် ဆွယ်တာလက် ကြောင့် ရင်ထဲထိ နွေးသွားရတာအမှန်ပါ။ အထူးသဖြင့် 'ကို ကိုယ်ငွေ့နွေးနွေးလေးကို ခံစားလိုက်ရခြင်းကြောင့်ပါလော။

"ရတယ် မလိုဘူး"





"ဒီလောက်အေးနေတာ အိမ်ထဲဝင်ပါတော့လား။ နေဖြင့် ကောင်းကောင်းမကောင်းသေးဘဲနဲ့များ တေပေနေရတယ်လို့"

"ဒါဒါ့ကို ဆူစရာမလိုပါဘူး"

ဆွယ်တာကို ပြန်ချွတ်ပေးလိုက်သလို ရှူးခနဲကြည့်ရင်း ပြန် ပြောလိုက်သဖြင့် သူ အံ့ဩသွားရပါသည်။ ဘာလဲ၊ ဘယ်လိုဖြစ်ပြီး ဒီလိုစိမ်းသက်သည့် အပြော၊ စိမ်းကားသည့်အကြည့်မျိုးဖြင့် သူ့ကို တန်ပြန်ကြည့်ဝံ့တာပါလိမ့်။ ထင်မထားသည်မို့ အံ့ဩမင်သက်သွား ရတာ အမှန်ပါ။

"ဒါဒါ"

"ဘာမှမကြားချင်ဘူး။ အတွေးပျက်တယ်"

"ကိုကိုက ကိုကိုက စေတနာနဲ့ပြောနေတာပါ။ အပြင်မှာ သိပ်အေးနေပြီ။ တော်ကြာ တစ်ခုခု ထပ်ဖြစ်နေရင်"

"ဒီထဲမှာ မီးတောင်လို ပူနေလို့ အပြင်မှာ အေးတာကို ဂရုမစိုက်နိုင်ဘူး"

"ဟင်!"

ရင်ဘတ်ကို ဘုတ်ခနဲ ပုတ်ပြလိုက်သဖြင့် သူ့ရင်ထဲမှာ တူနှင့် အထုခံလိုက်ရသည်နှယ် ပြင်းထန်စွာ ခံစားလိုက်ရတာပါ။ တူလိုက်တာ နော်။ ဘာကြောင့်များ ဒီလို ရင်တွင်းပူလောင်နေတာကလဲ ဆင်တူ



www.burmeseclassic.com

www.burmeseclassic.com



နေရပါသလဲ။ မနက်ကဖြင့် လူတွေရှေ့မှာ ရွှံ့ကောင်းကောင်းဖြင့် စိတ်ကြိုက်ရှုံ့ပြခဲ့ပြီး အခုတော့ အပြစ်မရှိဟန်ဖြင့် ငြိမ်ပြနေတာက ဘယ်သူလဲ 'ဒါဒါ'။

"ရင်ပူလည်း ရေအေးအေးလေး သောက်ပြီးအိပ်တော့ပေါ့။ အဓိပ္ပာယ်မရှိတာတွေ အချိန်ကုန်ခံပြီး လျှောက်စဉ်းစားမနေနဲ့"

"ဟင်!"

မျှော်လင့်ထားပါသည့် လေပြည်အေးတို့က ထွက်မလာပါဘဲ လောင်မီးကို ပိုတိုးစေမည့် လေပြင်းတို့က ဘာကြောင့် ထွက်လာတာပါလဲ။ မဆူပါနှင့်ဟု ကြိုတင်ပြောထားပါလျက် ဒေါသကို ပိုဆွစေလေပြီ။ ခုတော့ ရန်သူတွေလား 'ကိုကို'။ မချစ်တော့ဘူးလို့ ဆုံးဖြတ်ရုံနဲ့တင် မလုံလောက်ဘူးပေါ့လေ။

"အဲဒါ ကိုကိုနဲ့ မဆိုင်ပါဘူး"

"ဘာ ..."

"ဒါဒါ ဘယ်သူ့အကြောင်းကိုပဲတွေးတွေး၊ ဘယ်သူ့ကိုပဲ ပုံချစ်ချစ် ဒါဒါ့စိတ်နဲ့ ဒါဒါ့ကိုယ် စိတ်ကြိုက်လုပ်ခွင့်ရှိပါတယ်။ ကိုကို့ အနေသာကြီးပါ"

"ဘာပြောတယ်"

"ဟုတ်တယ်လေ၊ လူဆိုတာ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ရှိရတယ်





ဘဲ၊ ကိုကိုတောင် ကိုကို့စိတ်ကြိုက် လုပ်နေသေးတာပဲဟာ"

"မဟုတ်တာတွေ အရွဲ့တိုက်မပြနေနဲ့ ဒါဒါ။ မင်းပဲ ထိခိုက်မှာ သိရဲ့လား"

"ဒါဒါ့ကို မင်းလို့မသုံးနဲ့၊ မကြိုက်ဘူး"

"အဲဒါဆိုလည်း အိမ်ထဲဝင်ဆိုဝင်တော့ပေါ့။ သိပ်ခေါင်းမာ သာပဲ"

"ပြောပြီးပြီလေ၊ ဒါဒါ့စိတ်နဲ့ ဒါဒါ့ကိုယ်လို့"

"တောက်! ထက်မြက်နှံ့စွာအောင်!"

လူက တုန်ခနဲဖြစ်သွားရပါ၏။ ဘုရားရေ! 'ကိုကို' တစ်သက် 'ဒါဒါ' အမည်ကို ဤသို့ တစ်ရှည်တစ်လျား ခေါ်သည်က တစ်ကြိမ် တစ်ခါမှပင် မရှိခဲ့ဖူးပါ။ အကြည့်စူးစူးက အင်အားပါလွန်းသဖြင့် ချက်လွှာချလိုက်ရသည်က 'ဒါဒါ' အရင်ဆုံးပါပဲ။ စကားတွေ အများကြီးဖြင့်ပြောတာမျိုး မဟုတ်ဘဲ 'ကိုကို' မျက်ဝန်းတို့က အဓိပ္ပာယ်တွေ ပြည့်နှက်နေတာပါလေ။

"လူကြီးကို ဆန့်ကျင်ပြလို့ မင်းအတွက် အကျိုးရှိရင် ဆက် သာလုပ်။ လောလောဆယ်တော့ အိမ်ထဲဝင်ရမယ်။ အိပ်ခန်းထဲမှာ မင်းသာသာမင်း ဘယ်သူ့အကြောင်းပဲတွေးတွေး အိပ်မက်ထဲထည့်မက် မက် ငါနဲ့မဆိုင်ဘူး။ လာခဲ့"



www.burmeseclassic.com

www.burmeseclassic.com



လက်ကောက်ဝတ်နေရာကို တင်းကျပ်စွာဆုပ်ကိုင်၍ ဆွဲခေါ် လိုက်သဖြင့် ခန္ဓာကိုယ်ပါးပါးလေးက ငေါက်ခနဲပါလာတော့တာပါ။ အိမ်ထဲရောက်သည်နှင့် တံခါးဆွဲပိတ်၊ ကလန့်ထိုးလိုက်လေ၏။ 'ဒါဒါ' ကိုပါ အိပ်ခန်းထဲတွန်းပို့ကာ အိပ်ရာထက် လှဲစေပြီး စောင်ထူထူ ခြုံပေးလိုက်ရင်း ညအိပ်မီးဖွင့်လျက် မီးချောင်းတွေပိတ်လိုက်သည်။ အိပ်ခန်းတံခါးကိုပါ lock ချပေးသွားလေသည်။ အရင်လို စေတနာ အပြည့်ဖြင့် မဟုတ်တော့ပါဘဲ ဒေါသတွေနဲ့ပါလား 'ကိုကို'။ အမှောင် ထဲမှာ မျက်ရည်တို့ကို ကျိတ်သုတ်လိုက်မိလေတော့၏။

❊ ❊ ❊



## (၁၈)

အိပ်ခန်းထဲမှ ထွက်လိုက်ပြီး လှေကားထစ်မှ ဆင်းလိုက်ပါ သည် အလုပ်သွားတော့မှာမို့ ခပ်စောစောထဖြစ်ကာ ပြင်ဆင်ခဲ့တာပါ။ အစကတော့ 'ဒါဒါ' မသိစေနှင့်ဆိုပြီး အိမ်ကိုခေါ်ခဲ့ပါသည့် 'သိမ့်မဒီ' ကြောင့်ပင် ညီမလေးသိသွားခဲ့ပြီ မဟုတ်ပါလား။ နောက်ဆက်တွဲ ပြဿနာကို ရင်ဆိုင်ရန်အတွက် သူ အဆင်သင့်ပြင်ထားရတော့မှာပါ လေ။

"Morning ဖေဖေ"

"Morning ပါသား"

"သားညီမလေးရော"



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး ဖေဖေ၊ မထသေးတာလား"

"သားညီမ exam ဖြေစဉ်အတွင်း ကြိုပို့လုပ်ပေးဖို့ သား leave တစ်ပတ်ယူရမယ်"

"ဗျာ"

"ဟုတ်တယ် သားရဲ့ ဒေါက်တာမြမြင့်မိုရ်က ဒါဒါ့ကို ဒီ အတိုင်း လွှတ်မထားဖို့ သတိပေးထားတယ်လေ"

"သားညီမကို ဖေဖေ စိတ်မချဘူး"

ဟော! ပြောပြန်လေပြီ။ ဟိုတစ်နေ့ကမွေးနေ့ပွဲမှာ လူမြင် ကွင်းကြီးထဲ "ကိုကိုပိုင်" ဆိုပြီး တစ်ပိုင်တည်း ပိုင်ပြနေမှတော့ လူကြီးတွေ စိတ်ပူပြီပေါ့။ ပြဿနာဖြစ်ထားတာကိုဖြင့် မသိကြပါဘဲ သူ့ကိုအမိန့်ပေးကြပြန်လေပြီ။ ကင်းကင်းနေပါဆိုပြီး ဒါက ဘာများ ဖြစ်စေချင်ပြန်ပြီလဲ။

"ရထားနာတို့ကားနဲ့ ကြိုပို့လုပ်ပေးမှာပဲ ဖေဖေရယ်။ ဘာများ စိတ်မချစရာရှိလို့လဲ"

"သား သိရဲ့သားနဲ့ တမင်မသိယောင် ဆောင်နေတာလား"

"ဘာကိုလဲ ဖေဖေ"

"ဟိုနေ့က လူငယ်လေးနဲ့ သိပ်ကြီး ရင်းနှီးလွန်းရာကျတော့ သား အမြင်ပဲလေ"





"ဪ ... ပိုင်ဇေမင်းကို ပြောတာလား"

"ဟုတ်တယ်"

"အဲဒီချာတိတ်က သိမ့်မဒီနဲ့ ငယ်သူငယ်ချင်းပါ ဖေဖေ၊ ဘာဖြစ်လို့လဲ"

ဖေဖေ့အကြည့်က ကော်ဖီသောက်ရင်းဖြင့် သူ့ကို စူးခနဲ ကြည့်လာလေ၏။ ဘာလဲ သူ့ကိုတော့ 'သိမ့်မဒီ' နှင့်နေရာချပေးစေချင် ပြီး ညီမလေးကိုတော့ အထိမခံချင်တာများလား။ ဘာသဘောလဲ ဖေဖေ။ နောက်ဆုံးတော့ သမီးရင်းနှင့် မွေးစားသားကို ပိုင်းခြားခွဲခြား ပြချင်ပြီတဲ့လား။

"သား"

"ဗျာ"

"ဒီဒီနဲ့ကိစ္စကို မကျေလည်တာများ ရှိနေသလား"

"ဟင့်အင်း ... မရှိပါဘူး ဖေဖေ။ ဒီဒီက ပြောရတာ အတော်လေး အဆင်ပြေတဲ့မိန်းကလေးမျိုးပါ။ နားလည်မှုလည်း ရှိပါတယ်"

"ဒါဆို ... မေမေ့သား သဇာဘာကျတယ်ပေါ့လေ၊ ဟုတ် သား"

"ငြင်းစရာမှမရှိတာ မေမေရယ်"



www.burmeseclassic.com

www.burmeseclassic.com



"တော်သေးတာပေါ့ကွယ်။ မေမေက သားသဘောမကျမှာကိုပဲ စိုးရိမ်နေတာ။ သိတဲ့အတိုင်းပဲ မိတ်တွေ အတင်းတွန်းအားပေးပြီး အိမ်ထောင်ပြုရတာမျိုး မဖြစ်စေချင်လို့ပါ သားရယ်"

"ကျွန်တော်နားလည်ပါတယ် မေမေ။ ချက်ချင်းကြီး မင်္ဂလာဆောင်တာမျိုးတော့ ဒီဒီလည်း လုပ်ချင်မှာမှ မဟုတ်တာ၊ ကျွန်တော်တို့ သေချာတိုင်ပင်ပြီးရင် ပြောပါ့မယ်"

"အေးကွယ် ... မေမေ့သား လိမ္မာလိုက်တာ"

"ခက်နေတာက သမီးပဲ သိဂီ"

မေမေပြုတ်ပေးသည့် ခေါက်ဆွဲပြုတ်ပန်းကန်လုံးက သူ့ရှေ့ကိုရောက်ပြီမို့ အစားကိုသာ အာရုံစိုက်လိုက်ရလေသည်။ ခေါင်ကျအောပြားကျကျပေါ့ 'နန္ဒကျော်'။ ဒီဘဝမှာ သူတို့စေညွှန်ရာအတိုင်း လိုက်လုပ်ရတဲ့ ရုပ်သေးရုပ်က ဘာကိုမဆို 'ကျေးဇူးတရား' ဟူသည့်အသေဖြင့် ထိန်းချုပ်နေရတာ မဟုတ်ပါလား။

"အစ်ကိုပဲ အဲဒီကလေးနဲ့ စကားပြောခဲ့တာ မဟုတ်လား"

"ပြောတာကပြောတာပဲလေ။ ဒါပေမဲ့ ... ကြည့်ရတာတစ်ဆိတ်! ရဲတင်းလွန်းနေသလိုပဲ"

"ဒါကတော့ သမီးကိုယ်တိုင်ကိုက လိုလိုလားလား ကြိုးနေတာပဲလေ"





"အဲဒါကိုက သဘာဝမကျတာ။ သမီးပုံစံက normal မဟုတ်သလိုပဲ သိဂီ"

သူ ခေါက်ဆွဲသီးသွားပါ၏။ ရေနွေးငွေ့ကာ ကောက်မော့လိုက်ပြီ သည်ချောင်းတစ်လျှောက် ပူဆင်းသွားလေတော့သည်။ သေတော့မလိုပါ။ ကယောင်ကတမ်း လျှောက်လုပ်မိမှ ပိုဆိုးကုန်ပြီမဟုတ်လား။ normal မဟုတ်ဘူးတဲ့ 'ဒါဒါ'။

မင်း တမင်အရွဲ့တိုက်တာကို ဖေဖေတို့ပါ သိနေတာမဟုတ်ပါလား။

"ဒါကတော့ နေမှကောင်းကောင်းမကောင်းသေးတာကိုးအစ်ကိုရဲ့"

"သူတကယ်ချစ်လို့ လက်သင့်ခံတာက အကြောင်းမဟုတ်ဘူး သိဂီ"

"ဒါဆို ဘာ့ကအကြောင်းလဲ"

"ကျွန်တော်သွားနှင့်တော့မယ် ဖေဖေ"

"နေဦး သား၊ ဖေဖေ ပြောလို့မပြီးသေးဘူး"

ခေါက်ဆွဲပြုတ်စားပြီးသားပန်းကန်လုံးနှင့် ဇွန်း၊ အောက်ခံပန်းကန်ပြားကိုဆေးရန်အတွက် သူ ထရပ်လိုက်မိစဉ် ဖေဖေက တားသလို မေမေကပါ သူ့လက်ထဲမှ ပန်းကန်တို့ကို ယူလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



'သဲမှာ' ကိုပေးလိုက်လေ၏။ ရှောင်ချင်တာတောင်မှ အခွင့်မရှိ ပါပဲလား။ စတိုမှာမလုပ်ချင်တော့သဖြင့် ဖေဖေ့ရုံးခန်းဘေးရှိ မန် နေရာမှာ ပြောင်းလုပ်နိုင်းတာ ကြာပြီဖြစ်ပေမယ့် သူက တုတ်တု မလှုပ်မိပါလေ။

"သမီးစာမေးပွဲပြီးတာနဲ့ သားလည်း ဖေဖေ့ မန်နေဂျာ မှာ လက်ထောက်မန်နေဂျာ လုပ်ရမယ်။ ပြီးရင် သမီး အနား လည်း သုံးလလောက်ပေါ့။ January နှစ်စတာနဲ့ လုပ်ငန်းသ သဘာဝကို သားက သမီးနားလည်အောင် သင်ပေးရမှာ"

"ကျွန်တော်"

"ဘယ်သူစိမ်း သင်ပေးတာကိုမှ ဖေဖေ လက်မခံချင် သား"

ကဲ! . . . အဲဒါကမှ မဟာရောမ ပြဿနာကြီးပါ။ အိ တောင် မနည်းကြီး မတွေ့အောင် ရှောင်နေရခါမှ အလုပ်မှာ နာရီကြာ တွေ့ရဦးမှာတဲ့လား။ ဖေဖေ ဘာ plan တွေချပြန်ပြီ အချိန်တန် ဒီကုမ္ပဏီကို ညီမလေး၏လက်ထဲ (သို့တည်းမဟု 'ဒါဒါ့' လက်တွဲ ဖော်သာပေးမည်မှန်း သူသိခဲ့ပါလျက် 'ငြိမ်း' ဘ ခုထိ မပြီးသေးဘူးလား။ ဘယ်အဆင့်ထိ ကျောခင်းတံတား ထိုး ရဦးမှာလဲ။





သူ့ကို သားအရင်းလို မွေးစားပြီး ကျွေးမွေးပြုစု ပညာသင် ပေးခဲ့သဖြင့် ဒီအရွယ်ရောက်ခဲ့တာက အမှန်ပါပဲ။ အဲဒီကျေးဇူးတရား တို့က ခေါင်းအစ ခြေဖျားအထိ နစ်နေသည့်နွံလိုမျိုး ဖြစ်နေသလို ကျောပိုးထမ်းထားရပါသည့် ဝန်ထုပ်ဝန်ပိုးကြီးက အဘယ်မျှ လေးလံ သလဲဆိုတာကို ကာယကံရှင် သူကိုယ်တိုင်သာ အသိဆုံးပါလေ။

"ဘာမှပြန်မဖြေပါလား။ ဘာလဲ ဒါဒါနဲ့ စိတ်ကောက်ကြ ပြန်ပြီလား"

"ထုံးစံအတိုင်း ကျွန်တော့်အပေါ် နည်းနည်းစိတ်ခုနေရုံပါ သပေ။ ပြဿနာ မရှိပါဘူး။ သူဝင်ချင်ပြီဆိုလည်း ကုမ္ပဏီမှာ ကျွန်တော် ကူညီသင်ပြပေးရမှာပေါ့။ သူသဘောပါ"

"သားက ညီမလေးကို နားလည်ပေးပါကွယ်"

"ဟုတ်ကဲ့ . . . နားလည်ပါတယ် မေမေ။ အငယ်မို့ ဆိုးတာ အဆန်းမှမဟုတ်တာ"

အငယ်မို့ဆိုးတာတဲ့လား။ ဒါပဲ ပြောစရာရှိပါသလား 'ကိုကို'။ ဆိုးတဲ့လူမှာ ဆိုးရသည့်အကြောင်းရင်းတစ်ခုတော့ ရှိစမြဲဆိုတာကို 'ကိုကို' မသိဘူးတဲ့လား။ ထမင်းစားခန်းသို့ဝင်ရန် ရောက်စဉ် တိုင်ပင် ဆွေးနွေးနေပါသည့် စကားတို့ကြောင့် နံရံဘက်သို့ အဲသာမိုကပ်ရင်း နားထောင်လိုက်မိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘာတွေပြောနေကြပါသလဲ။ ဟိုတစ်ညတုန်းကလို 'ဒါဒါ' မသိစေချင်သည့် စကားတွေကို 'ကိုကို' နှင့် ပြောနေကြပါသလား။ စိတ်ထဲမှာ သို့လော သို့လောဖြင့် တွေးတောရင်း အိပ်ပျက်ခဲ့ရသည့် ညတို့က များနေလေပြီ။ အခုရော ဘာတွေတိုင်ပင်နေပါသလဲ။ မေမေ ဖေဖေပါ ဆွေးနွေးနေသဖြင့် အရေးကြီးမှန်းတော့ ရိပ်မိနေပါ၏

"အေး ... အဲဒီလို နားလည်မှုရှိလို့လည်း သားကို ဖေဖေ ကျေးဇူးတင်နေတာ"

"မလိုပါဘူး ဖေဖေ၊ လူကြီးက လူငယ်ကို ကျေးဇူးတင်စရာ မလိုအပ်တာ"

"သား နန္ဒကျော်"

"ခင်ဗျာ"

"မှန်မှန်ဖြေနော်"

"ဗျာ"

"သိမ့်မဒီအပေါ် သား သံယောဇဉ်ရှိရဲ့လား"

ကြည့်စမ်း! ဒါကဘာလဲ။ အဲဒီ မမက 'ကိုကို' ချစ်ရ မဟုတ်ပါဘဲ ဖေဖေ သဘောတူထားတဲ့ သူပေါ့လေ။ ရက်စက်လိုက် ဖေဖေရယ်။ 'ကိုကို' အပေါ်မှာ 'ဒါဒါ' ဘယ်လောက်အထိ သံယောဇဉ် ပုံပေးပြီး ချစ်ခဲ့ရသလဲဆိုတာကို ဖေဖေရော မေမေပါ သိခဲ့ရဲ့





အခုမှ ဘာစိတ်ကူးဖြင့် လုပ်လိုက်ရပါသလဲ။

ပြောတော့ဖြင့် 'ဒါဒါ' ကို စိတ်ချမ်းသာအောင်ထားကြတာ ဆို။ အခုတော့ final exam ဖြေမည့်သမီးဖြစ်သူကို စာကျက်မရလေအောင် ဖန်တီးကြရပါသလား။ 'ကိုကို' အပေါ်မှာ အထင်မှားလေပြီ ဆော။ သူမထက် ပိုချစ်ရမည့်သူ ပေါ်လာပြီဆိုပြီး 'ကိုကို' အပေါ်မှာ စိတ်ဆိုးပြီး အစ်ကို 'ပိုင်ဖေမင်း' ကို ရှုပြီး ပြောမိခဲ့ချေပြီ။ ဘယ်လို လုပ်ရပါ့မလဲ။ ကံကြမ္မာက မဖန်တီးလာပါဘဲ 'ကိုကို' နှင့် 'ဒါဒါ' ကြားမှာ မိဘတွေက တံတိုင်းကြီးဖြစ်နေပါရောလား။

"ကျွန်တော် ကျွန်တော်တို့တွေ့တာ ဘာမှမကြာသေးပါဘူး ဖေဖေ"

"ထင်တယ်၊ ဒီလိုပြောမယ်ဆိုတာ"

"မဟုတ်ပါဘူး ဖေဖေ၊ တစ်နှစ်တောင်မကြာသေးလို့"

"သမီးဒီဒီဘက်ကတော့ သားအပေါ်မှာ seventy five percent လောက် ယိုင်နေတာ သိသာပါတယ် သားရယ်"

သူ အသံတိတ်သွားရပါ၏။ ချောင်ပိတ်တယ်ဆိုတာ ဒါကို ပြောလေသလား။ ညီမလေးနှင့်ပတ်သက်ပြီး မေမေက ပြောခဲ့သလို 'သိမ့်မဒီ' နှင့် နီးစပ်အောင် ဖေဖေကလည်း မရမက တွန်းပို့နေ ကြောင်း သူ သိနေပါသည်။ ခက်တာက နှလုံးသားကို လွယ်လွယ်နှင့်တကူ



www.burmeseclassic.com

www.burmeseclassic.com



အမိန့်ပေးစေခိုင်းလို့မှ မရတာလေ။

"ကျွန်တော် ဒီဒီနဲ့ ပိုပြီးနီးကပ်အောင် ကြိုးစားပါ့မယ် ဖေဖေ"

"မှန်တယ် သား။ ယောက်ျားဆိုတာ ဆုံးဖြတ်ချက် ပြတ်သား ရတယ်။ ကဲ! . . . အခုလက်ရှိလုပ်နေတဲ့နေရာက တာဝန်တွေကို ပြီးပြတ်အောင် လုပ်ခဲ့။ နောက်တစ်ပတ် ဆယ်ရက်လောက်ဆို မန်နေဂျာရုံးခန်းကို ရွှေ့ခဲ့တော့ သား၊ သွားနိုင်ပြီ"

ပါးပြင်ထက်သို့ မျက်ရည်က စီးကျသွားရပါ၏။ 'ကိုကို' ကို ဘာကြောင့် လှုပ်မရအောင် ချည်နှောင်ထားရပါသလဲ ဖေဖေ။ 'ကိုကို' ကရော အကြောင်းပြချက်တစ်ခုခုနှင့် ရုန်းထွက်နိုင်ဖို့ မစဉ်းစား ဘူးတဲ့လား။

မည်သို့သော အကြောင်းတရားတွေကများ 'ကိုကို' အပေါ် လွှမ်းမိုးနေတာမို့ အခုလို ငြိမ်နေရတာပါလဲ။

"ဟင်!"

ထမင်းစားခန်းထဲမှ ထွက်လိုက်စဉ် အလယ်ခန်းနံရံကိုမှီ နေသည့် 'ဒီဒီ' ကို မြင်လိုက်ရသဖြင့် သူ လန့်သွားရပါ၏။ ဘုရား သူတို့ပြောသမျှ အကုန်ကြားကုန်ပြီလား။ မျက်ကွင်းတွေညိုနေသည့် ပါးပြင်ထက်မှ မျက်ရည်တို့ကို လက်ဝါးဖြင့် ပွတ်သုတ်ရင်း သူ့





ဆုံမရဲလေး ပြုံးပြလေသည်။

"ကိုကို"

"Breakfast စားတော့လေ ညီမလေးရဲ့။ ညကတည်းက ဘာမှ ဟုတ်တိပတ်တိ မစားထားတော့ ဆာနေမှာပေါ့"

"ကိုကို . . . ဒါဒါ ဒါဒါ"

"မွေးနေ့လက်ဆောင် ဖောက်ကြည့်ပြီးပြီလား"

"ဟင့်အင်း"

"ဒါဆို စားပြီးရင် ကြည့်လိုက်လေ၊ သဘောကျမှာပါ"

"ကိုကို"

တိုက်ရွှေ့ရပ်ထားပါသည့် ကားပေါ်တက်ရန် ပြင်နေပါသည့် သူ့အနားအထိလိုက်ပါလာတာကြောင့် ရင်မောရပြီး သက်ပြင်းရှိုက်မိ ပြန်လေ၏။

ကျေးဇူးပြုပြီး ကိုယ့်ကို နည်းနည်းလောက် စိတ်ထွက် ပေါက်ပေးပါလား 'ဒါဒါ' ရယ်။ ရင်ထဲမှာ မွန်းကျပ်ပြည့်သိပ်နေရလို့ ပါပဲ။

"ကိုကို . . . ဒါဒါ့ကိုခွင့်လွှတ်ပါ"

ဘာမှ ပြန်မပြော လှည့်မကြည့်ဘဲ ကားကို မောင်းထွက်သွား သည့် 'ကိုကို့' ကြောင့် ရင်ထဲမှာ ပို၍ နာကျင်ရလေ၏။ အမြဲရောင်

www.burmeseclassic.com

www.burmeseclassic.com



သန့်သန့်ချစ်ခြင်းမျိုးက နှလုံးသားကို ဤသို့ နာကျင်စေရပါသလား။ ဆန်းဆန်းပြားပြားနှင့် နက်နက်ရှိုင်းရှိုင်း ချစ်တတ်မှသာ ဒီလို ခံစားရတတ်တာဆို။ ဒါဖြင့် 'ကိုကို' အပေါ်မှာ 'ဒါဒါ' က ဖြူ ထက်သာအောင်များ ချစ်ခဲ့မိလို့လား။

ဪ 'ကိုကို' ရယ်။

❊ ❊ ❊



(၁၉)

ထမင်းစားခန်းထဲသို့ ဝင်လိုက်စဉ် ဖေဖေက စားပြီးပြီမို့ ထရပ်လိုက်လေ၏။ သို့သော် 'ဒါဒါ' ကိုမြင်စဉ် မထွက်သွားဖြစ်ပါဘဲ ခုံမှာ ပြန်ထိုင်လိုက်လေသည်။ ဘာပြောဦးမှာပါလိမ့်။ 'ကိုကို' ကို ခေစပ်ပေးချင်သည့်သတင်းက 'ဒါဒါ' အတွက်ကဖြင့် ရင်ကွဲခန်း ပြဇာတ်ပင် မဟုတ်ပါလား။

"သမီးလေး"

"ရှင် ဖေဖေ"

"အားမရှိသလိုပါပဲလား သမီးရယ်။ ဒီလောက် စာမေးပွဲ နီးနေတာကို အားတင်းထားရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"စာတွေက နွေးရုံပါပဲ ဖေဖေရယ်"

"ဒီပုံစံနဲ့ ဘယ်လိုများ စာမေးပွဲခန်းထဲ သွားလို့ရပါ့မလဲ"

"ဟုတ်သားပဲ သမီးရယ်"

အခုမှ စိတ်ပူပြီးပြောရပါသလား။ ဖျားနေတုန်းကဖြင့် 'ဒါဒါ' မသိအောင် 'ကိုကို့' ကိုပြောခဲ့တာ မဟုတ်ပါလား။ ဖေဖေနဲ့မေမေက ဘာလဲ။ 'ဒါဒါ' ကွယ်ရာမှာ တစ်မျိုး၊ ရှေ့မှာတစ်မျိုးဖြင့် 'ကိုကို့' အပေါ် ဘာလို့များ pressure တွေ ပေးနေကြတာပါလိမ့်။ ဘာကြောင့်များ ဒီအသက်အရွယ်လေးနှင့် 'ကိုကို့' ကို အိမ်ထောင်ချပေးဖို့ တွန်းအားတွေပေးနေကြတာပါလဲ။

"စိတ်ချမ်းသာမှ ကိုယ်ကျန်းမာလာမှာပေါ့မေမေ။ စိတ်ညစ်နေတဲ့ ဒါဒါ့ကို ဘယ်သူက နားလည်ပေးမှာလဲ"

"သမီး"

"ဒါဒါ့အကြောင်းကို မေမေတို့ အသိဆုံးပါ"

"ဟုတ်တယ်လေ၊ ဒါပေမဲ့ ဘေးကနေ မေမေတို့က ဘယ်လိုပဲ လုပ်ပေး လုပ်ပေး ကာယကံရှင်ဖြစ်တဲ့ သမီးကိုယ်တိုင် စိတ်ပါမှ အခြေအနေက ထူးမှာပေါ့ကွယ်"

"အဲဒါကြောင့်ပဲ ကိုကို့ကို ဟိုမမနဲ့ နီးစပ်ဖို့ ကြိုးစားနေကြတာလား"





ဖေဖေရောမေမေပါ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြလေ၏။ ဒီလိုပဲဖြစ်ရမယ်လေ။ ခုချိန်ထိ 'ဒါဒါ့' ကို ကလေးလို ဆင်နေပြီး ဘာမဆို အသိမပေး အရာမသွင်းကြတာက ကိစ္စမရှိပါ။ သို့သော် ဘဝထဲမှာ တစ်ဦးတည်းသာရှိခဲ့ရပါသည့် 'ကိုကို' နှင့် 'ဒါဒါ' ကိုတော့ ဒီလိုနည်းဖြင့် ဝေးကွာခွဲခွာရလေအောင် မရက်စက်ချင်ကြပါနဲ့လား။

"သမီးကလည်းကွယ်၊ ဒီဒီလေးတို့ဘက်က စပြီး ကမ်းလှမ်းခဲ့တာမို့ ဒီကိစ္စကို မေမေတို့ လက်ခံလိုက်ကြတာပါ။ သမီးကိုကို့ကို အတင်းအကျပ် စီစဉ်ပေးတာမျိုးမှ မဟုတ်တာ"

"ကိုကိုက သဘောတူလက်ခံလို့လားမေမေ၊ ကိုကိုကိုယ်တိုင် ဆိုလိုလားလားနဲ့ လက်သင့်ခံရင်တော့"

"သားဘက်က အဆင်ပြေတယ်ဆိုလို့ ဖေဖေတို့ နှစ်ဖက် သဘောတွေ စကားပြောနိုင်တာပေါ့ သမီးရဲ့။ စာကိစ္စကိုပဲ အာရုံစိုက်ထားပါ။ တခြား ဘာကိုမှ မတွေးပါနဲ့"

ဖေဖေက လူကြီးပီပီ မေမေနှင့် 'ဒါဒါ' ပြောနေတာကို ဝင်ပြီး အပြီးသပ်ပေးလေ၏။ မေမေထည့်ပေးပါသည့် ခေါက်ဆွဲပြုတ်က ခါတိုင်းလို မဟုတ်ဘဲ အရသာဖပ့်နေသည့်နှယ်ပါ။ "ဒီဘဝက သူကိုခေါင်၏" တဲ့။ မှန်ပါတယ်။ ဒီစိတ်ကြောင့်ပဲ ဝမ်းနည်းဝမ်းသာ



www.burmeseclassic.com

www.burmeseclassic.com



တွေ ဖြစ်ရတာပါလေ။ အခုတော့ 'ဒါဒါ့' စိတ်ကလေးက ဆင်းရဲလွန်းနေလေပြီ။

"ကိုယ်သွားတော့မယ် သိဂီ"

"ဟုတ်ကဲ့ပါ အစ်ကို"

ဖေဖေ ကုမ္ပဏီသွားတော့မည်မို့ မေမေက အိမ်ရှေ့အထိ လိုက်ပို့ပေးလေ၏။ ထမင်းစားခန်းထဲမှာ 'ဒါဒါ' တစ်ဦးတည်းသာ ကျန်ရစ်ခဲ့ရလေသည်။ ဒီလိုချည်းပဲလားဟင်။ 'ကိုကို' သာ အိမ်ထောင်ပြုသွားပြီးရင် 'ဒါဒါ' တော့ စားလည်းဒီပုံ၊ အိပ်လည်းဒီပုံ၊ သွားလာတော့လည်း ဒီပုံစံမျိုးနှင့်သာ တစ်သက်လုံး အထီးကျန်သွားရတော့မှာပါပဲ။

လောလောဆယ်တော့ စာမေးပွဲရှိလို့ဆိုတဲ့အကြောင်းပြချက်နဲ့ 'ဒါဒါ့' အပေါ် ချော့ပြောနေကြတာပေါ့လေ။ ဒါပြီးရင်တော့ အလုပ်ထဲ စိတ်နှစ်အောင်လုပ်ပြီး ဘာမှမတွေးဖြစ်အောင် လုပ်ကြတော့မှာပေါ့ 'ကိုကို' နဲ့အတူတူ ကုမ္ပဏီမှာဝင်လုပ်တဲ့လား။ အိမ်မှာဖြင့် ခပ်ကင်းကင်း နေဆိုပြီး ဘာသဘောတွေလဲ။

ဘာကိုမှ နားမလည်နိုင်တော့ပါ။ စာလည်း စိတ်မဝင်စား စာမေးပွဲလည်း ဖြေချင်စိတ်မရှိတော့တာ အမှန်ပါ။ နှုတ်ကနေ မညည်းညူပင် စိမ်းသက်နေပါစေ 'ကိုကို့' မျက်ဝန်းတို့ကိုဖြင့် 'ဒါဒါ' နားလည်





နိုင်ပါ၏။ ဒီအကြည့်တွေထဲမှာ မုန်းတီးစိမ်းကားတာတွေ နည်းနည်းလေးမှ မပါတာလေ။ ဒီလောက်ကြီး နီးနီးကပ်ကပ် ရှိခဲ့ပြီးမှ ဝေးတစ်သက်သက်ဖြစ်ရလေအောင် ဘာကြောင့်များ ဖန်တီးချင်နေရပါသလဲ။

"စားမကောင်းဘူးလား သမီး၊ မေမေ ovaltine ဖျော်ပေးရမလား"

"ဟင့်အင်း ... နေပါစေတော့ မေမေ"

"ဒါဖြင့် နွားနို့ပူပူလေး လုပ်ပေးရမလား သမီး"

သက်မကို ရှိုက်လိုက်မိပါ၏။ အတင်းကို ဖိုက်ဖြည့်စေချင်တာပါပဲလား။ အစားအစာ အာဟာရထက် စိတ်အာဟာရက ပိုပြီး အရေးကြီးတာကိုတော့ မမြင်တတ်ကြပါလေ။ မေမေ့ကို ခေါင်းခါပြလိုက်ပြီး မစားဖြစ်တော့သည့် ခေါက်ဆွဲပြုတ်ပန်းကန်လုံးကိုကိုင်၍ ထရပ်လိုက်စဉ် ခေါင်းထဲ မိုက်ခနဲ ဖြစ်သွားရလေသည်။

"ခွမ်း!"

"အမလေး! သမီးလေး"

လက်ထဲမှ ပန်းကန်တွေကျကွဲသွားပေမယ့် လူကိုတော့ မေမေ အမြန်ထိန်းပေးလိုက်သဖြင့် လဲကျမသွားပါ။ မောဟိုက်ခြင်းက အသက်ရှုရခက်ခဲစေလေ၏။ ခြေလက်တို့ပင် မသယ်ချင်တော့အောင် ခွန်အားတို့ ပျောက်ကွယ်ကုန်လေပြီလား။



www.burmeseclassic.com

www.burmeseclassic.com



"သမီး!"

"မှူးတယ် မေမေ"

"လာလာ မေမေတို့အခန်းမှာပဲ နားလိုက်နော်"

"အင်း"

"ဒေါက်တာမြမြင့်မိုရ် အားပါ့မလား မသိပါဘူး"

"မခေါ်ပါနဲ့ မေမေ၊ တစ်ရေးလောက်မှေးလိုက်ရင် သက်သာသွားမှာပါ"

"အေး . . . အေး၊ ရှူဆေးလေး ရှူလိုက်နော် သမီးလေး"

"ရတယ် မေမေ၊ လုပ်စရာရှိတာသာ သွားလုပ်ပါ"

မေမေက 'ဒါဒါ' လက်ထဲသို့ ရှူဆေးဘူး ထည့်ပေးခဲ့ပါ၏။ စိတ်မချ၍ မကြာခဏ လာလာကြည့်တတ်ပါသည့် ခြေသံတရှပ်ရှပ်ကို ကြားနေရပေမယ့် စေ့ပိတ်ထားပါသည့် မျက်လုံးတို့ကို မဖွင့်ဖြစ်ပါ။ ဒီအတိုင်း အိပ်ပျော်ရင်းနဲ့ပဲ သေသွားရင်ကောင်းမလား။

ဒါဆိုလည်း လေးနှစ်အရွယ်ကတည်းက ရေနစ်စဉ်မှာပဲ သေ လိုက်ပါတော့လား။ ဒီအရွယ်အထိ ရှင်ခွင့်ရခဲ့ပြီးမှ စိတ်ဆင်းရဲရသည့် နေ့ရက် ညဉ့်နက်တွေမှာမှ အသက်ရှင်သန်ပြီး နေရဦးမှာပါလား။ မနေချင်တော့ပါဘူး။ ကယ်တင်ပေးခဲ့ပါသည့် 'ကိုကို့'မေတ္တာနက်နဲခြင်း တို့ဖြင့် 'ထက်မြက်နန္ဒာအောင်'၏နေ့သစ်တို့ တောက်ပခဲ့ရတာပါလေ





အခုတော့ဖြင့် မပိုင်ရတော့ပြီ။ ချစ်ခဲ့သမျှ အကြွင်းအကျန် လေးသော်မျှ ကျန်ရှိပါတော့မလား။ 'ဒါဒါ' ရခဲ့ပါသည်။ 'ကိုကို့' စေတနာ၊ မေတ္တာ၊ ကရုဏာ၊ အတွယ်အတာ အလုံးစုံမှန်သမျှတို့ကို 'ဒါဒါ'မဟုတ်သည့် သူစိမ်းတစ်ဦးထံမှာ 'ကိုကို' စုပုံပေးလိုက်တော့မှာ မဟုတ်ပါလား။

မျှော်လင့်ခြင်းကွင်းပြင်ကြီးက ခုတော့ဖြင့် ကန္တာရကြီးနှယ် ခြောက်သွေ့ကုန်လေပြီ။ 'ကိုကို့' ၏အပြုံး၊ 'ကိုကို့'၏အရယ်၊ 'ကိုကို့' ၏ တွေးမွေ့ယုယမှုတို့က 'ဒါဒါ့' အတွက် မဟုတ်တော့ပြီပဲ။ ဒါဖြင့် ဒါဖြင့် 'ကိုကို' ဟုသော်မျှ ခေါ်ခွင့်ရှိပါတော့မလား။ အို! 'ကိုကို' ရယ်။

ရင်ထဲမှ လှိုက်ဖိုမှုက ပြောမပြတတ်အောင် ဆို့နင့်လှိုက်မော လာရလေတော့၏။ အိပ်မက်ထဲမှာပင် အသက်ရှူရပ်လုနီးပါး ချုံးပွဲချ ငိုကြွေးခဲ့မိပါ၏။ ကျောပေးထွက်သွားပါသည့် 'ကိုကို့' ကို အကျယ်ကြီး အော်ဟစ်ခေါ်လိုက်သော်ငြား လည်ပင်းကို အတင်းဖိညှစ်ခံထားရသည့် နှယ် အသံတို့က ထွက်မလာခဲ့ပါချေ။

"ကိုကို"

"လူမှားနေပြီ"

"ဟင်! . . . ကိုကိုပါ။ ဒါဒါ့ကိုကို အစစ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး၊ ကိုယ်က မင်းရဲ့ကိုကို မဟုတ်ပါဘူး ထက်မြက်နန္ဒာအောင်"

"ဟင့်အင်း . . . မဟုတ်ဘူး"

ခေါင်းကို တွင်တွင်ခါလိုက်သဖြင့် သူက အသာထိန်းမတ်ပေးရင်း နဖူးကို စမ်းလိုက်မိလေ၏။ ကိုယ့်အပူမရှိပေမယ့် ချွေးစေးတွေ ပျံနေတာမို့ အဝတ်အစားတော့ လဲပေးဖို့လိုနေလေပြီ။ မေမေက 'ဒါဒါ့' အခန်းမှာ အဝတ်အစားလဲပေးရန် ရေပတ်တိုက်ပေးဖို့ ပြင်နေပြီမို့ 'ဒါဒါ' ကို သူပွေ့ချီသွားရမှာပါ။

"ကိုကို!"

"ဗျာ"

"ကိုကို . . . ကိုကို"

"ကိုကိုရှိတယ်လေ။ ဘာဖြစ်တာလဲ ညီမလေးရဲ့"

"ဟင့်အင်း"

လည်ပင်းကို ခိုတွဲဖက်ထားမှုက လွတ်ထွက်သွားမတတ် တင်းတင်းကျပ်ကျပ်ပါပဲ။ အိပ်မက်ထဲမှာ ယောင်ယမ်းပြီး အဘယ်မှု ငိုထားတာပါလိမ့်။ သူ ပွေ့ချီရန်ပြင်ပေမယ့် ခေါင်းခါပြနေသဖြင့် ငြိမ်နေလိုက်ရပါသည်။ ဘယ်လိုဖြစ်ရပါသလဲ။ ဘာအိပ်မက်ဆိုးတွေများ မက်မိလို့ ဤမျှ ကြောက်လန့်တကြားဖြင့် သူ့ကို အတင်းဖက်ထား





ရတာပါလိမ့်။

"ဒါဒါ"

"အိပ်မက်ထဲမှာ အိပ်မက်ထဲမှာ ဒါဒါ့ကိုထားသွားတယ်။ အဝေးကြီးကိုထွက်သွားတာ"

"ကိုကို ဘယ်များသွားလို့လဲ ညီမလေးရယ်။ အခု ပြန်ရောက်နေပြီလေ"

"ဘယ်လိုလုပ်မလဲဟင်"

"ဘာကိုလဲ"

"ကိုကို ဒါဒါ့ကို ထားခဲ့ရင် ဘယ်လိုနေရမလဲ"

"ခြော် . . . ဖြစ်ရလေ၊ ကိုကိုထားမသွားပါဘူး ညီမလေးရယ်။ စိတ်ချပါ"

"ဟုတ်လို့လား"

"အဟုတ်ပါ။ အခု ရေပတ်တိုက်ပြီး အဝတ်အစားလဲရမယ်။ အအေး ဆရာဝန်ရောက်လာတော့မှာ"

"လမ်းမလျှောက်ချင်ဘူး"

သူ ပြုံးလိုက်မိလေ၏။ ခေါင်းတစ်ချက်ညိတ်ကာ 'ဒါဒါ' ကို ပွေ့ချီလိုက်ပါသည်။ လမ်းမလျှောက်ချင်ဘူးတဲ့လား။ သိတာပေါ့ ညီမလေးရယ်။ 'ကိုကို' ကြောင့် စိတ်ဆင်းရဲရပြီး နေမကောင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတာကို 'ကိုကို' အသိဆုံးပါ။ မိဘအရင်းတွေက ဒါကိုသိလျှ
သားနဲ့များ ဘာကြောင့် မသိချင်ယောင်ဆောင်နေကြတာပါလိမ့်
ဪ . . . မိဘမဲ့ တစ်ကောင်ကြွက်လူသားတစ်ဦးမို့ မျက်နှာမွဲလို့သ
မြင်နေကြတုန်းပဲ ထင်ပါရဲ့။

"ကိုကို"

"ရှူး! . . . အခန်းထဲ ပြန်ရောက်တော့မယ်"

"ခုပြောလို့မရဘူးလား"

"မပြောနဲ့လေ၊ မေမေ စောင့်နေတယ် ညီမလေးရဲ့"

"မွှေးလိုက်တာ"

"ဒီလောက် ချွေးစော်နံနေတာကို မွှေးတယ်ပြောရလား"

"ကိုကို့ချွေးနံ့ကို ဒါဒါ သိပ်သဘောကျတာ သိသားနဲ့"

လှေကားထစ်တွေကို ခပ်ဖြည်းဖြည်းဖြင့် တက်လိုက်ပြီး
အဆင်သင့်ဖွင့်ထားပါသည့် ညီမလေး၏ အိပ်ခန်းထဲသို့ ချီလျက်သာ
ဖြင့်ပင် ဝင်ခဲ့ပါသည်။ ဒါကိုတော့ မဆူပါဘဲ မေမေက 'ဒါဒါ့' ၏
ရေပတ်တိုက်ပေးဖို့သာ ပြင်ဆင်နေလေ၏။ သူက ညီမလေးကို ခုတင်
ထက် အသာတင်ပေးလိုက်ပြီးနောက် အပြင်သို့ ပြန်ထွက်ရန် ပြင်လိုက်
ပါသည်။

"ဒါဒါ ဆာတယ် ကိုကို"





"သမီးဖို့ ကြက်သားဆန်ပြုတ်လေး ကျိုထားပေးပါတယ်
သမီးရယ်"

"ကိုကိုနဲ့ အတူတူ သောက်မယ်နော် မေမေ"

"အေးပါကွယ်၊ အေးပါ။ သားလည်း ရေချိုးတော့လေ။
ဆန်ပြုတ်ထည့်လာဖို့ မေမေ သဲမာကို ပြောထားပါတယ်"

"ဟုတ်ကဲ့"

ဒါလည်း လိုက်လျောမှုတစ်ခုလေပဲလား။ လောလောဆယ်
နေမကောင်းဖြစ်နေချိန်မှာ အလိုက်သင့်လေးဖြစ်အောင် ပညာသားပါပါ
ဖြင့် လုပ်ပေးနေသလိုပါလေ့။ နောက်မှပေါ့ ဟုတ်လားမေမေ။ 'ဒါဒါ့'
နှင်ကို ကွဲစေပြီး နှလုံးသားတစ်ခုလုံး ကြေမွအက်ကွဲစေအောင် အဆုံး
ထိုင် လုပ်ပြကြမှာ မဟုတ်လား။

မပေးနိုင်ဘူး 'ကိုကို'။ 'သိမ့်မဒီ' ဘယ်လောက်လှလှ၊ ဘယ်
လောက်အထိ စည်းစိမ်ချမ်းသာမှု ရှိပါစေ 'ဒါဒါ' 'ကိုကို' နဲ့ လုံးဝ
ဆိုက်တန်ပါဘူးနော်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## (၂၀)

နောက်ဆုံးနေ့ဘာသာကို ကောင်းမွန်စွာဖြေလိုက်ပြီးနောက် စာမေးပွဲခန်းမှထွက်လိုက်ပါ၏။ အပြင်ရှိခုံမှာတင်ထားပါသည့် ကျောင်းအိတ်လေးထဲသို့ စာရေးကိရိယာတွေကို အစီအစဉ်မကျ ပစ်ထည့်လိုက် ကာ phone အဖြူအသစ်လေးကို ထုတ်ကိုင်လိုက်ပါသည်။ အဘ ချစ်စရာကောင်းလိုက်သည့် 'ကိုကို့' ရဲ့လက်ဆောင်လေးပါလဲ။

"မိဒါ Ok ရဲ့လား"

"အင်း . . . နင်တို့ရော"

"အေး . . . အခုမှပဲ ရင်ထဲပေါ့သွားတော့တယ်ဟယ်"

'ပုလဲ' နှင့် 'ရတနာ' က သက်ပြင်းရှည်ကြီး ရှိုက်လိုက်





ပေမယ့် သူမ ရင်ထဲမှာကဖြင့် ခုထိ အလုံးကြီးတစ်နေတုန်းပါလေ။ စာမေးပွဲဖြေနေစဉ်အတွင်း မစဉ်းစားမိအောင် မေ့ထားခဲ့ပေမယ့် ခဏ ဘာလေးပါပဲ။ အဲဒီအချိန်က သူမ၏အနီးဆုံးသို့ ရောက်ကိုရောက်လာ တော့မှာမဟုတ်လား။ သူငယ်ချင်းတွေနှင့်အတူ ကျောင်းဝင်းအတွင်းသို့ လျှောက်၍ ထွက်လာခဲ့ကြပါ၏။

"ကိုကို လာကြိုမှာမဟုတ်လား"

"ထင်တာပဲ"

"ဒါဒါကလည်းဟယ် . . . Exam ပြီးတာတောင် ပေါ့ပေါ့ ပါးပါးလေး မတွေ့ရဘူး။ နင့်ကိုကြည့်ရတာ တစ်မျိုးကြီးပဲ"

"ဟုတ်တယ်၊ ဘာဖြစ်နေလဲ မိဒါ"

"ဩ"

စကားက ရောရောရှုရှု ထွက်မလာပါလေ။ မျက်ရည်က လိုလိုရစ်ဝဲလာရပါ၏။ ယခုနောက်ပိုင်းမှာ အရင်လို စိတ်က မမာ ဘူးတဲ့ အတော့်ကို ပျော့လွှမ်းနေတာ မဟုတ်လား။ ရှေ့ရက်တွေက ဖြင့် စာမေးပွဲဖြေနေသည့် သုံးနာရီလုံးလုံး စောင့်ကြိုပေးခဲ့ပြီး ဒီ နောက်ဆုံးနေ့မှ လိုက်ပို့ပြီးမစောင့်တော့တာလေ။ တာဝန်ကျေအောင်ပဲ သွား 'ကိုကို'။

"ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ အရမ်းစိတ်ဆင်းရဲနေတာအမှန်ပဲ ရတနာ"

"ကျစ်! နင့်ကိုငါ ပြောခဲ့သားပဲ မိဒါရယ်။ ကိုကို့ကို လျှော့ချစ်ပါလို့။ အခုတော့ သူတို့ Engage လုပ်ခါနီး နင်ပိုခံစားနေရပြီ မဟုတ်လား"

"ငါ ငါ ကိုကို့ကို အရမ်းချစ်တယ် ရတနာ။ ကိုကို့ကို ဘယ်သူ့ကိုမှ မပေးနိုင်ဘူး။ ကိုကို့နဲ့ဝေးရရင် ငါသေမယ်ထင်တယ်"

"ဟဲ့!"

ကျောင်းဝင်းရှိ သစ်ပင်အောက်မှာပင် ဝုတ်တုတ်ထိုင်ချလိုက် သလို မျက်ရည်က ထိန်းထားသည့်ကြားမှ တစ်ပေါက်ပေါက်ကျလာ ပြန်လေ၏။ အလုပ်ထဲမှာ အတူတူလုပ်ဖို့ plan ချပေးထားပေမယ့် 'ဒါဒါ' ဘယ်လိုပျော်နိုင်ပါတော့မလဲ။ အနီးဆုံးမှာ လူက ရှိနေပေမယ့် စိတ်နှင့် အတွေးတွေကဖြင့် 'ဒါဒါ' အနားမှာ မရှိတော့မှာအမှန်ပဲ။ အထူးသဖြင့် 'ဒါဒါ' အပိုင်ရခဲ့ပါသည့် (အချစ်တွေရှိနေပါသည့်) နှလုံး သား ပလ္လင်ထက်မှာဖြင့် 'သိမ့်မဒီ' ဆိုသည့်ဟို မိန်းမကိုသာ 'ကိုကို့' အပိုင်ပေးလိုက်တော့မှာပါလေ။

"လူတွေရှိတယ်လေ ဒါဒါရယ်"

"မသိဘူးဟာ"

"ကျစ်! ခက်တော့တာပဲ။ နင်တို့ မောင်နှမကြားထဲလည်း





ဒါတို့က ဝင်လို့မဖြစ်၊ နင့်မိဘတွေ စီမံတာကို ကိုကိုက ငြင်းလို့ဖြစ်ပါ့ လား မိဒါရယ်"

"အဲဒါကြောင့် ငါ ပိုခံစားရတာပေါ့။ ကိုကိုကိုယ်တိုင်က ဒီမိန်းမကို ချစ်လို့ဆိုရင်လည်း ရန်တွေ့ပြီး ကန့်ကွက်လို့ရဦးမယ်။ အခုဟာက ဖေဖေတို့ကြောင့် ကိုကို့မျက်နှာမှာ အပြုံးယဲ့ယဲ့လေးတောင် မရှိတော့ဘူး။ ရင်ထဲမှာ ဘယ်လောက်နာကျင်နေလိုက်မလဲဆိုတာ သိသာကြီး"

"ဒါဆိုလည်း ကိုကို့ဘာသာ ငြင်းပါစေပေါ့ဟယ်။ သူ ကြည်ဖြူလို့ လက်သင့်ခံငြိမ်နေတာကို နင် အနေသာကြီးပါ မိဒါ"

ခေါင်းကို ခါယမ်းပြလိုက်ပါ၏။ ဒီလောက်တော့ ဘယ်လွယ် မလဲ။ ဖေဖေတို့နှင့် ကိုကို့ကြားမှာ အကြောင်းတစ်ခုခုတော့ ရှိကို နေပေမည်။ ထိုလျှို့ဝှက်ချက်ကိုသာ အတိအကျ အဖြေသိရပါလျှင် ကိစ္စကို လွယ်လွင့်တကူ ဖြေရှင်းနိုင်မှာပါ။ သို့သော် ခုချိန်ထိ ထို ပြဿနာကို 'ဒါဒါ' မရှင်းနိုင်သေးပါလေ။

"ငါ သူနဲ့သွားတွေ့မယ်"

"ဟင်! ... ဘယ်သူ့ကိုလဲ"

"သိမ့်မဒီကို"

"ဟယ်! ... နင် မဆိုင်တာတွေ လျှောက်မလုပ်နဲ့ မိဒါ။



www.burmeseclassic.com

www.burmeseclassic.com



တော်ကြာ ပြဿနာက အကြီးကြီးဖြစ်ကုန်ပြီး ရှင်းမရအောင် ရှုပ်ကုန်လိမ့်မယ်"

"ဘာပဲဖြစ်ဖြစ် အဲဒီမိန်းမကို သိပ်မုန်းတယ်"

"ကျွတ်! ... နေရင်းထိုင်ရင်းနဲ့"

"ပြောနေကြတယ်ဟာ။ ငါ အခုပဲ သွားတွေ့မယ်။ အိမ်ပြန်သွားရင် အပြင်ကို ပြန်ထွက်လို့ရမှာ မဟုတ်တော့ဘူး"

"ဟဲ့!"

"ငါတို့ပါ လိုက်ရမလား ဒါဒါ"

"မလိုက်နဲ့ မလိုဘူး။ ငါ့ကို Taxi ပေါ်ပဲတင်ပေးလိုက်ပါ"

ကျောင်းပြင် လမ်းမထက်မှာ 'ရတနာ'တို့အိမ်မှကား လာမကြိုခင်မှာပင် စိတ်မြန်သည့် သူမက taxi ကိုလှမ်းတားလိုက်ပြီး တက်စီးခဲ့ပါ၏။ 'အောင်တံခွန်' ကုမ္ပဏီက နာမည်ကြီးသည်မို့ အမည်ပြောလိုက်ရုံဖြင့် ကားဆရာဦးလေးကြီးက အရောက်ပို့ပေးလေသည်။ နောက်ပိုင်းမှာ ရှင်းမရအောင် ရှုပ်ကုန်မှာတဲ့လား။ အဲဒါကို နောက်ရှင်းပါတော့မယ်။ အခုတော့ 'ဒါဒါ' သူ့ကိုသွားတွေ့နေပါပြီ 'ကိုကို'

Taxi က ကုမ္ပဏီရှေ့မှာပင် ရပ်ပေးသဖြင့် ကားခရှင်းပြီးကာ ဆင်းလိုက်ပါ၏။ ဝင်းထဲသို့ ခပ်ဖြည်းဖြည်းချင်း လျှောက်လာပြီးနောက် lobby ခန်းမမှာပင် 'သိမ့်မဒီ' ၏အမည်ကိုပြော၍ နေရာ





မေးရလေသည်။

"ဒေါ်သိမ့်မဒီ ... G.M ကိုပြောတာများလား"

"ဟုတ်မယ်ထင်တယ်"

"Appointment ကြိုယူထားပါသလားရှင်"

"ဟင့်အင်း၊ မယူထားပါဘူး"

"ဒါဆိုရင်တော့ မဖြစ်နိုင်ပါဘူး။ GM က ဒီနေ့အရေးကြီးတဲ့ meeting ရှိတာမို့"

"သူ့ကို ပြောလိုက်ပါ။ ထက်မြက်နန္ဒာအောင် လာတွေ့တာပါလို့"

"ရှင်!"

Reception မှ စာရေးမလေးတွေက 'ဒါဒါ' ကို တအံ့တဩဖြင့် မျက်လုံးပြူးရင်း ကြည့်နေကြလေ၏။ မတတ်နိုင်ပါ။ နာရီဝက်လေးပဲ ဖြစ်ဖြစ် တွေ့ရရင်လည်း အဆင်ပြေပါသည်။ 'ကိုကို'တို့ Engage မလုပ်ခင် အချိန်အနည်းငယ်လေး ရှိသလောက် အကျိုးရှိစွာ အသုံးချနိုင်ရမှာပါလေ။

"ဘယ်သူ"

"GM နဲ့သိတယ်ဆိုပြီး ပြောခိုင်းနေလို့ပါရှင်။ ထက်မြက်နန္ဒာအောင်"



www.burmeseclassic.com

www.burmeseclassic.com



အလို! ဘယ်လိုဖြစ်တာပါလိမ့်။ လုံးဝထင်မထားပါသည့် ညှို့သည်က ရုတ်တရက် ရောက်လာရတယ်လို့။ ပြီးတော့လည်း 'ကို့' ညီမလေးတဲ့လေ။ ကြည့်ရတာ အိမ်က ဘယ်သူမှမသိအောင် ရောက်လာတာပဲထင်ပါရဲ့။ လုပ်လက်စအလုပ်တွေကို ခဏရပ်လိုက်ရပြီး အတွင်းရေးမှူးမလေး 'မိုးသူဇာ' ကို ညှို့သည်အတွက် တစ်ခုခု ညှို့ခံဖို့ ပြင်ဆင်ခိုင်းလိုက်ရပါသည်။ လာတွေ့တော့လည်း တွေ့ကြုံရုံပေါ့ 'ထက်မြက်နန္ဒာအောင်'။

''ဒေါက်! ဒေါက်! ''

''ဝင်ခဲ့ပါ''

တံခါးကို အသာဖွင့်ဝင်လာပါသည့် ကောင်မလေးကို ခေါင်းညိတ်ပြလိုက်ပြီးနောက် ညှို့ခံစားပွဲရှိရာဆီ လက်ပြကာ အရင်ဝင်ထိုင်လိုက်ရလေသည်။ ကျောပိုးအိတ်လေးဖြင့် ရောက်လာတာမို့ ကျောင်းကနေ ဒီကိုရောက်လာမှန်း သိစေပါ၏။ ဘာကိစ္စနဲ့များ ဒီကိုလာဖို့ သတ္တိတွေ ရှိလာတာပါလိမ့်။

''ထိုင်ပါ ... ဒါဒါ၊ တစ်ယောက်တည်းလာတာလား''

''ဟုတ်ကဲ့''

မျက်နှာချင်းဆိုင်ခုံမှာပင် တမင်ထိုင်လိုက်သဖြင့် တစ်ယောက်မျက်နှာကို တစ်ယောက် စေ့စေ့ကြည့်ပြီး အကဲခတ်နိုင်လေသည်။





အပြင်အဆင် ဆန့်ကျင်ဘက် ဖြစ်နေပါသည့် မိန်းကလေးနှစ်ယောက် အတူထိုင်နေတာကို ဘေးလူတွေ မည်သို့ထင်ကြလေမည်နည်း။

''ဘာကိစ္စနဲ့''

''ဒေါက် ဒေါက်! ''

''ဝင်ခဲ့လေ, မိုး''

'မိုးသူဇာ' က ညှို့သည်အတွက် သာမန် Juice ဘူးမျိုး ယူလာတာ မဟုတ်ပါ။ ဆိုင်မှာဖျော်ပေးသလို ဖန်ခွက်အရှည်လေးဖြင့် ပိုက်တပ်ပေးကာ ရေခဲတုံးလေးတွေ သစ်သီးလေးတွေ ပေါလောပေါ်နေပါသည့် သီးစုံဖျော်ရည်ကို သီးသန့်လေးဖျော်လာပေးလေ၏။ 'ဒါဒါ့' ကို ဘယ်သူဆိုတာမှန်း သူမ အသိပေးထားဖူးတာမို့ special ညှို့ခံဖို့အတွက် ပြင်ဆင်လာပုံပါလေ။

''သုံးဆောင်ပါ ဒါဒါ''

အတွင်းရေးမှူးမလေး ထွက်သွားတာကို စောင့်နေပြီး အအေးကိုလည်း ယူမသောက်ပါ။ လက်ထဲမှာ ဆုပ်ကိုင်ထားပါသည့် ဘက်ကိုင်ပဝါကို လုံးချေနေသည်မို့ အတော်စိတ်လှုပ်ရှားနေပုံပါပဲ။ မျက်နှာလည်း အတော်လေးချောင်ကျသွားသဖြင့် စိတ်ပင်ပန်းနွမ်းနယ်နေပုံရလေ၏။

''တို့က''



www.burmeseclassic.com

www.burmeseclassic.com



"ဒါဒါ"

နှစ်ယောက်သား ပြိုင်တူအသံထွက်သွားရပါ၏။ ညှော်သည်ကို ဦးစားပေးရမှာမို့ ပြုံးပြလိုက်ရင်း ခေါင်းညိတ်ပြလိုက်ရလေသည်။ ပြောမည့်သူက မပြောသေးပါဘဲ ဘာကိုများ ချင့်ချိန်နေတာပါလိမ့်။ မှန်စားပွဲထက် ဘာမှမရှိပါဘဲ စူးစိုက်ကြည့်နေပုံက အာရုံစိုက်ထားသည့်နှယ်ပါ။ ကောင်းပြီ 'ဒါဒါ'။ မင်းပြောမယ်ဆိုလည်း တို့က နားထောင်ပေးဖို့ ready ပါပဲ။

"ဒါဒါ မေးစရာရှိလို့ ရောက်လာတာပါ"

"ဟုတ်ပြီ မေးလေ"

"ကိုကို ကိုကိုနဲ့ မသိမ့်မဒီတို့ကိစ္စကို သိချင်လို့ပါ"

"ဘာများလဲ"

"စေ့စပ်ဖို့လောက်အထိ အဆင့်မရောက်သေးဘူးဆိုရင်ပေါ့ မသိမ့်မဒီဘက်က နောက်ဆုတ်ပေးဖို့ ပြောချင်တာပါ"

"ဘယ်လို"

ကြည့်စမ်း! ဒီချာတိတ်မလေးက အလာကြီးပါလား။ မပြောရဲဘူးထင်ထားသမျှ အခုလိုလာပြောရဲလေပြီ။ နောက်ဆုတ်ပါတဲ့လား။ မဆိုင်သည့်လူက 'ဒီဒီ' တို့နှစ်ဦးကြားကို ဝင်ရှုပ်နေပြီ 'ကို'။ 'တို့' ညီမလေးမို့ အစစလိုက်လျောညီထွေနေပေးဖို့ ဆုံးဖြတ်ထားတာ





မှန်ပေမယ့် စကာတည်းက အဖုအထစ်တွေနဲ့ပါလား။

"ဘာသဘောနဲ့ အခုလိုလာပြောရတာလဲ ဒါဒါ။ တို့ နားမလည်ဘူး"

"ဒါဒါပြောတာ ရှင်းပါတယ်။ တစ်ယောက်နဲ့တစ်ယောက် ချစ်မနှစ်သက်ဘဲနဲ့တော့ ဘဝတစ်ခု လက်တွဲဖို့ မဖြစ်နိုင်ဘူးလေ။ ဒီတော့ အခုကတည်းက အပြီးဖြတ်လိုက်တာက ပိုကောင်းမှာပါ"

"မချစ်မနှစ်သက်တာ"

"ဟုတ်တယ်၊ ကိုကိုရော မသိမ့်မဒီကိုပါ လူကြီးတွေက စီစဉ်ပေးကြတာ မဟုတ်လား။ အဲဒီတော့"

"ခဏနေဦး ဒါဒါ၊ တို့ပြောပါ့မယ်"

"ဘာကိုလဲ"

"မချစ်မနှစ်သက်ဘူးဆိုတဲ့စကား အသုံးအနှုန်းကို ကန့်ကွက်ချင်လို့ပါ"

"ဟင်!"

"တို့တွေအရွယ်က အချစ်ဆိုတာတွေ၊ ရင်ခုန်ခြင်းတွေဆိုပြီး [illegible] စကားလုံးတွေ သုံးဖို့မလိုအပ်တာမှန်တယ်၊ ဒါပေမဲ့ နှစ်သက်သာကတော့ တကယ်ပါ ဒါဒါ။ တစ်ယောက်နဲ့တစ်ယောက် စတွေ့ခဲ့ရတာတည်းက စိတ်ထဲမှာ အလိုလိုသိခဲ့ရတာ၊ ကိုနန္ဒရွှေဘိုကို တို့



www.burmeseclassic.com

www.burmeseclassic.com



နှစ်သက်တယ်''

''မဟုတ်ဘူး''

''မင်းမသိပေမယ့် တို့ရော သူပါ သိထားတယ် ဒါဒါ။ အချစ် ဆိုတာနဲ့ ဘဝကို တည်ဆောက်လို့မရနိုင်ပေမယ့် နားလည်မှုတစ်ခုနဲ့ တော့ ခိုင်မာတဲ့ဘဝတစ်ခုကို တည်ဆောက်နိုင်မှာပါ။ တို့ယုံကြည်သင့် သူကလည်း လက်ခံခဲ့တာပဲလေ''

''ဟင့်အင်း . . . မဖြစ်နိုင်ဘူး။ ဒါဒါ လုံးဝ သဘောမတူဘူး''

''ဘာ''

''ဟုတ်တယ်၊ ကိုကို့ကို ဘယ်နည်းနဲ့မှ မပေးနိုင်ဘူး''

''ကျစ်! . . . မဆိုင်လိုက်တာ''

''ဆိုင်တယ်၊ ဆိုင်လို့ပြောနေတာပေါ့။ ကိုကို့ကို ဒါဒါ ပိုင် တယ်။ ဒါဒါကလွဲပြီး ဘယ်သူမှ ဆိုင်ခွင့်ရော ပိုင်ခွင့်ပါ မရှိဘူး''

''ဘာပြောတယ်''

❊ ❊ ❊



(၂၁)

နှစ်ယောက်သား မတ်တတ်ရပ်အနေအထားဖြစ်သွားကြလေ ခဲ့ အကြည့်ချင်း စူးရှပြင်းထန်စွာ ဆုံနေပေမည့် မည်သူကမှ အရှင် ဖွဲ့ဖယ်မသွားပါချေ။ ဘယ်လိုပါလိမ့်။ ဒီမိန်းမရဲ့ မျက်လုံးတွေထဲမှာ အမုန်းတွေအပြည့်နှင့်ပါပဲလား။ သေချာပါတယ်။ သူ 'ဒါဒါ' အပေါ် နှင်းတီးနေတာ အသိသာကြီးပါပဲ။

''မင်းမှားနေပြီ ထက်မြက်နန္ဒာ။ တကယ်ဆို ဒါ တို့ရဲ့ personal ပါ။ မင်းမှာ စွက်ဖက်ပိုင်ခွင့်မရှိဘူး''

''ရှင့်ဘက်ကို မစွက်ဖက်လို့ရမလား။ ကိုကို့ဘက်ကိုကြည့် ဘတ်ရမှာပေါ့''



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

"ကိုကို ဘယ်လောက်စိတ်ဆင်းရဲနေရသလဲဆိုတာ ဒါဒါ အသိဆုံးပဲ"

"မဟုတ်ဘူး ဒါဒါ၊ မဖြစ်နိုင်တာ"

"ဟုတ်တယ်၊ ဘာမဆို ကိုကိုက ဒါဒါ့လို ပွင့်ပွင့်လင်းလင်း ပြောတတ်တာ မဟုတ်ဘူး။ ရင်ဘတ်ထဲမှာအပြည့်အသိပ် မျိုသိပ် သိမ်းဆည်းထားရတာ ဘယ်လောက်သနားစရာကောင်းလိုက်သလဲ မိဘစကားကို မဖယ်ရှားဝံ့တာက တစ်ကြောင်း၊ ရှင့်ကို ငဲ့ကွက်ရတာ ကလည်း တစ်ကြောင်းမို့ ဒေါးကျပ် နံကျပ် ဖြစ်နေရတာ၊ ရှင်း စဉ်းစားကြည့်"

"တော်တော့ . . . မဟုတ်တာတွေ ဆက်မပြောပါနဲ့ ထက် မြက်နန္ဒာ"

ဘုရားရေ! . . . ဘာတွေ ဘယ်လိုဖြစ်ကုန်ပြီလဲ။ သူမ ထင် မထားသည့် အဖြစ်အပျက်တွေက သူ့ထံမှာ ရှိနေတာတဲ့လား။ မဖြ နိုင်တာ။ သူမနှင့် phone ထဲမှာ စကားပြောရင်လည်း အဆင်ပြေ ပြေ၊ လူချင်း မကြာခဏဆုံကြလျှင်လည်း လေပြည်လေးနှင့် ပါလျက် သူ့မျက်နှာအရိပ်အကဲကို ဖမ်းဆုပ်မရခဲ့တာ ဘာကြောင့်များ လိမ့်။





စိတ်ဆင်းရဲနေတာတဲ့လား။ ဒါဖြင့်ရင် သူမတို့ကိစ္စကို ရှေ့ ဆက်တိုးဖို့ ဘာကြောင့် ခေါင်းညိတ်လက်ခံခဲ့ရပါသလဲ။ မိဘစကားကို ထေထောင်တာက ထားပါတော့။ သူမဘက်ကို ငဲ့ကွက်ရတာက ဘာ ကြောင့်ပါလိမ့်။ တကယ်ဆို လူငယ်ချင်း ပွင့်လင်းစွာ ညှိနှိုင်းတိုင်ပင် လို့ ရနိုင်တာပါလေ။

"တစ်ဖက်သားကို ငဲ့ညှာစာနာတတ်တဲ့စိတ်မျိုးက ကိုကို့ဆီ မှာ အပြည့်ရှိတယ် မသိမ့်မဒီ။ အဲဒါကို ရှင့်အပေါ် နားလည်တာပါဆို ပြီး အထင်မလွဲပါနဲ့"

"ဘာရယ်"

"ကိုကို့အကြောင်းကို ဒါဒါ အသိဆုံးပါ။ အဲဒီလိုပဲ ကိုကို့ ရင်ဘတ်ထဲကိုလည်း ဒါဒါပဲ မြင်တတ်တယ်။ ဖေဖေတို့တောင်မှ ကိုကို့စိတ်ကို နားမလည်ကြဘူး"

အလို! ထူးဆန်းလေစွ။ ဘယ်လိုဖြစ်ပြီး ဒီစကားမျိုးကိုမှ ပြောရတာပါလိမ့်။ မင်းစကားတွေ လမ်းချော်နေပြီ 'ထက်မြက်နန္ဒာ'။ တကယ်ဆို 'နန္ဒကျော်' နဲ့မင်းက တရားဝင် မောင်နှမဟုတ်သာ ပတ်ဝန်း ကျင်က သိထားကြတာပါ။ အခုတော့ အဲဒီခေါင်းစဉ်အောက်ကနေ သွေဖီသည့်စကားတို့ မသုံးပြပါနှင့်လား။

"ဘယ်မိဘမဆို ကိုယ့်သားသမီးရဲ့ရင်ထဲကို မြင်နိုင်ပါတယ်



www.burmeseclassic.com

www.burmeseclassic.com



ထက်မြက်နန္ဒာ''

''ဟုတ်ပါတယ်၊ အဲဒီစကားက အတိုင်းအတာတစ်ခုထိ မှန်တာပါ။ ခြွင်းချက်အနေနဲ့ ကိုကို့အတွက်တော့ အလုံးစုံမမှန်ပါဘူး မသိမ့်မဒီ။ ကိုကို့ကို ဖေဖေတို့ နားမလည်ကြဘူး။ ကိုကို့ရင်ထဲက ခံစားချက်ကို လုံးဝ မသိကြတာ သေချာတယ်''

''ကျစ်! . . . ခက်လိုက်တာ''

''မခက်ပါဘူး မသိမ့်မဒီ။ အဖြေက ရှင်းရှင်းလေးနဲ့ လွယ်လွယ်လေးပါ။ ရှင့်ဘက်က နောက်ဆုတ်လိုက်ရုံနဲ့ အရာရာ နေသားတကျ ဖြစ်သွားပါလိမ့်မယ်''

''ဘာ''

''ဒီကိစ္စကြောင့် ကိုကို အစားကောင်းကောင်း စားမဝင်ခဲ့တာ ဘယ်လောက်ကြာနေပြီထင်လဲ''

''အဲဒါကတော့''

''ညည အိပ်မပျော်ဘဲ သက်ပြင်းတွေချရင်း အိပ်ရေးပျက်တာလည်း အတော်ကြာနေပါပြီ မသိမ့်မဒီ''

''ဟင်!''

''ရှင်ပြောတော့ နားလည်မှုဆို။ အခုလို ကိုကို ခံစားနေရတာကို ဘာလို့မမေးကြည့်တာလဲ။ အချစ်မှာ ရိုးသားပွင့်လင်းမှုရှိ





လိုပါတယ်။ ဒီလောက်လျှို့ဝှက်ပြီး မျိုသိပ်ပြီး ဖွင့်အံထွက်မလာတဲ့ အချစ်မရှိတဲ့ လူတစ်ယောက်ကို ရှင်လက်ထပ်ရဲရလောက်အောင် ခံစားချက် မဲ့နေတာများလား''

ဗုဒ္ဓေါ! မြတ်စွာဘုရား ကယ်တော်မူပါ။ ဤကလေးမ စကားလုံးတို့က လူနှင့်ပင် မလိုက်ဖက်ပါဘဲ အကြီးကြီးတွေ သုံးပြနေတာပါလေ။ ပြောတော့ဖြင့် နေမကောင်းဖြစ်နေတာဆို။ အားနည်းနေပါသည့် လူမမာက မည်သို့သော ခွန်အားတို့ဖြင့် သူမကို ကန့်ကွက်အိုက်ထုတ်ဖို့ ရောက်လာရတာပါလိမ့်။

''ဒါတော့ မင်း foul လွန်းပြီ ထက်မြက်နန္ဒာအောင်။ မင်းအစ်ကိုနဲ့ ပတ်သက်ပြီး သွေးပူပြီးရောက်လာမှန်း တို့သိပါတယ်။ အဲဒါကို နားလည်ပေးလို့ရတယ်။ ဒါပေမဲ့ . . . တို့ရင်ထဲကိုတော့ ဝင်ပတ်သက်လို့မရဘူး။ အေး . . . မင်း ဘယ်လိုပဲပြောပြော၊ ဘယ်လောက်ပဲ ကန့်ကွက်နေပါစေ တို့နဲ့ 'ကို' Engage လုပ်မယ့်ကိစ္စက ရွှေ့သွားမှာ မဟုတ်ဘူး။ ပိုပြီးတော့ သေချာသွားပြီဆိုတာကို မင်းသိလိုက်ပါ။

လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ဆုပ်ထားမိပါ၏။ ဒေါသတွေ ဘယ်ထိပ်ထိတက်နေပေမယ့် မျိုချနေရတာပါ။ သူ့ကို တစ်ခုခုပြောမိတော့မယ် 'ကိုကို'။ ဒီမိန်းမမှာ ငဲ့ညှာစာနာစိတ် အလျှင်းမရှိဘူး။



www.burmeseclassic.com

www.burmeseclassic.com



'ဒါဒါ' ကိုလည်း 'ကိုကို' ညီမမို့ နားလည်ပေးတယ်ဆိုတာက အပေါ်ယံ အပြောပဲရှိတာပါ။ သကာဖုံးလွှမ်းထားသည့် အပြုံးက နာရီပိုင်းအတွင်းကို ပေါ်လာတော့တာပါပဲ။

"'ကိုကို' နဲ့ Engage လုပ်မယ့်ကိစ္စက အတည်တဲ့။ သေချာပြီတဲ့ 'ကိုကို'။ 'ဒါဒါ' ဘာလုပ်ရမလဲ။ စစ်ပွဲရဲ့အလယ်မှာ ကူကယ်သူမဲ့ပြီး ဒုက္ခရောက်နေတာ 'ကိုကို' မြင်နိုင်ပါ့မလား။ မငိုတော့ဘူး 'ကိုကို'။ မျက်ရည်ဆိုတာ အရှုံးတဲ့။ ဒီမိန်းမရှေ့မှာ 'ဒါဒါ' အရှုံးကို ချပြဖို့ မျက်ရည်လုံးဝ မကျစေရဘူး။

"ကောင်းပြီလေ၊ ဒီလောက် မေတ္တာရပ်ခံနေတာတောင်မှ ရှေ့ဆက်တိုးဖို့ ဆုံးဖြတ်ဝံ့တာ မအံ့ဩတော့ပါဘူး။ ရှင့်စိတ်ထဲကို မြင်ခွင့်ရလိုက်တာ အမြတ်ပေါ့"

"မင်းက မေတ္တာရပ်ခံနေတာမှ မဟုတ်ဘဲ ထက်မြက်နှုန်းတို့ကို စိန်လာခေါ်တာ၊ ရန်လာတွေ့နေတာ။ ဒါကိုကြည့်ကတည်းက မင်းမှာ ကိုယ့်ထက်အကြီးကို ရိုသေရမယ်ဆိုတဲ့ Respect မျိုးမရှိဘူးဆိုတာ သိလိုက်ရတာပဲ။ မင်းလုပ်ရပ်ကို အန်ကယ်ထက်နဲ့ အန်တီသိရင် အတော်မျက်နှာပျက်စရာ ဖြစ်မှာအမှန်ပဲ ထက်မြက်နှုန်း"

"မနိုင်လို့ လူကြီးကိုပြေးတိုင်တာကမှ သဘောထား





ပိုသေးတာပါ မသိမ့်မဒီ"

"ဘာပြောတယ်"

ရင်ကို ဆူးနှင့် ထိုးဆွလိုက်သည့်နှယ် ခံရခက်ရလေ၏။ စီးပွားရေးလောကမှာ နေရာတစ်နေရာရအောင် လူတော်တို့ဝင်ဆံ့နိုင်အောင် အစစအရာရာ သင့်တင့်လျောက်ပတ်စွာ ရပ်တည်နိုင်ခဲ့ပါလျက် ဒီဘာမဟုတ်တဲ့ ကောင်မလေးရှေ့မှာမှ အရှက်ရစေရပါသလား။ နှုတ်သီးကောင်းလျှာပါးမျိုး သူမလည်း ပြောတတ်ပါ၏။ သို့သော် ဒီချာတိတ်မလေးလိုတော့ နိုက်နိုက်ချွတ်ချွတ် မပြောဝံ့ပါလေ။

"ရှင့်ရုပ်ရည် အဆင့်အတန်းများနဲ့ ကိုကို့ထက် ပိုသာတဲ့ ယောကျ်ားမျိုး ရနိုင်ပါလျက်နဲ့ ဘာကြောင့်များ ကိုကို့အပေါ် တမ်းတမ်းစွဲ ဖြစ်နေရတာလဲ"

"ဘာ ... မင်း! မင်း! "

ကြည့်စမ်း! ဒီလောက် ပြောနေရင်းမှတစ်ဆင့် ထပ်တက်လာပြန်ပါရောလား။ တမ်းတမ်းစွဲတဲ့ 'ကို'။ 'ကို' ကို 'ဒီဒီ' ချစ်မိတာ အပြစ်တဲ့လား။ ကံကြမ္မာက ဖန်ဆင်းပေးခဲ့လို့ 'ကို' နဲ့ အခုလို ဆုံခွင့်ရခဲ့တာလေ။ 'ဒီဒီ' နောက်ကျ ပိုင်ဆိုင်မှုတွေကို မေ့ထားပြီး 'ကို' တစ်ဦးတည်းအပေါ်မှာ ရှိသားစွာ မြတ်နိုးမိခြင်းက အပြစ်မှ မဟုတ်နိုင်တာနော်။



www.burmeseclassic.com

www.burmeseclassic.com



မင်းအတ္တတွေသိပ်ကြီးနေပါရောလား 'ထက်မြက်နန္ဒာ'၊ 'ကို့ ကိုချစ်တဲ့ တို့ရဲ့ချစ်ခြင်းတွေက ဘာအရောင်မှ စွန်းထင်ခြင်းမရှိတဲ့ ချစ်ခြင်းမျိုးနဲ့ အတ္တမဲ့စွာ ချစ်ခဲ့ရုံပါ။ ပြောတော့ဖြင့် မင်းက အစ်ကိုဖြစ်သူကို ချစ်တာပါလို့ နှုတ်က ကြွေးကြော်နေပြီး ရင်ထဲမှာ ရိုးရှင်းပါရဲ့လား။ သွေးသားရင်းချာ အစ်ကိုမဟုတ်မှန်း သိသွားလျှင်ဖြင့်။

ဘုရား! မပြောနဲ့နော်။ မသိပါစေနှင့်။ သူ မသိစေချင်သည့် ကိစ္စကြီးကို သူမကြောင့်နှင့်တော့ မပေါ်စေချင်ပါလေ။ မျိုသိပ်ထားရတာက ခက်ခဲလွန်းသတဲ့လား။ ဒီကိစ္စကို ဒီလောက် ဖုံးဖိထားရတာ ခက်နေပါလျှင် ဘာမဆို ဖုံးကွယ်သိုဝှက်ထားရပါသည့် 'နန္ဒကျော်' ဆိုလျှင် မည်သို့ဖြစ်လေမည်နည်း။ တကယ်ပဲလား 'ကို'။ 'ကို့' ရင်ထဲမှာ တကယ်ပဲ 'ဒီဒီ' ရှိမနေဘူးလားကွယ်။

"ရှင့်ဘက်က ရှေ့ဆက်တိုးဖို့ ဆုံးဖြတ်ပြီးပြီဆိုတော့လည်း ကျွန်မဘက်ကလည်း ကန့်ကွက်ဖို့ အပြီးတိုင်ဆိုတာကို ပြောရတော့မပေါ့။ ဒီမှာ မသိမ့်မဒီ။ ရှင်နဲ့ ကိုကိုတို့ကိစ္စ ဆက်ဖြစ် မဖြစ်ဆိုတာကို စောင့်သာကြည့်လိုက်"

"မင်း!"

"ဒါဒါ"

ပခုံးကို တွန်းလိုက်မိတာက ခပ်သာသာလေးပါ။ ယိုင်နဲ့





ဖြစ်နေပါသည့် ခန္ဓာကိုယ်ပါးပါးလေးက ဆက်တီထက် ပစ်လဲကျသွားလေ၏။ တိုက်ဆိုင်မှုလေလား၊ ရုတ်တရက်ရောက်လာသည့် သူက ထိုမြင်ကွင်းကို ရှင်းရှင်းကြီးမြင်လိုက်ရလေသည်။ ရင်ထဲမှာ ဒိန်းခနဲ မြည်သံကြီးနှင့်အတူ ခေါင်းပါ ထူပူသွားရလေတော့၏၊ အမှားဆိုသည်က မရည်ရွယ်ဘဲ လုပ်မိလျှင်လည်း ဖြစ်မြောက်နိုင်တာပါလေ။

"ဘယ်လိုလုပ်လိုက်တာလဲ ဒီဒီ။ ညီမလေး ဒါဒါ၊ ဘာဖြစ်သွားသေးလဲ"

"မဟုတ်ဘူး ကို၊ မဟုတ်ဘူး"

မျက်စိမျက်နှာပျက်နေပါသည့် သူမကြောင့် 'ဒါဒါ' ကျိတ်ပြုံးလိုက်မိလေသည်။ သို့သော် ခဏတာပါပဲ။ 'ကိုကို' ဆွဲထူလိုက်စဉ် ညည်းညူသံတစ်ချက် ထွက်သွားလေ၏။ လက်ထောက်လျက်သား လဲကျသွားရသဖြင့် ဘယ်ဘက်လက် တကယ်နာကျင်သွားရတာ အမှန်ပါ။

"အ! . . . နာတယ်၊ နာတယ် ကိုကို"

"ဘယ်နားလဲ၊ ဘယ်နားနာသွားတာလဲ"

"လက်ကောက်ဝတ်ရော၊ တံတောင်ဆစ်ပါ နာတာကိုကို။ အာ! တအားနာလာပြီ။ ကျိုးပြီလားမသိပါဘူး ကိုကိုရယ်။ ဒါဒါကို



www.burmeseclassic.com

www.burmeseclassic.com



ကယ်ပါဦး"

"အို! . . . မဖြစ်နိုင်တာ။ ဒီဒီတွန်းလိုက်တာ ဖြည်းဖြည်းလေး ရယ်။ သူ ဘာမှ မဖြစ်နိုင်လောက်ပါဘူး"

"ဒါ . . . ဘာမှမဖြစ်စရာလား။ ဒီမှာ လက်တစ်ခုလုံး ညို မည်းနေပြီကွ။ ဘယ်သူက မနာဘဲ နာတယ်လို့ လိမ်ညာပြောနေရ လဲ"

"ကို"

"လာ ညီမလေး ကိုကိုတို့ ဆေးရုံသွားကြမယ်"

"ကို . . . ဒီဒီ၊ ဒီဒီတောင်းပန်ပါတယ်။ ဒီလိုဖြစ်ဖို့ မရည် ရွယ်"

"ဒုန်း! "

နှစ်ယောက်သား တွဲ၍ထွက်သွားသလို လှည့်ပင်မကြည့် တော့ဘဲ ရုံးခန်းတံခါးကိုပါ ဆောင့်ပိတ်သွားလေ၏။ မျက်နှာ လက်ဝါးဖြင့် အုပ်ကာ ဆက်တိုက် ပြန်ထိုင်ချလိုက်မိလေသော သည်။ ကံကြမ္မာများ 'သိမ့်မဒ္ဒီ' ကို ကျီစယ်လေပြီလား။ သိပ်မကြာ စေ့စပ်တော့မည့် သက်ဆိုင်သူဘက်ကိုတော့ တစ်ချက်မှ လှည့်မကြည့် ပါဘဲ ညီမဖြစ်သူကိုမှ မျက်စိရှေ့မှာတင် သည်းသည်းလှုပ်ပြသော လေ။





'ဒီဒီ' တို့ကိစ္စ မပျက်လောက်ပါဘူးနော်။ ဒီလိုတွေ ဖြစ်လာ အောင် ဒီကောင်မလေး တမင်လာလုပ်တာပဲဖြစ်မှာပါ။ ကိုယ့်ရုံးခန်း ကိုယ့်ပိုင်နက်ထဲထိ ဝင်လာပြီး စော်ကားဝံ့တာ အဘယ်မျှ ကြောက် စရာပါလဲ။ ဟုတ်တယ်၊ ဒီလိုတွေ ရှုပ်ထွေးကုန်အောင် အကုန် ကမောက်ကမတွေဖြစ်အောင် ဒီကောင်မလေးတမင်လာလုပ်သွားတာ ပါ။

မျက်စိမျက်နှာပျက်ပြီး ထူပွေ့ထိန်းမတ်ပေးလိုက်ပါသည့် မြင်ကွင်းကို ယခုတိုင် မြင်ယောင်နေဆဲပါပဲ။ အဘယ်မျှ စိုးရိမ်မှု ၄
ကြီးစိုးနေပါသလဲ။ ဘာဆိုဘာမှ မဖြစ်နိုင်လောက်တာလေးနှင့် အကဲပို အမူပိုတာက မြင်ပြင်းကပ်ဖွယ်ရာပါ။ နှုတ်က ညီမလေးဆိုပြီး စိတ်ရင်း က ရိုးသားပါရဲ့လား။

"ကိုရယ်"

မငိုပါဟု တင်းထားလျက်မှ ပါးပြင်ထက်သို့ မျက်ရည် စီးကြောင်းက ကျလာလေတော့၏။ Meeting ရှိ၍ လာခေါ်ပါသည့် 'မိုးသူဇာ' က ငူငူငိုင်ငိုင်ထိုင်နေပါသည့် သူမကို တစ်ချက်မျှသာကြည့် ပြီး ပြန်ထွက်သွားလေတော့သည်။

ရှေ့ဆက် ဘာတွေဖြစ်ကုန်မှာလဲ။ သူမ သေချာသိ တော့ပါ။ သေချာတာကဖြင့် –



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ‘ဒီဒီ’သိပ်ချစ်သည်။ သူကလွဲ၍ ဘယ်သူ့စိမ်းယောက်ျား ကိုမှ စိတ်မဝင်စားခဲ့ဖူးပါ။ သူမှသူဆိုပြီး ‘ဒီဒီ့’ နှလုံးသားက စွဲလမ်း မက်မောစွာ သံယောဇဉ်နှောင်တွယ်ခဲ့ရသလောက် သူကဖြင့် ‘ဒီဒီ့’ အပေါ် နည်းနည်းလေးမျှ စိတ်မဝင်စားခဲ့ပါ။ သူ့ကိုသိပ်ချစ်မိသလောက် သူနှင့် အနီးဆုံးမှာ အမြဲရှိနေခဲ့ပါသည့် မိန်းကလေးကို ‘ဒီဒီ’ အရမ်း မုန်းမိတာ မပြစ်တဲ့လား။

မင်းကို သိပ်မုန်းတယ် ‘ထက်မြက်နန္ဒာအောင်’။

❊ ❊ ❊

(၂၂)

လှေကားထစ်များမှ ဖြည်းဖြည်းချင်း ဆင်းခဲ့ပါ၏။ ဘေးမှာ ခမေမေလိုက်လာပြီး (ကျောက်ပတ်တီးစည်း၍ ကြိုးအပြားဖြင့် လည်ပင်း မှာ တွဲချည်ထားပါသည့်) ‘ဒါဒါ့’ ဘယ်ဘက်လက်ကိုလည်း မထိခိုက် မိအောင် ထိန်းကိုင်လာပေးလေသည်။ ဧည့်ခန်းသို့ရောက်စဉ် နှစ် ယောက်ထိုင် ဆိုဖာထက် အတူယှဉ်ထိုင်နေပါသည့် ‘ကိုကို’ နှင့် သိမ့်မဒီကြောင့် ရင်ထဲမှာ ကျဉ်ခနဲ ဖြစ်သွားရပါ၏။

“ဟော! သမီးလေးရောက်လာပြီ၊ လက်တော်တော်နာနေ သေးလား”

“ညကတော့ ကိုက်လို့ဆိုပြီး ထငိုသေးတယ် မမနုရယ်။


ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



သူ့အစ်ကို ဆေးတိုက်မှပဲ ပြန်အိပ်ပျော်သွားတာ''

"ဒီဒီ့ကိုယ်စား အန်တီနတို့လူကြီးတွေကပဲ သမီးကို တောင်းပန်ပါတယ်ကွယ်။ မတော်တဆ ဖြစ်သွားတာဆိုတော့လေ''

ကာယကံရှင် တစ်ယောက်လုံးက ရှေ့မှာရှိနေပြီး ကိုယ်တိုင် မတောင်းပန်တာ ဘာသဘောပါလဲ။ 'ကိုကို' က အရုပ်တစ်ရုပ်လို ငုပ်တုပ်ထိုင်နေသလို သူမကလည်း ဘာမှမပြောပါဘဲ မျက်လွှာချ၍ ငြိမ်သက်နေလေ၏။ ဘာလဲ။ လူကြီးတွေကို အကူအညီတောင်းပြီး လာညှိတဲ့ သဘောပေါ့လေ။ ပညာသားပါပါပေ့ 'ဒေါ်သိမ့်မဒီ'။

"ကျွန်မသမီးက အငြိုးအမှတ် မထားတတ်ပါဘူး ကို့အောင်မြင့်ရယ်။ ကလေးတွေဆိုတော့ စကား ကတောက်ကဆ ဖြစ်သွားကြတာပဲ ဖြစ်မှာပါ''

"ဟုတ်တယ်မှတ်လား သမီးရယ်''

မေမေကပါ 'ဒါဒါ့' ကျောကို အသာပွတ်ပေးလျက် ချော့ပြောလေ၏။ ထင်ထားသည့်အတိုင်းပင် တစ်ယောက်တည်း ရင်မဆိုင်ချင်၍ စစ်ကူတစ်တပ်ကြီး ခေါ်ချလာတာပေါ့လေ။ ဘယ်လိုလဲ 'ကိုကို'။ 'ဒါဒါ့' ကို စိတ်ရော ကိုယ်ပါ ထိခိုက်နာကျင်စေသည့် ဒီမိန်းမနှင့် စေ့စပ်လက်ထပ်ဖို့အတွက် ရှေ့ဆက်တိုးမှာတဲ့လား။ 'ကိုကို့' ဘဝမှာ ဘယ်သူ့ကို တန်ဖိုးအထားဆုံးလဲ။ ဘယ်သူ့ကို အသက်





ပုံပေးပြီး ချစ်ခဲ့တာပါလဲ။ ဘယ်သူ့ကိုမှ အမြတ်နိုးဆုံးလဲဆိုတာကို အားလုံးသိအောင် ရှေ့မှာပင် ပြောပြလိုက်ပါ။

"ဒီဒီ့ကို မိဘတွေကတောင် လက်ဖျားနဲ့တို့ခဲ့ဖူးတာ မဟုတ်ဘူး။ နာကျင်ဖို့ဆိုရင် ဝေးသာဝေးပဲ''

"သမီးလေး''

"တစ်ခါမှ ဒီလောက်မနာဖူးလို့ နာပြီးငိုခဲ့မိတာပါ ဖေဖေ။ ဒါဒါ သူ့ကို မမုန်းပါဘူး''

"ဘယ့်နှယ်၊ သူလဲကွယ်။ မမလို့ ခေါ်ရမှာပေါ့''

"ဒါဒါက လူငယ်မို့ စိတ်ဆတ်ပါတယ် အန်တီ။ အတေးအမှတ်လည်း မထားတတ်ပါဘူး။ အကယ်၍ ဒါဒါ့ဘက်က မှားခဲ့ရင်တောင် ငယ်တဲ့စိတ်ကြောင့် မှားတာမို့ ဗွေမယူစေချင်တာပါ''

"မှန်တာပေါ့၊ သမီးက အသက်ငယ်ပေမယ့် ဒီလို အလေးအနက်လည်း ပြောတတ်သားပဲ''

"ကဲကဲ! ... နောက်လည်း ညီအစ်မ ဆွေမျိုးတော်ကြမှာဆိုတော့ အခုလို မြန်မြန်ပြေလည်တာ ပိုကောင်းတာပေါ့။ သားသဘောကရောကွယ်''

"ဗျာ''

"ဩော် ... လာမယ့် sunday အတွက် ပြောထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



အစီအစဉ် မပျက်ဘူး မဟုတ်လား''

သူ ဘာမှ မဖြေပါ။ အငယ်ဖြစ်သည့် ညီမလေးကပင် နား လည်မှုဖြင့် ပြေလည်စေသော်ငြား နာကျင်စေသည့် သူမကဖြင့် တုတ် တုတ်မျှ မလှုပ်ပါလေ။ Sunday တဲ့။ ကြိုးစင်တက်ဖို့ သေမိန့်ချ ရသည့်နှယ် မနိုင်းကောင်းပါ။ တကယ့်ကို သေလိုက်ချင်တာ အမှ ပါပဲ။ ငြင်းချင်သော်ငြား ကျေးဇူးတရားဆိုသည့် နှံ့ထဲကမှ သူ ရုန်း မထွက်နိုင်တာလေ။

မေးနေပြီ 'ကိုကို'။ ဖြေလိုက်လေ၊ ဟင့်အင်းလို့ ညင်ညင် သာသာလေး ငြင်းလိုက်ရုံပါ။ 'ဒါဒါ့' ကြောင့်လို့ပဲ အပြစ်ပုံချချ 'ဒါဒါ ငြိမ်နေပါ့မယ်။ ဒီအတိုင်းကြီး အသက်မဲ့သလိုမျိုး မထိုင်နေပါနဲ့ 'ကိုကို' ခေါင်းတစ်ညိတ်ကို အသက်အောင့်ပြီး စောင့်နေတဲ့သူ 'ဒါဒါ' ပါနော်။

''ပြောလေ သားရဲ့''

''ဟုတ်ကဲ့၊ ဖေဖေတို့သဘောပါ''

သက်ပြင်းချသံတို့ ခပ်ကျယ်ကျယ် ထွက်လာလေ၏။ ရယ်သံ တို့က တိုးသဲ့သဲ့မျှသာ။ ဖျတ်ခနဲ အကြည့်ဆုံသွားရသည်က 'ဒါဒါ နှင့် သူမပါပဲ။ ကြည့်စမ်း! ဒီမိန်းမရဲ့မျက်လုံးတွေက အနိုင်ရသည့် အောင်နိုင်ပြုံးနှင့် တောက်ပနေတာပါလေ။ အဘယ်မျှ ဒေါသဖြစ်ဖ





ကောင်းလိုက်ပါသလဲ။

နောက်ဆုံးတော့ နောက်ဆုံးတော့ 'ဒါဒါ့' ဘက်ကို တစ်ချက် မျှ လှည့်မကြည့်ဘဲ မျက်စိစုံမှိတ်ပြီး ကိုကို ဆုံးဖြတ်လိုက်တာပေါ့လေ။ တရားမျှတမှုမဲ့လွန်းလှချည်လား။ လောကကြီးက 'ထက်မြက်နန္ဒာ အောင်'ကို ဒီဘဝထဲကနေ နောက်တစ်ချိန် ထွက်သွားဖို့ နှင်နေလေပြီ ကော။

''သမီး ဘယ်ကိုလဲ''

''ခြံထဲ လမ်းလျှောက်မလို့ပါ မေမေ''

''သဲမာဖြစ်ဖြစ် တစ်ယောက်လောက် အဖော်လိုက်ဖို့ ခေါ် သွားလေ''

မေမေ့စကားသံကို သိပ်မကြားနိုင်တော့ပါ။ ဟိုမိန်းမမျက်နှာ ကိုသာ မျက်တောင်မခတ်စတမ်း စိုက်ကြည့်လိုက်မိလေ၏။ Game ဆိုတာ အနိုင် အရှုံးနဲ့ သရေဆိုပြီးရှိရတာပါ။ အခုတော့ဖြင့် တစ်ခါ တစ်ကြိမ် နာကျင်ပြီး ရှုံးခဲ့ရပြီးပြီ။ ဒီလောက် လက်တစ်ချောင်းလုံး ခုင်းထားလျက်နှင့်မှ နောက်ထပ်တစ်ကြိမ် ရှုံးရတာတဲ့လား။

''ဒါဒါ ညီမလေး''

''မခေါ်နဲ့၊ လိုက်လာဖို့လည်း မလိုဘူး''

သူ တီးတိုးခေါ်လိုက်တာကို အံကြိတ်ပြီးဖြေလိုက်ပုံက



www.burmeseclassic.com

www.burmeseclassic.com



တခြားသူစိမ်းနှယ်ပါ။ ဘယ်လိုကြီးပါလိမ့်၊ တစ်ကိုယ်လုံး အေးစက်ကာ ကြက်သီးပင်ထသွားရလေ၏။ အိမ်ရှေ့ပေါက်မှ ခြံထဲဝင်သွားပါသည့် 'ဒါဒါ့' နောက်သို့ မည်သူမျှ လိုက်မသွားပါလေ။ ညီမလေး ဘယ်ကို များ သွားတာလဲ။

"သုံးဆောင်ပါ မမနုရယ်။ သီဂီကိုယ်တိုင် ထိုးထားတဲ့ ကျောက်ကျောပါ။ အုန်းနို့မပါဘူးနော်"

"စားကောင်းတယ် သီဂီရဲ့။ ချိုချိုအေးအေးလေး။ ခုမှပဲ ရင်ထဲ အမောပြေတော့တယ်"

ထလိုက်သွားရကောင်းမလား။ လူကြီးတွေရှေ့ ရိုင်းပျသလို ဖြစ်မှာစိုးပါ၏။ သူ့ဘေးမှ 'သိမ့်မဒီ' က ဘာမှ ထူးထူးထွေထွေ မဖြစ်သလို (စတော်ဘယ်ရီနို့ရောင် ဖျော်ထားပါသည့်) သစ်သီးဖျော်ရည်တို့ ယူသောက်နေလေ၏။ သွေးအေးလွန်းလှချည်လား 'သိမ့်မဒီ'။ 'ဒါဒါ' ထွက်သွားတာ မိနစ် (၂၀) ကျော်လာပြီမို့ သူတစ်ကိုယ်လုံး စိုးရိမ်ထူပူလာလေတော့သည်။

"ဒီဒီ"

"ရှင်"

"ကိုယ်တို့ ခြံထဲသွားရအောင်"

"ဘာလို့၊ ခြေဘ် ... ကို သွားချင်ရင် သွားကြမယ်လေ"





စိတ်က မြန်လွန်းနေသဖြင့် လူက ဆတ်ခနဲထပြီးနေလေပြီ။ ဘိုက်ရှေ့ကို ထွက်လိုက်စဉ် ခြံတံခါးက ဧည့်သည်ကားရှိနေသဖြင့် အကုန်လုံး ဖွင့်ထားပါ၏။ ခြံထဲဆိုတော့ အပြင်တော့ ထွက်မသွားလောက်ပါဘူး။ ဒါဖြင့် ဘယ်နေရာကို သွားတာလဲ။ Phone ကိုခေါ်ဆိုက်ပေမယ့် မကိုင်တာကြောင့် အခန်းထဲ ထားခဲ့မှန်း သိလိုက်ပါသည်။

"ကို ဘယ်လဲ"

"ခြံနောက်ဘက်ကို"

"နေဦးလေ ... ဒီဒီလည်း လိုက်မယ်"

အနောက်ဘက်အခြမ်းကို သူ မကြာခဏ လမ်းလျှောက်ဘတ်သဖြင့် 'ဒါဒါ' မည်သည့်နေရာမှာရှိမှန်း သိနေပါ၏။ ဝါးရုံတန်းမ်းကလေးကို ခပ်သွက်သွက်လျှောက်လာခဲ့စဉ် 'သိမ့်မဒီ' က အနောက်မှ အပြေးတစ်ပိုင်း လိုက်လာလေသည်။ မဟုတ်တာတော့ လုပ်လောက်ပါဘူးနော်။ 'ကိုကို' စိုးရိမ်တာကို 'ဒါဒါ' သိမှာပါ။

"ဟော! ... ဟိုမှာ"

ထင်သည့်အတိုင်းပါပဲ။ ဟိုးအရှင် ရေကန်နေရာမှာ မြေဖို့ကာ ... ထားပါသည့် ကျွဲကောပင်ကြီးအောက်မှာ ခြေဆင်းလျက် ထိုင်နေသ၏။ အကိုင်းအခက်တို့ ဖြာနေပါသည့် ကျွဲကောပင်ထက်မှ အသီး

www.burmeseclassic.com

www.burmeseclassic.com



တို့ ပြွတ်နေသလို အရိပ်လည်း အတော်ကောင်းလေသည်။ ဘာ သဘောနှင့်များ ဒီနေရာကို 'ဒါဒါ' ရောက်နေပါသလဲ။ ငယ်စဉ် ကတည်းက အသက်သေလုမတတ် ကြောက်လန့်ခဲ့ရပါသည့် နေရာကို ယောင်ယမ်းလှည့်မကြည့်ခဲ့ပါသည့် မိန်းကလေးက အခုတော့ ကြောက်ရွံ့ခြင်းကင်းမဲ့စွာဖြင့် တစ်ယောက်တည်း ထိုင်နေတာပါလော။

ဘုရားရေ! အတိတ်ကို လွှမ်းဆွတ်တမ်းတပြီး ငိုများငိုနေ လား။

"ဒါဒါ ညီမလေး"

လှည့်ကြည့်ပါ၏။ မျက်ရည်တို့ ဆို့ဝဲနေသော်ငြား ရှိုက်ငိုခြင်း တော့မရှိပါ။ သူ့နောက်နားမှာ ရပ်လိုက်ပါသည့် 'သိမ့်မဒီ' ထံ အကြည့် ရောက်သွားစဉ် အကြည့်တို့က အေးစက်သွားသည့်နှယ်ပါလေ။ 'ဒီ' အပေါ် ပြေလည်ပါသည်ဟု ပြောပေမယ့် ရင်ထဲမှာ မကြေညက်သေး ဘူးထင်ပါရဲ့။

"ကိုကို စိုးရိမ်လို့"

"တစ်ယောက်တည်း အေးအေးဆေးဆေး နေချင်လို့ လာ ထိုင်နေတာပါ"

"ဒါပေမဲ့ ညနေစောင်းတော့မယ်လေ ဒါဒါရယ်"

စိုးရိမ်လို့ လိုက်လာလည်း တစ်ယောက်တည်းမလိုက်လာ





ဘာကြောင့် သူမကို ခေါ်လာရတာပါလဲ။ အင်းပေါ့လေ၊ နောက်ဆို ဘယ်သွားသွား အမြဲတတန်းတန်းနဲ့ပါတော့မှာ မဟုတ်လား။ မှန်တယ် 'ရတနာ'။ နင်ပြောခဲ့တဲ့စကားက သွေးထွက်အောင်ကို မှန်ကန်ခဲ့တာ ပါ။ ငါ့နှလုံးသားကနေ သွေးစိမ်းရှင်ရှင် တစ်စက်စက်ကျတဲ့အထိ အမှန်ကန်ဆုံးပါပဲ။

"ဘာလို့လိုက်လာတာလဲ။ လူကြီးတွေက ကိုကိုတို့အတွက် စီစဉ်ပေးနေကြတဲ့ဟာ"

"ကိုကို ပြောပြီးပြီလေ။ ညီမလေးကို စိုးရိမ်လို့ပါလို့"

နာကျင်စွာဖြင့် မျက်နှာကို မဲ့လိုက်မိရင်း ထရပ်လိုက်ပါ၏။ ဖေးကူရန်ပြင်လိုက်ပါသည့် 'ကိုကို့' လက်တို့ကိုလည်း ဖယ်ထုတ်ရင်း ခြေကို နောက်တစ်လှမ်းဆုတ်လိုက်ပါသည်။ သူစိမ်းဆန်ပြမှတော့ ခုကတည်းက သူစိမ်းပြင်ပြင်နေလိုက်တာပဲ ကောင်းပါတယ် 'ကိုကို'။ 'ရတနာ' တောင်မှ ခံနိုင်ရည်ရှိခဲ့လျှင် 'ဒါဒါ' ကရော ဘာလို့မရှိရမှာလဲ။

"မမကို မုန်းလို့လား ဒါဒါ"

"အမုန်းဆိုတာ မုန်းတဲ့လူရဲ့ရင်ထဲမှာ မီးတစ်စပါ။ ဒါဒါ သိပါတယ်"

"ဒါဖြင့် ကိုကို့ကိုများ"

သူ ဘာမှ ဆက်မပြောရဲပါလေ။ သူစိမ်းကိုတောင် မမုန်းဘူး



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် ဘာကြောင့် သူ့ကို မပြုံးပြနိုင်တာပါလဲ။ အရင်လို အကြည့်နက်နက်လေးနှင့် အပြုံးချိုချိုလေးက တိမ်ဖုံးနေသည့်လပမာ ပျောက်ကွယ်ခဲ့တာ ကြာပါပြီကော။ ရင်ထဲမှာ ဘာတွေကို မျိုသိပ်ထားရတာလဲ 'ဒါဒါ' ရယ်။ ရင်ဆို့နင့်ခြင်းဆိုသည့် ဒဏ်ရာကို ကိုယ့်ဘာသာခံစားပါရစေ။ ညီမလေးမယူပါနဲ့၊ မဖြစ်ပါစေနဲ့လား။

"ကိုကို ဟုတ်လား"

"ဒါဒါ"

"ကိုကိုက ဒါဒါ့ကိုကို ဟုတ်လို့လား"

"ဘယ်လို"

သူ အံ့ဩသွားရပါ၏။ အလို! ဘယ်လိုများ မေးလိုက်ပါသလဲ။ အကြည့်တို့က ရီဝေနေပြီး ခံစားချက်မဲ့နေသည့်ပုံစံက အတော့်ကို သွေးခဲဖွယ်ရာတမျှပါလေ။ ဘုရား! ဘုရား! သူ ဘယ်သူဘယ်ဝါဆိုတာကိုများ ရိပ်မိနေပြီလား။ ဒါမှမဟုတ် အဖြေအချာကို သိသွားတာများလား။ နှလုံးသားဆီမှ တဒုန်းဒုန်းဖြင့် ဘင်တုသံနှယ် မြည်ဟီးလာတော့တာပါ။

'သိမ့်မဒီ'က ပါးစပ်ကို လက်ဝါးနှစ်ဖက်ဖြင့်ပင် အုပ်လိုက်ပြီး အံ့ဩမှုကို အထွတ်အထိပ်ရောက်သည်အထိ ပြနေလေတော့၏။

"ဒါဒါ ညီမလေး"





"ဟင့်အင်း"

"မဟုတ်သေးပါဘူး ညီမလေးရယ်"

"ဒါဒါ့ကိုကိုက ဒီနေရာမှာ သေသွားခဲ့ပါပြီ"

"ဟင်!"

"ဟုတ်တယ်၊ ထက်မြက်နန္ဒာအောင်ကို အသက်စွန့်ပြီး ချစ်ခဲ့တဲ့ ဒါဒါ့ကိုကိုက ဟိုးလွန်ခဲ့တဲ့ (၁၈) နှစ်ကျော်ကျော်ကတည်းက ဟောဒီနေရာမှာ ဒီသစ်ပင်ကြီးအောက်မှာ သေသွားခဲ့ပါပြီ။

"ဟာ!"

"အခု ဒါဒါ့ကို ထုံးဝမချစ်တဲ့ ကိုကို မဟုတ်ဘူး။ ဟောဒီရင်ဘတ်ထဲမှာ အပြီးတိုင် မြှုပ်နှံထားခဲ့တဲ့ ဒါဒါချစ်တဲ့ ကိုကိုက လောကကြီးမှာမှ မရှိတော့တာလေ"

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်သွားလေတော့၏။ တိုးပေမယ့် ပီသသည့်အသံ၊ တုန်ရီနေပေမယ့် ငိုသံမဲ့သည့်အသံ၊ ချိုသာပေမယ့် နာကျင်နေပါသည့် အသံလေးကသာ လေထဲပျံ့လွင့်နေတာပါလေ။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## (၂၃)

သူ ချိန်းထားပါသည့် ကန်ဘောင်နေရာသို့ ရောက်လာပါ
တစ်ယောက်တည်းတော့ မဟုတ်ပါလေ။ သူငယ်ချင်းနှစ်ယောက်ကို
အဖော်အဖြစ် ခေါ်လာသဖြင့် သက်ပြင်းရှိုက်လိုက်မိပါသည်။ အလု
ဝင်ကာနီးအချိန်မှာတောင်မှ သီးသန့်မတွေ့ချင်ဘူးလား။

"ဒါဒါရောက်ပါပြီ ကိုပိုင်ဖေမင်း"

"ကိုပိုင်ဖေမင်း" တဲ့လား။ "ကိုကိုပိုင်" လို့မခေါ်တော့
ဘာကြောင့်လဲ။ Phone ဆက်လျှင်ဖြင့် ရယ်ရယ်မောမောပြော
လျက် အခုတော့ စိမ်းကားနေသည့်နှယ်ပါ။ 'မဒီ' တို့ စေ့စပ်ပွဲ
မျက်နှာလေးတောင် ခဏတာမျှ မြင်ခဲ့ရတာ မဟုတ်ပါလား။ မင်းရင်



ဘာတွေဖြစ်နေသလဲ 'ဒါဒါ'။

"ကိုယ့်ကို အဖြေတယ်တော့ပြန်ပေးမှာလဲဆိုတာ သိချင်လို့ ချိန်းလိုက်တာပါ"

"အဖြေ"

"ဟုတ်တယ်လေ"

"ဘယ်လိုအဖြေကိုများ ရချင်လို့လဲ"

"ဒါဒါ ကိုယ်"

"မီဒါ ငါတို့ အအေးဆိုင်မှာ ရှိနေမယ်"

'ရတနာ' နှင့် 'ပုလဲ' က အလိုက်သိစွာဖြင့် ရှောင်ပေးပါ၏။ တကယ်ဆို တမင်တကာ ရှောင်စရာမှမလိုတာလေ။ 'ဒါဒါ' နှင့် သူက ချစ်သူရည်းစားတွေမှ မဟုတ်တာဘဲ။ ကန်ရေပြင်ကို တမေ့တမော ငေးကြည့်နေပါသည့် မိန်းကလေးက ညနေ နေတောက်ချိန်မှာ ပိုပြီး ကျက်သရေရှိလွန်းနေတာပါလေ။ လှလိုက်တာ 'ဒါဒါ' ရယ်။

"ကိုယ်တို့ မကြာခဏ တွေ့လို့ရမလား"

"မရဘူး"

"မဟုတ်ဘူးလေ၊ ဒါဒါ ကုမ္ပဏီဝင်လည်း off ရက် တစ်ပါ တလေပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဒါက တွေ့ကိုမတွေ့ချင်တာပါ"

"ဘယ်လိုဖြစ်ရတာလဲကွာ။ မဒီတို့ကိစ္စကြောင့် ဒါဒါ ပူဆွေးဝမ်းနည်းနေတာကို ကိုယ်နားလည်ပါတယ်။ ဘာပဲဖြစ်ဖြစ် ဒါဒါ့ရင်ထဲက အပူကို ကိုယ့်ချစ်ခြင်းမေတ္တာရေစင်လေးနဲ့ ပက်ဖြန်းအေးချမ်းစေချင်လို့ပါ"

"နားလည်တယ် ဟုတ်လား"

"ဟုတ်တယ်လေ"

"ဘာကို ဘယ်လောက်ထိ နားလည်ပေးနိုင်လို့လဲ"

"ကိုယ်"

"လေကုန်ရုံလေးနဲ့ လွယ်လွယ်မပြောပါနဲ့လားရှင်။ ဒါဒါ့ တစ်သက်မှာ ဒါဒါ့စိတ်၊ ဒါဒါ့နှလုံးသားကို အလုံးစုံ သိနားလည်ခဲ့ပါတယ်ဆိုတဲ့ ကိုကိုတောင်မှ ဥပေက္ခာပြုရက်ခဲ့တာပါ"

"ဒါဒါ"

"မယုံတော့ဘူး။ ဘယ်သူတစ်ဦးတစ်ယောက်ကိုမှ မယုံရဲတော့တာ။ မချစ်ရဲတော့တာပါ။ ချန်ရစ်ခြင်းဆိုတာကို ခါးခါးသည်းသည်း မုန်းတာအမှန်ပဲ ကိုပိုင်ဖေမင်း"

"ချန်ရစ်ခြင်း" တဲ့လား။ ဘယ်လိုယူဆပြီး ပြောခဲ့တာပါလဲ။ 'ဒါဒါ့' အနီးမှာ ယခုတိုင် 'ကိုနန္ဒကျော်' ရှိနေတုန်းပါလေ။ ဒါတောင်မှ





ဥပေက္ခာပြုတယ်လို့ စွပ်စွဲထုံတယ်ပေါ့။ မည်သို့သော ဒဏ်ရာဒဏ်ချက်တို့ကို သူမ ကျိတ်ခံစားနေရတာပါလဲ။

"ကိုယ်က ကိုယ်က ဒါဒါ့ကို နောက်ဆုံးထွက်သက်အထိ ချစ်သွားချင်တဲ့သူပါ ဒါဒါ၊ ဘယ်တော့မှ မချန်ခဲ့ပါဘူး။ ကျန်ရစ်ခြင်းဆိုတာမျိုးကို ဒါဒါ့တစ်သက် နောက်ထပ်မဖြစ်စေချင်တာကို ယုံပါ"

ယုံစေချင်ပြန်ပြီလား။ ဒီလောက်မယုံရဲတော့ပါဟု ကြိုပြောထားပါလျက် လိုချင်ရာကိုသာ ဆွဲယူပြောနေတော့တာလေ။ လူပီသလွန်းပါပေ့ 'ကိုပိုင်ဖေ'။ လူမှန်လျှင် ကိုယ့်တစ်ဘို့တည်းကိုသာ ဦးစားပေးကြည့်လေ့ရှိတဲ့ အတ္တဖုံးဆောင်ခဲပင် မဟုတ်ပါလား။ သူလည်း လူထဲကလူတစ်ယောက်မို့ ဒီအတိုင်းပြောဆိုမည်သာ။

"ကိုယ်၊ ဒါဒါပြန်ချစ်နိုင်မယ့်အချိန်ထိ စောင့်မှာပါ။ ဘယ်လောက်ကြာကြာ စောင့်နိုင်ပါတယ်"

စောင့်မယ်တဲ့။ 'ဒါဒါ' လည်း ဤသို့ ရူးခဲ့တာပါပဲ။ 'ကိုကို့'ကို တစ်သက်လုံး ချစ်သွားချင်တဲ့စိတ်နဲ့ အနှစ် (၂၀) ကျော် ရူးသွပ်ခဲ့ရတာလေ။ ကြင်နာခြင်းရဲ့ ကျောချင်းကပ်လျက်မှာ နာကျင်ခြင်းဆိုတာရှိပါတယ်။ အဲဒီလိုပဲ နှောင်တွယ်ခြင်းရဲ့ နောက်ကွယ်မှာ ချန်ရစ်ခြင်းဆိုတာ ရှိသလို ချစ်ခင်မြတ်နိုးခြင်းရဲ့ ကျောမှာကပ်ဖြင့် ဥပေက္ခာရင်သိမ်းတစ်ခုသာ ရှိနေခဲ့တာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ 'ဒါဒါ' အပေါ် သိပ်ချစ်ပါတယ်လို့ ပြောခဲ့တဲ့ သူ့ 'ကိုကို' ရဲ့ ကျောခိုင်းခြင်းနောက်မှာ ရင်နင့်ခြင်းတွေ အဆုံးမဲ့စွာနှင့် 'ထက်မြက်နန္ဒာအောင်' သေဆုံးသွားခဲ့ပါပြီ။ ဘဝတစ်ခုလုံး အမှောင်ဖုံးလွှမ်းသွားရလေအောင် 'ကိုကို' ရက်စက်ပြခဲ့တာပါလေ။ နှုတ်ကနေ ဘယ်လောက်ပဲ ကန့်ကွက်ပြခဲ့ မျက်ဝန်းကနေ ဘယ်ပုံပဲ ဆန့်ကျင်ပြခြ နောက်ဆုံးမှာတော့ ချောင်ထိုးထည့်ထားတဲ့ သက်မဲ့ပစ္စည်းနှယ် တန်ဖိုးမှ မထားတော့တာလေ။

"စောင့်နိုင်လျှင် အကျိုးရှိတယ်လို့များ ကိုပိုင်ဖေ ယူဆထားသလား"

"ဘယ်လို"

"မစောင့်ချင်ပါနဲ့ရှင်။ စောင့်စားရတဲ့ မျှော်လင့်ချက်မျိုးက ရင်ကို ပိုမောစေလို့ပါ။ ပြီးတော့ . . . တစ်နေ့နေ့ ပြန်ချစ်လာနိုင်တဲ့ မျှော်လင့်ချက်ကြီးမျိုးနဲ့ ရှင့်ကို တည်းတည်းလေး ချည်မထားချင်ဘူး"

"ဘာရယ်"

မျှော်လင့်ချက်ကြီးလေးနှင့်တောင် နှောင်မထားချင်ဘူးတဲ့လား။ ပြောတတ်လိုက်တာ 'ဒါဒါ' ရယ်၊ ကိုယ်လိုလူက တစ်သက်တာအတွက် လက်တွဲဖို့ ရည်ရွယ်ပြီး ကမ်းပေးနေပါသည့်လက်ကို စိမ်း





သက်ခြင်းတွေနဲ့အတူ ပုတ်ထုတ်ရတယ်လို့၊ နိုင်ငံတကာ လှည့်နေတဲ့လူမို့ အပျော်ကြိုက်တယ်လို့များ အထင်မြင်သေးလေသလား။ ကိုယ်ဆိုတဲ့ 'ပိုင်ဖေမင်း' က အသည်းနှင့်အောင်ချစ်ပြီး အရိုးထဲထိ မြတ်နိုးတာကို မင်းသိအောင် သက်သေ မည်သို့ပြရပါ့မည်နည်း။

ဩော် . . . ချစ်ရတဲ့ ကောင်မလေးရယ်။

"အဲဒီလိုကြီး အပြတ်မပြောပါနဲ့လား ဒါဒါ။ ကိုယ် မခံစားနိုင်လို့ပါ"

"ဒါဒါ ကိုယ်ချင်းစာပါတယ်"

"ဟင်!"

"ဒါပေမဲ့ အချစ်ဆိုတာ စာနာတတ်ရုံနဲ့ ဖြစ်တည်လာတတ်တဲ့ အရာမျိုးမှ မဟုတ်တာ။ ရှင့်အနီးနားဝန်းကျင်မှာ ဒါဒါ့ထက် အပုံကြီးသာတဲ့၊ ပိုပြီးချောတဲ့၊ ပြီးပြည့်စုံတဲ့ မိန်းကလေးတွေ အများကြီး ရှိနေမှာပါရှင်"

"အဲဒီ အဲဒီမိန်းကလေးတွေကိုမှ ကိုယ်မချစ်တာ ဒါဒါရဲ့။ ကိုယ့်ရင်ထဲမှာ နှင့်နှင့်သည်းသည်း ချစ်မြတ်နိုးခဲ့တာ မင်းတစ်ယောက်တည်း ရှိခဲ့တာပါ"

"ဟင့်အင်း . . . မချစ်ပါနဲ့ ကိုပိုင်ဖေ"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



"မချစ်ပါနဲ့လို့ စေတနာနဲ့ပြောတာပါ"

"ဒါဒါ"

"အချစ်က ရင်ကိုလောင်မြိုက်စေတဲ့ မီးတဲ့။ ကိုကို့အပေါ်မှာ အဖြူစင်ဆုံးချစ်ခဲ့တာတောင် အဲဒီ (၅၂၈) က ဒါဒါ့ရင်တစ်ခုလုံးကို အဆုံးတိုင် လောင်ကျွမ်းစေခဲ့ပါပြီ။ ဒီတော့ အဲဒီထက်ပိုပြီးမှတဲ့ (၁၅၀၀) ချစ်ခြင်းမျိုးနဲ့ ဘယ်သူ ဘယ်သူကိုမှ ဒါဒါ မချစ်ဝံ့တော့ဘူး။ မချစ်ရဲ တော့တာပါရှင်"

ဘုရားရေ! ဒါက ဘာသဘောလဲ။ 'ဒါဒါ' က 'ဒါဒါ'က တစ်သက်လုံး အစ်ကိုလို့ထင်ပြီး သံယောဇဉ်တွယ်ခဲ့ပါသည့် 'နန္ဒကျော်' အပေါ် (၅၂၈) ထက် ပိုသာနေခဲ့ပါသလား။ ဖြူစင်ပါသည်ဆိုသည့် ကြိုးတစ်စမှာ အပြာနုနုလေး စွန်းထင်နေတာကို ဒီချာတိတ်မလေး မမြင်နိုင်တာပေါ့။ ဖြစ်ရလေ 'ဒါဒါ' ရယ်။ မင်းရင်ထဲမှာ ရှိနေတာက ကိုယ်မဟုတ်ပါဘဲ 'နန္ဒကျော်' တဲ့လား။

"ဒါဖြင့် ကိုယ်က ကိုယ်က နောက်ဆုတ်ပေးရမယ်ပေါ့။ ဟုတ်လား ဒါဒါ"

"ဒါကတော့ ရှင့်သဘောပါ ကိုပိုင်ဖေ။ ရှေ့တိုးဖို့ ပြင်လာတဲ့ ခြေလှမ်းကို ဒါဒါက ရပ်တန့်စေတာ မှန်ပါတယ်။ တစ်နေရာတည်းမှာပဲ ရပ်နေ ရပ်နေ၊ ဒါမှမဟုတ် နောက်ဆုတ်ချင်လည်း ဆုတ်လိုက်ပါ။





တစ်နေ့နေ့ တစ်ချိန်ချိန်မှာတော့ ဒါဒါ့ထက် ပိုချစ်နိုင်မယ့် မိန်းကလေး မျိုးနဲ့ ဆုံတွေ့နိုင်မှာပါရှင်"

"ကိုယ်တို့ ကိုယ်တို့ ချစ်သူတွေ မဖြစ်နိုင်တောင် မိတ်ဆွေ သူငယ်ချင်းလိုပဲ ဖြစ်ဖြစ်"

"ဟင့်အင်း ... မဖြစ်နိုင်ပါဘူး။ မဖြစ်ချင်တာဆိုရင် ပိုမှန်ပါ လိမ့်မယ်"

"ဘာဖြစ်လို့လဲ"

မေးမြန်းပြီ "ကိုကို"။ သံယောဇဉ်ကြိုးထုံးတွေပုံပြီး တွယ်တာ မြတ်နိုးချစ်ခင်ခဲ့ဖူးသည့် ရင်ဘတ်ထဲက နှလုံးသားကို လိမ်ညာလို့မှ မရတာလေ။ နေ့စဉ် ညစဉ် မြင်နေရပါသည့် 'ကိုကို' ပုံရိပ်၊ ကြား နေရပါသည့် 'ကိုကို' လေသံ၊ သတိထားမိနေပါသည့် 'ကိုကို' ရဲ့ခြေ သံတွေကို မသိမမြင်အောင် နေရတာ ဘယ်လောက်ခက်ခဲရပါသ လဲ။

အရင်လို ချိုသာတဲ့အပြုံး။

အရင်လို ကြင်နာတဲ့အကြည့်။

အရင်လို နူးညံ့သည့် ပွေ့ပိုက်ကျီစယ်ခြင်းတွေက ခုတော့ဖြင့် လေထဲလွင့်ပျယ်သွားပါသည့် တိမ်တိုက်နှယ် ပျက်ပြယ်ခဲ့လေပြီ။ ဖေ ယောင်ဆောင်ပြရတာက 'ဒါဒါ' အတွက် ခံစားချက်ကို နှိပ်စီးစေ



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ နှလုံးသားကို ဓားထက်ထက်ဖြင့် အမွှန်းခံနေရသလိုပါလေ။

"ပိုနာကျင်ရတာမို့ပါ"

"ဘယ်လို"

"မျက်စိနဲ့မြင်နေရတာ၊ နားနဲ့ကြားနေရတာ၊ စိတ်နဲ့တွေးနေရတာမို့ ရင်ထဲမှာ ပိုပြီး ထိခိုက်နာကျင်ရပါတယ်။ အဲဒီအစား မမြင်ရတဲ့ တစ်နေရာရာမှာ ပုန်းရှောင်နေတာကမှ ပိုပြီး အဆင်ပြေမှာပါရှင်"

အဲဒီလောက်ထိတောင်ပဲလား 'ဒါဒါ' ရယ်။ ဖြစ်မှဖြစ်ရလေး 'နန္ဒကျော်' ဆိုတာ လက်ရှိမင်းအနားမှာရှိနေပါသည့် 'နန္ဒကျော်' ဆိုတာ မင်းရဲ့သွေးသားရင်းချာ အစ်ကိုမဟုတ်ဘူးဆိုတာကို ဖွင့်ပြောလိုက်ချင်ပါရဲ့။ သို့သော် အဲဒီအမှန်တရားရဲ့ ဖွင့်ဟခြင်းနောက်ကွယ်မှာ ဆုံးရှုံးနစ်နာမှုတွေက မင်းအတွက် ကံဆိုးစေမှာမို့ ဘယ်လိုပြောထွက်နိုင်ပါ့မလဲ။

ကိုယ်စားယူလို့ရရင် မင်းခံစားနေရတဲ့ဝေဒနာကို ကိုယ်ခံယူထားလိုက်ချင်ပါတယ်။ ပျော်ရွှင်ခြင်းတွေကိုသာ ယူပါ။ နာကျင်ဝမ်းနည်းမှုတွေကိုပေးပါ။ အပြုံးတွေသာ ယူပါ။ အမုန်းတွေနာကျင်းတွေကို ကိုယ့်ကိုသာ ပေးလှည့်ပါ။ အနာဂတ်ကိုသာ သယ်သွားပါ





အတိတ်ရဲ့အရိပ်ဆိုးတွေကို ကိုယ့်ထံမှာသာ ထားခဲ့စေချင်ပါရဲ့။

"ဘာပဲဖြစ်ဖြစ်၊ ဒါဒါ့အပေါ် မေတ္တာအစစ်အမှန်နဲ့ ချစ်ပေးခဲ့တဲ့အတွက် ကိုပိုင်ဇေမင်းကို ကျေးဇူးတကယ်တင်မိပါတယ်"

"မဟုတ်တာ"

"မုန်းတယ်ဆိုပြီး လမ်းခွဲကြမှ နာကျင်ရတာမဟုတ်ပါဘူး။ ဘာအပြီး ဘာအာဃာတမှ မထားဘဲ ကျောခိုင်းရတာလည်း ထိုက်သင့်သလောက် နာကျင်ရပါတယ်ရှင်"

"ဒါဒါရယ်"

"ဒါဒါ့ဘဝမှာ အများကြီးယူခဲ့ရခဲ့ပါတယ်။ အချစ်တွေ၊ သံယောဇဉ်တွေ၊ နှောင်တွယ်ခြင်းတွေ၊ ယုယမှုတွေအားလုံး အားလုံးကို လိုတာထက်ပိုပြီး ရနိုင်ခဲ့တာပါ"

"_____"

"ဒါပေမဲ့ လောကမှာ အယူချည်းသပ်သပ်တော့ ဘယ်ရှိပါ့မလဲ။ အဲဒါနဲ့ တူညီတဲ့ပေးဆပ်မှုတော့ ထိုက်သင့်သလောက် ပြန်ပေးရမှာတယ်လေ။ အဲဒီလိုပါပဲ။ ဒါဒါလည်း ကိုယ်ရခဲ့တာနဲ့ တူညီတဲ့ပေးဆပ်ခြင်းမျိုးနဲ့ ကိုကို့အပေါ် တုံ့ပြန်ခဲ့ရတာပါ"

ရင်ထဲ နင့်ခနဲဖြစ်သွားရပါ၏။ တူညီနိုင်ပါ့မလား 'ကိုကို' ။ ဘင့်အင်း 'ကိုကို' က ပိုပါတယ်။ 'ကိုကို့' အသက်ကိုတောင်မှ ပေး



www.burmeseclassic.com

www.burmeseclassic.com



ဘဲ 'ဒါဒါ့' ကို ကယ်တင်ပေးခဲ့တာပါလေ။ 'ဒါဒါ' ပြန်ပေးတဲ့ ပေးဆပ်ခြင်းက သေးငယ်နုံချာလွန်းပေမယ့် တကယ့်ကို နက်ရှိုင်းတဲ့ချစ်ခြင်းမေတ္တာမျိုးနဲ့ 'ကိုကို့' ကို နှလုံးသားဖြင့် ပေးဆပ်ခဲ့တာပါလေ။

"ဒါဒါ့ သံယောဇဉ်ကို ကိုနန္ဒကျော် သိနေမှာပါ ဒါဒါ"

ခေါင်းကို ခပ်ဖြည်းဖြည်း ခါပြလေ၏။ နေလုံးက လိမ္မော်ရောင်သန်း၍ ရေပြင်ထဲ ငုံ့လျှိုးပျောက်ကွယ်ရန် တာဆူနေလေပြီ။ တော်သင့်ပြီထင်ပါရဲ့။ ရင်ထဲ ရှိသမျှ အကုန်ဖွင့်ဟဝန်ခံခဲ့ပြီးပြီမို့ ရင်ထဲမှာ ဟာလာဟင်းလင်းကြီးနှယ် ဖြစ်နေလေ၏။ နေ့လည်း စောင်းပြီမို့ နှုတ်ဆက်သင့်ပြီ 'ဒါဒါ'။ လောကမှာ မချစ်သင့်သည့်သူကို ချစ်မိလို့များ ကိုယ်တို့ အချစ်သင့်ခံရလေသလား။ ကိုယ်သေချာ မသိနိုင်တော့ပါ။

"ကိုယ်တို့"

"ဒါဒါ တို့ပြန်သင့်ပြီ ထင်တယ်"

"အင်း"

"လမ်းမှာဆုံလို့ မလွဲသာမှနှုတ်ဆက်ပါ ကိုပိုင်ဖေ။ ဒီလောက်တော့ ရပါတယ်"

"Thanks! ဒါဒါ"

အပြုံးဖြင့် နေညိုစဉ်မှာပင် လမ်းခွဲဖြစ်ခဲ့ကြလေ၏။ စဉ်းစား





ကြည့်ပါ။ ကိုယ်ကလည်း မြတ်နိုးပါလျက် ကိုယ်နှင့်အနီးဆုံးမှာရှိခဲ့ပါလျက် ထိုမိန်းကလေးက ကိုယ့်ကို ပြန်မချစ်နိုင်တာ ဘာကြောင့်များပါလဲ။ သူမအတွက်ဆိုလျှင် ဘာမဆိုပေးဆပ်မှုအပြည့်ဖြင့် သူချစ်နိုင်ခဲ့ပါလျက် သူမရင်ထဲမှာကဖြင့် (၂၀၂၈) ဖြင့် တည်ဆောက်ထားခဲ့ပါသည့် ချစ်ဗိမာန် နန်းတော်ကြီးက တည်ရှိခဲ့တာ နှစ်ပေါင်းများစွာကြာခဲ့ပြီတဲ့လေ။

ခြေဉ်ာ် ချစ်ရတဲ့ 'ဒါဒါ' ရယ်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## (၂၄)

သို့ ...

ဖေဖေနဲ့မေမေ

ကျွန်တော် ရှိသေလေးစားကျေးဇူးသိစွာဖြင့် ဒီစာနှင့်အ[illegible]
ရှိခိုးကန်တော့ခဲ့ပါတယ်။ ဖေဖေတို့ ဒီစာကို ဖတ်ရချိန်မှာ ကျွန်[illegible]
အဝေးတစ်နေရာကို အပြီးတိုင် ထွက်သွားခဲ့ပါပြီ။ ဒီအသက် ဒီအရွ[illegible]
ထိ ပြုစုပျိုးထောင် ကျွေးမွေးပေးခဲ့တဲ့ ဖေဖေတို့မေမေတို့ ကျေး[illegible]
တစ်သက်မမေ့ပါဘူး။ အမြဲ ဦးထိပ်ပန် သတိရနေမှာပါ ခင်ဗျာ။

လောကမှာ မစားကောင်းတဲ့ သစ်သီး၊ မနားကောင်း[illegible]
သစ်ပင်၊ မနေသင့်တဲ့ နေရာဆိုပြီး ရှိခဲ့မှာပါ။ တကယ်ပဲ ကျွန်တော်[illegible]





ဖေဖေတို့ မိသားစုအတွက် အထူးသဖြင့် ညီမလေး ဒါဒါအတွက် မစားကောင်းတဲ့ သစ်သီးဖြစ်ခဲ့ပါတယ်။

အဲဒီလိုပဲ အရိပ်အာဝါသပြည့်စုံတဲ့ ဖေဖေတို့အရိပ်မှာ မနားသင့်တဲ့ ငှက်တစ်ကောင်အဖြစ် ကျွန်တော် နားခိုခဲ့မိသလို မနေအပ်တဲ့ အရပ်မှာ ကျွန်တော် မထိုက်တန်မှန်း သိပါလျက်နဲ့ နေမိခဲ့တာပါ။

ကျွန်တော့်ကို ခွင့်လွှတ်ပေးကြပါ။ နားလည်ပေးကြပါ။ လောလောဆယ်မှာ ဘာခွန် ဘာအားမှ မရှိသေးတဲ့အတွက် ဖေဖေတို့ကို ထိုက်သင့်တဲ့ကျေးဇူးတုံ့ပြန်မှုမျိုး မပြုလုပ်ပေးနိုင်သေးပါဘူး။ ဒါပေမဲ့ တစ်နေ့နေ့ တစ်ချိန်ချိန်မှာတော့ သေးသေးမွှားမွှားလေးပဲဖြစ်ဖြစ် ဆပ်ခွင့်ကြုံချင်ပါတယ် ခင်ဗျာ။

ကျွန်တော် သိပ်ချစ်ခဲ့ရတဲ့ ကျွန်တော့်ကိုလည်း ချစ်ခင်သံယောဇဉ်နှောင်တွယ်ခဲ့တဲ့ ညီမလေးရဲ့မျက်ရည်တွေနဲ့ ကျွန်တော့်ဘဝကို ဆက်ပြီးမလျှောက်နိုင်တော့လို့ ထွက်ပြေးခဲ့ရတာပါ။ ညီမလေးရဲ့ နာကျင်တဲ့ခံစားချက်တွေကို နေ့စဉ်မမြင်ပါရစေနဲ့။ ပြီးတော့ ကျွန်တော့်ကိုလည်း မေသိမ့်မြင်ချင်တော့ဘူးဆိုတာကို သိခဲ့ရလို့ ရင်နာနာနဲ့ ထွက်ခွာခဲ့ရတာပါ။

ဖေဖေတို့စကားကို မနာခံခဲ့တဲ့သားအဖြစ် နာကျည်းလေမလား။ အတတ်နိုင်ဆုံး နားလည်ပေးပေမယ့် စေ့စပ်ပွဲကို သိမ့်မဒီ



www.burmeseclassic.com

www.burmeseclassic.com



ဘက်ကပဲ ရုတ်သိမ်းပေးပါလိမ့်မယ်။ ဘာပဲဖြစ်ဖြစ် ဖေဖေနဲ့မေမေရဲ့ သားအဖြစ် ရင်ခွင်လှုံခွင့်ရခဲ့တဲ့ (၁၈) နှစ်တာကာလကို အမြဲအမှတ်ရ နေမှာပါဗျာ။

ညီမလေးရဲ့အမုန်းကို ခံယူရင်း
တစ်ချိန်တစ်ခါက –
ဖေဖေနဲ့မေမေတို့ရဲ့ မွေးစားသား
သီဟ (ခေါ်) Bobby

စာလုံးပေါင်း မှန် မမှန် သေချာအောင် ပြန်စစ်လိုက်ပြီးမှ စာကို စာအိတ်ဖြူထဲသို့ ထည့်၍ ပိတ်လိုက်ပါ၏။ စာရေးနေရင်း Note pad စာရွက်ပေါ် မျက်ရည်စက်ကျသွားပေမယ့် သိပ်မစိုပါ။ စာအိတ်ကို မေမေ အခန်းလာရှင်းလျှင် လွယ်လင့်တကူ မြင်နိုင်စေရန် အတွက် (ခေါင်းအုံးစွပ်အဖြူ သန့်သန့်လေး စွပ်ထားပါသည့်) ခေါင်းအုံး ထက်မှာပင် တင်လိုက်ပါသည်။

ညကတည်းက ပြင်ဆင်ထားပါသည့် ကျောပိုးအိတ်ထဲမှာ အဝတ်အစား သုံးလေးစုံနှင့် ငွေအနည်းငယ် (လစာစုထားသည့်အထဲ မှငွေ) ကိုသာ ထည့်လိုက်ပါ၏။ Phone ကို စားပွဲထက် တင်ထားခဲ့ သလို 'နန္ဒကျော်' အမည်ဖြင့် ပြုလုပ်ထားပါသည့် မှတ်ပုံတင်ကိုဖြင့် အိတ်ဘေးဇစ်ထဲသို့ ထည့်လိုက်ရလေသည်။ ဘယ်တတ်နိုင်ပါ့မလဲ





တစ်သက်လုံး ဤအမည်ဖြင့်သာ သူ ရှေ့ဆက်ရတော့မှာလေ။

ပြီးနောက် အခန်းတံခါးကို အသံမမြည်အောင်ဖွင့်၍ ခြေသံ လုံစွာ ထွက်လိုက်ပါ၏။ မနက်လေးနာရီသာရှိသေးသဖြင့် တစ်အိမ်လုံး မည်သူမျှ မနိုးသေးပါချေ။ မေမေနှင့်သဲမာတို့လည်း အမြဲတမ်း (၆) နာရီမှ နိုးလေ့ရှိကြပြီး ပုံမှန် (၅) နာရီနိုးထကျင့်က သူ့ထံမှာသာ ရှိခဲ့တာ ဖြစ်လေသည်။

ခြေလှမ်းတို့က 'ဒါဒါ့' အခန်းရှေ့မှာ ရပ်တန့်သွားပါ၏။ ခဏလောက်ဝင်ကြည့်လိုက်ရမလား။ နောက်ဆုံးအနေနဲ့ပဲဖြစ်ဖြစ် မျက်နှာလေးကို တစ်ဝကြီး ငေးသွားခွင့်နှင့်အတူ အလွမ်းပြေအနေဖြင့် နှုတ်ခမ်းပြင်လေးကို ဖွဖွလေးမျှ နမ်းရှိုက်သွားချင်ပါရဲ့။ သို့သော် မဖြစ်ပါ။ အအိပ်ဆတ်သည့် ကောင်မလေးက ရုတ်တရက် နိုးသွားပါက သူ့အစီ အစဉ်ပျက်သွားနိုင်တာပါလေ။

"ဟင်း"

သက်ပြင်းမောကို ရှိုက်ထုတ်လိုက်ရင်း တံခါးကိုပင် ခပ်ကြာ ကြာလေးစိုက်ကြည့်လိုက်ပြီး လှည့်ထွက်ခဲ့ပါ၏။ လှေကားထစ်တို့ကို ခပ်ဝါးဝါးအလင်းရောင်ဖြင့် နင်းလျှောက်ဆင်းလာရင်း အိမ်ထဲသို့ ငေး ကြည့်လိုက်ပါသည်။ နောက်ဆုံးအကြိမ်ဖြစ်ပါပဲ။ အောက်ဆုံးအထစ်မှာ ခဏရပ်မိပြန်ပါ၏။ ဖေဖေနှင့်မေမေ၏ အိပ်ခန်းရှေ့မှာ ဒူးထောက်ထိုင်



www.burmeseclassic.com

www.burmeseclassic.com



ချကာ လက်ဆယ်ဖြာမိုး၍ ထိခြင်းငါးဖြာဖြင့် ရှိသေစွာ ကန်တော့လိုက်ဒါလေသည်။

ပြီးနောက် ညှော်ခန်းနံရံထက်မှ သော့ဖြင့် တံခါးကို ဖွင့်ထွက်ကာ အပြင်မှ လက်နှိုက်၍ သော့ပြန်ခတ်ခဲ့ပါ၏။ ပြီးလျှင် သော့ကို အိမ်ထဲရှိ ဖိနပ်စင်မှာ လှမ်းတင်ခဲ့ပါသည်။ ခြံထဲသို့ ခပ်သုတ်သုတ်လျှောက်လာခဲ့၏။ ခြံဝသို့ရောက်စဉ် ဂလန့်သာထိုးထားသည့် လူဝင်ပေါက်အသေးလေးမှ ခြံပြင်သို့ ငုံ့၍ ထွက်လိုက်ပါသည်။

မှောင်မည်းတိတ်ဆိတ်နေပါသည့် အိမ်ကြီးရှိရာဆီ တစ်ချက်လှမ်းကြည့်လိုက်ပြီးနောက် ခြေလှမ်းကို ဆက်လှမ်းခဲ့မိတော့၏။ နှုတ်ဆက်ခဲ့ပါတယ် ဖေဖေနဲ့မေမေ။

ရင်နာခြင်းတွေနဲ့ ကျောခိုင်းခဲ့တာ အပြီးတိုင်ပါပဲ 'ထက်မြက်နန္ဒာအောင်' ရယ်။

နံနက်ခင်းအလင်းရောင်က ပြတင်းပေါက်မှတစ်ဆင့် အခန်းတွင်းသို့ ဝင်လာလေ၏။ ဒီနေ့ အလုပ်စဝင်ရမှာမို့ ဝီရိယရှိစွာဖြင့် ခပ်စောစော ထရပါသည်။ ရေချိုးခန်းဆင်၊ ကိုယ်လက်သန့်ရှင်းရေးလုပ်ပြီး ရေတစ်ခါတည်း ချိုးလိုက်ပါ၏။ ကုမ္ပဏီသွားလျှင် သင့်တော်မည့်ဝတ်စုံကို ရွေးကာ ခုတင်ထက်မှာ တင်ထားလိုက်ပါသည်။ သွားခါနီး မီးပူတိုက်ခိုင်းမှ ဖြစ်မည် မဟုတ်လား။





"ဟြော် ... မေ့နေလိုက်တာ"

'ကိုကို' တို့ စေ့စပ်ပွဲနေ့က ယူဝတ်ခဲ့ပါသည့် လက်ဝတ်ရတနာတို့က မှန်တင်ခုံထက် ဒီအတိုင်းရှိနေစဲပါ။ အဖိုးတန်ပစ္စည်းတွေမို့ မေမေပင် သိမ်းထားတတ်၍ မီးခံသေတ္တာထဲ ထည့်ရမှာလေ။ အောက်ဆင်းရင်းဖြင့် မေမေ့အခန်းထဲသွားထားလိုက်လျှင်လည်း ရသဖြင့် လက်ဝတ်လက်စားတို့ကို ယူ၍ ဆင်းလာခဲ့ပါ၏။

"ကိုယ်သွားရှာမယ်"

ဖေဖေက တီးတိုးပြောလိုက်ပြီးနောက် ကားကို မောင်းထွက်သွားလေ၏။ အခုမှ မနက် (၆) နာရီကျော်ရုံသာရှိသေးတာမို့ အရေးတကြီး ဘယ်များသွားတာပါလိမ့်။ လှေကားအောက်ဆုံးသို့ရောက်စဉ် မေမေ့ကို ခေါ်ရန် ပြင်လိုက်ပေမယ့် အိမ် phone ဆက်ရင်း အလုပ်ရှုပ်နေပုံကြောင့် မပြောဖြစ်တော့ပါ။

ဒီအတိုင်း ပြန်ဝင်ထားလိုက်လည်းဖြစ်သဖြင့် မေမေတို့အခန်းထဲသို့ တံခါးဖွင့်ကာ ဝင်လိုက်မိ၏။ တကယ်ပါ၊ တိုက်ဆိုင်မှုဆိုသည်က အချိန်မရွေး၊ နေရာမရွေး ရုတ်တရက် ရောက်လာတတ်မှန်း 'ဒါဒါ' သိပါသည်။ သို့သော် 'ဒါဒါ့' ဘဝကြီးတစ်ခုလုံး ကံဆိုးနိမ့်မှောင်ကျစေမည့် မနက်ခင်းက ဤအခန်းတွင်းမှာရှိနေမည်မှန်းကြိုတင်သိခဲ့ပါလျှင် မေမေတို့အခန်းသို့ ဝင်မိမည်မဟုတ်သလို မီးခံ



www.burmeseclassic.com

www.burmeseclassic.com



သေတ္တာကိုလည်း ဖွင့်ကြည့်ခဲ့မိမှာ မဟုတ်ပါလေ။

"သော့ ဘယ်မှာထားလဲ၊ ဩော်! . . . ဟုတ်ပြီ၊ ဒီနားမှာ"

မေမေ သော့ထားနေကျနေရာက ခေါင်းအုံးအောက်မှာ မဟုတ်လျှင် အံဆွဲထဲထည့်ထားတတ်တာမို့ မေမေ့ခေါင်းအုံးကို လှန်ကြည့်လိုက်ပါ၏။ သော့တွဲက အဆင်သင့်ရှိနေသဖြင့် တစ်ချက်ပြုံးလိုက်ပြီးနောက် ယူ၍ မီးခံသေတ္တာကို ဖွင့်လိုက်ပါသည်။ လျှို့ဝှက်နံပါတ်က 'ဒါဒါ့' Birthday Date, Month, Year မှန်း သိသဖြင့် ဂဏန်းစဉ်တို့ နှိပ်၍ ဖွင့်လိုက်ပါ၏။

"တီ! တီ! ကလစ်!"

"အင်း . . . ရပြီ၊ လက်ကောက်ကိုက ဒီထဲမှာ၊ နားကပ်က ဒီမှာ၊ ဘယက်က ဒီမှာထည့်ရမှာ။ လက်စွပ်တွေကိုက ဟောဒီဘူးထဲမှာပဲ"

မေမေက ရတနာတွေကို စနစ်တကျ သိမ်းလေ့ရှိသဖြင့် သူ့ဘူးနှင့်သူ သေချာစီထည့်လိုက်ပြီး နေရာတကျ ပြန်ထားလိုက်ပါ၏။ အပေါ်ဆင့်ရှိ File တွဲ (စာချုပ်စာတမ်းတွေ သိမ်းဆည်းသည့် File အထပ်က ရွဲ့စောင်းနေသဖြင့် ညီစေရန် ပြင်လိုက်စဉ် စာရွက်တစ်ထပ်က လျှော့ကျလာလေတော့သည်။

"ဟယ်! . . . ပြဿနာပဲ"





တော်ကြာ လျှောက်မွှေသည်ထင်ပြီး အဆူခံရမည်စိုးသဖြင့် စာရွက်အထပ်တို့ကို ခပ်မြန်မြန် ကောက်ထပ်လိုက်ရပါ၏။ အရေးကြီး စာရွက်တွေမို့ ဘာကိုမှ သေချာမကြည့်မိပါဘဲ စာရွက်ထပ်ကို File ထဲ ပြန်ထည့်စဉ် ထူးဆန်းသည့်စာချုပ်ခေါင်းစဉ်ကို ကြည့်မိသွားရလေသည်။ ဘုရားရေ! ဒါက ဘာများပါလိမ့်။

"ကိတ္တိမသားအဖြစ် မွေးစားခြင်းတဲ့။ ဒါက ဒါက ဟင်!"

စာလုံးတို့ကို ခပ်မြန်မြန် ဖတ်နေစဉ် နှလုံးသားတို့ ဆူပွက်လာလေတော့၏။ သွေးကြောတို့က ပေါက်ထွက်လာတော့မည့်နှယ်ပါ။ ဘုရားရေ! ဒါက ဖေဖေတို့လက်မှတ်ဖြင့် မွေးစားထားပါသည့် စာချုပ်ပါလား။ ကလေးအမည်နေရာကို စိုးရိမ်တကြီး ကြည့်မိစဉ် ဒူးထောက်ထိုင်ထားလျက်မှ ပုံလဲကျသွားရလေ၏။

"သီဟ ခေါ် Bobby တဲ့။ သီဟတဲ့။ ကိုကိုက ကိုကိုက မွေးစားကလေး။ ပြီးတော့ သီဟ ရှစ်နှစ်၊ ရှစ်နှစ်အရွယ်မှာမှ"

"သမီး! . . . အဲဒါ ဘာလုပ်နေတာလဲ"

"မေမေ မေမေ"

"သမီးကိုပြောထားတယ်နော်။ မီးခံသေတ္တာကို လာဖွင့်တာ ကြိုက်ဘူးလို့ ဟင်!"

"ကိုကိုက ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



"သမီးလေး ... စိတ်ကိုထိန်းနော်။ မေမေပြောနေတယ်လေ"

"ဒါဒါ့ကိုကိုက ဘယ်မှာလဲ"

"သမီးရယ် ... သမီးရယ်။ ဒီလောက်မမြင်ရအောင် သိမ်းထားပါရဲ့နဲ့"

"ကိုကိုက ကိုကိုက သေသွားပြီလားဟင်"

"သမီး ... သမီးလေး၊ မေမေ့ကို ကြည့်ပါဦး"

"ကိုကိုက ဒါဒါ့ကြောင့် သေသွားတာလား မေမေ။ ဒါဒါ့ကို ကယ်ရင်းနဲ့ သေခဲ့လို့ မေမေတို့၊ မေမေတို့ တခြားလူကို ဒါဒါ မသိအောင် အစားထိုးခဲ့တာလား၊ ပြောပါ"

မေမေ ချုံးပွဲချငိုလေပြီ။ မေမေ့ငိုသံကြောင့် 'သဲမာ' တို့ အပြေးရောက်လာကြပေမယ့် ဖေဖေရောက်မလာပါ။ ပြီးတော့ ကိုကိုလည်း ရောက်မလာပါလေ။ လက်ရှိ 'ဒါဒါ့' အနီးဆုံးမှာရှိနေခဲ့ပါသည့် ကာလရှည်ကြာစွာ ရှိနေခဲ့ပါသည့် သူစိမ်း 'ကိုကို' ကရော ဘယ်ပျောက်နေပါသလဲ။

"ဟုတ်ပါတယ် သမီးရယ်။ သားကြီး သမီးကိုကိုအရင်းက အဲဒီနေ့ အဲဒီနေ့မှာပဲ သမီးကို အသက်ကယ်ရင်းနဲ့ အသက်ဆုံးဆုံး အမလေး! ... ကယ်ကြပါဦး၊ သမီးကို ခေါ်လို့မရတော့ဘူး"





"ကြီးမေ"

"ဆေးရုံပို့မှဖြစ်မယ်။ နင့်ဘဘကို ပြန်လာဖို့ခေါ်စမ်း"

"ဟုတ်! ... ဟုတ်!"

နားထဲမှာ တိုးသဲ့စွာဖြင့် မေမေ့အော်သံကို ကြားခဲ့ရပါ၏။ စိတ်အာရုံအစုံ ဘာမှမသိရလေအောင် လောကကြီး အမှောင်ကျသွားခဲ့ရတာ အမှန်ပါ။ ဒါဖြင့် 'ဒါဒါ့' ကိုကို 'နန္ဒကျော် ' က 'ဒါဒါ့' ကြောင့် ငယ်ငယ်လေးနှင့် အသက်ဆုံးခဲ့ရတာပေါ့။ အဘယ်မျှ ခိုင်နင့်ဖွယ်ရာ ဖြစ်ရပ်ဆိုးပါတဲ့။

တစ်သက်တာအတွက် ဘယ်သောအခါမျှ ပြန်လှည့်မကြည့်ဖြစ်သည့် လမ်းလေးယောင်လို့တောင်မှ မသွားဖြစ်သည့်နေရာ မရှိသင့်မရှိထိုက်သည့် သစ်တစ်ပင်အောက်မှာ 'ဒါဒါ' သိပ်ချစ်ခဲ့ပါသည့် 'ကိုကို' က ထာဝရ လဲလျောင်းခဲ့ရပါသတဲ့။

ဆိုးခဲ့မိပါသည့် အဆုံးစွန်မဲ့ ဆိုးနွဲ့ခြင်းနောက်မှာ ပြင်မရတော့သည့် ပြစ်ချက်တို့ဖြင့် သူ့မ အသက်ရှူမှုတို့ ရပ်ဆိုင်းခဲ့ရလေ၏။ ဘကယ်ပါ၊ အစားပြန်မရနိုင်သည့် ဆုံးရှုံးမှုတွေကိုမှ သူမက ပွေ့ပိုက်ခဲ့ရပါသလား၊ အခုဆို အခုဆို 'ကိုကို့' ဝိညာဉ်လေးက 'ဒါဒါ့' အနားမှာ စောင့်ကြည့်နေလေမည် ထင်ပါရဲ့။

လောကမှာ အစားထိုးမရနိုင်တဲ့ အရာမျိုး ရှိနိုင်ပါသလား။



www.burmeseclassic.com

www.burmeseclassic.com



သူမဘဝမှာ တကာယ်ကို ရှိခဲ့တာပါ။ ဘဝထဲကနေ အပြီးတိုင် ပျောက်ကွယ်သွားခဲ့တဲ့ လူတစ်ယောက်ကို မထင်မှတ်တဲ့အချိန်မှာ ပြန်ရှာတွေ့ခဲ့ရလိမ့်မယ်လို့ ဘယ်ထင်ထားပါ့မလဲ။ ဒေသချာတာတစ်ခုကဖြင့် အဲဒီလူဟာ သူမအတွက် အရင်းနှီးဆုံး သူစိမ်းတစ်ယောက်အဖြစ် အနီးဆုံးမှာ ရှိနေခဲ့တာပါလေ။

❋ ❋ ❋



## (၂၅)

လက်သမား ပန်းရံ အလုပ်သမားတွေကြားထဲမှာ ပုဆိုးတိုတိုဝတ်လျက် လုပ်အားပေးနေမိ၏။ မာသာတွေ၏ 'မိဘမဲ့ကလေးများအတွက် စာသင်ကျောင်းထပ်ချဲ့နေသဖြင့် သူ ကူလုပ်ပေးနေတာပါ။ အဝေးတကာ့ အဝေးဆုံးကို ထွက်သွားချင်သော်ငြား ကျေးဇူးရှိခဲ့ဖူးပါသည့် မစ်ရှင်းကျောင်းမှ မာသာတွေစစ္စတာတွေကို လာနှုတ်ဆက်ရင်း သောင်တင်နေရလေတော့၏။

"Bobby"

"ဗျာ"

"နားပါဦးလားကွယ်၊ မွန်းတည့်နေပြီကွယ့်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါလေး ရိုက်တာပြီးရင် ပြီးပါပြီ မာသာ။ ခဏလေးပဲ ကြာမှာပါ"

"နေပူနေပြီကွယ့်၊ နားဦးမှပေါ့"

ခေါင်မိုးတပ်ရန် ယက်မတန်းရိုက်နေသဖြင့် အောက်ကို ငုံ့မကြည့်ပါဘဲ ပြန်ဖြေလိုက်ရလေ၏။ အချိန် အဘယ်မျှကြာခဲ့ပြီလဲ။ တစ်ပတ်လား၊ ဆယ်ရက်လား။ သူ သေချာမမှတ်ထားတော့ပါ။ အပင်မှ ကြွေကျလာသည့် ရွက်ဝါလေးနှယ် လေယူရာလွင့်လိုက်ချင်ပါရဲ့။

"ပြီးရင် ဆင်းတော့ မောင်သီဟရေ"

"ဟုတ်ကဲ့ ဆရာ"

အလုပ်သမားခေါင်းဆောင်က သူ့အမည်မှန်ကို ခေါ်လိုက်သဖြင့် နားထဲ တစ်မျိုးဖြစ်သွားရလေ၏။ 'သီဟ' တဲ့၊ မေ့သလောက်ဖြစ်နေခဲ့ပါသည့် အမည်ရင်းပါပဲ။ လက်စသတ်၊ သံနေရာကို တူဖြင့်ရိုက်ပြီးနောက် ဂရုတစိုက်ဖြင့် တွဲကိုင်လိုက်ပြီး အောက်ဘက်သို့ဆင်းလိုက်ရပါသည်။ နေပူပူမှာ ခွေးတို့ စိုနေပြီမို့ ဝတ်ထားပါသည့် စွပ်ကျယ်လက်တို့ကို မ၍ မျက်နှာကို သုတ်လိုက်မိ၏။

"သား"

"ဟင်!"





ပုခုံးကို ရှည်ရှည်ပြန်ဝတ်နေစဉ် ရုတ်တရက်ခေါ်သံကြောင့် လှည့်ကြည့်လိုက်မိလေ၏။ ထင်လိုက်သည့်အတိုင်း သူ့ကို တမေ့တမောကြည့်နေသည်က ဖေဖေရယ်လေ၊ အလို! ဒီနေရာကို ဘယ်လိုများ နောက်ထပ်ရောက်လာရပြန်တာပါလဲ။

"ဖေဖေ"

"ရှာလိုက်ရတာ သားရယ်။ နေရာအတော်နှံ့နေပြီ"

"ခွေးတွေနဲ့ပါ ဖေဖေ"

တားလိုက်သော်ငြား ဖေဖေက သူ့ကို တင်းတင်းကျပ်ကျပ်ဖက်ထားလိုက်လေ၏။ ရင်ထဲမှာ မောလျသွားရတာအမှန်ပါ။ ကျောင်းကို phone ဆက်မေးလိုက်တာ ထင်ပါရဲ့။ မခေါ်ပါနဲ့တော့လား။ မလိုက်ပါရစေနဲ့တော့ ဖေဖေ။ သေးသေးလေးအရွယ်က အမိအခိုလိုအပ်၍ မှီခဲ့တာမှန်ပေမယ့် ကိုယ့်ခြေထောက်ပေါ်မှာ ကိုယ်ရပ်နိုင်မှဖြင့် သူတစ်ပါးကို အားမကိုးသင့်တော့ပြီ။

"ဖေဖေပင်ပန်းသွားရပြီ"

"ဖေဖေနဲ့ ပြန်လိုက်ခဲ့ပါ သားရယ်"

"မလိုက်ပါရစေနဲ့ ဖေဖေ၊ ပြီးခဲ့တာတွေပြီးပါစေတော့။ ဒီအတိုင်းပဲ ထားလိုက်ပါတော့လား ဖေဖေ။ အချိန်ကြာလာတာနဲ့အမှု ဖေဖေရော မေမေပါ၊ ပြီးတော့ ... ဒါဒါပါ နေသားတကျသွားမှာပါ။

www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် ကျွန်တော့်အကြောင်းကို တစ်နေ့နေ့မှာတော့ ညီမလေး သိအောင် ဖေဖေတို့”

“သမီး သိသွားပြီ”

“ဗျာ! ”

“ဟုတ်တယ်၊ သားထွက်သွားတဲ့နေ့ အဲဒီမနက်မှာပဲ သမီး သိသွားခဲ့ရတာ”

“မေမေ . . . မေမေများ”

“မဟုတ်ဘူး သား။ သူကိုယ်တိုင် မီးခံသေတ္တာကို ဖွင့်ရင်း မထင်မှတ်ဘဲ သိသွားတာ”

“ဟာ! ”

မြန်လွန်းလှချည်လား။ အဲဒီလောက်မြန်မြန်ကြီး သိလိမ့် မည်မထင်ပါ။ နည်းနည်းကြာလောက်မှ သို့တည်းမဟုတ် ‘ဒါဒါ’ ခံစားချက်ဒဏ်ရာ ပျောက်ခါနီး သက်သာသည့်အချိန်အခါမှ သိပါစေ လား။ ဘယ်လိုဖြစ်ပြီး ကံကြမ္မာက သူတို့အပေါ်မှာ မသက်ညှာပြန် ရပါသလဲ။

“ကျွန်တော် ကျွန်တော် ပြန်မလိုက်ချင်တော့လို့ပါ ဖေဖေ”

“စိတ်ကုန်သွားပြီလား။ စိတ်နာသွားတာလားသား။ ဖေဖေ တို့ရဲ့ရေစက်ကို ဒီမှာပဲ ဖြတ်ချင်ပြီလား”





“မလိုက်ဝံ့တော့လို့ပါ ဖေဖေ။ ကျွန်တော်က ဖေဖေတို့နဲ့ မသက်ဆိုင်တဲ့ သူစိမ်းသက်သက်ပါ။ ဘာမှ သွေးသားမတော်စပ်တဲ့ အစ်ကိုမှန်းသိမှတော့ ကျွန်တော့်အပေါ်မှာ အရင်ထက် ပိုပြီ ဒါဒါ စိမ်းကားပြမှာကို မလိုလားတော့တာအမှန်ပါ။ သူ့အတွက် ကျွန်တော် က ခဏတာ အဖြည့်ခံပါ ဖေဖေ။ နောက်ဆုံးတော့ အကြမ်းစီးရတဲ့ ဒိနပ်တစ်ရံက ဖိနပ်စင်အောက်မှာပဲ ရှိရတာ ဓမ္မတာပါ”

“သားရယ် . . . ဖေဖေတို့က သားအပေါ်မှာ သားအရင်းနဲ့ မွေးစားသားဆိုပြီး ခွဲခြားနှိမ်ချခဲ့မိလို့များလား”

“ဟင့်အင်း . . . မဟုတ်ပါဘူး ဖေဖေ”

“သားကို သားအရင်းနဲ့မခြား ပုံချစ်ခဲ့တာပါကွယ်”

စေတနာကို မစော်ကားဝံ့ပါချေ။ ဘာပဲဖြစ်ဖြစ် ‘ဒါဒါ’နှင့်တော့ အတိုင်းအတာတစ်ခုထက် ပိုပတ်သက်မှာကို စိုးရိမ်ခဲ့ကြတာပဲ မဟုတ် လား။ သူမကို ပိုစိမ်းကားပြရလေ၊ ပိုတင်းမာပြရလေ သူနှလုံးသား ထပ်ခါထပ်ခါ နာကျင်ရတာကိုဖြင့် မည်သူမျှ မမြင်နိုင်ကြတာလေ။ သားအရင်းတဲ့လား ဖေဖေ။ ကျွန်တော်က ကျွန်တော်က ဖေဖေတို့ ရင်ကဖြစ်တဲ့ သွေးသားမှ မဟုတ်တာဘဲ။

“ကျွန်တော် ယုံပါတယ် ဖေဖေ၊ ဒါပေမဲ့”

“သားသမီးနဲ့ပတ်သက်ပြီး မိဘတိုင်းမှာ အတ္တတော့ ကိုယ်စီ



www.burmeseclassic.com

www.burmeseclassic.com



ရှိကြပါတယ် သား။ ဖေဖေတို့လည်း သားအပေါ် တင်းမာခဲ့ရတာတွေ ရှိခဲ့ပါတယ်။ ဒါပေမဲ့ မုန်းလို့မဟုတ်ဘူး။ ပိုင်းခြားလိုစိတ်မျိုးမရှိခဲ့ပါဘူး ကွယ်။ ဖုံးကွယ်ထားခဲ့ရတဲ့ အတိတ်ဆိုးတစ်ခုအတွက် သမီးကြောင့် သမီးအတွက်နဲ့ သားကို အဲဒီလို ကန့်သတ်ပြခဲ့ရတာပါ''

''-------''

''ဖေဖေတို့ကြောင့် သားရင်ထဲ ဘယ်လောက်ထိ နာကျင်ခဲ့ လဲဆိုတာကို ဖေဖေတို့ သိပါတယ်''

''ကျွန်တော်''

''သားနဲ့ထပ်တူ သမီးလည်းခံစားခဲ့ရတာက သက်သေပါ ကွယ်''

''တောင်းပန်ပါတယ် ဖေဖေ''

''သားအဖကြား တောင်းပန်စရာမလိုပါဘူးသားရယ် တကယ်တမ်း လွန်ခဲ့မိတာက ဖေဖေတို့ပါ''

''မဟုတ်တာ''

''သားသမီးဖောနဲ့ ပြေးလာရတဲ့ အဖေတစ်ယောက်ရဲ့ ခံ ခြင်း မေတ္တာကို နားလည်ပေးပါလား သားရယ်''

''ဖေဖေရယ် ကျွန်တော်''

''အခုဆို အခုဆို၊ သားရဲ့ညီမလေးက အဲဒီစိတ်နဲ့ပဲ sho





ဖြစ်ပြီး အရေးပေါ် ခွဲစိတ်နေရပြီ''

''ဗျာ! ''

''Heart တဲ့''

''ဒါဖြင့် ဒါဖြင့်''

''သတိပြန်မလည်တော့တဲ့ သမီးရဲ့ဘေးမှာ စောင့်နေပြီး သားကိုမျှော်နေတဲ့ သားမေမေကို ဖေဖေ ဘယ်လိုပြန်ပြောရမလဲ''

''သွားကြမယ် ဖေဖေ''

ဘာဆို ဘာမှ သူ မစဉ်းစားနိုင်တော့ပါလေ။ ချွေးတို့ ရွှဲ စိုနေပါသည့် ပုံစံဖြင့်ပင် ဖေဖေ့နောက်သို့ ပြန်လိုက်ခဲ့ရလေတော့ ၏။ ဆေးရုံသို့ရောက်စဉ် ရင်တထိတ်ထိတ်ဖြင့် special အခန်းသို့ လိုက်ဝင်ခဲ့ရလေသည်။ တကယ့်ကို ဖြူဖျော့နေပါသည့် ညီမလေးကို ဆေးရုံခုတင်ထက်မှာ ပက်လက်ကလေးဖြင့် ရင်နင့်စွာ မြင်လိုက်ရပါ ၏။

''သိင်္ဂီ''

''အစ်ကို''

''သားကို ပြန်ခေါ်လာခဲ့ပြီ''

''သား''

''မေမေ''



www.burmeseclassic.com

www.burmeseclassic.com



မေမေက ခုံမှာထိုင်နေလျက်မှ ထရပ်ကာ သူ့ကိုဖက်လိုက်ပြန်လေ၏။ ချွေးတွေနှင့်ဟုပြောသော်ငြား အချည်းနှီးသာ။ မျက်ခွံတို့ စေ့ပိတ်ထားပါသည့် ကောင်မလေးကို သူ ငုံ့ကြည့်နေမိ၏။ သတိပြန်လည်လာမှ ဖြစ်မယ် 'ဒါဒါ'။ ညီမလေးဘေးမှာ 'ကိုကို' ရောက်နေပြီလေ။

“သမီး ဘယ်လိုနေသေးလဲ”

“နာရီဝက်လောက်က မျက်စိဖွင့်ကြည့်တယ်”

“တကယ်!”

“ဘာမှမပြောဘူး။ မျက်နှာကြက်ကိုပဲ တွေတွေကြီးကြည့်နေတာနဲ့ ဆရာဝန်ပြေးခေါ်လိုက်ရတာ။ အခု ဆေးရှိန်နဲ့ ပြန်အိပ်ပျော်သွားလေရဲ့”

“မေမေတို့ ပင်ပန်းနေပြီ၊ အိမ်ပြန်ပြီး နားချင်နားလိုက်ပါလား”

“ရပါတယ် သားရယ်”

“ဘာမှမစားသေးဘူး မဟုတ်လား သိဂီ။ ကော်ဖီဖြစ်ဖြစ် အရည်တစ်ခုလောက် သွားသောက်ရအောင်။ သားအတွက် ဖေဖေတို့ ဝယ်လာပေးမယ်”

“နေပါစေ ဖေဖေ၊ ကျွန်တော် မဆာလို့ပါ”





“တစ်ခုခု ဝယ်ခဲ့ပါ့မယ် သားရယ်။ ဟိုမှာလည်း ဘာမှ မစားခဲ့ရတာ”

ဖေဖေနှင့်မေမေ အခန်းထဲမှထွက်စဉ် ထိုင်ခုံမှာ သူ ဝင်ထိုင်လိုက်ပါ၏။ Drip ချိတ်ထားပါသည့် လက်မောင်းသေးသေးသွယ်သွယ်လေးကို ခပ်ဖွဖွကိုင်လိုက်စဉ် တံခါးစေ့ပိတ်လိုက်ပါသည့် ဖေဖေက အသံခပ်တိုးတိုး ခေါ်လိုက်ပြန်လေ၏။

“သား”

“ဗျာ”

“အကယ်၍များပေါ့လေ ... သမီးကသာ သားအပေါ် မငြင်းခဲ့ဘူးဆိုရင် ဖေဖေတို့ ကန့်ကွက်စရာမရှိပါဘူး၊ ဟုတ်ပြီလား”

သူ ပါးစပ်အဟောင်းသား ဖြစ်သွားစဉ် ဖေဖေက တံခါးကို ပြန်စေ့ပိတ်သွားလေတော့၏။ 'ဒါဒါ' မငြင်းဆန်ရင် မကန့်ကွက်ဘူးတဲ့လား။ ဘုရားရေ! ... တစ်သက်လုံး အစ်ကိုအရင်းအဖြစ် ညီမလေးကို ချစ်ရမှာဆို။ ဘယ်လိုဖြစ်ပြီး ညီမလေးက သူ့ကို ပြန်ချစ်မှာတဲ့လဲ။ မျက်နှာမွဲ မိဘမဲ့တစ်ကောင်ကြွက်လေး 'မောင်သီဟ' ပါ 'ဒါဒါ' လို့ ပြောပြီး ပြန်မိတ်ဆက်ရမှာလား။ ရင်မောစရာကြီးပါပဲလားနော်။

“ဟင်!”



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းနက်တို့ ခပ်ဖြည်းဖြည်း ပွင့်လာလေ၏။ သူ့ထံသို့ ရွေ့လာပါသည့် အကြည့်နက်နက်လေးကြောင့် ရင်ခုန်သံတို့က တဒိတ်ဒိတ် အခုန်မြန်လာလေတော့သည်။ မှတ်မိပါလေစ။ စကားရော ပြောတတ်ပါဦးမလား။ ရှင် ဘယ်သူလဲဟု မေးလိုက်မှဖြင့် ကိုယ်ကျိုးနည်းပေတော့မည်။

"ဒါဒါ ... ကိုကိုပါ၊ မှတ်မိရဲ့လား"

ခေါင်းညိတ်ပြလေ၏။ ရင်ထဲ လှိုက်ခနဲ ဖိုသွားရသလို လက်ချောင်းသွယ်သွယ်လေးကို ခပ်တင်းတင်း ဆုပ်ကိုင်လိုက်မိတော့၏။ တော်ပါသေးရဲ့။ သူ့ကို အသေအချာမှတ်မိနေသားပါပဲ။ ကျေးဇူးပါ 'ဒါဒါ'။ ချစ်သူလိုမချစ်နိုင်လျှင်လည်း ရှိပါစေ။ 'ဒါဒါ'အနီးမှာ ကိုယ်ရဲ့တော်လေးလို၊ အရိပ်ဖော်လေးလို အရိပ်တကြည့်ကြည့်ဖြင့် စောင့်ရှောက်ခွင့်ရပါလျှင်လည်း ကိုယ်နေပျော်တာ အမှန်ပါလေ။

"ကိုကို"

"ဟင် ဘာပြောချင်လို့လဲ၊ ပြောလေ"

"ကိုကို့ကို ကိုကို့ကို ဒါဒါ"

လေသံသဲ့သဲ့လေးမျှသာ ထွက်လာပါ၏။ သူ ပြုံးပြလိုက်မိသလို ခေါင်းကိုပါ ညိတ်ပြလိုက်ပါသည်။ ဘာပြောမည်ဆိုတာကို သူ သိနေပါ၏။ ကိစ္စမရှိပါ။ လောလောဆယ် နေမကောင်းဖြစ်နေတုန်းမို့





မပြောပါနှင့်ဦး။ နောက်မှ နေပြန်ကောင်းလာတော့မှ အများကြီးပြောကြရအောင်နော်။ 'ကိုကို' 'ဒါဒါ' ကို အဘယ်မျှချစ်တဲ့အကြောင်းတွေပေါ့။

မတွေ့ရသည့် တစ်ပတ်တာကာလအတွက် အလွမ်းပြေ အနမ်းလက်ဆောင်ကို နဖူးထက်ပေးလိုက်မိစဉ် အကြင်နာအပြုံးပန်းလေးက ပွင့်သွားလေတော့၏။

ချစ်လိုက်ရတာ 'ဒါဒါ' ရယ်။

**လေးစားလျက်**



20th Jan: 2017

AM (2:32)

www.burmeseclassic.com

www.burmeseclassic.com

# နောက်လထွက်မည့်စာအုပ်

## (၉၉) အုပ်မြောက်

## "အငြိုးကြီး၍ ရှာသည့်မိုး"

"ဒီမှာ မျက်ဝန်းပြာ . . . ငါ့ကို မချစ်နိုင်တော့ရင် အပြတ်ပြောပြီး တိခနဲဖြတ်လိုက်ပါ။ မင်းစီးနေတဲ့ ဖိနပ်တစ်ရံလို ဟိုတစ်ဖက် ဒီတစ်ဖက် တွဲခေါ်ချင်ရအောင် ငါက ရထားတွဲမဟုတ်ဘူး။ ငါ့ကွယ်ရာမှာ မင်း စိတ်ကြိုက်တွဲခုတ်နေတာကို မသိရလောက်အောင် ငါက ငနုံအာ မဟုတ်ဘူးကွ!။ ကိုယ့်ကိုပစ်သွားပါပြီဆိုပြီး ဝမ်းနည်းပက်လက်နဲ့ ဖျတ်ဖျတ်လူး လဲသေမယ့် ယောကျ်ားမျိုးလို့ ငါ့ကို မထင်လေနဲ့။ ဒိုး ချင်ရင်လည်း နောက်လှည့်မကြည့်စတမ်း ဒိုးလိုက်စမ်းပါ။ မင်းသိထား ဖို့က လောကမှာ မိန်းမ မရှားဘူးဆိုတာပဲ!"

၂၀၁၇ ဧပြီလ

တွင် ဖတ်နိုင်ပါပြီ . . .

**မမသန္တာမောင်**

အကြည့်တစ်ချက် အပြုံးတစ်ပွင့် အနမ်းတစ်ရှိုက် . . .

**ကြယ်စင်မှုုံးဝေ**

အမုန်းတစ်ရစ် အချစ်မြစ်များ

**မိုးစက်ပွင့်**

ကိုယ်မပိုင်သည့်ပန်း

**လှိုင်းကြာဖြူ**

ယနေ့မှစ၍ ကျွန်တော်ကျွန်မတို့သည်

www.burmeseclassic.com

www.burmeseclassic.com

"ယခုနေ့မှစ၍ ကျွန်တော်ကျွန်မတို့သည်"

◆ အခွင့်အရေးဆိုတာ ရတိုင်းမယူဖို့၊ မရနိုင်တဲ့တစ်နေ့မှာ ပင်ပန်းရသူက ကိုယ် . . . မျှော်လင့်ချက်ဆိုတာ အဆုံးစွန် မျှော်လင့်ထားဖို့မဟုတ်၊ မရနိုင်တဲ့ တစ်နေ့မှာ ပင်ပန်းရတဲ့သူက ကိုယ် . . . .

ယွန်းမြတ်ဘိုဘို

◆ နှင့်မှာက ချစ်တဲ့သူနဲ့ကွေကွင်းရတဲ့ ဒုက္ခကိုပဲ ခံစားခဲ့ရတာ၊ ငါ့မှာက ချစ်တဲ့သူနဲ့ ကွေကွင်းရရုံမကဘူး မချစ်မနှစ်သက်တဲ့သူနဲ့ ပေါင်းဖက်ခဲ့ရတာပါဟာ . . .

သျှားထက်

◆ ကိုယ်က သူ့ကို ချစ်နေခွင့်ရရုံလေးနဲ့တင် ကမ္ဘာလောက တစ်ခုလုံး ပြီးပြည့်စုံနေလို့သာ အပျိုကြီး လူပျိုကြီး တချို့ရဲ့ဘဝမှာ အထီးကျန် ဆန်ခြင်းဆိုတာကို မခံစားရတာပေါ့ဗျာ . . .

ရန်ငြိမ်းအောင်

❤ ❤ ❤ ❤ ❤

လှိုင်းကြာဖြူ(လားရှိုး)

**ဂုဏ်ထူးပဒေသာ**
**စာစီစာကုံးများ**

အလယ်တန်းအဆင့်
**ရွှေဘုရင်၏ လက်ရာမွန်**

စာစီစာကုံးများ
စာစီစာကုံး အမှတ်(၁)

---

၅ဘာသာ ဂုဏ်ထူးရှင်
**ရွှေစင်တီထွန်းလွင်**

**ပဏ္ဍာမြားရောင်**
**အထက်တန်းအဆင့်**
စာစီစာကုံးများ
စာစီစာကုံး အမှတ်(၂)

---

၆ဘာသာ ဂုဏ်ထူးရှင်
**သီရိလွင်ဘုန်း**

**ပုလဲရောင်**
**အထက်တန်းအဆင့်**
စာစီစာကုံးများ
စာစီစာကုံး အမှတ်(၃)

ရွှေပဒေသာစာပေ
အမှတ် ၂၂၁-ပထမထပ်၊၃၁အထက်လမ်း(ဗိုလ်ချုပ်အောင်ဆန်းလမ်းထိပ်အနီး)
ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်။ဖုန်း-၀၉ ၇၉၅၅၉၈၅၇၇၇၊၀၉ ၉၇၇၀၀၅၆၁၃၊၀၁ ၃၈၄၂၂၈

www.burmeseclassic.com